ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပထမနှစ်၊ ဒုတိယစာသင်နှစ်ဝက်

# EDU1209

# သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်းဆိုင်ရာ လေ့လာမှုများ - စာရိတ္တနှင့် ပြည်သူ့နီတိ

ဆရာလမ်းညွှန်

# နိဒါန်း

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနသည် 'အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း' (NESP) ၂၀၁၆-၂၀၂၁ တွင် ပြဋ္ဌာန်းသတ်မှတ်ထားသော လုပ်ငန်းခွင်အကြို ဆရာအတတ်သင် ပညာရေးပြုပြင်ပြောင်းလဲမှုနှင့်အညီ လေးနှစ်သင် ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းကို ရေးဆွဲပြုစုခဲ့ပါသည်။

မြန်မာနိုင်ငံ ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းတွင် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်၊ သင်ရိုးမာတိကာများ၊ ကျောင်းသားကိုင်စာအုပ်များနှင့် ဆရာလမ်းညွှန်များ စသည်တို့ ပါဝင်သည်။ လေးနှစ်သင် ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းကို အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် ပညာရေးကောလိပ် ကျောင်းသားများအား မြန်မာနိုင်ငံ မူလတန်းနှင့် အလယ်တန်းကျောင်း စာသင်ခန်းများတွင် ထိရောက်စွာ သင်ကြားနိုင်ရန် လိုအပ်သော တတ်ကျွမ်းမှုများ တတ်မြောက်သွားစေရန် စီစဉ်ရေးဆွဲထားပါသည်။ ဤသင်ရိုးညွှန်းတမ်းကို ဆရာတစ်ဦးအနေဖြင့် သိသင့်သည်များ၊ စာသင်ခန်းအတွင်း၌ လုပ်ဆောင်ရမည်များနှင့် ပတ်သက်၍ မျှော်မှန်းထားသည်များကို ရှင်းလင်းစွာ ဖော်ပြထားသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) အပေါ် အခြေခံ၍ ရေးဆွဲထား ခြင်းဖြစ်ပါသည်။

ဤသင်ရိုးညွှန်းတမ်းကို ခရုပတ်ပုံ သင်ရိုးညွှန်းတမ်း ချဉ်းကပ်နည်း (Spiral Curriculum Approach) ဖြင့် ပြုစုထားပြီး ပညာရေး ကောလိပ်ကျောင်းသားများသည် မိမိတို့ သိထားပြီးသော အယူအဆ သဘောတရားများကို လေးနှစ်တာ ကာလအတွင်း၌ အပြန်ပြန် အလှန်လှန်လေ့လာကြရမည် ဖြစ်သည်။ ထိုသို့ ပြန်လှန်လေ့လာခြင်းဖြင့် ပညာရေးကောလိပ် ကျောင်းသားများ၏ အသိပညာနှင့် နားလည်သဘောပေါက်မှုများ ပိုမိုနက်ရှိုင်း ကျယ်ပြန့်လာမည် ဖြစ်သည်။ ဤသို့ဖြစ်လာစေရန် လေးနှစ်သင် ပညာရေးကောလိပ် သင်ရိုးကို အပိုင်း ၂ ခုဖြင့် ပိုင်းခြားသတ်မှတ်ထားသည်။ ပထမအပိုင်း cycle 1 (ပထမနှစ် နှင့် ဒုတိယနှစ်) တွင် သင်ယူထားသည့် အယူအဆ သဘောတရားများအား ဒုတိယအပိုင်း cycle 2 (တတိယနှစ် နှင့် စတုတ္ထနှစ်) တွင် ပို၍နက်ရှိုင်းစွာ ပြန်လည်ထပ်ကျော့သွားမည် ဖြစ်သည်။ သို့မှသာ ပညာရေး ကောလိပ်ကျောင်းသားများသည် မိမိတို့သင်ယူခဲ့ပြီးသော အယူအဆ သဘောတရားများကို ပြန်လည်လေ့လာနိုင်ခြင်း၊

လက်တွေ့လုပ်ကိုင် စမ်းသပ်နိုင်ခြင်း၊ စာသင်ခန်းအတွင်း လုပ်ဆောင်လေ့ရှိသည်များကို မိမိတို့ အတန်းဖော်များနှင့် ပြန်လည်ဝေမျှပြောဆိုနိုင်ခြင်း၊ မိမိတို့၏ သင်ကြားရေးကျွမ်းကျင်မှု အမျိုးမျိုး အနက်မှ အချို့သော အပိုင်းများကို ပိုမိုနက်နဲစွာ ဆင်ခြင်နိုင်ခြင်းများလည်း ရရှိလာနိုင်မည် ဖြစ်သည်။ ဤသင်ရိုးညွှန်းတမ်း၏ ဖွဲ့စည်းပုံသည် ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်မှုပုံစံ (Integrated Approach) ဖြင့် ရေးဆွဲထားသောကြောင့် သင့်လျော်သော ကြိုတင်ပြင်ဆင်မှု၊ လက်တွေ့အသုံးချမှုနှင့် အတွေ့အကြုံတို့ကို အထောက်အကူပေးသည့် သင်ယူမှုဖြစ်စဉ် မှတစ်ဆင့် ဘာသာရပ်ဆိုင်ရာ အသိပညာ သင်ကြားရေးနှင့် ပညာရေးဆိုင်ရာ သီအိုရီများကို နားလည်သဘောပေါက်စေခြင်းဖြစ်သည်။ သို့ဖြစ်၍ ဤသင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာ အသိပညာများကိုသာ အလေးပေးခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ အသက်အရွယ်အုပ်စုအလိုက် သင်ကြားသင်ယူမှု အခြေအနေများတွင် အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကို ထိရောက်စွာ အသုံးပြုသင်ကြားတတ်စေရန် လိုအပ်သော ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများ ကိုလည်း အလေးပေးထားပါသည်။ တတ်ကျွမ်းမှုတစ်ရပ်တွင် ပါဝင်သော အစိတ်အပိုင်းများဖြစ်သည့် အသိပညာ၊ ကျွမ်းကျင်မှုများ၊ စိတ်နေသဘောထားများ နှင့် ၎င်းတို့ကို ထိရောက်စွာ အသုံးချနိုင်ခြင်း စသည်တို့ကို အလေးပေးထားသောကြောင့် ဤသင်ရိုးညွှန်းတမ်းကို တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်း (Competency-based Curriculum) ဟု ခေါ်ဆိုပါသည်။

သို့ဖြစ်ပါ၍ တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းဆိုသည်မှာ သင်ယူသူကို ဗဟိုပြုပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်းများ၏ ပြောင်းလဲနေသော လိုအပ်ချက်များနှင့် ဆီလျော်ကိုက်ညီမှုရှိသည်။ အယူအဆ သဘောတရားသစ်များကို လေ့လာသင်ယူသည့် အခါတွင်လည်း ၎င်းတို့ကို အသုံးချပြီး အောက်ပါအတိုင်းပြန်လည် သုံးသပ်နိုင်သည်။

၁။ သင်ယူခြင်း (မည်သည်ကို မည်သို့သင်ကြားမည်ဟု အစီအစဉ်ချမှတ်ခြင်း)
၂။ အသုံးချခြင်း (သင်ကြားသင်ယူမှုဆိုင်ရာများကို လေ့ကျင့်ခြင်း) နှင့်
၃။ ပြန်လည်သုံးသပ်ခြင်း (မိမိ၏ သင်ကြားမှုပုံစံအား ပြန်လည် ဆန်းစစ်အကဲဖြတ်ခြင်း)

ပညာရေးကောလိပ်တွင် ပညာသင်ယူပြီးမြောက်ပြီး အချိန်တွင်လည်း ပညာရေးကောလိပ်ဘွဲ့ရကျောင်းသားများသည် အထက်ဖော်ပြပါ သင်ယူ - အသုံးချ - ပြန်လည်သုံးသပ် ဟူသည့် စက်ဝန်းသံသရာ (cycle of learn-apply-reflect) ကို မိမိတို့၏ သင်ကြားပို့ချရာတွင် အသုံးချခြင်းအားဖြင့် အနာဂတ်မြန်မာမျိုးဆက်သစ် ကလေးငယ်တို့၏ သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ထိရောက်စွာ ပံ့ပိုးကူညီပေးနိုင်ရန် ရည်မှန်းထားသည်။

မြန်မာနိုင်ငံ ပညာရေးကောလိပ်သင်ရိုးညွှန်းတမ်းကို ပညာရေးဝန်ကြီးဌာနက ရွေးချယ်ခန့်အပ်ထားသော ပညာရေးကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ပညာရေးတက္ကသိုလ်များနှင့် ပြည်ထောင်စု တိုင်းရင်းသားဖွံ့ဖြိုးရေး တက္ကသိုလ်တို့မှ တတ်သိပညာရှင်များ ပါဝင်သော သင်ရိုးညွှန်းတမ်း ရေးဆွဲရေးအဖွဲ့က ရေးဆွဲပြုစုထားသည်။ ထို့အပြင် မြန်မာပြည်တွင်းမှ ကျွမ်းကျင်သူများ၊ နိုင်ငံတကာ ကျွမ်းကျင်သူများလည်း ပါဝင်ရေးဆွဲကြသည်။ ဤလုပ်ငန်းစဉ်တစ်ရပ်လုံးကို ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနက အကြံပေးလမ်းညွှန်မှု ပြုပါသည်။

ဤသင်ရိုးညွှန်းတမ်း ပြုစုရေးသားရာတွင် နည်းပညာဆိုင်ရာ အကူအညီများကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို- UNESCO) ၏ "မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အရည်အသွေးတိုးမြှင့်ရေး (Strengthening Pre-service Teacher Education in Myanmar) စီမံချက်" မှတစ်ဆင့် ထောက်ပံ့ပေးထားသည်။ ဤသင်ရိုးညွှန်းတမ်းရေးဆွဲရေးအတွက် ဘဏ္ဍာရေးအထောက်အပံ့များကို သြစတြေးလျ အစိုးရ၊ ဖင်လန် အစိုးရ နှင့် ယူကေ အစိုးရများကလည်း ပေးအပ်ထားပါသည်။ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (Japan International Cooperation Agency) အဖွဲ့နှင့်အတူ မူလတန်းအဆင့် သင်ရိုးညွှန်းတမ်း ရေးဆွဲရေးအဖွဲ့ကလည်း အခြေခံပညာ မူလတန်းအဆင့် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရေးအဖွဲ့ (CREATE Project) စီမံချက် မှတစ်ဆင့် မူကြမ်းရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် အစဉ်တစိုက် ပံ့ပိုးကူညီခဲ့သည်။

# မာတိကာ


နိဒါန်း ........ ဂ
မာတိကာ ........ ဃ
ဤဆရာလမ်းညွှန်ကို မည်သို့အသုံးပြုရမည်နည်း။ ........ ၁
အခန်း ၃။ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ ........ ၄၄
၃.၁။ ဆရာနှင့် ကျောင်းသားတို့၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ ........ ၄၆
၃.၁.၁။ ကျောင်းအတွင်း ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ ........ ၄၆
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ .. ၅၂
၃.၂။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားကောင်းတစ်ဦး၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ ........ ၅၄
၃.၂.၁။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွသော နိုင်ငံသားဖြစ်မှု ........ ၅၄
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ .. ၆၁
၃.၃။ ရပိုင်ခွင့် တာဝန်ဝတ္တရားများနှင့် ပတ်သက်သော မူလတန်းသင်ခန်းစာကို လေ့လာခြင်း ........ ၆၃
၃.၃.၁။ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားတို့၏ အဓိကဆိုလိုချက်နှင့် ဆိုင်သော မူလတန်းသင်ခန်းစာ ........ ၆၃
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ .. ၇၀
အခန်းဆုံးအနှစ်ချုပ် ........ ၇၁
အဓိကအချက်များ ........ ၇၁
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ........ ၇၂
ဆက်လက်ဖတ်မှတ်စရာများ ........ ၇၃
အခန်း ၄။ စည်းကမ်း ........ ၇၄
၄.၁။ နိုင်ငံသားကောင်းတစ်ဦးအနေဖြင့် ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်း ........ ၇၆
၄.၁.၁။ ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းနှင့် စည်းကမ်းတို့ကို နားလည်ခြင်း ၇၆
၄.၁.၂။ နိုင်ငံသားကောင်းတစ်ဦးဖြစ်လာစေရန် စည်းမျဉ်းနှင့် နည်းဥပဒေများကို လိုက်နာကျင့်သုံးခြင်း ........ ၈၄

၄.၁.၃။ ဥပဒေများ.......................................................................................၉၀
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ .......၉၈
အခန်းဆုံးအနှစ်ချုပ် .........................................................................................၉၉
အဓိကအချက်များ .........................................................................................၉၉
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ........................................................၁၀၁
ဆက်လက်ဖတ်မှတ်စရာများ...........................................................................၁၀၂
အခန်း ၅။ ငြိမ်းချမ်းစွာ နေထိုင်ခြင်း.....................................................................၁၀၃
၅.၁။ ယဉ်ကျေးမှုနှင့် တိုင်းရင်းသားမျိုးနွယ်စုများ မတူကွဲပြားခြင်း ........................၁၀၅
၅.၁.၁။ မြန်မာတိုင်းရင်းသားမျိုးနွယ်စုများအတွင်း ခြားနားမှုများ .....................၁၀၅
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ၁၁၃
၅.၂။ မတူကွဲပြားသော လူ့အဖွဲ့အစည်းတွင် ငြိမ်းချမ်းစွာ နေထိုင်ခြင်း ....................၁၁၄
၅.၂.၁။ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ၏ အခြေခံယူဆချက် ..................................၁၁၅
၅.၂.၂။ မတူကွဲပြားသော မျိုးနွယ်စုတွင် ငြိမ်းချမ်းစွာ နေထိုင်ခြင်း ....................၁၂၄
၅.၂.၃။ ငြိမ်းချမ်းစွာနေထိုင်ခြင်း မူလတန်းသင်ခန်းစာ ..................................၁၃၅
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ၁၄၃
အခန်းဆုံးအနှစ်ချုပ် .........................................................................................၁၄၇
အဓိကအချက်များ .........................................................................................၁၄၇
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ........................................................၁၅၀
ဆက်လက်ဖတ်မှတ်စရာများ...........................................................................၁၅၁
အခန်း ၆။ စစ်ဆေးအကဲဖြတ်ခြင်း .......................................................................၁၅၃
၆.၁။ စာရိတ္တနှင့်ပြည်သူ့နီတိကို စစ်ဆေးအကဲဖြတ်သည့် နည်းလမ်းများ.................၁၅၄
၆.၁.၁။ စာရိတ္တနှင့်ပြည်သူ့နီတိသင်ယူမှုကို မည်သို့အကဲဖြတ်မည်နည်း ............၁၅၄
ပြန်လည်ဆန်းစစ်ရန်မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ၁၇၁
အခန်းဆုံးအနှစ်ချုပ် .........................................................................................၁၇၂
အဓိကအချက်များ .........................................................................................၁၇၂
အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း ........................................................၁၇၄
ဆက်လက်ဖတ်မှတ်စရာများ...........................................................................၁၇၅

ခက်ဆစ်အဘိဓာန် ............................................................................ ၁၇၆
ကျမ်းကိုးစာရင်း............................................................................ ၁၈၀
နောက်ဆက်တွဲများ ............................................................................ ၁၈၅
လက်ကမ်းစာစောင် (၁) ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ.................................... ၁၈၆
လက်ကမ်းစာစောင် (၂) ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများအခန်းပါ
အကြောင်းအရာများ............................................................................ ၁၈၇
လက်ကမ်းစာစောင် (၃) သင်၏ စည်းကမ်းကို ဆန်းစစ်သုံးသပ်ပါ .......................... ၁၈၉
လက်ကမ်းစာစောင် (၄) စိတ်ကူးမျှော်မှန်း အခြေအနေများ.................................. ၁၉၀
လက်ကမ်းစာစောင် (၅) ငြိမ်းချမ်းစွာ အတူနေထိုင်ရေးအခန်း၏
သင်ယူမှုရည်ရွယ်ချက်များ ............................................................................ ၁၉၂
လက်ကမ်းစာစောင် (၆) ယခင်ကာလနှင့် ယခုကာလ ယှဉ်ကျေးမှု......................... ၁၉၄
လက်ကမ်းစာစောင် (၇) သရုပ်လက္ခဏာပန်းပွင့် ............................................ ၁၉၅

## ဤဆရာလမ်းညွှန်ကို မည်သို့အသုံးပြုရမည်နည်း။

### ဤစာရိတ္တနှင့် ပြည်သူ့နီတိဆရာလမ်းညွှန်ကို မည်သူအသုံးပြုမည်နည်း။

ဤဆရာလမ်းညွှန်သည် ပညာရေးကောလိပ် ပထမနှစ်ကျောင်းသားများ[၁]စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ကို သင်ယူရာတွင် ကူညီပံ့ပိုးပေးမည့် ဆရာများ[၂]အတွက် စီစဉ်ရေးသား ပြုစုထားသော စာအုပ်ဖြစ်ပါသည်။

ဤစာအုပ်သည် ဆရာတစ်ဦးဖြစ်သည့် သင့်အတွက် ရည်ရွယ်ထားခြင်းဖြစ်ပြီး စာရိတ္တနှင့် ပြည်သူ့နီတိ သင်ကြားရာတွင် ကျောင်းသားကိုင်စာအုပ်နှင့်အတူ တွဲဖက်အသုံးပြုရမည် ဖြစ်ပါသည်။ ဤဆရာလမ်းညွှန်တွင် လမ်းညွှန်ချက်များကို တစ်ဆင့်ချင်းစီ ဖော်ပြထားပြီး ဤလမ်းညွှန်ချက်များသည် ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ တစ်ခုချင်း၊ တစ်ခန်းချင်းစီမှ သင်ယူမှုရလဒ်များရရှိရန် သင့်အတန်းတွင်းတွင် ကျောင်းသားများကို လမ်းညွှန်ရာတွင် ကူညီပေးမည် ဖြစ်ပါသည်။

### စာရိတ္တနှင့် ပြည်သူ့နီတိကို မည်သည့်အချိန်နှင့် မည်သည့်နေရာတွင် သင်ကြားမည်နည်း။

လေးနှစ်သင်ပညာရေး ကောလိပ်သင်ရိုးတွင် စာရိတ္တနှင့် ပြည်သူ့နီတိကို သင်ကြားရန် တစ်နှစ်လျှင် စာသင်ချိန် (၂၄) ချိန် သတ်မှတ်ထားပါသည်။ အတန်းများကို သင်၏ ပညာရေးကောလိပ်တွင် ပို့ချပါမည်။

### ပထမနှစ် စာရိတ္တနှင့် ပြည်သူ့နီတိ ဆရာလမ်းညွှန်တွင် မည်သည်တို့ပါဝင်သနည်း။

ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန်တို့တွင် ဖွဲ့စည်းပုံနှင့် ပါဝင်သော အကြောင်းအရာများသည် လေးနှစ်သင်ပညာရေးကောလိပ်၏ စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်း နှင့်အညီ ဖြစ်ပါသည်။

[၁] ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော ကျောင်းသားသည် ပညာရေးကောလိပ် ကျောင်းသားများကို ရည်ညွှန်းပါသည်။
[၂] ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော ဆရာသည် ပညာရေးကောလိပ်ဆရာများကို ရည်ညွှန်းပါသည်။

လေးနှစ်သင် ပညာရေးအတွက် ကျောင်းသားကိုင်စာအုပ်နှင့် အတူတွဲဖက် အသုံးပြုရမည့် ဤဆရာလမ်းညွှန်တွင် ပထမနှစ် စာရိတ္တနှင့် ပြည်သူ့နီတိအတွက် အောက်ဖော်ပြပါ သင်ခန်းစာခေါင်းစဉ်များပါဝင်ပါသည် -

- စာရိတ္တနှင့် ပြည်သူ့နီတိကို မိတ်ဆက်ပေးခြင်း
- လူမှုရေးကျင့်ဝတ်
- ရပိုင်ခွင့်နှင့် တာဝန်များ
- စည်းကမ်း
- ငြိမ်းချမ်းစွာနေထိုင်ခြင်း

ဤဆရာလမ်းညွှန်သည် ကျောင်းသားကိုင်စာအုပ်နှင့် ဖွဲ့စည်းပုံတူညီပါသည်။ အခန်းတစ်ခန်းချင်းစီနှင့် သင်ခန်းစာတိုင်းတွင် မျှော်မှန်းထားသော သင်ယူမှုရလဒ်များ ပါရှိပါသည်။ ဤသည်မှာ အခန်းအဆုံး၌ ကျောင်းသားများ သိသင့်သောအရာ၊ လုပ်ဆောင်နိုင်သင့်သောအရာများကို မျှော်မှန်းထားသည်များ ဖြစ်ပါသည်။

သင်ခန်းစာ တစ်ခုချင်းစီအတွက် ဆရာလမ်းညွှန်တွင် ပါဝင်သည်မှာ -

**ရရှိသွားမည့်တတ်ကျွမ်းမှုများ။** သင်ခန်းစာတွင် အလေးပေးဖော်ပြထားသော ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework - TCSF) သည် ဆရာများ တတ်ကျွမ်းရမည်များကို မီးမောင်းထိုးပြထားသော တတ်ကျွမ်းမှုများ ဖြစ်သည်။

**အချိန်။** စာသင်ချိန်စုစုပေါင်းဖြစ်ပြီး သင်ရိုးညွှန်းတမ်းအရ သင်ခန်းစာများအတွက် ခွဲဝေသတ်မှတ်ထားသော မိနစ် (၅၀) စာသင်ချိန်များဖြစ်ပါသည်။

**သင်ယူမှုနည်းလမ်းများ။** သင်ခန်းစာတစ်ခုအတွက် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများတွင် အသုံးပြုသော သင်ယူမှုနည်းလမ်းများကို ခြုံငုံဖော်ပြခြင်းဖြစ်သည်။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ဘာသာရပ်ဆိုင်ရာ ဗဟုသုတရင်းမြစ်များအတွက် မှီငြမ်းစာအုပ်များ၊ နည်းပညာဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ၊ အခြားသော ဘာသာရပ်များနှင့် ဆက်နွယ်မှု၊ စာသင်ခန်းဖွဲ့စည်းပုံ၊ အချိန်စီမံခန့်ခွဲမှုနှင့် မျှော်မှန်းထားသော အဖြေများအတွက် မှီငြမ်းချက်များ ပါဝင်ပါသည်။

**လိုအပ်သောရင်းမြစ်များ။** ပုံနှိပ်ထားသော ကြားခံဆက်စပ်စာရွက်များ (printed media)၊ စာရွက်ကြီးများ၊ ရောင်စုံစာရွက်များ၊ မာကာများ၊ ဝက်ဘ်ဆိုဒ်လင့်ခ်များ၊ ဗီဒီယိုများ၊ အကုန်အကျနည်းသော/ လုံးဝ ကုန်ကျစရိတ်မရှိသော ရင်းမြစ်များ၊ လက်တွေ့လုပ်ဆောင်နိုင်သော ပစ္စည်းကိရိယာများ။

**သင်ယူမှုလုပ်ငန်းများ။** သင်ခန်းစာတိုင်းတွင် သတ်မှတ်ထားသောအချိန်အတွင်း မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ကျောင်းသားများရရှိရန် အထောက်အကူပြုသော အကြံပြုထားသည့် သင်ယူမှုလုပ်ငန်းများ ပါဝင်ပါသည်။ သင်ခန်းစာတိုင်းသည် ဘာသာရပ်နှင့် ပတ်သက်ပြီး ကျောင်းသားများ၏ ရှိပြီးအသိပညာ သို့မဟုတ် စိတ်ဝင်စားမှုကို နှိုးဆွပေးသည့်လုပ်ငန်းနှင့် စသင့်သည်။ သင်ယူမှုလုပ်ငန်း အမျိုးမျိုးသည် သင်ယူမှုတွင် တတ်ကျွမ်းမှုအခြေပြုသော ချဉ်းကပ်နည်းများနှင့် ဆီလျော်မှုရှိသည်။

**ရပ်တန့်ပါ၊ စဉ်းစားပါ။** သင်ကြားသင်ယူမှုဖြစ်စဉ်အတွင်း သင်ခန်းစာ၏ အဓိကအချက်ကို သေချာစေရန်နှင့် စီစဉ်ထားသည့်အတိုင်း သင်ခန်းစာကို အဆင်ပြေစွာသင်ကြား၊ သင်ယူနေခြင်း ရှိ/မရှိ စစ်ဆေးရန် သို့မဟုတ် ရှေ့မဆက်မီ အလေးထားရမည့် အချက်များကို ကျောင်းသားများ ထိရောက်စွာ သင်ယူခြင်း ရှိ/မရှိ သေချာစေရန် **'ရပ်တန့်ပါ၊ စဉ်းစားပါ' ကို ညွှန်ကြားချက် ဇယားကွက် (instruction box) တွင် အလျဉ်းသင့်သလို ထည့်သွင်းထားပါသည်။**

**စစ်ဆေးအကဲဖြတ်ခြင်း။** စစ်ဆေးအကဲဖြတ်ခြင်းသည် လုပ်ငန်းတစ်ခုချင်းစီ၏ အဆုံးတွင်ရှိသည်။ အောင်မြင်မှုရလဒ်အား အကဲဖြတ်ရန်နှင့် ရှေ့ဆက်သင်ကြားရန် အတွက် လုပ်ငန်းစဉ်တစ်ခုချင်း အပေါ် တွင် သင်ကြားနေစဉ် စစ်ဆေးအကဲဖြတ်ခြင်း

ပုံစံအား အသုံးပြုထားသည်ကို ရှင်းလင်းပြသခြင်း သို့မဟုတ် အနှစ်ချုပ်ဖော်ပြထားခြင်း မျိုး ဖြစ်သည်။ အမျိုးမျိုးသော စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများကို မည်သို့ အသုံးပြုရမည်ဟူသော ညွှန်ကြားချက်များသည် စစ်ဆေးအကဲဖြတ် ချဉ်းကပ်မှုများ အတွက် စုစည်းမှု (Toolbox for assessment approaches) တွင် ပါဝင်ပါသည်။

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ။** သင်ယူမှုလုပ်ငန်းတစ်ခုချင်းစီ၏ စစ်ဆေးအကဲဖြတ်မှုနှင့်ပတ်သက်သည့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများကို ဤနေရာတွင် စုစည်းဖော်ပြထားပါသည်။

**ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း။** သင်ခန်းစာတစ်ခုလုံးအား ခြုံငုံခြင်း ဖြစ်သည်။ သင်ခန်းစာပြီးဆုံးချိန်တွင် သင်ယူမှုရည်ရွယ်ချက်များ၊ ဆရာများအတွက် စံသတ်မှတ်ချက် အညွှန်းဘောင်တွင် ပါဝင်သော ဆရာတတ်ကျွမ်းမှုစံများ၊ သင်ယူမှုရလဒ်များအား အနှစ်ချုပ်ပေးပြီး မည်မျှသော အတိုင်းအတာအထိ အောင်မြင် ပြီးမြောက်ကြောင်း သုံးသပ်ခြင်းဖြစ်သည်။ ဆရာတတ်ကျွမ်းမှုစံ အညွှန်းကိန်းများသည် သင်ခန်းစာအကြောင်းအရာတွင် မည်သို့ပါဝင်ပတ်သက်နေကြောင်းကို အနှစ် ချုပ်ပေးသည်။ ကျောင်းသားများအား ၎င်းတို့သည် မည်သည့် အကြောင်းအရာကို မည်သို့ သင်ယူခဲ့ကြကြောင်းကို ရှင်းလင်းတိကျစွာ အသိပေးပါသည်။

**ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ။** ဤဆရာလမ်းညွှန်ရှိ သင်ခန်းစာတစ်ခုချင်းစီတွင် သင်ယူမှုလုပ်ငန်းများကို ဆီလျော်အောင် ပြုပြင်နိုင်ရန်အတွက် အကြံပြုချက်များ ပါဝင်ပါသည်။ ထိုအကြံပြုချက်များသည် သင်ယူတတ်မြောက်လွယ်သော ကျောင်းသားများအတွက် ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများပေးရန်နှင့် သင်ယူမှုအားနည်းသော ကျောင်းသား သို့မဟုတ် ကွဲပြားသော သင်ယူမှု လိုအပ်ချက် (different learning needs) ရှိသည့် ကျောင်းသားများကို လိုအပ်ချက်အလိုက် ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲ လုပ်ဆောင်ရန် လုပ်ငန်းများပေးရန်အတွက် အကြံပြုချက်များ ပါဝင်ပါသည်။

**ဆရာလမ်းညွှန်တွင် အခန်းငယ်တစ်ခုချင်းစီအတွက် အောက်ပါတို့ ပါဝင်ပါသည်-**

**ပြန်လည်ဆန်းစစ်ရန်မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ။** အခန်းငယ်တစ်ခုပြီးတိုင်း ကျောင်းသားကိုင်စာအုပ်တွင်ပါသော ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများကို ထည့်ပေးထား ပါသည်။ ဤအပိုင်းသည် ကျောင်းသားကိုင်စာအုပ်ပါ မေးခွန်းများကို ဖြေဆိုသော ကျောင်းသားများ၏ အဖြေနှင့်ပတ်သက်ပြီး မှန်/မမှန် အတည်ပြုပေးရန် ပညာရေး ကောလိပ်ဆရာများ အသိပညာရရှိရန်အတွက်လည်း ပံ့ပိုးပေးပါသည်။ (ဤအပိုင်းသည် သင်ခန်းစာသင်ကြားမှုတွင် ပါဝင်ခြင်းမရှိပါ။)

**ဆရာလမ်းညွှန်စာအုပ်တွင် အခန်းတစ်ခုချင်းစီအတွက် အောက်ပါတို့ ပါဝင်ပါသည် -**

**အခန်းဆုံးအနှစ်ချုပ်။** အခန်းတစ်ခုလုံးကို အကျဉ်းချုပ်ပြီး တင်ပြခြင်းဖြစ်သည်။ အဓိကအချက်များကို အသိပေးဖော်ပြထားခြင်းဖြစ်သည်။

**အခန်းဆုံး ပြန်လည်သုံးသပ်စဉ်းစားခြင်း။** ဤအပိုင်းသည် ကျောင်းသားကိုယ်တိုင် လေ့လာသင်ယူခဲ့သည့်အရာများမှ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကျောင်းသားကိုင် စာအုပ်ထဲတွင် ပါဝင်ပါသည်။ ယင်းအကြောင်းအရာများကို သင့်အားအသိပေးရန် ဤနေရာတွင် ထပ်မံဖော်ပြထားပါသည်။ သင်၏ တာဝန်မှာ ကျောင်းသားများကို ဤအပိုင်းအား ဖတ်ရှုရန်အတွက် တိုက်တွန်းပေးရန်ဖြစ်ပါသည်။ အခန်းဆုံး ပြန်လည် သုံးသပ်စဉ်းစားခြင်းသည် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခု မဟုတ်ပါ။ ဤအပိုင်းသည် ကျောင်းသားများအတွက် ပြန်လည်သုံးသပ်ရန်အချက်နှင့် သင်ယူခဲ့ပြီးသောသင်ခန်းစာ (အခန်း) တွင် သင်ယူမှုနှင့်ဆိုင်သော မေးခွန်းများ ပါဝင်ပါသည်။

**ဆက်လက်ဖတ်မှတ်စရာများ။** သက်ဆိုင်သော အခန်းများအလိုက် ဖတ်စရာထပ်ဆောင်း ရင်းမြစ်များနှင့် ပတ်သက်သော အကြံပြုချက်များကို ဖော်ပြထားပါသည်။ သင်ခန်းစာ ခေါင်းစဉ်နှင့် စပ်လျဉ်းပြီး သင်ကိုယ်တိုင် ပိုမိုသိရှိနားလည်ရန်အတွက် ဤရင်းမြစ်များကို အသုံးပြုနိုင်သည် သို့မဟုတ် ကျောင်းသားများကို ဤရင်းမြစ်များအား စာကြည့်တိုက်၊

အင်တာနက် သို့မဟုတ် ပညာရေးကောလိပ်၏ အွန်လိုင်းစာကြည့်တိုက်တွင် ရှာဖွေရန် တွန်းအားပေးနိုင်ပါသည်။

ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်သော သင်ယူမှုလုပ်ငန်းများသည် မိမိဘာသာမိမိ တစ်ဦးချင်းစီ လေ့လာနိုင်ရေးအတွက် ဦးတည်ရေးဆွဲထားကြောင်း သတိပြုပါ။ တစ်ခါတစ်ရံ ကျောင်းသားကိုင်စာအုပ်မှ တစ်ဦးချင်း သင်ယူမှုလုပ်ငန်းများသည် ဆရာလမ်းညွှန်တွင် အကြမ်းဖျင်း ဖော်ပြထားသော သင်ယူမှုလုပ်ငန်းများနှင့် ဆက်စပ်သွားမည်ဖြစ်သည်။ ကျောင်းသားကိုင်စာအုပ်မှ သင်ယူမှုလုပ်ငန်းများကို အိမ်စာအလုပ်အဖြစ် သို့မဟုတ် ကျောင်းသားများသည် ၎င်းတို့ ပုံမှန်နှုန်းထားအတိုင်း လုပ်ဆောင်ရန် သင့်အနေဖြင့် တိုက်တွန်းပေးနိုင်ပါသည်။

ဆရာလမ်းညွှန်တွင် ပါဝင်သော သင်ယူမှုလုပ်ငန်းများ အသေးစိတ်သည် သင်ခန်းစာများ စီစဉ်ရေးဆွဲရန်နှင့် ပို့ချရန် အထောက်အကူဖြစ်သော်လည်း ဤလမ်းညွှန်စာအုပ်တွင် ပါဝင်သော ညွှန်ကြားချက်များသည် အကြံပြုချက်များသာ ဖြစ်ပါသည်။ သင်၏ စာသင်ခန်းအတွင်းမှ ကျောင်းသားများသည် ခြားနားသော ပင်ကိုစရိုက်လက္ခဏာနှင့် သင်ယူမှုလိုအပ်ချက်များ ရှိပေလိမ့်မည်။ ပညာရေးကောလိပ် ဆရာတစ်ယောက် အနေဖြင့် ကျောင်းသားများ၏ လိုအပ်ချက်၊ စိတ်ပါဝင်စားမှု၊ စွမ်းရည်တို့နှင့် သင့်တော်သော သင်၏ကိုယ်ပိုင် သင်ယူမှု လုပ်ငန်းများကို ပြုစုရန် အားပေးပါသည်။ သင်ခန်းစာများကို လိုအပ်လျှင် လိုအပ်သလို အနည်းအများ ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေရှိအောင် ပြင်ဆင်ညှိနှိုင်းမှုများကို လွတ်လပ်စွာ ပြုလုပ်နိုင်ပါသည်။

**တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်း ဆိုသည်မှာ အဘယ်နည်း။**

ပညာရေးကောလိပ် ဘာသာရပ်အားလုံး၏ ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန်တို့သည် တတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုအတိုင်း လိုက်နာသည်။ ဤတတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုကို လေးနှစ်သင်ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းမူဘောင်နှင့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) တို့တွင် အခြေခံထားသည်။ တတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုဆိုသည်မှာ ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများကိုသာ အလေးပေးသည်မဟုတ်ဘဲ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများ တိုးတက်ဖွံ့ဖြိုးလာပြီး ၎င်းတို့အား တကယ့်လက်တွေ့ ဘဝအခြေအနေတွင် ပြန်လည်၍ အသုံးချရန်

အလေးထားခြင်းဖြစ်သည်။ တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းများသည် သင်ယူသူဗဟိုပြု ဖြစ်ပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်း၏ ပြောင်းလဲဖြစ်ပေါ်နေသော လိုအပ်ချက်များနှင့်အညီ ပြုပြင်ပြောင်းလဲနိုင်ကြသည်။

ဆရာအတတ်သင်ပညာရေး၏ တတ်ကျွမ်းမှုအခြေပြုချဉ်းကပ်မှုနှင့် ကိုက်ညီစေရန်အတွက် အောက်ဖော်ပြပါ အခြေခံသဘောတရားများကို ဆရာလမ်းညွှန်တွင် ပေါင်းစပ်ထည့်သွင်း ထားပါသည်။[၃]

- **နောက်ခံအခြေအနေနှင့် ဆက်စပ်ပေးခြင်း (Contextualisation) ။** သင်ယူမှုဆိုင်ရာ အကြောင်းအရာနှင့် သင်ယူမှုလုပ်ငန်းများကို ကျောင်းသားများ၏ နေ့စဉ်ဘဝအခြေ အနေများနှင့် ဆက်စပ်ပေးနိုင်ရန်အတွက် မြန်မာနောက်ခံအခြေအနေပေါ်တွင် အခြေပြုလျက် ပြင်ဆင်ရေးဆွဲထားသည်။

- **ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊ သင်ယူမှုဖြစ်စဉ် (Flipped classroom) ။** ဤသင်ကြားနည်းနှင့်ဆိုင်သော အယူအဆ၊ သဘောတရားနှင့် နည်းစနစ်သည် စာသင်ခန်းအတွင်း ဆရာက ဦးဆောင်ပို့ချသင်ကြားပေးခြင်းအစား ဘာသာရပ်ပါ/ မော်ဂျူးပါ အကြောင်းအရာများကို ကျောင်းသားကိုယ်တိုင် ပြန်လည်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်း၊ စူးစမ်းလေ့လာခြင်းတို့ကို ဆရာနှင့်အတူ ပြုလုပ်ရန် အခွင့်အလမ်းများကို ပေးသည်။ ပုံမှန်အားဖြင့် ကျောင်းသားများသည် သင်ကြားချိန်မတိုင်မီ မိမိကိုယ်ပိုင် လေ့လာသင်ယူမှုနှုန်းဖြင့် ကြိုတင်ဖတ်ရှုထားကြရပါမည်။ စာသင်ချိန်သည် ထိုလေ့လာ သင်ယူထားသည်များကို ဆရာ၏ပံ့ပိုးကူညီမှုဖြင့် အချင်းချင်းဆွေးနွေးခြင်း၊ ပြဿနာဖြေရှင်းခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် လေးနက်စွာ နားလည်သဘောပေါက်လာကြမည် ဖြစ်သည်။

- **ပူးပေါင်းဆောင်ရွက်သင်ယူခြင်း။** ဤချဉ်းကပ်မှုသည် ကျောင်းသားများအား အုပ်စုလိုက် ဆောင်ရွက်မှုဖြင့် ပြဿနာအားဖြေရှင်းခြင်း သို့မဟုတ် လုပ်ငန်းဆောင်တာတစ်ခုအား ပြီးမြောက်စေခြင်းဖြစ်သည်။ သင်ယူနားလည်သဘောပေါက်မှုသည် အတန်းဖော် အချင်းချင်းသော်လည်းကောင်း၊ အွန်လိုင်းပေါ်မှသော်လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး

[၃] Adapted from the Glossary of Curriculum Terminology (2013), International Bureau of Education (IBE), UNESCO

မျက်နှာချင်းဆိုင် တက်ကြွစွာ ထိတွေ့ဆက်ဆံ ဆွေးနွေးခြင်းများမှတစ်ဆင့် ဖြစ်ပေါ်သည်။ ပူးပေါင်းဆောင်ရွက်သင်ယူခြင်း၏ အဓိကဝိသေသလက္ခဏာများမှာ - တူညီသောအလုပ် သို့မဟုတ် လုပ်ငန်းတစ်ခုရှိခြင်း၊ အုပ်စုငယ်ဖြင့် လေ့လာသင်ယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်တတ်သော အမူအကျင့်ရှိခြင်းတို့ဖြစ်ပြီး ဆိုလိုသည်မှာ တစ်ဦးနှင့် တစ်ဦး အပြန်အလှန် မှီခိုဆောင်ရွက်ရခြင်းနှင့် တစ်ဦးချင်းစီ၏ တာဝန်ယူမှု တာဝန်ခံမှုရှိရခြင်း စသည် တို့ ဖြစ်သည်။[၄]

- **ပြဿနာဖြေရှင်းခြင်း။** ဤအပိုင်းတွင် ပြဿနာကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြဿနာ၏ အကြောင်းရင်းခံအား ဆုံးဖြတ်ခြင်း၊ အဖြေတစ်ခုရရန်အတွက် ဦးစားပေးအစီအစဉ် သတ်မှတ်ခြင်းနှင့် ပြောင်းလဲအသုံးပြုနိုင်သော နည်းလမ်းများ ရွေးချယ်ဖော်ထုတ်ခြင်းနှင့် အဖြေကို အကောင်အထည်ဖော်ဆောင်ခြင်းတို့ ဖြစ်ပါသည်။ ဆရာလမ်းညွှန်တွင် ပါဝင်သော သင်ယူမှုအကြောင်းအရာများနှင့် လုပ်ငန်းများသည် ကျောင်းသားများ၏ ပြဿနာဖြေရှင်းခြင်း ကျွမ်းကျင်မှုများကို သင့်တော်သလို အသုံးချနိုင်ရန် အခွင့်အလမ်းများကို ပေးထားပါသည်။

## ဘာသာရပ်ရည်ရွယ်ချက်နှင့် ဖော်ပြချက်

ဤသင်ရိုးသည် အခြေခံပညာကျောင်းများ၏ စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်သင်ရိုးတွင် မြှင့်တင်ပေးထားသည့် စံတန်ဖိုးများနှင့် သဘောထားများကို ဖော်ထုတ်ခြင်းဖြင့် ကျောင်းသားများ အတွက် စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်ကို သင်ကြားနိုင်ရန် လိုအပ်သော တတ်ကျွမ်းမှုများကို ဖြည့်ဆည်းပေးပါသည်။ ယင်းတို့သည် ကျွန်ုပ်တို့နေထိုင်သော ကမ္ဘာကြီးနှင့် အိမ်၊ ကျောင်း၊ လူ့အသိုက်အဝန်း၊ တိုင်းပြည်နှင့် ကမ္ဘာလောကတို့အချင်းချင်း ဆက်စပ်နေမှုတို့ကို ပိုမိုနားလည် သဘောပေါက်စေမည်ဖြစ်ပါသည်။ စာရိတ္တနှင့် ပြည်သူ့နီတိသည် လူမှုရေးနှင့် စာရိတ္တပိုင်းဆိုင်ရာ တန်ဖိုးများနှင့် တာဝန်ယူမှု၊ လူ့အသိုက်အဝန်း၏ ပါဝင်ပတ်သက်မှုနှင့် နိုင်ငံရေးဆိုင်ရာ သိနားလည်မှု တို့အပေါ်တွင် အလေးပေးထားပါသည်။ ကွဲပြားခြားနားသော ကျောင်းသားအသီးသီးတို့၏ လိုအပ်ချက်များအပေါ် မူတည်၍ ညှိနှိုင်းလုပ်ဆောင်နိုင်သည့် ဆရာများ ဖြစ်လာစေရန်အတွက် ကျောင်းသားများအနေဖြင့် ဘာသာရပ်ပါအကြောင်းအရာများနှင့် ဆန်းသစ်တီထွင်သော လုပ်ငန်း များကို မည်သို့ရေးဆွဲချမှတ်ရမည်ကို သင်ယူရမည်။ ၎င်းတို့အနေဖြင့် မိမိတို့ ကျောင်းသားများ၏

[၄] Lejenue’s Collaborative Learning for Educational Achievement (1999)

အသက်အရွယ်၊ နောက်ခံအခြေအနေတို့နှင့် လိုက်လျောညီထွေရှိသော သင်ထောက်ကူပစ္စည်းများ/သင်ကြားမှု၊ သင်ယူမှုပစ္စည်းများအား မည်ကဲ့သို့ ဖန်တီးရမည်ကို သိရှိလာမည်ဖြစ်ပါသည်။

**မူလတန်းကျောင်းသားများအတွက် စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ် သင်ကြားရခြင်း၏ ရည်ရွယ်ချက်။**

၁။ စာရိတ္တဆိုင်ရာ တာဝန်ဝတ္တရားများကို ဖြည့်စွမ်းရန် မှန်ကန်သော ဆုံးဖြတ်ချက်နှင့် မှန်ကန်သော အပြုအမူကို ရရှိခြင်းဖြင့် သိမြင်နှံ့စပ်၊ တာဝန်ကျေသော နိုင်ငံသားတစ်ဦး ဖြစ်လာစေရန် ။

၂။ လူ့အခွင့်အရေး၏ တန်ဖိုးကို လေးစားစေရန်နှင့် နိုင်ငံသားတစ်ဦး၏ တာဝန်ယူမှုကို သရုပ်ပြသရန်။

၃။ တရားဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရန်။

၄။ ဒေသဆိုင်ရာ နီးကြားအသိရှိမှုသာမက ကမ္ဘာလုံးဆိုင်ရာ ရှုထောင့်များကိုပါ သိမြင်နှံ့စပ်သော နိုင်ငံသားကောင်း ဖြစ်စေရန် ။

**အခြေခံပညာရေး သင်ရိုးညွှန်းတမ်း ရည်ရွယ်ချက်။**

ဤဘာသာရပ်သည် ကျောင်းသားများ မြန်မာနိုင်ငံအခြေခံပညာရေးတွင် သတ်မှတ်ထားသည့်အတိုင်း စာရိတ္တနှင့် ပြည်သူ့နီတိကို သင်ကြားပေးနိုင်ရန် ဆရာများကို သေချာပြင်ဆင်ပေးနိုင်ရေးအတွက် ပညာရေးကောလိပ်များ၏ လုပ်ငန်းခွင်အကြို ပညာရေးဆရာအတတ်သင်သင်ရိုးညွှန်းတမ်းတွင် ပါဝင်ပါသည်။ မူလတန်းပြဆရာများသည် မူလတန်း ကျောင်းသားများအတွက် ခိုင်မာသော ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပိုင်နိုင်သော ဆရာကောင်းတစ်ဦး သေသေချာချာ ဖြစ်လာစေရန် မူလတန်း၊ အလယ်တန်းအဆင့်နှင့်ညီသော ပညာရေးဆိုင်ရာ သင်ယူမှုများကို ပြုလုပ်ရမည်ဖြစ်ပါသည်။ (ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းမူဘောင် -၂၀၁၈) ။

## ဇယား (က)။ စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်၊ ဆရာများအတွက် အဓိကတတ်ကျွမ်းမှု စံသတ်မှတ်ချက်များ

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (က-၁) ကျောင်းသားများမည်သို့ သင်ယူသည်ကို သိသည်။ | (က) (၁.၂) ကျောင်းသားများ၏ တစ်ဦးချင်း သင်ယူမှုလိုအပ်ချက်နှင့် ကိုက်ညီမည့် သင်ကြားနည်းအမျိုးမျိုးကို နားလည် သဘောပေါက်ကြောင်းပြသသည်။ | (က) (၁.၂.၁) ပိုမိုကောင်းမွန်စွာ သင်ယူနိုင်ရေးအတွက် အထူးသင်ယူမှု လိုအပ်ချက်ရှိသော သင်ယူသူများ အပါအဝင် နောက်ခံအကြောင်းအရာအမျိုးမျိုး (ကျား၊ မ၊ တိုင်းရင်းသားမျိုးနွယ်စု၊ ယဉ်ကျေးမှု) နှင့် စွမ်းရည်အမျိုးမျိုးရှိသော ကျောင်းသားများအား ပံ့ပိုးကူညီနိုင်မည့် သင်နည်းအမျိုးမျိုးကို ဖော်ထုတ်သတ်မှတ်သည်။<br><br>(က) (၁.၂.၂) ကျောင်းသားများ၏ ရှိပြီးအသိပညာ၊ အတွေ့အကြုံများကို အယူအဆသစ်များနှင့် ချိတ်ဆက်ဖို့ အထောက်အကူပြုနိုင်ရန် ထိထိမိမိ အလေးထားပြီး ရှေ့နောက်အစီအစဉ်တကျ ဆောင်ရွက်ထားသည့် သင်ယူမှုလုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်သည်။ |
| (က-၄) သင်ရိုးညွှန်းတမ်းအကြောင်း သိသည်။ | (က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော မူလတန်းသင်ရိုးညွှန်းတမ်း သင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှုဦးတည်ချက်များနှင့် သင်ယူမှု ရလဒ်များကို ဖော်ပြသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (ခ-၁) သင်ကြားမှု နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု၍ သင်ရိုးညွှန်းတမ်း အကြောင်းအရာကို သင်ကြားသည်။ | (ခ) (၁.၂)သင်ကြား၊ သင်ယူမှုတွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသည်။ | (ခ) (၁.၂.၁) အတန်းတွင်း အခြေအနေ၊ အတန်းအရွယ်အစား၊ အတန်းအမျိုးအစားတို့ အတွက် သင့်လျော်ကိုက်ညီသော သင်ကြားနည်းများ၊ သင်ယူမှု နည်းဗျူဟာများကို အသုံးပြုသည်။ |
| | (ခ) (၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံတို့နှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲပြင်ဆင်နိုင်ကြောင်း ပြသည်။ | (ခ)(၁.၃.၁) စာသင်ချိန်အားလုံးကို ထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်းပြင်ဆင်သည်။<br><br>(ခ)(၁.၃.၂) ကျောင်းသားများ သင်ယူမှုတွင် စိတ်ဝင်စားမှုရှိရန်၊ ၎င်းတို့၏ သင်ယူလို စိတ်ကို လှုံ့ဆော်နိုင်ရန်၊ ယခင်သင်ယူပြီး သော အကြောင်းအရာများကို သင်ယူမှု အသစ်များနှင့် ချိတ်ဆက်နိုင်ရန် သင်ခန်းစာကို နိဒါန်းပျိုးပေးသည်။<br><br>(ခ)(၁.၃.၃) ကျောင်းသားများ၏ စိတ်ဝင်စားမှုများ၊ အတွေ့အကြုံများကို တုံ့ပြန်ပေးနိုင်ပြီး၊ သင်ယူမှုနယ်ပယ်များကို ပေါင်းစပ်မှုရှိသည့် အစီအစဉ်တကျရှိသော၊ ထိထိမိမိအလေးထားသော သင်ယူမှု အတွေ့အကြုံများကို ကြိုတင်ပြင်ဆင်သည်။ |
| (ခ -၂) ကျောင်းသား များ၏ သင်ယူမှုကို စစ်ဆေးအကဲဖြတ် ခြင်း၊ လေ့လာကြီး ကြပ်ခြင်းနှင့် အစီရင်ခံခြင်း။ | (ခ) (၂.၁) ကျောင်းသား၏ သင်ယူမှုကို လေ့လာကြီးကြပ် တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များ ကို ပြသသည်။ | (ခ) (၂.၁.၁) ကျောင်းသားများ၏ သင်ယူမှုရလဒ်များကို ပေါက်မြောက် အောင်မြင်ရန် အထောက်အကူပေးရန် အတွက် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခု အနေဖြင့် စစ်ဆေးအကဲဖြတ်နည်းများကို သုံးသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| | (ခ) (၂.၂) စစ်ဆေးအကဲဖြတ်မှု မှတ်တမ်း (အသေးစိတ်) ထားရှိပြီး၊ ထိုစစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက်အလက်များကို ကျောင်းသားများ သင်ယူမှုတိုးတက်ရေး အတွက် လမ်းညွှန်သဖွယ် အသုံးပြုနိုင်ကြောင်း ပြသည်။ | (ခ) (၂.၂.၁) ကျောင်းသားများ၏ သင်ယူဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို တိကျမှန်ကန်စွာ မှတ်တမ်းထားသည်။<br><br>(ခ) (၂.၂.၃) ကျောင်းသားများ၏ သင်ယူမှု၊ တိုးတက်မှု အခြေအနေများနှင့် ပေါက်မြောက်အောင်မြင်မှုများကို မိဘများ၊ အခြားပညာပေးသူများနှင့် ဆက်သွယ်ပြောဆိုသည်။ |
| (ဂ- ၁) ဆရာ အတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအတွက် အကျိုးပြု တာဝန် ထမ်းဆောင်သည်။ | (ဂ) (၁.၁) မြန်မာတို့၏ ထုံးတမ်းစဉ်လာ အရ စံနမူနာပြပုဂ္ဂိုလ်ဖြစ်သည့် ဆရာတစ်ယောက်တွင်ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထား များကို လက်ခံကျင့်သုံးနိုင်ကြောင်း ပြသနိုင်သည်။ | (ဂ) (၁.၁.၁) မြန်မာနိုင်ငံရှိဆရာများ လိုက်နာကျင့်သုံးသည့် ကျင့်ဝတ် (၅)သွယ် အပါအဝင် ဆရာ့ အတတ်ပညာဆိုင်ရာကျင့်သုံးရမည့်ကျင့်ဝတ်များ၊ စည်းမျဉ်း စည်းကမ်းများကို လိုက်နာသည်။ |
| | (ဂ) (၁.၂) ဆရာအဖြစ် အသက်မွေးဝမ်း ကျောင်း ပြုရာတွင် မိမိ၏ လက်တွေ့ သင်ကြားမှုကို လွှမ်းမိုးနေသော နောက်ခံစိတ်ကူး အတွေးအခေါ်များကို နားလည်ကြောင်း ပြသသည်။ | (ဂ)(၁.၂.၁) သင်ကြား၊ သင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းနှင့် သက်ဆိုင်သည့် သဘောတရားများနှင့် အယူအဆများကို ဖော်ထုတ်သတ်မှတ်သည်။<br><br>(ဂ)(၁.၂.၂) မိမိကိုယ်ပိုင်သင်ကြား၊ သင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်း များကိုဖော်ပြသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (ဂ- ၃) ကျောင်းသား အားလုံး ပညာရေး အရည်အသွေး မြင့်မားစေရန်နှင့် ပညာသင်ယူခွင့် မျှတမှုရှိစေရန် မြှင့်တင်ဆောင် ရွက်သည်။ | (ဂ) (၃.၃) ကျောင်းသားများ၏ ကွဲပြားခြားနားသော ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် ကမ္ဘာ့နိုင်ငံသား ဖြစ်မှုအကြောင်းအရာများကို နားလည်နိုင်ရန်အတွက် ပြုစုပျိုး ထောင်ပေးနိုင်စွမ်း ရှိကြောင်း ပြသည်။ | (ဂ) (၃.၃.၁) ရေရှည်တည်တံ့မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု၊ ကျောင်းသားများ၏ အခွင့်အရေးများ၊ တာဝန်များနှင့် ပတ်သက်သည့် အယူအဆများကို စာသင်ခန်း၊ ကျောင်းအခြေပြု လုပ်ငန်းများတွင် ပေါင်းစပ်ဆောင်ရွက်နိုင်သည်။ |

*ရင်းမြစ်။* မြန်မာနိုင်ငံဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF)၊ လုပ်ငန်းခွင်၌ စတင်တာဝန်ထမ်းဆောင်သော ဆရာများ၊ အင်္ဂလိပ်ဘာသာမူကြမ်း (၃.၂)၊ (၂၀၁၉ မေလ) (စာ ၃၀ မှ ၃၆ အထိ)

## အရွယ်ရောက်သူ လူငယ်များအား သင်ကြားပို့ချခြင်း

သင်၏စာသင်ခန်းအတွင်းရှိ ကျောင်းသားများသည် အရွယ်ရောက်သူလူငယ်များ ဖြစ်ကြသည်။ အထောက်အထားများအရ ယင်းလူငယ်များသည် အောက်ပါအခြေအနေများတွင် အကောင်းဆုံး သင်ယူကြသည်။

- ဘာသာရပ်ပါအကြောင်းအရာများသည် ယင်းတို့၏ ယခင်ကရှိပြီးသား အသိ၊ အတွေ့အကြုံ များနှင့် ချိတ်ဆက်မှုရှိသောအခါ
- အတန်းတွင်းအတန်းပြင် သင်ယူမှုများတွင် တက်ကြွစွာပါဝင်ရန် အခွင့်အလမ်းရသောအခါ နှင့်
- မိမိ၏သင်ယူမှုကို မိမိတာဝန်ယူရပြီး လေးနက်စွာစဉ်းစားတွေးခေါ်ရသည့် ကျွမ်းကျင်မှု၊ ပေါင်းသင်းဆက်ဆံပြောဆိုရသော ကျွမ်းကျင်မှုများ ဖွံ့ဖြိုးစေအောင် ပြုလုပ်စေသောအခါ တို့တွင်ဖြစ်သည်။

သင်ယူရမည့် အကြောင်းအရာများကို အမျိုးမျိုးသော သင်ကြားသည့်ပုံစံများ၊ သင်ယူနည်းများသည် အရွယ်ရောက်သူလူငယ်များအား သင်ကြားသည့် သဘောတရားများမှ 'အလေ့အကျင့်ကောင်း' များကို ဤဆရာလမ်းညွှန်တွင် အဆိုပြုထားသည်။

## ၁။ ဆီလျော်မှုရှိပါစေ။

အရွယ်ရောက်သူ လူငယ်များသည် ဦးတည်ချက်ရည်မှန်းချက်ပန်းတိုင်ရှိပြီး လက်တွေ့ကျလေ့ရှိသည်။ ၎င်းတို့၏ သင်ယူမှုများသည် နေ့စဉ်ဘဝတွင် အဘယ်ကဲ့သို့အရေးပါကြမည် ဆိုသည်ကို နားလည်သဘောပေါက်လိုကြသည်။ ဆိုလိုသည်မှာ ကျောင်းသားများ သင်ခန်းစာကို သင်ယူလိုက်ခြင်းအားဖြင့် မည်သည့်အရာများကို တတ်မြောက်သွားမည်၊ အဘယ်ကြောင့်သင်ယူရရန်လိုအပ်သည် ဆိုသည့်အချက်နှင့် ပတ်သက်၍ တိကျရှင်းလင်းမှုရှိသော ပန်းတိုင်နှင့် ရည်မှန်းချက်များရှိရန် အရေးကြီးသည်။ ကျောင်းသားများသည် ယင်းတို့၏အနာဂတ် အသက်မွေးမှုလုပ်ငန်းနှင့် ယခုသင်ယူနေသော အကြောင်းအရာများသည် တစ်ခုနှင့်တစ်ခု ဆက်နွှယ်ပတ်သက်နေသည်ကို သိမြင်ရန်လိုအပ်သည်။ ကျောင်းသားများ ယခုသင်ယူနေသည်များသည် သို့မဟုတ် တစ်ဦးချင်း သင်ယူနေခြင်းများသည် ဆရာဖြစ်လာမည့် ၎င်းတို့အတွက် အဘယ်မျှ အသုံးဝင်သည်ကို ရှင်းလင်းစွာပြောပြရပါမည်။

## ၂။ သင့်ကျောင်းသားများ၏ နောက်ခံဘဝအခြေအနေများကို သိပါ။

သင်၏ကျောင်းသားများသည် အနည်းဆုံး(၁၈)နှစ် ဘဝအတွေ့အကြုံများနှင့်အတူ ရောက်ရှိလာကြမည်ဖြစ်သည်။ ဘာသာရပ်ပါ အကြောင်းအရာသင်ခန်းစာများသည် ကျောင်းသားများ သင်ယူပြီးစီးခဲ့သည့် ပညာရေးအဆင့်နှင့် ၎င်းတို့နေ့စဉ်ဘဝအဖြစ်အပျက်များကို ထင်ဟပ်နေစေသင့်ပါသည်။ အရွယ်ရောက်သူလူငယ်များ၏ အတွေ့အကြုံနှင့် ဗဟုသုတများကို တန်ဖိုးထားခြင်းအားဖြင့် လေးစားမှုပြပေးရန်လိုသည်။ သင်ယူမှုအပေါ် နားလည်သဘောပေါက်စေရန်နှင့် သင်ခန်းစာအကြောင်းအရာကို ဆက်စပ်နိုင်စေရန် ကျောင်းသားများ၏ လက်တွေ့ဘဝ အတွေ့အကြုံများ၊ သင်ယူခဲ့သော အသိပညာဗဟုသုတများအား သင်ခန်းစာ၏ မည်သည့်နေရာနှင့် ချိတ်ဆက်ပေးရမည်ကို ရှာဖွေရပါမည်။

## ၃။ စူးစမ်းလေ့လာဖော်ထုတ်မှုကိုအားပေးပါ။

အရွယ်ရောက်သူလူငယ်များဖြစ်သည့် ကျောင်းသားများသည် ယင်းတို့၏ သင်ယူမှုများကို ကိုယ်တိုင်လမ်းညွှန်မှုတို့ဖြင့် လုပ်ဆောင်နိုင်စွမ်းရှိကြပါသည်။ ပြဿနာဖြေရှင်းခြင်းနှင့် ပူးပေါင်း လုပ်ဆောင်ခြင်းလိုအပ်သော သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများအား သင်ခန်းစာအကြောင်းအရာများကို လေးနက်စွာနှင့် အဓိပ္ပာယ်ရှိစွာ ဆက်စပ်နိုင်ရန် ကူညီပေးသည်။ ဤသို့ ပြုလုပ်ရန် ကျောင်းသားများအား အုပ်စုလိုက်ဆွေးနွေးစေခြင်းများ၊ လက်တွေ့ဘဝနှင့်ဆက်စပ်သော လေ့ကျင့်မှုများနှင့် အခြားသူများကို သင်ပြပေးရန် အခွင့်အလမ်းများပေးပြီး တက်ကြွစွာ ပါဝင်လာစေရန် နည်းလမ်းများကို ရှာဖွေပါ။ ဤသို့ ပြုလုပ်ပေးခြင်းသည် သင့်ကိုယ်သင် ဆရာတစ်ဦးအနေဖြင့်ထက် ပံ့ပိုးကူညီသူ တစ်ဦးအဖြစ် တွေးမိစေနိုင်ပါသည်။ စာသင်ခန်း အတွင်းရှိ ကျောင်းသားများအား ၎င်းတို့စိတ်ဝင်စားသော အရာကိုရှာဖွေစေပြီး တွေ့ရှိသွားသော စိတ်ဝင်စားမှု နောက်လိုက်၍ သင်ယူမှုကို ကိုယ်တိုင်ဦးစီး ဦးဆောင်ပြုလျက် သင်ယူစေခြင်းမျိုးကို တိုက်တွန်းအားပေးနိုင်ပါသည်။

## စာသင်ခန်းအတွင်း ကျား၊ မ ရေးရာ တန်းတူညီမျှမှုနှင့် လူတိုင်းပါဝင်မှု

စာသင်ခန်းအတွင်း ကျား၊ မ ရေးရာ ခွဲခြားမှုမရှိဘဲ တန်းတူဆက်ဆံခြင်းကို တက်ကြွစွာ ဖော်ဆောင်ခြင်းသည် သင်ကြားမှုတွင် မရှိမဖြစ် အရေးပါသော အင်္ဂါရပ်တစ်ခုဖြစ်သည်။ သင်ယူမှု နည်းလမ်းများနှင့် အထောက်အကူပေးသော ရင်းမြစ်များကိုစဉ်းစားရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားသင့်သည်။ **ကျောင်းသား အားလုံး၏ စိတ်ထဲတွင် ကျား၊ မ ခွဲခြားမှုမရှိဘဲ မိမိတို့၏ လုပ်ဆောင်မှုများကို တန်းတူညီမျှ တန်ဖိုးထားခံရသည်၊ မိမိတို့သည် သင်ယူမှုအခွင့်အလမ်းများကို ညီမျှစွာ ရကြသည်** ဟူသော ခံစားချက်များကို ပေးနိုင်သည့် အပြုသဘောဆောင်ပြီး လုံခြုံစိတ်ချရသော သင်ယူမှုဝန်းကျင်ဖြစ်လာစေရန် ပံ့ပိုးကူညီပေးခြင်း ဖြစ်သည်။

ပညာရေးကောလိပ်ဆရာတစ်ဦးအနေဖြင့် မိမိတို့ကျောင်းသားများ၏ သင်ယူမှု အခွင့်အလမ်းများ ညီတူညီမျှရရှိရေး သာမကဘဲ ၎င်းတို့ကိုယ်တိုင် ကျား၊ မ ရေးရာ ခွဲခြားမှုမရှိဘဲ တန်းတူဆက်ဆံခြင်း၏ အရေးကြီးပုံကို တန်ဖိုးထားတတ်လာပြီး ထိုအသိသဘောထားများကို ၎င်းတို့၏ လေ့ကျင့် သင်ကြားခြင်းများတွင် အသေအချာထည့်သွင်း စဉ်းစားကြစေရန်မှာလည်း ပညာရေး ကောလိပ်

ဆရာများ၏ တာဝန်ပင်ဖြစ်ပါသည်။ စာသင်ခန်းအတွင်းတွင် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ဖွံ့ဖြိုးလာသော ကျား၊ မ တန်းတူရေးဆိုင်ရာ အသိပညာ၊ စိတ်သဘောထားတန်ဖိုးထားမှုနှင့် ကျွမ်းကျင်မှုများသည် ကျောင်းသားများ၏ အနာဂတ်အပြုအမူများအပေါ် ရေရှည်သက်ရောက်မှု ရှိနိုင်ပါသည်။ ထို့ပြင် အောင်မြင်သော ဘဝများဖြင့် ရှင်သန်နိုင်မည့် အရည်အသွေးများအပေါ် ထိ အကျိုးသက်ရောက်မှုများ ရှိပါသည်။

ဆရာကိုယ်တိုင် မိမိတို့၏ ကျား၊ မ ဆိုင်ရာ ဘက်လိုက်မိသော အပြုအမူများ၊ အပြောအဆိုစကား အသုံးအနှုန်းများကိုလည်း သတိပြုမိပါစေ။ မိမိ၏ လုပ်ဆောင်မှုများ၊ မိမိအသုံးပြုသော သင်ကြား သင်ယူမှုနည်းလမ်းများကို ပြန်လည် ဆင်ခြင်သုံးသပ်ပါ။ စာသင်ခန်းအတွင်း ကျား၊ မ တန်းတူ ညီမျှမှုနှင့် လူတိုင်းပါဝင်မှုရှိကြောင်း သေချာစေရန် ဤနည်းလမ်းများကို ထည့်သွင်းစဉ်းစားပါ။

- ကျား၊ မ အမည်တပ်ပြီး ခေါ်ခြင်း၊ ပြောခြင်း ကြိမ်နှုန်း ညီမျှပါစေ။ အမည်မသိသူများ အကြောင်းပြောပါက သူ၊ သူမ ဟူသော နာမ်စားကို တစ်လှည့်စီ သုံးပါ။
- ကိုးကားချက်များသုံးပါက ကျား နှင့် မ နှစ်ဖက်လုံးမှ ပြောကြားသည့် အမြင်နှစ်မျိုးလုံးပါ ပါစေ။
- ရုပ်ပြပုံများ အသုံးပြုပါက ကျား နှင့် မ နှစ်မျိုးလုံး ညီမျှစွာ အသုံးပြုပါ။ လက်ရှိ ကျား၊ မ ရေးရာ တရားသေ မှတ်ယူထားသည်များကို အားမပေးမိရန် သတိပြုပါ။
- စာသင်ခန်းအတွင်းတွင် ကျား၊ မ ရေးရာ သာတူညီမျှမှုနှင့် လူတိုင်းအတွက် အကျုံးဝင်သော ဘာသာစကားကို အသုံးပြုပါ။ သင်၏ကျောင်းသားများကိုလည်း ထိုနည်းတူ ကျင့်သုံးရန် ပြောပါ။
- ကျောင်းသားများအား ကျား၊ မ ရေးရာသဘောကို သတိပြုမိရန်၊ ကျား၊ မ ရေးရာ ဘက်လိုက်ခြင်း သဘောထားများကို မြင်လာအောင် မီးမောင်းထိုးပြပါ။ ကျောင်းသားများ အား မိမိတို့၏ အပြုအမူများကို ပြန်လည် သုံးသပ်ရန် အားပေးပါ။
- ဘာသာရပ်မျိုးစုံကို သင်ကြားသည့်အခါ ကျောင်းသားများနှင့် ပြောဆို ဆွေးနွေးရာတွင် တန်းတူညီမျှမှု ရှိပါစေ။ ဥပမာ- မေးခွန်းမေးသောအခါ၊ မိမိဆန္ဒအလျောက် လုပ်လိုသူများ ရွေးသောအခါ၊ လုပ်ငန်းခေါင်းဆောင် ရွေးသောအခါ၊ ချီးကျူး အသိအမှတ်ပြု စကား ပြောသောအခါ၊ မျက်လုံးချင်းဆုံကြည့်သောအခါ သို့မဟုတ် ကျောင်းသား အမည်များကို မှတ်မိအောင်ပြုလုပ်သည့်အခါများ၌ပင် ညီမျှမှုရှိပါစေ။

- အတန်းတွင်း၌ပို၍ နှုတ်ဆိတ်နေတတ်သော ကျောင်းသားဖြစ်ပါက ကျား၊မ မရွေးဘဲ အားပေးကူညီ ပံ့ပိုးပေးပါ။
- ကျားရော၊ မ ပါ ညီမျှစွာ ပါဝင်လုပ်ဆောင်မှုကို အထောက်အကူဖြစ်စေသော သင်ကြားသင်ယူမှုနည်းလမ်းများနှင့် စစ်ဆေးအကဲဖြတ်ခြင်း ချဉ်းကပ်နည်းများ ဥပမာ- အုပ်စုလုပ်ငန်း၊ သရုပ်ဆောင် သင်ကြားသင်ယူခြင်း၊ အုပ်စုဆွေးနွေးခြင်းများကို အသုံးပြုပါ။ ကျောင်းသား အားလုံး၏ သင်ယူမှုလိုအပ်ချက်များ၊ သင်ယူဟန်များကို ထည့်သွင်းစဉ်းစားပြီး၊ ကျောင်းသားရော ကျောင်းသူများပါ တက်ကြွစွာ ပါဝင်လုပ်ဆောင်ရန် အခွင့်အလမ်းပေးပါ။ တစ်ဦးတစ်ယောက်တည်းက လွှမ်းမိုးထားမှု မရှိအောင် လုပ်ငန်းများကို စီမံခန့်ခွဲပေးရပါမည်။
- ဘာသာရပ်တိုင်းတွင် ကျောင်းသားများက မိမိတို့၏ လုပ်ဆောင်မှုများနှင့် ပတ်သက်ပြီး မျှော်မှန်းချက်များ ချမှတ်ရာတွင် ကျားနှင့် မ တန်းတူ ချမှတ်နိုင်ရန် ပြုလုပ်ပေးပါ။
- အတန်းတွင်း၌ အုပ်စုဖွဲ့ခြင်း၊ ထိုင်ခုံစီစဉ်ခြင်း၊ အတန်းကို အလှဆင်ခြင်းများ ပြုလုပ်ရာတွင် ကျား၊ မ ရေးရာ အလေးထား သိရှိနားလည် သတိပြုမိပြီး ညီမျှမှုရှိစေရန် ပြုမူဆောင်ရွက်ရပါမည်။

စာသင်ခန်းအတွင်း အသုံးပြုသည့် ဘာသာစကား၊ ယဉ်ကျေးမှု ဓလေ့များအရ အမျိုးသားများနှင့် အမျိုးသမီးများအပေါ် မျှော်မှန်းထားသော စံသတ်မှတ်ချက်များ၊ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများ မှတစ်ဆင့် ကျား၊ မ ရေးရာ တရားသေမှတ်ယူထားခြင်းများအား အမှုမဲ့ အမှတ်မဲ့ ပြန်လည်အားပေးမှုကို ဖြစ်စေတတ်ပါသည်။ သို့ဖြစ်၍ ကျား၊ မ အားလုံးပါဝင်သော စာသင်ခန်းဝန်းကျင်တစ်ခုကို အားပေးဖော်ဆောင်ခြင်းဖြင့် အခြေခံပညာစာသင်ခန်းများအတွင်း ကျောင်းသားကျောင်းသူတို့၏ ကျား၊ မ တန်းတူ သာတူညီမျှကို ကောင်းမွန်စွာ အထောက်အကူပြုသည့် ကျား၊ မ ရေးရာ အလေးထား သိရှိနားလည်မှုကို ထည့်သွင်း စဉ်းစားလုပ်ဆောင်သည့် အလေ့အကျင့်များ တည်ဆောက်မှုကို အားပေးကူညီရပါမည်။

## သင်ကြား သင်ယူမှုနည်းလမ်းများကိုစုစည်းပေးထားသော သင်ထောက်ကူသေတ္တာ

ဤဆရာလမ်းညွှန်စာအုပ်တွင် ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာတစ်ခုစီအတွက် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများပါဝင်သည်။ အဆိုပါ သင်ယူမှုလုပ်ငန်းများကို သင်ခန်းစာ

ပြင်ဆင်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တင်ပြထားခြင်းဖြစ်သည်။ သို့သော် ကျောင်းသားများရရှိစေလိုသည့် အသိပညာ၊ကျွမ်းကျင်မှုများနှင့် သဘောထားများ တိုးတက်ဖွံ့ဖြိုးစေရန် ဆရာလမ်းညွှန်ပါ အကြံပြုချက်များအတိုင်း တစ်သဝေမသိမ်း လိုက်နာလုပ်ဆောင်ရန် မဟုတ်ပါ။ သင်ကြားရမည့် ကျောင်းသားများ၏ နောက်ခံအကြောင်းအရာနှင့် လိုအပ်ချက်အရ အသင့်လျော်ဆုံးဖြစ်မည့် သင်ခန်းစာများ၊ သင်ကြားနည်းများကို အသုံးပြုရန် တိုက်တွန်းပါသည်။

အောက်ဖော်ပြထားသော သင်ယူမှုလုပ်ငန်းများကို ဤလမ်းညွှန်စာအုပ်တွင် အသုံးပြုထားပါသည်။ သင်၏သင်ခန်းစာများ ပြင်ဆင်ရာတွင်လည်းကောင်း၊ သင်ခန်းစာများကို အဆင်ပြေအောင် ပြုပြင်ရာတွင်လည်းကောင်း အထောက်အကူဖြစ်စေရန် အသုံးပြုနိုင်ပါသည်။ ဤသင်ကြား သင်ယူမှု နည်းလမ်းများသည် ပြီးပြည့်စုံပြီဟု မဆိုနိုင်ပါ။ သင့်အနေဖြင့် အခြားသင်ကြားပို့ချမှုနှင့် သင်ယူမှုဆိုင်ရာ နည်းလမ်းများကို ဉာဏ်ဖွင့်စဉ်းစားကြည့်ရန် ဆန္ဒရှိပါက http://www.theteachertoolkit.com/index.php/tool/all-tools သို့မဟုတ် အခြားအလားတူ ဝက်ဘ်ဆိုက်ဒ်များသို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## လုပ်ငန်းတာဝန်များ (Assignments)

ကျောင်းသားများအား ပေးနိုင်သော လုပ်ငန်းတာဝန်များတွင် ပုံစံတကျ သီကုံးရေးသားမှုများ ၊ကျောင်းသားတစ်ဦးချင်းစီ၏ ဆောင်ရွက်မှုကို စုစည်းထားသော သင်ယူမှု အထောက်အထား မှတ်တမ်း (Portfolios)၊ ပြန်လည်သုံးသပ်ချက် နေ့စဉ်မှတ်တမ်း (ဂျာနယ်)များ ပါဝင်နိုင်သည်။ အခြားသော ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းငယ်များလည်း ပါဝင်နိုင်သည်။ ဥပမာ-ဖတ်ထားသော စာများအပေါ် မေးသောမေးခွန်းများကို ဖြေဆိုခြင်းကဲ့သို့သော အိမ်စာအလုပ်များဖြစ်သည်။ လုပ်ငန်းတာဝန်များသည် ကျောင်းသားများအား ယခင်က သင်ကြားခဲ့ပြီးဖြစ်သော အကြောင်းအရာများအား ပြန်လည်သုံးသပ်ရန်အတွက် အားပေးကူညီပေးသည်။ လုပ်ငန်းတာဝန်များသည် ကျောင်းသားများအား ရှေ့ဆက် သင်ယူမှုများအတွက် ပြင်ဆင်ရန် အထောက်အကူ ဖြစ်စေနိုင်ပါသည်။ ဥပမာ- သင်ခန်းစာ မသင်ကြားမီ ဆရာက ကျောင်းသားများအား ကျောင်းသားကိုင် စာအုပ်ပါ ထိုသင်ခန်းစာကို ကြိုတင်ဖတ်ရန်မှာကြားခြင်း။

## ဖြစ်ရပ်လေ့လာခြင်း (Case studies)

ဖြစ်ရပ်များလေ့လာခြင်းများအားဖြင့် ကျောင်းသားများသည် ၎င်းတို့သင်ယူထားသည့် အချက်များကို ဇာတ်လမ်းများ၊ ဇာတ်ကွက်ဖြစ်ရပ်များတွင် အသုံးချကြရသည့်အတွက်ကြောင့် ကျောင်းသားများ၏ ပြဿနာဖြေရှင်းနိုင်ခြင်း စွမ်းရည်နှင့် ဝေဖန်သုံးသပ်တွေးခေါ်နိုင်ခြင်း အလေ့အကျင့်ဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်လာစေသည်။ ပထမဦးစွာ ကျောင်းသားများသည် ဖြစ်ရပ်များကို ဖတ်ကြသည်။ ထိုနောက် ဇာတ်ကွက် နှင့်ပတ်သက်၍ မေးထားသော အဖွင့်မေးခွန်းတစ်ခု သို့မဟုတ် မေးခွန်းများကို ဖြေဆိုရန် ဆွေးနွေးကြသည်။ အများအားဖြင့် ကျောင်းသားများသည် ဖြစ်ရပ်များတွင် တင်ပြထားသော ပြဿနာအတွက် အဖြေများကို အဆိုပြုရလေ့ရှိကြသည်။


## ဦးဆောင်ညွှန်ကြားသော လုပ်ငန်းများ (Directed activities)

ဤလုပ်ငန်းများသည် ဆရာက ချမှတ်ပေးသော လုပ်ငန်းများဖြစ်ကြပြီး ကျောင်းသားများက တစ်ဦးချင်း ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည်။ ဥပမာ-လက်တွေ့တန်းပြလေ့ကျင့်နေချိန် အတွင်းတွင် အခြေခံပညာကျောင်းမှ ဆရာတစ်ဦးဦးကို တွေ့ဆုံမေးမြန်းသောလုပ်ငန်းများ သို့မဟုတ် သင်နည်းတစ်ခုအား တစ်ဦးတည်း သုတေသနပြုလုပ်ခြင်း လုပ်ငန်းများဖြစ်သည်။ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရသော လုပ်ငန်းများ၏ နောက်ဆက်တွဲ အနေဖြင့် ကျောင်းသားများအား ၎င်းတို့ သင်ယူခဲ့သည်များ၊ အချင်းချင်းထံမှ သင်ယူခဲ့သည်များကို ပြန်လည်မျှဝေရန် အခွင့်အလမ်း ပေးသည့်အနေဖြင့် အနီးကပ် ဆွေးနွေးသင်ကြားခြင်း (ကျူတိုရီရယ်များ)၊ ဆွေးနွေးပွဲများ၊ နီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးသည်။

## ပြခန်းလှည့်လည်ကြည့်ရှုသင်ယူခြင်း(Gallery walk)

ဤလုပ်ငန်းတွင် ကျောင်းသားများသည် အုပ်စုလိုက် ဆွေးနွေးဖြေဆိုသော လုပ်ငန်း သို့မဟုတ် ပိုစတာတစ်ခုစီကို ပြုလုပ်ကြပြီး နေရာအသီးသီးတွင်ချိတ်ဆွဲပြသကြသည်။ အုပ်စုများအလိုက် ပိုစတာများကို လှည့်လည်ကြည့်ရှုကြပြီး သုံးသပ်ချက်၊ဝေဖန်ချက်၊ မေးခွန်း သို့မဟုတ် အကြောင်းအရာကို ထပ်ဆောင်းဖြည့်စွက်ချက်များ ရေးကြသည်။

သင်သည် ကျောင်းသားများ၏လုပ်ဆောင်ထားမှုများအား ပြသထားပြီး အလားတူလုပ်ငန်းမျိုးကို ပြုလုပ်နိုင်သည်။ တစ်ဦးချင်း သို့မဟုတ် အုပ်စုလိုက် လုပ်ဆောင်ထားသော ပိုစတာများကို အခန်းပတ်လည်တွင်ပြသထားနိုင်သည်။ ကျောင်းသားများက လှည့်ပတ်ကြည့်ပြီး ၎င်းတို့ မေးလိုသော မေးခွန်းများ၊ ဝေဖန်ချက်များကို ပိုစတာပေါ်တွင် ရေးကြသည်။





## ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်း (Graphic organisers)

ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းသည် ကျောင်းသားများအား ဉာဏ်ဖွင့်စဉ်းစားစေပြီး ၎င်းတို့၏ အတွေးများ၊ စိတ်ကူးများကို ပိုမိုလွယ်ကူစွာ နားလည်လာစေရန် စုစည်းရာ၌ အထောက်အကူပြုသည့် ရိုးရှင်းပြီး ထိရောက်မှုရှိသော နည်းလမ်းတစ်ခု ဖြစ်သည်။ ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းကို ဉာဏ်ဖွင့်စဉ်းစားရန်၊ အစီအစဉ်ပြုလုပ်ရန်၊ ပြဿနာဖြေရှင်းရန်နှင့် ဆုံးဖြတ်ချက်ချရန် မည်သည့် သင်ခန်းစာတွင် မဆိုအသုံးပြုနိုင်သည်။ အသုံးများသော ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းအချို့ကို သင်၏ ဆရာလမ်းညွှန်စာအုပ်တွင် တွေ့ရပါမည်။


- **စိတ်ကူးပုံဖော်ခြင်း (Mind Mapping/ Concept Map)**

စိတ်ကူးပုံဖော်ခြင်းကို အသိပညာများ (concepts)၊ စိတ်ကူးများ တစ်ခုနှင့်တစ်ခု မည်သို့ ဆက်စပ်နေကြောင်းကို မြင်သာအောင် ပြပေးခြင်းဖြစ်သည်။ ဉာဏ်ဖွင့်စဉ်းစားပြီး ရရှိလာသော အချက်အလက်များကို စုစည်းရန်အသုံးဝင်သည်။ စိတ်ကူးပုံဖော်ခြင်းကို ပုံစံအမျိုးမျိုးဖြင့် ပြနိုင်သည်။ ခက်ခဲမှုအဆင့် အမျိုးမျိုးဖြင့်လည်း ပြနိုင်သည်။ ရှေးဦးစွာ ကျယ်ပြန့်၍ ယေဘုယျကျသည့် ခေါင်းစဉ်နှင့်စပြီး ထိုအကြောင်းအရာ၏ ခေါင်းစဉ်ခွဲလေးများ သို့မဟုတ် ပိုမိုအသေးစိတ်သော အသိသညာများကို ကွန်ရက်ပုံစံဖြင့် ဆက်သွယ်သည်။ အောက်တွင် ရိုးရှင်းသော စိတ်ကူးပုံဖော်ခြင်းကို တင်ပြထားပါသည်။




- **ဗင်ပုံဖြင့်သင်ကြားသင်ယူခြင်း (Venn diagram)**

မတူသော အကြောင်းအရာသို့မဟုတ် စိတ်ကူး နှစ်ခု (က) နှင့် (ခ) ကို နှိုင်းယှဉ်လိုသောအခါ Venn ပုံစံကားချပ်ကို သုံးသည်။ စက်ဝိုင်းနှစ်ခုထပ်နေသောနေရာသည် (က)နှင့် (ခ)တို့၏ တူနေသော လက္ခဏာများ ဖြစ်ကြသည်။ ထပ်မနေသော နေရာများမှာ (က) နှင့် (ခ) တို့၏သီးသန့် ကိုယ်ပိုင်လက္ခဏာများ ဖြစ်ကြသည်။



- **သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း ဇယားကွက် (KWL Chart)**

ဤနည်းလမ်းသည် ယူနစ်တစ်ခု၊ သင်ခန်းစာတစ်ခုကို မသင်မီ၊ သင်နေဆဲ၊ သင်ပြီးချိန်များတွင် အကြောင်းအရာ၊ သတင်းအချက်အလက်များကို စုစည်းနိုင်ရန် ကျောင်းသားများအား ကူညီပေးနိုင်သည်။ ကျောင်းသားများအား သင်ခန်းစာခေါင်းစဉ် အသစ်တစ်ခုကို စိတ်ဝင်စားလာစေရန် ယခင်ကသိပြီးသော အချက်များကို နှိုးဆွပေးသည်။ အခန်း၏ သင်ယူမှုဦးတည်ချက်များ (unit objectives)ကို ပြောပြပြီး ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးသည်။ ဤနည်းကို အုပ်စုလုပ်ငန်း၊ အတန်းလုပ်ငန်း သို့မဟုတ် တစ်ဦးချင်းလုပ်ငန်းအဖြစ် ပေးနိုင်သည်။ သင်ခန်းစာ သို့မဟုတ် အခန်း(unit)ကို မသင်မီ ကျောင်းသားများအား ပထမကော်လံနှစ်ခုတွင် မိမိတို့သိပြီးသည့် အကြောင်းအရာနှင့် သိလိုသော အကြောင်းအရာများကိုဖြည့်ပါစေ။ သင်ခန်းစာ သို့မဟုတ် အခန်း (unit)ကို သင်ပြီးချိန်တွင် ၎င်းတို့ သင်ယူတတ်မြောက်သွားသော အကြောင်းအရာများကို ဖြည့်ရပါမည်။

| K<br>သိပြီးအချက်များ | W<br>သိလိုသောအချက်များ | L<br>သိနားလည်သွားသော<br>အချက်များ |
|---|---|---|
| | | |

- **တီပုံဇယားကွက် (T Chart)**

တီပုံဇယားကွက်ကားချပ်သည် ကျောင်းသားများအား ခေါင်းစဉ်တစ်ခုကို ရှုထောင့်နှစ်မျိုးမှ ကြည့်တတ်ရန် ကူညီပေးသည်။ ဥပမာ- ကောင်းသော အကျိုးဆက်များနှင့် ဆိုးသော အကျိုးဆက်များ သို့မဟုတ် မှန်ကန်သော အချက်နှင့် ထင်မြင်ချက်။

| ခေါင်းစဉ် ၁ | ခေါင်းစဉ် ၂ |
|---|---|
| | |

## အုပ်စုလုပ်ငန်း (Group work)

အုပ်စုလုပ်ငန်းဆိုသည်မှာ ကျောင်းသားများအား လုပ်ငန်းတစ်ခုအပေါ် ပူးပေါင်းလုပ်ဆောင်စေခြင်းကို ဆိုလိုသည်။ ဥပမာ - အောက်တွင် ဖော်ပြထားသော ဖြတ်ဆက်လုပ်ငန်းကို ကြည့်ပါ။ အုပ်စုလုပ်ငန်းသည် ကျောင်းသားများ တက်ကြွစွာသင်ယူနိုင်မှုကို ဖြစ်စေသည်။ အုပ်စုလုပ်ငန်းသည် ကျောင်းသားများအား လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း၊ ဆက်သွယ်ပြောဆိုခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်း ကျွမ်းကျင်မှုများကို လေ့ကျင့်ပေးသည်။ ကျောင်းသားများသည် အုပ်စုအတွင်း မေးခွန်းများဖြေခြင်း၊ တင်ပြရန်ဖန်တီးတီထွင်ခြင်း၊ သင်ပြမှုပုံစံရေးခြင်း ဖြစ်ရပ်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ သရုပ်ဆောင်ခြင်းဖြင့် သင်ယူခြင်းနှင့် အခြားသော သင်ယူမှုလုပ်ငန်းများကို ပြုလုပ်ကြသည်။ အုပ်စုဝင်များအားလုံး အုပ်စုလုပ်ငန်းတွင် နှစ်မြုပ်ပါဝင်လုပ်ဆောင်လာကြစေရန် တစ်ဦးချင်းစီ တာဝန်ယူရမည့် လုပ်ငန်းများကို ခွဲခြားပေးနိုင်ပါသည်။ ဥပမာ-မှတ်တမ်းတင်သူ၊ တင်ပြသူ၊ အုပ်စုခေါင်းဆောင် စသည်အားဖြင့် သတ်မှတ်တာဝန်ပေးနိုင်သည်။

## ဖြတ်ဆက်လုပ်ငန်းပေးခြင်း (Jigsaw)

ဖြတ်ဆက်လုပ်ငန်းတွင် အုပ်စုငယ်လေးများသည် သင်ခန်းစာခေါင်းစဉ်မှ အပိုင်းတစ်ပိုင်းကို ကျွမ်းကျင်သူများဖြစ်ကြပြီး ထိုကျွမ်းကျင်သောအပိုင်းကို အချင်းချင်း ပြန်လည်သင်ပြပေးရသော လုပ်ငန်းဖြစ်သည်။ ဤသို့ပြုလုပ်ရခြင်းက ကျောင်းသားများအား အခြားသူများနှင့်အတူ အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းကို ရရှိစေပြီး မတူကွဲပြားသော ရှုထောင့်အမြင်များကို တွေ့မြင်နိုင်သည်။ ကျောင်းသားတစ်ဦးစီသည် အခြားတစ်ယောက်၏ သင်ယူမှုအတွက် တာဝန်ရှိသလို ကျောင်းသားများက အုပ်စုအဖွဲ့ဝင်တစ်ဦးစီတွင် အုပ်စုအား အထောက်အကူပြုပေးရန် အရေးပါသည်ကို သိမြင်လာသည့် အတွက်ကြောင့် ဤဖြတ်ဆက်သင်နည်းသည် အထူးထိရောက်မှု ရှိနေခြင်းဖြစ်သည်။ ဤနည်းအားဖြင့် ကျောင်းသားများသည် ဆက်သွယ်ပြောဆိုခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် ဝေဖန်ပိုင်းခြားစဉ်းစားခြင်း အပါအဝင် အရေးကြီးသော ကျွမ်းကျင်မှုစွမ်းရည်အများအပြားကို အသုံးပြုရန်လေ့ကျင့်ရပါမည်။

## ဟောပြောပို့ချခြင်း(Lecture)

ဟောပြောပို့ချချက်များသည် အဓိကအားဖြင့် ဟောပြောပို့ချသူနှင့် ကျောင်းသားများ အုပ်စုအကြား တစ်လမ်းသွား ဆက်သွယ်မှုများဖြစ်သည်။ ဤဟောပြောပို့ချချက်များသည် အကြောင်းအရာသစ်များကို တိုက်ရိုက်သင်ကြားမှုအတွက် အသုံးဝင်သည်။ ဟောပြောပို့ချမှု ပြုလုပ်နေစဉ် အတောအတွင်း သင်သည် ကျောင်းသားများအား မေးခွန်းများမေးရန်၊ မေးခွန်းများကို ဖြေကြားရန် အခါအားလျော်စွာ ရပ်နားစေခြင်းဖြင့် လည်းကောင်း သို့မဟုတ် ကျောင်းသားအားအကြောင်းအရာအပေါ်တွင် စဉ်းစားသုံးသပ်စေခြင်းများ ပြုလုပ်စေခြင်းဖြင့် လည်းကောင်း ပါဝင်ပတ်သက်မှုရှိစေနိုင်သည်။

## အုပ်စုငယ်ဖြင့်စမ်းသပ်သင်ကြားခြင်း (Micro-teaching)

အုပ်စုငယ်ဖြင့်စမ်းသပ်သင်ကြားနေစဉ်အတွင်း ကျောင်းသားတစ်ဦး သို့မဟုတ် ကျောင်းသားအုပ်စုငယ်တစ်ခုသည် ၎င်းတို့အချင်းချင်း သင်ခန်းစာအားလုံး သို့မဟုတ် အစိတ်အပိုင်းကို သင်ကြားကြသည်။ ယင်းနောက်၎င်းတို့သည် လက်တွေ့ကျွမ်းကျင်မှုစွမ်းရည်များ တိုးတက်စေရန်နှင့် ၎င်းတို့၏သင်ယူတတ်မြောက်ထားသည်များကိုအသုံးချရန် သင်ခန်းစာအသေးစားအပေါ် အကြံပြုသုံးသပ်ချက်များ ရယူကြပြီး အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း အတွေ့အကြုံများအပေါ် ပြန်လည်ထင်ဟပ်သုံးသပ်ကြသည်။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားမှုသည် လက်တွေ့ပြုလုပ်ရန် သင်ခန်းစာလေ့လာမှုနှင့် နေရာချထားသော ကျောင်းများတွင် လက်တွေ့သင်ကြားရေးများအတွက်ပြင်ဆင်ရန် အရေးပါသော အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။ ဤသင်ကြားနည်းသည် ဆရာများအဓိက သင်ကြား လေ့ကျင့်ရမည်များကို လေ့ကျင့်ရန် အခွင့်အလမ်းပေးသည်။ ဥပမာ- အဖွင့်မေးခွန်းများမေးခြင်း သို့မဟုတ် ကျောင်းသားများအား အပြုသဘောဆောင်သော အကြံပြုသုံးသပ်ချက်များ ပံ့ပိုးခြင်းဖြစ်သည်။

## နမူနာလုပ်ပြခြင်း (Modelling)

နမူနာလုပ်ပြခြင်းဆိုသည်မှာ ကျောင်းသားများက အသိပညာအသစ် သို့မဟုတ် ချဉ်းကပ်နည်း အသစ်တစ်ခုကို လေ့လာကြည့်ရှု သင်ယူနိုင်ရန် ဆရာကနမူနာ သင်ပြခြင်းဖြစ်သည်။ ဆရာတစ်ဦး အနေဖြင့် သင်နစ်သက်သော သင်ယူမှုလုပ်ငန်း သို့မဟုတ် သင်ပြနည်းတစ်ခုကို နှုတ်က ပြောပြသည်ထက် လက်တွေ့သရုပ်ပြခြင်းဖြစ်သည်။

ယင်းနောက်နမူနာသင်ပြခြင်းအပေါ် ဆွေးနွေးခြင်းဖြစ်သည်။ ဆရာက သင်ယူမှုလုပ်ငန်း သို့မဟုတ် သင်ပြနည်းကို မည်သို့ တင်ပြခဲ့သည်၊ သင်ယူသူအနေဖြင့် ကျောင်းသားများအပေါ် မည်သည့် သက်ရောက်မှုရှိခဲ့သည် ဆိုသည့်အချက်အပေါ် ဆက်လက်ဆွေးနွေးစေနိုင်ပါသည်။ ဤနည်း လမ်းက သင်ကြားပို့ချမှုတွင် နမူနာလုပ်ပြခြင်းနည်း၏ အခန်းကဏ္ဍကို မီးမောင်းထိုးပြခြင်းဖြစ်သည်။ ပညာရေးကောလိပ် ကျောင်းသားများအား အနာဂတ်တွင် ၎င်းတို့သင်ကြားပို့ချမည့် အခြေခံပညာ ကျောင်းသားများအတွက် မည်သို့ဆက်စပ်အသုံးပြုနိုင်သည်ကို ထင်ဟပ်သုံးသပ်ရန် အားပေးသည်။

## ကြည့်ရှုလေ့လာခြင်း (Observation)

ကျောင်းသားများသည် အချင်းချင်း သို့မဟုတ် ကျွမ်းကျင်သူဆရာများထံမှ စာသင်ကြားပို့ချမှုကို ကြည့်ရှုလေ့လာနိုင်သည်။ ယင်းနောက်ကြည့်ရှုလေ့လာခဲ့မှုများကို အဓိပ္ပာယ်ရှိစေရန် ပုံစံချ ထားသည့် လေးနက်စွာ ပြန်လည်သုံးသပ်စဉ်းစားရသော ဆွေးနွေးပွဲများတွင် ဆွေးနွေးကြသည်။ သင်သည် ကျောင်းသားတစ်ဦး၏ သင်ခန်းစာတစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းတစ်ခု သင်ကြားခြင်းကို ကြည့်ရှုလေ့လာနိုင်သည်။ ယင်းနောက် ကျောင်းသားများ၏ စဉ်းစားတွေးခေါ် မှုနှင့် လေ့ကျင့်သင်ကြားမှုများကို လေ့လာစူးစမ်းရန်နှင့် ထိုသို့ စဉ်းစားခြင်းနှင့် လေ့ကျင့်ခြင်း ဖွံ့ဖြိုး တိုးတက်စေရန် ဆွေးနွေးပွဲများဆက်လက်ပြုလုပ်သည်။ ဤနည်းလမ်းသည် စာတွေ့နှင့် လက်တွေ့အကြား ဆက်စပ်မှုပြုပေးရန်နှင့် ကျောင်းသားများအား ၎င်းတို့၏ တိုးတက်မှုများအပေါ် တိကျသော အကဲဖြတ်မှုများ လုပ်ဆောင်ရာတွင် ကူညီပံ့ပိုးရန် အလွန်ကောင်းမွန်သော အခွင့် အလမ်းတစ်ရပ်ဖြစ်သည်။

## လက်တွေ့လုပ်ဆောင်ခြင်းများ (Practicals)

လက်တွေ့လုပ်ဆောင်ခြင်းများတွင် ဆရာအဖြစ် သင်လုပ်ဆောင်သော သရုပ်ပြ သင်ကြားမှုများ ဥပမာ- သိပ္ပံစမ်းသပ်မှုဆိုင်ရာ လက်တွေ့လုပ်ဆောင်မှုနှင့် ကျောင်းသားများ ဦးဆောင်ခြင်း သို့မဟုတ် ပါဝင်သော လက်တွေ့လုပ်ဆောင်သင်ကြားမှုများ ဥပမာ- သင်္ချာဆိုင်ရာ စူးစမ်းရှာဖွေမှုနှင့် ထိုလုပ်ငန်း ပြုလုပ်ရန် လိုအပ်သော လုပ်ငန်းပေးစာရွက်တို့ ပါဝင်သည်။ ဤနည်းလမ်းသည် ကျောင်းသားများအား သင်ယူမှုလုပ်ငန်းအမျိုးမျိုးသည် မူလတန်းကျောင်းသားများအား မည်သို့ သင်ယူ တတ်မြောက်စေကြောင်းကို နားလည်ရန် အထောက်အပံ့ပေးသည်။ လက်တွေ့လုပ်ဆောင်ခြင်းများက ကျောင်းသားများအား သဘောတရား (Theory) နှင့် ဆရာများအနေဖြင့် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်လာသော အလေ့အကျင့် (Practice) များကို ဆက်စပ်ပေးရာတွင် အထောက် အကူဖြစ်စေသည်။

## စာဖတ်အဖွဲ့များ (Reading groups)

စာဖတ်အုပ်စုတစ်ခုသည် ပြဋ္ဌာန်းစာတစ်အုပ်၊ အများအားဖြင့် ပညာရေးစာတမ်းတစ်ခုအား အဓိပ္ပာယ်ဖွင့်ဆိုပြီး ခွဲခြမ်းစိတ်ဖြာလေ့လာသော အုပ်စုငယ်တစ်ခုဖြစ်သည်။ ကျောင်းသားများ အနေဖြင့် စာဖတ်အုပ်စုသို့မလာမီ ယင်းစာတမ်း၏ အကြောင်းအရာများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် စာတမ်းကို ကြိုတင်၍ ထုတ်ပေးထားရပါမည်။ ကျောင်းသားတစ်ဦးအား စာတမ်းကို အုပ်စုသို့ တင်ပြစေပြီး ယင်းစာတမ်းအပေါ် ဝိုင်းဝန်းဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ကြသည်။ ဤနည်းလမ်းသည် ကျောင်းသားများအား ပညာရေးဆိုင်ရာ အရေးအသားနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေသကဲ့သို့ စာတမ်းတွင်ပါဝင်သော စိတ်ကူးအတွေးအခေါ်များနှင့်လည်း အကျွမ်းတဝင်ရှိစေရန် အထောက် အကူပြုပေးသည်။ ဆွေးနွေးမှုများသည် စာတမ်းများ၏ အကြောင်းအရာ၊ တင်ပြမှု သို့မဟုတ် ရေးသားသည့်နည်းစနစ်အပေါ် အလေးပေး ဆွေးနွေးခြင်း ဖြစ်သည်။

## သရုပ်ဆောင်သင်ကြား သင်ယူခြင်း (Role-playing)

သရုပ်ဆောင်ခြင်းသည် ကျောင်းသားများအား အခြားလူများနှင့် အပြန်အလှန်ပြောဆို ဆက်ဆံခြင်း၊ မတူကွဲပြားသော နည်းလမ်းများကို စမ်းသပ်ကြည့်ရန် ပုံစံတူပြုလုပ်ထားသော အခင်းအကျင်း

ဇာတ်ကွက်များတွင် ပါဝင်သရုပ်ဆောင်ရင်း အခြေအနေ အစစ်အမှန်များကို စူးစမ်းဖော်ထုတ်ခွင့် ပေးသော နည်းလမ်းတစ်ခုဖြစ်သည်။ ဤနည်းလမ်းက ကျောင်းသားများအား ဖြစ်လေ့ရှိသော စိန်ခေါ်မှု အခက်အခဲများအကြား အလုပ်လုပ်ရန် သို့မဟုတ် တိကျသော ရှုထောင့်အမြင်ဖြင့် သင်ကြားပို့ချမှုများကို လုံခြုံ၍ အထောက်အပံ့ပြုသော ပတ်ဝန်းကျင်တစ်ခုတွင် လုပ်ဆောင်ခွင့် ရရှိစေပေသည်။

## ကိုယ်တိုင်လေ့လာသင်ယူခြင်း (Self-study)

ကိုယ်တိုင်လေ့လာမှုတစ်ခုတွင် ကျောင်းသားများသည် ဆရာအား ကြီးကြပ်လမ်းညွှန်သူတစ်ဦး အနေဖြင့် သဘောထားလျက် ၎င်းတို့ကိုယ်တိုင် သင်ယူမှုများအတွက် တာဝန်ယူကြခြင်းဖြစ်သည်။ ဤနည်းလမ်းသည် စာသင်ခန်းအတွင်း မျက်နှာချင်းဆိုင်၍ ပညာရေးကောလိပ် အခြေပြု အနီးကပ်သင်ယူမှုကို ပံ့ပိုးပေးပြီး သင်ယူမှုအသစ်ကို ပုံစံသွင်းရန်နှင့် အားဖြည့်ပေးရန် အတွက် အရေးကြီးပါသည်။ ကိုယ်တိုင်လေ့လာမှုကို ဘာသာရပ်ခေါင်းစဉ်နယ်ပယ်နှင့် ဆက်စပ်သည်များကို ဖတ်ရှုခြင်းနှင့် လက်တွေ့လုပ်ဆောင်မှုအတွက် စီမံကိန်း ရေးဆွဲစီစဉ်ခြင်း (Action Plan) ကဲ့သို့သော ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်နိုင်ပါသည်။ ကိုယ်တိုင်လေ့လာမှုတွင် ပညာရေးအထူးပြု နယ်ပယ်ဆိုင်ရာကို စဉ်းစားရန် အချိန်လည်း ပါဝင်သည်။

## နှီးနှောဖလှယ်ပွဲများ (Seminars)

နှီးနှောဖလှယ်ပွဲများသည် အုပ်စုငယ်စုစည်းထားသော ပုံစံများဖြစ်သည်။ ယင်းပွဲများတွင် မေးခွန်းများကို ဆန်းစစ်ဖော်ထုတ်ဆွေးနွေးကြသည်။ အမြင်များအပေါ် အခြေအတင် ဆွေးနွေးကြပြီး ပိုင်းခြားစိတ်ဖြာလေ့လာကြသည်။ ကျောင်းသားများသည် နှီးနှောဖလှယ်ပွဲ မကျင်းပမီ ကြိုတင် ပြင်ဆင်သည့်အလုပ် သို့မဟုတ် ကြိုတင်စာဖတ်ခြင်းများကို အပြီးအစီး လုပ်ဆောင်ထားလေ့ရှိသည်။ ဆရာတစ်ဦးအနေဖြင့် ဦးဆောင်မည်ဆိုပါက နှီးနှောဖလှယ်ပွဲကို ဦးဆောင်နေချိန်တွင် ကျောင်းသားများအားလုံးက ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြရန် မျှော်လင့်ထားရပါမည်။ နှီးနှောဖလှယ်ပွဲများ ပြုလုပ်ခြင်းသည် ကျောင်းသားများ ရင်းနှီးကျွမ်းဝင်ပြီး သော အကြောင်းအရာများကို ပိုမိုလေးနက်စွာစဉ်းစားခြင်း ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ရန် အလွန်ကောင်းမွန်သော နည်းလမ်းဖြစ်သည်။

## တွေး-တွဲ-မျှဝေသင်ယူခြင်း (Think-Pair-Share)

တွေး-တွဲ-မျှဝေခြင်းသည် ရိုးရှင်းပြီး သင်ယူသူများ မေးခွန်းတစ်ခုကိုဖြေရန် သို့မဟုတ် ပြဿနာတစ်ခုကိုဖြေရှင်းရန် အတူတကွဆောင်ရွက်သော နည်းလမ်းဖြစ်သည်။ သင်၏အတန်းတွင် တွေး-တွဲ-မျှဝေခြင်းကို အသုံးပြုရန် အောက်ပါအဆင့်များကို ဆောင်ရွက်ပါ။

၁။ တွေးပါ။ ။သင်မည့်အကြောင်းအရာနှင့် ပတ်သက်သော တိကျသည့်မေးခွန်းတစ်ခုကို မေးခြင်းဖြင့် အစပြုပါ။ ကျောင်းသားများအား ထိုမေးခွန်းနှင့်ပတ်သက်ပြီး ၎င်းတို့သိထားပြီးသော သို့မဟုတ် သင်ယူခဲ့ပြီးသော အကြောင်းကို စဉ်းစားပါစေ။

၂။ ယှဉ်တွဲပါ။ ။အတန်းဖော်နှင့် နှစ်ဦးတစ်တွဲ သို့မဟုတ် အုပ်စုငယ်ဖွဲ့ပါစေ။

၃။ မျှဝေပါ။ ။မိမိ၏အဖော်နှင့် နှစ်ဦးတစ်တွဲ သို့မဟုတ် အုပ်စုငယ်အတွင်းမျှဝေပါစေ။ မေးခွန်းနှင့် ပတ်သက်၍ အခြားသူများ၏အတွေးများကို ဆွေးနွေးပါစေ။ ဆရာက ဆွေးနွေးပွဲကို တစ်တန်းလုံးပုံစံဖြင့် ချဲ့ထွင်သွားနိုင်ပါသည်။

## အနီးကပ်ဆွေးနွေးသင်ကြားခြင်း (Tutorials)

အနီးကပ်ဆွေးနွေးသင်ကြားခြင်းသည် ဆရာနှင့် ကျောင်းသား တစ်ဦးချင်း သို့မဟုတ် ဆရာနှင့် အုပ်စုငယ်လိုက် တွေ့ဆုံမှုဖြစ်သည်။ အနီးကပ်ဆွေးနွေးသင်ကြားခြင်းသည် တစ်ဦးတစ်ယောက်ချင်း အသေးစိတ်ဆွေးနွေးမှုနှင့် စိတ်ကူးအတွေးအခေါ် ဖော်ထုတ်ရှာဖွေမှုကို ပြုလုပ်နိုင်သည်။ ယင်းတို့သည် လူမှုရေးထိန်းကျောင်းမှု သို့မဟုတ် ပညာရပ်ဆိုင်ရာ ကိစ္စများကို အဓိကထား ဆွေးနွေးသည်။ အခြားဖြစ်နိုင်သော ဆွေးနွေးမှုများမှာ ပညာရပ်ဆိုင်ရာ အကြောင်းအရာနှင့် ပတ်သက်၍ အခက်အခဲတွေ့နေသူ ကျောင်းသားများအား ထောက်ပံ့ကူညီရန် (သို့) အတန်းတွင်း သင်ယူမှုတွင် ပျက်ကွက်ခဲ့သူများကို ထောက်ပံ့ကူညီရာတွင် အသုံးပြုနိုင်သည်။

## အင်တာနက်အွန်လိုင်းစာမျက်နှာများအသုံးပြုခြင်း (Virtual Learning Environment-VLE)

ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလျက်ရှိသော ဤကိရိယာသည် အပိုဆောင်းသင်ယူရန်နှင့် ကိုယ်တိုင်သင်ယူရန် သင်ကြားပို့ချရေး နည်းလမ်းတစ်ခုဖြစ်သည်။ ဤသင်ကြားနည်းတွင် လုပ်ငန်းများ၊ သင်ယူမှုစွမ်းရည်များ၊ ဝက်ဘ်ဆိုက်ဒ်နှင့်ချိတ်ဆက်မှုလင့်(ခ်)များကို မျှဝေပေးထားပြီး ဝီကီ၊

ဖိုရမ်နှင့် ဝက်ဘ်ဆိုက်ဒ်ကဲ့သို့သော ကိရိယာအမျိုးမျိုးကို အသုံးပြု၍ နားလည်သိရှိရန် စူးစမ်းဖော်ထုတ်ကြသည်။ အင်တာနက်အွန်လိုင်း စာမျက်နှာများ၊ အွန်လိုင်းစာကြည့်တိုက် အသုံးပြုခြင်းနည်းလမ်းဖြင့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ၊ ရင်းမြစ်များကို ရရှိနိုင်သည်။

## အလုပ်ရုံဆွေးနွေးပွဲများ (Workshops)

အလုပ်ရုံဆွေးနွေးပွဲများမှာ အုပ်စုလိုက် ဆွေးနွေးမှုများ ဖြစ်ကြသည်။ ယင်းဆွေးနွေးပွဲများတွင် ကျောင်းသားများသည် အကြောင်းအရာသစ်အပေါ် မိမိတို့၏နားလည်သဘောပေါက်မှုနှင့် လေ့ကျင့်မှုများ တိုးတက်ဖွံ့ဖြိုးစေရန် ပါဝင်ဆောင်ရွက်ကြသည်။ ဤနည်းလမ်းသည် ပူးပေါင်းလုပ်ဆောင်မှု၊ ဆွေးနွေးမှုနှင့်အတူ ဆရာ၏ သင်ကြားပို့ချမှုလည်း ပါဝင်သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ခေါင်းစဉ်တစ်ခုကို အသေးစိတ်ဆွေးနွေးမှုများနှင့် သင်ယူနေသည်များကို အသုံးချရန်၊ လေ့ကျင့်နိုင်ရန်အတွက် ကျောင်းသားများအား အခွင့်အရေးပေးသည်။

## စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ချဉ်းကပ်နည်းများအတွက် သင်ထောက်ကူသေတ္တာ

သင်ခန်းစာတစ်ခုကို မသင်ယူမီ၊ သင်ယူနေဆဲ၊ သင်ယူပြီးချိန်များတွင် ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးရန် မတူညီသော နည်းလမ်းများစွာရှိပါသည်။ ဤဆရာလမ်းညွှန်စာအုပ်တွင် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ချဉ်းကပ်မှု အမျိုးမျိုးကို ဖော်ပြထားသည်။ ကျောင်းသားများအား ၎င်းတို့၏သင်ယူမှုကို နှုတ်အားဖြင့် သို့မဟုတ် စာအားဖြင့် အကဲဖြတ်သုံးသပ်ချက်များ ပေးခြင်းသည် သင်ယူနေစဉ်စစ်ဆေးအကဲဖြတ်ခြင်း၏ အရေးကြီးသောအပိုင်းဖြစ်ကြောင်း သတိထားရန်ဖြစ်ပါသည်။ ဆရာ၏ အကဲဖြတ်သုံးသပ်ချက်ပေးခြင်းသည် ကျောင်းသားများ၏ သင်ယူမှုတိုးတက်လာခြင်းနှင့် အနာဂတ်လုပ်ငန်းအပေါ် ကူညီထောက်ပံ့နိုင်ခြင်းကို ပေးသည်။ သင်ယူနေစဉ်စစ်ဆေးအကဲဖြတ်ခြင်းအား ပရောဂျက်လုပ်ငန်း သို့မဟုတ် စာမေးပွဲကြီး၊ အစမ်းစာမေးပွဲများနှင့်စစ်ဆေးသော သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း မတိုင်မီ ကျောင်းသားများအား လေ့ကျင့်ရန် အခွင့်အလမ်းပေးခြင်းဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။

## ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော အသုံးများသည့် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများမှာ-

### သရုပ်ပြသင်ကြားခြင်း (Demonstration)

သရုပ်ပြသင်ကြားခြင်းဆိုသည်မှာ ကျောင်းသားများအား ၎င်းတို့သင်ယူနေသော ကျွမ်းကျင်မှုများကို ဆရာအားပြသစေခြင်းဖြစ်သည်။ ဥပမာ- ကျောင်းသားများအား ကနည်းတစ်ခုကို ကပြစေခြင်း၊ သိပ္ပံလက်တွေ့စမ်းသပ်ချက်၏ အဆင့်တစ်ဆင့် သို့မဟုတ် ကာယပညာမှ လှုပ်ရှားမှုတစ်ခုကို ပြုလုပ်စေခြင်းတို့ဖြစ်သည်။ သရုပ်ပြခြင်းကို ကြည့်ရှုလေ့လာပြီး ကျောင်းသား၏ တိုးတက်မှုကို ကြီးကြပ်ပေးခြင်းနှင့် ပိုမိုတိုးတက်လာစေရန် အကြံပေးခြင်းများ ပြုလုပ်ပေးနိုင်သည်။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း ချဉ်းကပ်မှုများအနေနှင့် ဆရာက ကျောင်းသား၏သရုပ်ပြမှုအပေါ် ပေးသော သုံးသပ်ချက်သည် ထိုကျောင်းသား၏ကျွမ်းကျင်မှု တိုးတက်စေရန် ကူညီထောက်ပံ့ပေးသည်။

### အိမ်စာအလုပ်ပေးခြင်း (Homework assignments)

ကျောင်းသားများအား အကြောင်းအရာကို ဖတ်ပြီးမေးခွန်းဖြေစေခြင်း သို့မဟုတ် ထပ်ဆောင်း ဖတ်စရာများ ဖတ်စေခြင်းစသည့် အိမ်စာလုပ်ငန်းပေး၍ စစ်ဆေးခြင်းသည် ကျောင်းသားများ သင်ယူမှုလမ်းကြောင်း မှန်ကန်ခြင်းရှိ၊ မရှိ ကို ကြီးကြပ်ပေးသော နည်းလမ်းကောင်း တစ်ခုဖြစ်သည်။ ပေးသောအိမ်စာအလုပ် အလိုက်အဖြေများကို တစ်တန်းလုံးနှင့် ဆွေးနွေးခြင်း၊ ပြီးမြောက်မှုကို စစ်ဆေးပေးခြင်း၊ သုံးသပ်ချက်များရေးပေးခြင်းများ ပြုလုပ်နိုင်သည်။

### နေ့စဉ်မှတ်တမ်း(ဂျာနယ်)ရေးသားခြင်း/ ပြန်လည်သုံးသပ်ရေးသားခြင်း (Journal log/ reflection papers)

ကျောင်းသားများက မိမိတို့၏ဆရာအတတ်ပညာဖွံ့ဖြိုးမှု တိုးတက်မှုအပေါ် ခံစားချက်နှင့် အတွေးများကို နေ့စဉ်မှတ်တမ်း(ဂျာနယ်) ရေးခြင်းဖြစ်သည်။ ကျောင်းသားများသည် ဆရာတစ်ဦး ဖြစ်လာရန်အတွက် မိမိတို့၏ တိုးတက်မှုများကို ထင်ဟပ်သုံးသပ်ခြင်းအားဖြင့် မိမိတို့၏သင်ယူမှုကို လေးနက်စွာစဉ်းစားစေရန် နေ့စဉ်မှတ်တမ်း (ဂျာနယ်) နှင့် ပြန်လည်ထင်ဟပ်စဉ်းစားခြင်း စာတမ်းများက ကူညီပေးသည်။ မိမိတို့၏ သင်ယူမှုကို သိရှိခြင်းဖြင့် ထင်ဟပ်သုံးသပ်ခြင်းသည် သင်ယူနေသော ဘာသာရပ်နှင့် အခြားဘာသာရပ်များကို ဆက်စပ်နိုင်ရန်၊ ကြုံတွေ့လာသော

ပြဿနာများကို ဖြေရှင်းနိုင်ရန်နှင့် အတွေ့အကြုံမှ သင်ယူတတ်ရန် ကူညီပေးသည်။ ကျောင်းသားများက နေ့စဉ်မှတ်တမ်း (ဂျာနယ်) နှင့် ပြန်လည်ထင်ဟပ်စဉ်းစားခြင်းစာတမ်းများကို ပြင်ဆင်ရာတွင် ဆရာများက အလေးထားဆင်ခြင် သုံးသပ်သင့်သော နယ်ပယ်များကို အကြံပေးနိုင်ပါသည်။

## ကြည့်ရှုလေ့လာခြင်း (Observation)

ပုံစံတကျမဟုတ်သော ကြည့်ရှုလေ့လာခြင်းတွင်- အတန်းတွင်းလှည့်လည်ခြင်း၊ အုပ်စုများဆွေးနွေးနေစဉ် နားထောင်ခြင်းနှင့် မျက်လုံးချင်းဆုံအောင်ကြည့်ခြင်းတို့သည် ကျောင်းသားများ အကြောင်းအရာအား နားလည်မှုရှိပါသလားဆိုသည်ကို ယေဘုယျအားဖြင့် သိနိုင်သော နည်းလမ်းကောင်းများဖြစ်ကြသည်။ ပိုမိုပုံစံကျသော ကြည့်ရှုလေ့လာခြင်းတွင် ကျောင်းသား၏အဖြေများ သို့မဟုတ် တင်ပြခြင်းကို စစ်ဆေးရန် အချက်များပါသော စာရင်း/ ပုံစံ (Checklist) သို့မဟုတ် အမှတ်ပေးရန် စံသတ်မှတ်ချက်များပါသော စာရင်း/ ပုံစံ (Criteria) ကိုအသုံးပြုပြီး ကြည့်ရှုလေ့လာစစ်ဆေးသည်။ ထို့နောက် ကြည့်ရှုလေ့လာခဲ့သော တွေ့ရှိချက်များအပေါ် အခြေခံပြီး တုံ့ပြန်သုံးသပ်ချက်များကို ပေးသည်။

## အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း(Peer Assessment)

ကျောင်းသားများအား မိမိတို့အချင်းချင်း၏ အလုပ်ကို အကဲဖြတ်သုံးသပ်စေခြင်း သို့မဟုတ် အကဲဖြတ်ထင်မြင်ချက်ပေးစေခြင်းအား အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း ဟုခေါ်သည်။ အချင်းချင်းစစ်ဆေးအကဲဖြတ်သည့် နည်းလမ်းများတွင် ကျောင်းသားများက စံသတ်မှတ်ချက်များအပေါ် အခြေခံပြီး အချင်းချင်း တုံ့ပြန်သုံးသပ်ချက်များပေးနိုင်ရန် စစ်ဆေးရန်အချက်များပါသော စာရင်း (Checklist) သို့မဟုတ် အမှတ်ပေးစံများပါသော ဇယား(Rubric) လိုအပ်ပါသည်။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားချိန်အတွင်း ကျောင်းသားများ အချင်းချင်းအပြန်အလှန် ကြည့်ရှုလေ့လာပြီး ကြည့်ရှုလေ့လာသည့်ပုံစံကို ဖြည့်ခြင်းသည်လည်း အချင်းချင်းစစ်ဆေး အကဲဖြတ်ခြင်း ပုံစံတစ်ခုဖြစ်သည်။

## တင်ပြခြင်း (Presentation)

တင်ပြခြင်းသည် သရုပ်ပြသင်ကြားခြင်းနှင့် ဆင်တူဖြစ်သည်။ သို့သော် ကျောင်းသားများဘက်မှ ကြိုတင်ပြင်ဆင်မှုများ ပို၍ပြုလုပ်ရသည်။ အုပ်စု သို့မဟုတ် တစ်ဦးချင်းစီအား ၎င်းတို့၏လုပ်ငန်းကို သင်ခန်းစာပြီးဆုံးချိန်တွင် တင်ပြစေခြင်းသည် နားလည်မှုကိုစစ်ဆေးရန်၊ အသိမှားများကို ပြင်ပေးရန်နှင့် တုံ့ပြန်သုံးသပ်ချက်ပေးရန် အကောင်းဆုံးအခွင့်အလမ်းဖြစ်သည်။

## စီမံချက်များ (Projects)

စီမံချက်များသည် ကျောင်းသားများ တစ်ဦးချင်း သို့မဟုတ် အုပ်စုလိုက်ပူးပေါင်း၍ ပြီးဆုံးအောင် ဆောင်ရွက်ရသော လုပ်ငန်းများ ဖြစ်သည်။ ဤလုပ်ငန်းများသည် ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အသိပညာနားလည်မှုနှင့် လုပ်ငန်းပြုလုပ်ရင်း တတ်မြောက်သွားသော ဒီဇိုင်းဆွဲခြင်း၊ လိုအပ်သော အစီအစဉ်များပြုလုပ်ခြင်းနှင့် စီမံချက်လုပ်ငန်းများ ပြုစုခြင်းမှတစ်ဆင့် တတ်ကျွမ်းမှုများကို ပြသခွင့်ရရှိစေသည်။ ကျောင်းသားများသည် ခေါင်းစဉ်တစ်ခု သို့မဟုတ် နေ့စဉ်ဘဝပြဿနာတစ်ခုကို စူးစမ်းရှာဖွေလေ့လာရန် စီမံချက်/ ပရောဂျက်တစ်ခု ပြီးဆုံးသည်အထိ အချိန်အတန်ကြာအောင် ဆောင်ရွက်ကြရသည်။ ဆရာသည် အမှတ်ပေးစံများပါသောဇယား (Rubric) အပါအဝင် စီမံချက်လုပ်ငန်းများ ပြီးစီးစေရန် ကျောင်းသားများအား ညွှန်ကြားချက်များ ထောက်ပံ့ပေးကြရန် မေတ္တာရပ်ခံပါသည်။

## အမေးအဖြေများ (Question and answer)

ကျောင်းသားများသည် သင်ယူနေသောအကြောင်းအရာကို နားလည်သဘောပေါက်မှု ရှိသည်၊ မရှိသည်ကို သိရှိရန် အပိတ်မေးခွန်းနှင့် အဖွင့်မေးခွန်းများ မေးခြင်းသည် ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးရန် ကောင်းမွန်သော နည်းလမ်းတစ်ခုဖြစ်သည်။ အမေးအဖြေများ ပြုလုပ်နေစဉ် မတူညီသော ကျောင်းသားအမျိုးမျိုးအား အဖြေပေးရန် ဖိတ်ခေါ်ပါ။ မှန်ကန်သော အဖြေတစ်ခုသာရှိသည့် အပိတ်မေးခွန်းကိုမေး၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးနိုင် သကဲ့သို့ တစ်ခုထက်ပိုသော အဖြေများပေးနိုင်သည့်မေးခွန်းများကို မေးခြင်းဖြင့် ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှုကို ပိုမိုဖြစ်ထွန်းစေပြီး လေးနက်စွာဆွေးနွေးမှုကို လေ့ကျင့်ပေးနိုင်သည်။

## ဉာဏ်စမ်းမေးခွန်း (Quiz)

ကျောင်းသားများ၏ အသိပညာဗဟုသုတကို စမ်းသပ်စစ်ဆေးရန် ဉာဏ်စမ်းမေးခွန်းတိုများ မေးနိုင်ပါသည်။ ဉာဏ်စမ်းမေးခွန်းများကို အတန်းအတွင်းတွင် တစ်တန်းလုံးလုပ်ငန်းအနေဖြင့် သော်လည်းကောင်း၊ အတန်းချိန်ပြင်ပတွင် ဖြေဆိုစေခြင်းဖြင့် သော်လည်းကောင်း စစ်ဆေးနိုင်ပါသည်။ ဉာဏ်စမ်းမေးခွန်းများကို သင်ယူပြီးစစ်ဆေးအကဲဖြတ်ခြင်း သို့မဟုတ် စာမေးပွဲကြီးအတွက် လေ့ကျင့်ပေးသော နည်းလမ်း တစ်ခုအဖြစ်လည်းသုံးနိုင်သည်။

## မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ခြင်း (Self-assessment)

ဤအကဲဖြတ်ခြင်းသည် ကျောင်းသားများက ၎င်းတို့၏အားသာချက်၊ အားနည်းချက်များကို ကိုယ်တိုင် စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။ ယင်းဖြစ်စဉ်သည် ကျောင်းသားများအတွက် လိုအပ်နေသေးသော အသိပညာ၊ ကျွမ်းကျင်မှုများကို နားလည် သဘောပေါက်စေပြီး ၎င်းတို့ကို ဖြည့်ဆည်းပေးရန်အတွက် အစီအစဉ်များချမှတ်ရန် ကူညီပေးသည်။ မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား မိမိ၏သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မိမိကိုယ်တိုင် တာဝန်ယူတတ်စေရန် အားပေးသော နည်းလမ်းဖြစ်သည်။ အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း ကဲ့သို့ပင် ကျောင်းသားများအား ၎င်းတို့လုပ်ဆောင်ရမည့်လုပ်ငန်း သို့မဟုတ် တတ်မြောက်ထားရမည့် ကျွမ်းကျင်မှုများအား မည်သို့အသုံးချရမည်နှင့် စစ်ဆေးအကဲဖြတ်စံသတ်မှတ်ချက်များကို နားလည်ရန်နှင့် အသုံးပြုတတ်စေရန် ဆရာက ကူညီပြသ ပံ့ပိုးပေးရန် လိုအပ်ပါလိမ့်မည်။

## ရေးဖြေစာမေးပွဲများ (Written examinations)

ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အခြေခံအသိပညာနှင့် သင်ယူရမည်များ (ဘာသာရပ်) ကို သင်ယူနေစဉ်အတွင်း သက်ဆိုင်ရာ သင်ကြားနည်းအတတ်ပညာများကို ပြန်လည် ထင်ဟပ် သုံးသပ်မှုတို့ကို စစ်ဆေးရန် ရေးဖြေစာမေးပွဲများကို ပုံမှန်အားဖြင့် စာသင်နှစ်ဝက် အဆုံးတိုင်းတွင် ကျင်းပပါသည်။

## သင်ခန်းစာတစ်ခုကို သင်ယူတတ်စေရန် ကူညီပံ့ပိုးပေးရာ၌ ကျင့်သုံးသင့်သော ယေဘုယျ နည်းလမ်းများ

ဤဆရာလမ်းညွှန်တွင် အကြံပြုထားသော သင်ယူမှုနည်းလမ်းအချို့သည် သင့်အတွက် အသစ်အဆန်းဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ ကျောင်းသားများအား ရရှိသွားစေလိုသော သင်ယူမှုရလဒ်များကို ရရှိနိုင်စေရန် အဆိုပါ သင်ယူမှုနည်းလမ်းများကို သင်ခန်းစာများတွင် မည်သို့ အသုံးပြုရမည် ဆိုသည်နှင့်ပတ်သက်၍ ဆရာသည် သေချာစွာ ဂရုတစိုက် စီစဉ်ရန် အချိန်ယူသင့်ပါကြောင်း အကြံပြုလိုပါသည်။

**အောက်ဖော်ပြပါ အချက်များသည် ကျောင်းသားများ သင်ယူရေးတွင် အထောက်အကူဖြစ်စေရန် အကူအညီပေးနိုင်ရေးအတွက် ဖြည့်စွက်အကြံပြုချက် အချို့ဖြစ်ပါသည်။**

သင်ကြားပို့ချမှု မပြုလုပ်မီ သင်သည် အောက်ပါအချက်များကိုလုပ်ဆောင်နိုင်ပါသည်။

- သင်ကြားပို့ချရန် သင်ခန်းစာပါ အကြောင်းအရာပမာဏ အနည်းငယ်ကိုရွေးချယ်ပါ။ မှတ်သားထားရမည့်အချက်မှာ ယေဘုယျအားဖြင့် မိနစ် ၅၀ စာသင်ချိန်၏ သုံးပုံတစ်ပုံကိုသာ သင်ခန်းစာပါ အကြောင်းအရာ သင်ကြားပို့ချရန် အသုံးပြုသင့်သည်ကို သတိရပါ။ သို့မှသာလျှင် ကျောင်းသားများ သင်ကြားသည့် အကြောင်းအရာများ၊ ကျွမ်းကျင်မှုစွမ်းရည်များကို လေ့ကျင့်နိုင်ရန် လုံလောက်သောအချိန်ကို ရရှိမည်ဖြစ်ပြီး သင်ခန်းစာများကို ပို၍နက်နဲစွာ နားလည်သဘောပေါက်နိုင်မည်ဖြစ်သည်။
- သင်ခန်းစာအကြောင်းအရာမှ ကျောင်းသားများ သင်ယူရန် အရေးပါဆုံးဟု ထင်မြင်ယူဆသော အဓိကအချက်များကို မှတ်စုရေးထားပါ။ အတန်းတွင်း သင်ကြားပို့ချမှုများ ပြုလုပ်သည့်အခါ ယင်းအဓိကအချက်များကို မပျက်မကွက် ဆွေးနွေးမိစေရန် အဆိုပါ မှတ်စုကို ကိုးကားပါ။

- အကြောင်းအရာကို မည်သို့သင်ကြား ပို့ချပေးမည်ဆိုသည်နှင့် သင်ယူမှုလုပ်ငန်းများကို မည်သို့ဆောင်ရွက်မည်ဆိုသည့် အချက်နှင့်ပတ်သက်၍ ရှင်းလင်းသေချာအောင် လုပ်ဆောင်ပါ။ လိုအပ်ပါက ဤလမ်းညွှန်စာအုပ်ပါ အကြံပြုချက်များကို ကိုးကားပါ။ အခြားဆရာများနှင့်လည်း တိုင်ပင်ဆွေးနွေးပါ။ သင်၏ စာသင်ခန်းအခြေအနေနှင့် ကိုက်ညီသော သင်ယူမှုလုပ်ငန်းများကို ကောင်းစွာလုပ်ဆောင်နိုင်ရန် အကြံပြုထားသော သင်ယူမှုအဆင့်များကို လွတ်လပ်စွာ ပြောင်းလဲမှုပြုလုပ်နိုင်သည်။

- သင်ယူမှုလုပ်ငန်းတစ်ခုစီအတွက် တစ်ဆင့်ပြီးတစ်ဆင့် မည်သို့လုပ်ဆောင်ရမည်ကို ကျောင်းသားများ နားလည်နိုင်စေရန် ညွှန်ကြားချက်များကို ရှင်းလင်းစွာ ရေးသားပြင်ဆင်ထားပါ။ ဤညွှန်ကြားချက်များကို ပါဝါပွိုင့်ပြင်ဆင်၍ဖြစ်စေ၊ လက်ကမ်းစာစောင်ဖြင့်ဖြစ်စေ၊ သင်ပုန်းပေါ်တွင် စာဖြင့်ရေးသား၍လည်း ပြသနိုင်ပါသည်။ ညွှန်ကြားချက်များကို ကျောင်းသားများအားလုံး ဖတ်ရှုနိုင်လောက်သည့် စာလုံးကြီးကြီးဖြင့် ရေးပါ။

- ညွှန်ကြားချက်များကို ဖြည်းဖြည်းနှင့်မှန်မှန် တစ်ဆင့်ပြီးတစ်ဆင့် နှုတ်ဖြင့်ရှင်းပြနိုင်ရန် ကြိုတင်လေ့ကျင့်ထားနိုင်ပါသည်။ ဤသို့လေ့ကျင့်ထားခြင်းသည် လုပ်ငန်းမစတင်မီ ကျောင်းသားများအား ညွှန်ကြားချက်များကို ရှင်းပြရန်အတွက် အဆင်သင့် ဖြစ်စေပါလိမ့်မည်။ ကျောင်းသားများသည်လည်း သူတို့မည်သည့်အရာအား ပြုလုပ်ရမည်ဆိုသည်ကို နားလည် သဘောပေါက်ကြမည်ဖြစ်သည်။ ဤသို့ ကြိုတင်လေ့ကျင့်ခြင်းကို မိတ်ဆွေတစ်ဦး (သို့မဟုတ်) လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့် ပြုလုပ်နိုင်ပါသည်။ ထို့ပြင် မည်သည့်အကြောင်းအရာများကို ပိုမိုရှင်းလင်းစွာ ရှင်းပြရန် လိုအပ်သည်များရှိပါက အကြံပြုပြောဆိုရန် ၎င်းတို့အားတောင်းဆိုပါ။

- အချိန်ရပါက သင်ယူမှုလုပ်ငန်းလုပ်ဆောင်နေစဉ်အတွင်း ကျောင်းသားများအား လုပ်ဆောင်စေလိုသော လုပ်ငန်းလုပ်ဆောင်ပုံကို နမူနာသရုပ်ပြရန် ပြင်ဆင်ပါ။ ဤနမူနာလုပ်ဆောင်ပြမှုတွင် အခြား ဆရာတစ်ဦး သို့မဟုတ် နှစ်ဦးအား ကျောင်းသားများ အဖြစ်ပါဝင်စေပြီး အချိန်တို သရုပ်ဆောင်သင်ကြားသင်ယူမှု (short role-play) ကို လုပ်ဆောင်နိုင်ပါသည်။ ဤသို့လုပ်ဆောင်မှုသည် ကျောင်းသားများအား သူတို့ မည်သည့်အရာကို လုပ်ဆောင်သင့်ကြောင်း တိကျစွာ တွေ့မြင်နိုင်စေမည်ဖြစ်သည်။

- အကယ်၍ သင်ယူမှုလုပ်ငန်းပြီးဆုံးချိန်တွင် ကျောင်းသားများအား တစ်စုံတစ်ခုပြုလုပ်ဖန်တီးစေရန် မျှော်မှန်းထားသည်ဆိုပါက သင့်အနေဖြင့် နမူနာတစ်ခု (သို့) လုပ်ငန်းအပြီးရရှိမည့်ရလဒ်တစ်ခုကို ပြင်ဆင်ထားရပါမည်။ ဤသည်မှာ ကျောင်းသားများ လုပ်ငန်းပြုလုပ်နေစဉ်အတွင်း ၎င်းတို့အနေဖြင့် မည်သည့်အရာကို ဖန်တီးရမည်ကို ရည်ရွယ်ထားသင့်ကြောင်းကို ပြသနိုင်ရန်၊ သိရှိစေရန်အတွက်ဖြစ်ပါသည်။

စာသင်ခန်းအတွင်း သင်ခန်းစာ မစမီ(သို့မဟုတ်) သင်ယူမှုလုပ်ငန်း တစ်ခုခု မပြုလုပ်မီ အောက်ပါအချက်များကို အသုံးပြုနိုင်မည်ဆိုပါက များစွာအထောက်အကူ ဖြစ်စေနိုင်ပါသည်။

- လုပ်ဆောင်ရန် ညွှန်ကြားထားသော အလုပ်များကို ကျောင်းသားများ လုပ်ဆောင်နိုင်ရန် လိုအပ်သည်များနှင့် သင်ယူမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ပေးဝေပါ။ အွန်လိုင်းစာကြည့်တိုက်အား ကောင်းစွာအသုံးချရန်နှင့် လိုအပ်သော သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို အွန်လိုင်းစာကြည့်တိုက် (သို့) အွန်လိုင်းမှ ရယူရန် ကျောင်းသားများအား တိုက်တွန်းပါ။

- သင်ခန်းစာအကြောင်းအရာများကို သင်ကြားပို့ချရာတွင် သင်လုပ်ဆောင်စေလိုသော သင်ယူမှုလုပ်ငန်းနှင့် ပတ်သက်သည့် ညွှန်ကြားချက်များကို ကျောင်းသားများအား နားလည်စေရန် ရှင်းလင်းသော ညွှန်ကြားချက်များကို နှုတ်အားဖြင့်ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ ပေးပါ။

- ကျောင်းသားများ လုပ်ဆောင်သင့်သည်များကို အချိန်တိုသရုပ်ဆောင် သင်ကြား သင်ယူခြင်းနည်း (short role-play)ကို အသုံးပြုပြီး နမူနာလုပ်ပြပါ။

- အတန်းမစမီ သင်ပြင်ဆင်ထားသော သင်ယူမှုရလဒ် နမူနာပုံစံကို ကျောင်းသားများအား ပြသပါ။

- သင်ယူမှုလုပ်ငန်းအား မည်သို့ ပြုလုပ်ရမည်ဆိုသော ညွှန်ကြားချက်များအား နားလည်ကြောင်း သေချာစေရန် ကျောင်းသားတစ်ဦး (သို့မဟုတ်) နှစ်ဦး၊ သုံးဦးအား ၎င်းတို့နားလည်သလို ကိုယ်ပိုင်စကားအသုံးအနှုန်းဖြင့် အတန်းသို့ ပြန်လည်ရှင်းပြစေပါ။

- ကျောင်းသားများအား လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ရန် အချိန်မည်မျှရမည်ဖြစ်ကြောင်း ပြောပြထားပါ။

စာသင်ချိန်အတွင်း အောက်ပါအချက်များကို ဆောင်ရွက်ခြင်းဖြင့် သင်ကြားသင်ယူမှုကို အထောက်အကူ ဖြစ်စေနိုင်ပါသည်။

- သင်ပို့ချသင်ကြားပေးသော သင်ခန်းစာ အကြောင်းအရာများ သို့မဟုတ် ကျောင်းသားများ လုပ်ဆောင်နေသော သင်ယူမှုလုပ်ငန်းအား ၎င်းတို့ နားလည်သဘောပေါက်မှု ရှိသည်၊ မရှိသည်ဟု ယူဆရသော လက္ခဏာသွင်ပြင်များကို အကဲခတ်ကြည့်ပါ။ အကယ်၍ အချို့အချက်များသည် ကျောင်းသားများအတွက် နားလည်ရန်ခက်ခဲနိုင်သည်ဟု သံသယဖြစ်ပါက ၎င်းခက်ခဲသော သတင်းအချက်အလက်များကို အခြားမတူကွဲပြားသော နည်းလမ်းဖြင့်ရှင်းပြပေးခြင်း (သို့မဟုတ်) ထိုသတင်းအချက်အလက်များကို တစ်ပိုင်းစီ ခွဲထုတ်ပြီး အပိုင်းလိုက်ရှင်းပြခြင်းကို ပြုလုပ်နိုင်သည်။

- စာသင်ခန်း၏နေရာအနှံ့ လှည့်လည်သွားလာပြီး အောက်ပါတို့ကိုလုပ်ဆောင်နိုင်ပါသည်။
  - ကျောင်းသားများအားလုံး ပါဝင်လုပ်ဆောင်နေကြောင်း သေချာပါစေ။
  - ကျောင်းသားများတွင် မေးစရာမေးခွန်းများရှိလျှင် ဖြေဆိုပေးပါ။
  - ကျောင်းသားများတွင် သင်ယူမှုလုပ်ငန်းစဉ်များ လုပ်ဆောင်ရန် လိုအပ်သည်များ အားလုံး ရှိနေကြောင်း သေချာပါစေ။
  - ကျောင်းသားများသည် သင်ယူမှုလုပ်ငန်းများအား ညွှန်ကြားထားသည့်အတိုင်း လုပ်ဆောင်နေခြင်း ရှိ၊ မရှိ လေ့လာကြည့်ခြင်းအားဖြင့် ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်ပါ။

- ကျောင်းသားများအား မေးခွန်းများမေးရန် တိုက်တွန်းအားပေးပါ။

- အကယ်၍ နားလည်မှုလွဲနေကြောင်း စုံစမ်းသိရှိရလျှင် ထိုကျောင်းသားအား တိုက်ရိုက်ပြောဆို ရှင်းလင်းပါ။ ကျောင်းသားအားလုံး အကျိုးရှိမည့် အချက်ဖြစ်ပါက ကျောင်းသားအားလုံးကို အာရုံစိုက်ရန်ပြောပြီး ကျောင်းသားတိုင်းသိအောင် ရှင်းပြပေးပါ။

- သင်ခန်းစာများရှေ့မဆက်မီ "ရပ်တန့်ပါ၊ စဉ်းစားပါ" ညွှန်ကြားချက်ဇယားကွက်တွင် ပါရှိသည့် အလေးပေးသိစေလိုသော အချက်များကို ကျောင်းသားများ ကောင်းစွာ သင်ယူနေကြောင်းကို သေချာစေရန်အတွက် ဖြစ်သည်။

အတန်းပြီးဆုံးချိန်တွင် အောက်ပါအချက်များလုပ်ဆောင်ခြင်းဖြင့် အထောက်အကူ ဖြစ်စေနိုင်ပါသည်။

- သင်ခန်းစာသင်ယူမှုပြီးဆုံးချိန်တွင် ကျောင်းသားများအနေဖြင့် မည်မျှနားလည်သွားသည်ကို ဆန်းစစ်အကဲခတ်ပါ။ ဤသို့ပြုလုပ်ခြင်းသည် သင်ခန်းစာကို အကျဉ်းချုပ်ရန် အခွင့်အလမ်းကို ရစေပြီး၊ ကျောင်းသားများ၏ သင်ယူမှုရလဒ်ပေါက်မြောက်မှုကိုလည်း အချုပ်အားဖြင့် စစ်ဆေးအကဲဖြတ်နိုင်သည်။ ဤသင်ခန်းစာသင်ကြားသင်ယူမှုက ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) နှင့် ကိုက်ညီအောင် မည်သို့ထောက်ပံ့ပေးကြောင်းကိုလည်း နားလည်သဘောပေါက်စေပါသည်။

- သင်ကြားပို့ချပေးထားသော အကြောင်းအရာများထဲမှ ကျောင်းသားများအား ၎င်းတို့ စိတ်ဝင်စားသည်ဟု ယူဆမှတ်ယူသော သို့မဟုတ် ၎င်းတို့ကို အံ့အားသင့်စေသော အချက်တစ်ခုကို ပြန်လည်ဝေမျှရှင်းလင်းစေခြင်းဖြင့် ၎င်းတို့၏နားလည်သဘောပေါက်မှုကိုအကဲဖြတ်နိုင်သည်။

- လတ်တလော သင်ပို့ချ သင်ကြားပေးထားသော သင်ခန်းစာအကြောင်းအရာအပေါ် မေးခွန်းများမေးရန်နှင့် ဝေဖန်သုံးသပ်မှုများပြုလုပ်ရန် ကျောင်းသားများကို တိုက်တွန်းအားပေးနိုင်သည်။

- ကျောင်းသားတစ်ဦး သို့မဟုတ် နှစ်ဦးတို့အား သင်ယူမှုလုပ်ငန်း ပြုလုပ်ချိန်အတွင်း ၎င်းတို့ လုပ်ဆောင်ခဲ့သည်များကို ပြန်လည်ဝေမျှ ရှင်းလင်းပေးရန် ညွှန်ကြားပါ။ အကယ်၍ သင်ယူမှုလုပ်ငန်းသည် သင်ကြားသင်ယူမှုပြီးနောက် ရရှိလာမည့် ရလဒ်အတွက် ပြင်ဆင်လုပ်ဆောင်ခြင်း မဟုတ်ပါက ကျောင်းသားတစ်ဦး သို့မဟုတ် နှစ်ဦးတို့အား ဤလုပ်ငန်းမှ ၎င်းတို့သင်ယူရရှိခဲ့သော အရာများကို ဖော်ပြပေးရန် ညွှန်ကြားပါ။

- ကျောင်းသား တစ်ဦးစီမှ ၎င်းတို့၏ သင်ယူမှုလုပ်ငန်း သို့မဟုတ် အတွေးစိတ်ကူးများကို ဝေမျှတင်ပြပြီးပါက ၎င်းတို့ဝေမျှပေးလိုက်သော အကြောင်းအရာမှ အတန်းသို့ အလေးပေးဖော်ပြလိုသည့် ရှုထောင့်တစ်ခု သို့မဟုတ် နှစ်ခုကို ရွေးချယ်ပါ။ သင်ရွေးချယ်သောအချက်များသည် သင်ယူမှုလုပ်ငန်းနှင့် ပတ်သက်ပြီး ကျောင်းသားများအားလုံး သင်ယူမှတ်သားစေလိုသည့် အဓိကအချက်များ ဖြစ်သင့်သည်။

စာသင်ခန်းအတွင်းတွင် ကျောင်းသားများ လွတ်လပ်စွာ မေးခွန်းများမေးနိုင်သော၊ ၎င်းတို့၏အတွေးအမြင်များကို မျှဝေပေးနိုင်သော၊ လုံခြုံစိတ်ချမှုရှိသော သင်ယူမှုဝန်းကျင်တစ်ခုကို ဖန်တီးတည်ဆောက်ရန်ဟူသော အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုကို ဆရာတစ်ဦး အနေဖြင့် လုပ်ဆောင်ရန် တာဝန်ရှိပါသည်။ သင်၏ အကြံပြုချက်နှင့် ဝေဖန်သုံးသပ်ချက်များသည် ကျောင်းသားများအား မြန်မာနိုင်ငံ၏ ကလေးသူငယ်များနှင့် လူငယ်များ၏ သင်ယူမှုနှင့် ဘက်စုံဖွံ့ဖြိုးမှုကို ထောက်ပံ့မှုပေးနိုင်သည့်ဆရာများ ဖြစ်လာစေရန် ကူညီထောက်ပံ့ပေးနိုင်မည် ဖြစ်ပါသည်။

## ဇယား (ခ) ။ ပထမနှစ် - ဒုတိယနှစ်ဝက် ၊ စာရိတ္တ နှင့် ပြည်သူ့နီတိ - မာတိကာ အကြောင်းအရာ။

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| ၃။ ရပိုင်ခွင့်နှင့် တာဝန် ဝတ္တရားများ | ၃.၁။ ဆရာနှင့် ကျောင်းသားတို့ ၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ။ | ၃.၁.၁။ ကျောင်းအတွင်း ရပိုင်ခွင့်နှင့် တာ ဝန်ဝတ္တရားများ။ | • ဆရာနှင့် ကျောင်းသားတို့ ၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ပြန်လည် သုံးသပ်တတ်မည်။ | က (၄.၁)<br>ဂ (၁.၁) | ၁ |
| | ၃.၂။ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေး အတွက် နိုင်ငံသားကောင်း တစ်ဦး၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ။ | ၃.၂.၁။ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေး အတွက် တက်ကြွသော နိုင်ငံသား ဖြစ်မှု။ | • ရပိုင်ခွင့်နှင့် တာဝန် ဝတ္တရားများ၏ အဓိပ္ပာယ်ကို ပြန်လည်သုံးသပ်ပြီး နိုင်ငံသားကောင်း တစ်ဦး၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများအား ကာကွယ်ခြင်း ဆိုသည်မှာ မည်သို့ အဓိပ္ပာယ် သက်ရောက်သည်ကို သုံးသပ်တတ်မည်။ | က (၄.၁) | ၁ |
| | ၃.၃။ ရပိုင်ခွင့်၊ တာဝန်ဝတ္တရားများ နှင့် ပတ်သက်သော မူလတန်း သင်ခန်းစာ ကို လေ့လာခြင်း။ | ၃.၃.၁။ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရား တို့၏ အဓိက ဆိုလိုချက်နှင့် ဆိုင်သော မူလတန်း သင်ခန်းစာ။ | • မူလတန်းသင်ရိုးမှ ရပိုင်ခွင့်နှင့် တာဝန် ဝတ္တရားတို့၏ ရည်ရွယ်ချက်ကို ဆွေးနွေးတတ်မည်။<br>• မူလတန်း ကျောင်းသုံး စာအုပ်များကို ပြန်လည်သုံးသပ်ပြီး မူလတန်းသင်ရိုးညွှန်းတမ်း ရှိ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ၏ ခေါင်းစဉ်များကို နားလည်သဘော ပေါက်လာမည်။ | က (၁.၂)<br>က (၄.၁)<br>ခ (၁.၂) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ အတတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| ၄။ စည်းကမ်း | ၄.၁။ နိုင်ငံသားကောင်း တစ်ဦးအနေဖြင့် ကိုယ့်စည်းကမ်းနှင့် ကိုယ်ပြုမှုနေထိုင် ခြင်း။ | ၄.၁.၁။ ကိုယ့်စည်းကမ်း နှင့် ကိုယ်ပြုမှုနေ ထိုင်ခြင်းနှင့် စည်းကမ်းတို့ကို နားလည်ခြင်း။ | • ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းနှင့် စည်းကမ်း၏ အဓိပ္ပာယ်ကို ဖော်ပြတတ်မည်။<br>• နိုင်ငံသားကောင်းနှင့် ဆရာကောင်းတစ်ဦး ဖြစ်လာစေရန် ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းသည် မည်ကဲ့သို့ အခြေခံအချက်ဖြစ် သည်ကို နားလည် သဘောပေါက်လာမည်။ | က (၄.၁) | ၁ |
| | | ၄.၁.၂။ နိုင်ငံသားကောင်း တစ်ဦးဖြစ်လာစေ ရန် စည်းမျဉ်းနှင့် နည်းဥပဒေများကို လိုက်နာ ကျင့်သုံးခြင်း။ | • စည်းမျဉ်းနှင့် နည်းဥပဒေများ၏ အဓိပ္ပာယ်သတ် မှတ်ချက်နှင့် ယင်းတို့ စည်းကမ်းနှင့် ဆက်စပ် ပုံကို ဖော်ပြတတ်မည်။<br>• ဆရာကောင်းတစ်ဦး ဖြစ်လာစေရန် စည်းမျဉ်းနှင့် နည်းဥပဒေများ လိုအပ်ပုံကို ဆွေးနွေးတတ်မည်။ | က (၄.၁)<br>ဂ (၁.၂) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | | ၄.၁.၃။ ဥပဒေများ | • ဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ၎င်းသည် စည်းမျဉ်း၊ နည်းဥပဒေများနှင့် မည်သို့ဆက်စပ်နေသည်ကို နားလည် သဘောပေါက်လာမည်။<br>• အမျိုးသား ပညာရေး ဥပဒေ၏ အရေးပါမှုနှင့် ထိုဥပဒေ၏ ပညာရေးဆိုင်ရာ အလေ့အကျင့်များတွင် အကျိုး သက်ရောက်မှုများကို ဆွေးနွေးတတ်မည်။ | က (၁.၂)<br>က (၄.၁)<br>ခ (၁.၂) | ၁ |
| ၅။ ငြိမ်းချမ်းစွာ နေထိုင်ခြင်း။ | ၅.၁။ ယဉ်ကျေးမှုနှင့် တိုင်းရင်းသား မျိုးနွယ်စုများ မတူကွဲပြားခြင်း။ | ၅.၁.၁။ မြန်မာတိုင်းရင်းသား မျိုးနွယ်စုများအတွင်း ခြားနားမှုများ။ | • ခြားနားသော မျိုးနွယ်စု၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို နားလည်ခြင်းအား သရုပ်ပြတတ်မည်။<br>• တိုင်းရင်းသားအမျိုးမျိုးတို့၏ မတူကွဲပြားသော ယဉ်ကျေးမှုနှင့်ဓလေ့ထုံးစံများကို ဖော်ပြတတ်မည်။ | က (၄.၁)<br>ဂ (၃.၃) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ တတ် ကျွမ်းမှုစံ | အချိန် |
|---|---|---|---|---|---|
| | ၅.၂ ။ မတူကွဲပြားသော လူ့အဖွဲ့အစည်း တွင် ငြိမ်းချမ်းစွာ နေထိုင်ခြင်း။ | ၅.၂.၁။ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ၏ အခြေခံ ယူဆချက်။ | • ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ၏ အခြေခံ ယူဆချက်နှင့် လက်တွေ့ဘဝတွင် တည်ရှိနေပုံကို ရှင်းပြတတ်မည်။ | က (၄.၁)<br>ဂ (၃.၃) | ၁ |
| | | ၅.၂.၂။ မတူကွဲပြားသော မျိုးနွယ်စုတွင် ငြိမ်းချမ်းစွာ နေထိုင်ခြင်း။ | • ခြားနားသော မျိုးနွယ်စုများအတွင်း ငြိမ်းချမ်းစွာ အတူတကွ နေထိုင်ရန် လိုအပ်ပုံကို ဆွေးနွေးတတ်မည်။ | က (၄.၁)<br>ဂ (၃.၃) | ၁ |
| | | ၅.၂.၃။ ငြိမ်းချမ်းစွာ နေထိုင်ခြင်း မူလတန်းသင်ခန်းစာ။ | • အတန်းအလိုက် အကြောင်းအရာများ ချိတ်ဆက်ပုံကို ဆွေးနွေးတတ်မည်။<br>• မူလတန်းအဆင့်တွင် ငြိမ်းချမ်းစွာနေထိုင်ခြင်းကို သင်ကြားရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြတတ်မည်။<br>• ငြိမ်းချမ်းစွာ နေထိုင်ခြင်းကို သင်ကြားရန် သင်ယူမှုလုပ်ငန်းများနှင့် နည်းလမ်းများကို သတ်မှတ်တတ်မည်။ | က (၁.၂)<br>က (၄.၁)<br>ခ (၁.၂) | ၁ |
| ၆။ စစ်ဆေးအကဲဖြတ်ခြင်း။ | ၆.၁။ စာရိတ္တနှင့် ပြည်သူ့နီတိကို စစ်ဆေးအကဲဖြတ်သည့် နည်းလမ်းများ။ | ၆.၁.၁။ စာရိတ္တနှင့် ပြည်သူ့နီတိ သင်ယူမှုကို မည်သို့အကဲဖြတ်မည်နည်း။ | • မူလတန်းအဆင့်၌ စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်တွင် အသုံးပြုရန် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများ အကြောင်း ရှင်းပြတတ်မည်။ | က (၄.၁)<br>ခ (၂.၁)<br>ခ (၂.၂) | ၂ |
| စုစုပေါင်း စာသင်ချိန် | | | | | ၁၂ |

# အခန်း ၃

# ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ

ဤအခန်းတွင် ကျောင်းအဖွဲ့အစည်းဝင်အနေဖြင့် သော်လည်းကောင်း၊ နိုင်ငံသားတစ်ယောက်အနေဖြင့်သော်လည်းကောင်း ရရှိသည့်ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ၏ အပြန်အလှန်ဆက်နွှယ်နေသည့် သဘောသဘာဝကို လေ့လာပါမည်။ ၎င်းသည် ဆရာနှင့် ကျောင်းသားများက မည်သည်ကို ရရှိခွင့်ရှိသည်နှင့် မည်သည့် တာဝန်ရှိသည်ကို ရှင်းလင်းစွာ နားလည်စေမည်ဖြစ်ပါသည်။ သို့မှသာ စာသင်ခန်းအတွင်းတွင် ဤရပိုင်ခွင့်များကို လေးစားခြင်းနှင့် တာဝန်ဝတ္တရားများကို ဖြည့်ဆည်း ဆောင်ရွက်ခြင်း ရှိ/ မရှိကို သိလာမည်ဖြစ်ပါသည်။ လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်နှင့် အများကောင်းကျိုးတို့အကြား ရံဖန်ရံခါ ထိပ်တိုက် ဖြစ်လေ့ရှိသော ဒီမိုကရေစီစနစ်အရ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားတို့၏ အရေးကြီးသော အခန်းကဏ္ဍကို ဤအခန်းတွင် ဆွေးနွေးကြမည်ဖြစ်ပါသည်။ နိုင်ငံသားကောင်းစိတ်ဓာတ်သည် လိုက်နာကျင့်သုံးရမည့်အရာဖြစ်ပြီး တက်ကြွသော နိုင်ငံသားဖြစ်ခြင်း၏ အသွင်အပြင်နှင့် ကောင်းမွန်သော အရည်အသွေးအမျိုးမျိုးတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါအရာရောက်ကြောင်းကို ကျောင်းသားများ လေ့လာသင်ယူရမည်ဖြစ်သည်။ ဤအခန်းတွင် ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားနှင့် ဆိုင်သော မူလတန်းသင်ခန်းစာနှင့် ပတ်သက်သည့် သင်ရိုးညွှန်းတမ်းနှင့် ညွှန်ကြားချက်များကို လေ့လာခြင်းဖြင့် အဆုံးသတ်ထားပါသည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ဆရာနှင့် ကျောင်းသားတို့၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ပြန်လည်သုံးသပ်တတ်မည်။
- ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ၏ အဓိပ္ပာယ်ကို ပြန်လည်သုံးသပ်ပြီး နိုင်ငံသားကောင်းတစ်ဦး၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများအား ကာကွယ်ခြင်းဆိုသည်မှာ မည်သို့ အဓိပ္ပာယ်သက်ရောက်သည်ကို သုံးသပ်တတ်မည်။
- မူလတန်းသင်ရိုးမှ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားတို့၏ ရည်ရွယ်ချက်ကို ဆွေးနွေးတတ်မည်။
- မူလတန်းကျောင်းသုံးစာအုပ်များကို ပြန်လည်သုံးသပ်ပြီး မူလတန်းသင်ရိုးညွှန်းတမ်းရှိ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ၏ ခေါင်းစဉ်များကို နားလည်သဘောပေါက်လာမည်။

# ၃.၁။ ဆရာနှင့် ကျောင်းသားတို့၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ

ဆရာသည် ကျောင်းသားများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မိဘများနှင့်ပူးတွဲ တာဝန်ယူပေးခြင်းဖြင့် လူ့အဖွဲ့အစည်းအတွင်း ထူးခြားသော အခန်းကဏ္ဍမှပါဝင်နေပါသည်။ သို့ရာတွင် သင်ကြားရေးသည် စာရိတ္တပိုင်းဆိုင်ရာနှင့် ဥပဒေဆိုင်ရာတာဝန်များ တွဲဖက်ပါဝင်နေသောပညာရပ်တစ်ခုဖြစ်သည်။ ထိုတာဝန်များမှာ စာသင်ခန်းအတွင်း သင်ကြားလိုက်သမျှကို ကျောင်းသားများ အမှန်တကယ်နားလည်သဘောပေါက်ရန်၊ လုံခြုံမှုရှိရန်နှင့် လေးစားခံရစေရန်အတွက် လုပ်ဆောင်ခြင်းဖြစ်သည်။ ထို့နည်းတူစွာ ကျောင်းအဖွဲ့အစည်းမှ အဖွဲ့ဝင်များသည် ဆရာများအတွက် ဥပဒေပိုင်းဆိုင်ရာနှင့် စာရိတ္တပိုင်းဆိုင်ရာ ဖြည့်ဆည်းပေးရန် တာဝန်များ ရှိပါသည်။ ဤအခန်းသည် ဆရာနှင့် ကျောင်းသားများတွင် ရှိရမည့် အဓိက ရပိုင်ခွင့်နှင့် တာဝန်များကို သတ်မှတ်ပြဋ္ဌာန်းပေးပါသည်။ ဤရပိုင်ခွင့်နှင့်တာဝန်များပါဝင်သည့် စည်းမျဉ်းစည်းကမ်းများကို ကျောင်းတွင် နေရာတကျချမှတ်ထားမည်ဖြစ်ပြီး စည်းကမ်းများ မချမှတ်ရသေးသော အခြေအနေများတွင် စည်းမျဉ်းစည်းကမ်းများကို ထိန်းသိမ်းရန် လိုအပ်ကြောင်းကို ကျောင်းသားများ နားလည်ရန် လိုအပ်ပါသည်။

## ၃.၁.၁။ ကျောင်းအတွင်း ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ

### မျှော်မှန်းထားသောသင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ဆရာနှင့်ကျောင်းသားတို့၏ ရပိုင်ခွင့်နှင့် တာဝန် ဝတ္တရားများကို ပြန်လည်သုံးသပ်တတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကိုနားလည် သဘောပေါက်ကြောင်း ပြသသည်။

(ဂ)(၁.၁) မြန်မာတို့၏ထုံးတမ်းစဉ်လာအရ စံနမူနာပြပုဂ္ဂိုလ်ဖြစ်သည့် ဆရာတစ်ယောက်တွင်ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထားများကို လက်ခံကျင့်သုံးနိုင်ကြောင်း ပြသနိုင်သည်။

**အချိန်-** မိနစ်(၅၀)ကြာစာသင်ချိန်တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ-** ထောင့်လေးထောင့်၊ ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်း၊ အုပ်စုဖွဲ့လုပ်ငန်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ-** ဆရာသည် ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ ၃.၁.၁ ကို ကြိုတင်ဖတ်ရှုထားရမည်။ ဆရာ၏ ရပိုင်ခွင့်နှင့် တာဝန် ဝတ္တရားများ သင်ယူမှုလုပ်ငန်း ၁ မှ ထပ်ဆောင်းဖော်ပြချက်များကို ပြင်ဆင်ထားပါ။ ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများကို ဆောင်ရွက်မည် ဆိုပါက ပစ္စည်းများကို ပြင်ဆင်ထားပါ။

**လိုအပ်သောရင်းမြစ်များ-** ကျောင်းသားကိုင်စာအုပ်၊ လက်ကမ်းစာစောင် (၁) ။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း (၁) - ထောင့် လေးထောင့် (၁၀မိနစ်)

၁။ အခန်း၏ ထောင့်လေးထောင့်ကို အောက်ဖော်ပြပါ ထင်မြင်ချက် လေးခုအနက်မှ တစ်ခုအဖြစ် သတ်မှတ်ပါ။ လေးလေးနက်နက် သဘောတူသည်၊ သဘောတူသည်၊ သဘောမတူပါ၊ ပြင်းထန်စွာ ကန့်ကွက်ပါသည်။

၂။ သင်သည် ဆရာအတတ်ပညာအကြောင်း ဖော်ပြချက်ကို ပြောပြမည်ဖြစ်ပြီး ကျောင်းသားများသည် အခန်း၏ သက်ဆိုင်ရာထောင့်ဆီသို့ လမ်းလျှောက်၍ သွားခြင်းဖြင့် မိမိတို့၏ ခံစားချက်များကို ဖော်ပြနိုင်သည်။

၃။ သင်၏ဖော်ပြချက်ကို ပြသပါ။ ဥပမာ အချို့တွင် အောက်ပါတို့ပါဝင်နိုင်ပါသည်-

(က) အကယ်၍ ဆရာ၏ အတန်းမှ ကျောင်းသားများ စာမေးပွဲကျလျှင် ဆရာသည် ကျောင်းသားများကို အပြစ်တင်ရပါမည်။

(ခ) ဆရာသည် ကျောင်း၏ ဦးစီးဦးဆောင်မှု သဘောတူညီချက်မပါဘဲ သတ်မှတ်ထားသော သင်ရိုးကို ပြောင်းလဲခြင်း (သို့) ထပ်ပေါင်းထည့်ခြင်း မလုပ်ရ။

(ဂ) ဆရာများသည် ကျောင်း၏ ရုပ်ပိုင်းဆိုင်ရာ အခြေအနေနှင့် ပတ်သက်၍ အပြစ်မတင်သင့်ပါ။

(ဃ) ဆရာများသည် ပေးဆပ်ရန် တာဝန်ရှိသဖြင့် ကျောင်းချိန်ကျော်လွန်သည်ထိ အလုပ်လုပ်ရန် စိတ်အားထက်သန်ရမည်။

(င) ဆရာများသည် ကျောင်းသားများ၏ ဒုတိယမိဘများသဖွယ်ပင် ဖြစ်သည်။

(စ) ဆိုးသွမ်း၍ ထိန်းသိမ်းရခက်ခဲသော ကျောင်းသားများ၏ ဆရာသည် ၎င်းတို့၏ စာသင်ခန်းကို စီမံခန့်ခွဲရာတွင် အောင်မြင်မှု မရှိပါ။

၄။ ဖော်ပြချက် တစ်ခုစီပြီးတိုင်း ကျောင်းသားများ လေးနက်စွာ တွေးခေါ်ရန် အချိန်ပေးပါ။ ထို့နောက် အခန်း၏ ထောင့်တစ်ထောင့်စီသို့ သွားခြင်းဖြင့် သူတို့၏ အဖြေကို ရွေးချယ်စေပါ။

၅။ ဖော်ပြချက်နှင့် ပတ်သက်ပြီး အဘယ့်ကြောင့် သူတို့ဤနည်းလမ်းအတိုင်း ခံစားရကြောင်း (သဘောတူသည်ဖြစ်စေ/မတူသည်ဖြစ်စေ) မျှဝေရန် ဆန္ဒရှိသော ကျောင်းသားတစ်ဦးအား မျှဝေခိုင်းပါ ။

၆။ ဆွေးနွေးပြီးနောက် ကျောင်းသားများသည် ဖော်ပြချက်ကို ပိုမိုသိနားလည်လာပြီး အခြားသော ထောင့်တစ်ထောင့်သို့ ရွှေ့နိုင်ပါသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းကို အဆင့် ၄ နှင့် ၅ တွင် လုပ်ဆောင်ပါသည်။ ကျောင်းသားများသည် ဆရာ၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ အကြောင်းမည်သို့ စဉ်းစားကြသနည်း။ သူတို့သည် ဆရာတစ်ဦး အနေဖြင့် သူတို့ရရှိမည့် ဆရာ၏ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများအကြောင်းကို သိပုံရပါသလား (သို့မဟုတ်) မသေမချာဖြစ်နေသလား။ ဆရာများသည် အဘယ်ကြောင့် ၎င်းတို့၏ အဖြေများကို ရွေးချယ်ထားသည်၊ အဘယ့်ကြောင့် အချို့ရပိုင်ခွင့်နှင့် တာဝန်များ ရှိသင့်ပြီး အချို့မှာ အဘယ်ကြောင့် မရှိသင့်သည်ကို နားလည်ကြပါသလား။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

သင်ခန်းစာ၏ ဤအဆင့်တွင် မှားသော/မှန်သော အဖြေဟူ၍ မရှိပါ။ အဓိက ရည်ရွယ်ချက်မှာ ဆရာ၏ ရပိုင်ခွင့်၊ တာဝန်ဝတ္တရားများ နှင့်ပတ်သက်၍ ကျောင်းသားများ၏ ကနဦး ယူဆချက်များကို စစ်ဆေးရန်သာဖြစ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၂) - ဂရပ်ဖစ်ပုံများ အသုံးပြု သင်ယူခြင်း (၂၀ မိနစ်)

၁။ ရပိုင်ခွင့်ဆိုသည်မှာ ကျွန်ုပ်တို့ရရှိရမည့်အရာများဖြစ်ပြီး တာဝန်ဝတ္တရားများသည် အခြားသူများက ၎င်းတို့၏ရပိုင်ခွင့်ကို ခိုင်မာစေရန် အခြားသူများအတွက် ကျွန်ုပ်တို့ ဆောင်ရွက်ပေးရမည့် လုပ်ငန်းတာဝန်များ ဖြစ်ကြောင်း ကျောင်းသားများကို ရှင်းပြပါ။

၂။ ကျောင်းသားများကို ကျောင်းသားကိုင်စာအုပ်မှ ဆရာနှင့် ကျောင်းသားများ၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို အတူတကွဖတ်စေပြီး လက်ကမ်းစာစောင် ၁ ကို လုပ်ဆောင်စေပါ။

၃။ အောက်ပါ ဖော်ပြချက်များကို ဘုတ်ပေါ် တွင် ရေးချပါ။ ထို့နောက် ကျောင်းသားတစ်ဦးအား သူတို့ တွေးတောမှုကို အခြေခံပြီး ဖော်ပြချက်များကို အဆုံးသတ်စေပါ။

၄။ ကျောင်းသား၏အဖြေများကို စာရင်းပြုစုထားပါ။ သင်၏ ကိုယ်ပိုင်အယူအဆကို ထပ်ပေါင်းထည့်ပါ။

| ကျောင်းတွင် | |
|---|---|
| ဆရာများတွင် ................ ခွင့်ရှိသည်။ | ဆရာများသည် ......... ရေးအတွက်တာဝန်ရှိသည်။ |
| ကျောင်းသားများတွင် ............ ခွင့်ရှိသည်။ | ကျောင်းသားများသည် .......... ရေးအတွက် တာဝန်ရှိသည်။ |

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းကို အဆင့် ၃ တွင် လုပ်ဆောင်ပါသည်။ ကျောင်းသားများသည် ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို သဘောပေါက်ပုံရပါသလား။ ဖတ်ရှုပြီးသည့်နောက် ပထမအကြိမ် သင်ယူမှုလုပ်ငန်းတွင်ပါသည့် ဆရာတို့၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများအပေါ် ခံယူချက် ပြောင်းလဲသွားပါသလား။ အကယ်၍ ကျောင်းသားသည် တရားရေးဆိုင်ရာ အကြောင်းတရားများနှင့် ကျောင်း၏ ပေါ်လစီတို့အရ မှားယွင်းသော အကြံအစည်ကို အဆိုပြုလာပါက အဘယ်ကြောင့် ၎င်းတို့ကို လုပ်ဆောင်ရန် မဖြစ်နိုင်ကြောင်း ရှင်းပြ၍ တုံ့ပြန်အကြံပြုချက် သေသေချာချာပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

| | |
|---|---|
| ကျောင်းသားများသည် ဘေးကင်းလုံခြုံခွင့်ရှိသည်။<br>ချွန်ထက်သော အရာများကို အသုံးပြုပြီးသည်နှင့် ပြန်သိမ်းဆည်းထားရန်လိုပါသည်။ | ကျောင်းသားများသည် စာသင်ခန်းသို့ အချိန်မှန် ရောက်ရန် တာဝန်ရှိသည်။ ကျောင်းသားများအနေဖြင့် အတန်းနောက်ကျပါက အဆင့်သတ်မှတ်ချက်ကို ထိခိုက်နိုင်ကြောင်း သိစေရန် လုပ်ငန်းများနှင့် ဉာဏ်စမ်းမေးခွန်းများကို အတန်းစချိန်တွင် လုပ်ဆောင်ပါ။ |

## သင်ယူမှုလုပ်ငန်း (၃) - အုပ်စုလုပ်ငန်း (၂၀ မိနစ်)

၁။ အတန်းကို အုပ်စုများခွဲပါ ။

၂။ သင်ယူမှုလုပ်ငန်း (၂) အတွက် စာရင်းပြုစုထားသော အဖြေများကို ကြည့်ပါ ။ ကျောင်းသားများ၏ ရပိုင်ခွင့်များစာရင်းအောက်မှ အဖြေတစ်ခုနှင့် ကျောင်းသားများ၏ တာဝန်ဝတ္တရားများအောက်မှ အဖြေတစ်ခုကို ရွေးချယ်ရန် ကျောင်းသားများကို ခိုင်းပါ။

ဤရပိုင်ခွင့်များကို လေးစားမှုရှိစေရန် (သို့မဟုတ်) ၎င်းတို့၏တာဝန်ဝတ္တရားများကို နားလည်စေရန် အကောင်အထည်ဖော်နိုင်မည့် စာသင်ခန်းတွင်းနည်းလမ်းများကို ကျောင်းသားများအား စဉ်းစားစေပါ။

၃။ အုပ်စု တစ်ခုစီမှ ကိုယ်စားလှယ်ကို ၎င်းတို့၏အဖြေများ တင်ပြစေပြီး ဤနည်းလမ်းများ၏ ထိရောက်မှုကို ဆွေးနွေးခိုင်းပါ။

## စစ်ဆေး အကဲဖြတ်ခြင်း

ကျောင်းသားများ အုပ်စုအတွင်းဆွေးနွေးနေသည်ကို စောင့်ကြည့်လေ့လာပြီး ဥပမာများ စဉ်းစားရာတွင် အခက်အခဲတွေ့နေသူ ကျောင်းသားကို ကူညီပေးပါ။ သင်ယူစဉ်စစ်ဆေးခြင်းကို ၎င်းတို့၏ အဖြေများ တင်ပြနေစဉ် အဆင့် (၃) တွင် ဆောင်ရွက်နိုင်ပါသည်။ အဆိုပြုထားသော စာသင်ခန်းတွင်း နည်းလမ်းများသည် ကျောင်းသားများ၏ ရပိုင်ခွင့်ကို လေးစားအသိအမှတ်ပြုခြင်း (သို့မဟုတ်) ၎င်းတို့၏ တာဝန်ဝတ္တရားများကို သိမြင်စေရန် ကူညီ၍ သတိပေးနိုးဆော်သလား။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် ဘေးကင်းလုံခြုံခွင့်ရှိသည်။ ကျောင်းသားများသည် အတန်းတက်ရန် တာဝန်ရှိသည်။ ဆရာများသည် သင်ခန်းစာများကို အပြောင်းအလဲလုပ်ခွင့်ရှိသည်။ ဆရာများသည် ဆရာအတတ်ပညာဖွံ့ဖြိုးရေးအတွက် တာဝန်ရှိသည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ စာသင်ခန်း ပတ်ဝန်းကျင် (သို့မဟုတ်) ကျောင်းသား၏ မသန်စွမ်းမှု စသည်တို့ကြောင့် လုပ်ငန်းများလုပ်ဆောင်ရန် ကန့်သတ်ချက်ရှိနေပါက အခြားလုပ်ငန်းကို ပြောင်းလဲ လုပ်ဆောင်ပါ။ ကျောင်းသားများသည် ထင်မြင်ယူဆချက်ကို သီးခြားစာရွက်တွင် ရေးမည့်အစား သင်၏ဖော်ပြချက်ကို တုံ့ပြန်သည့် အချိန်အထိ ကိုင်ထားနိုင်ပါသည်။

**သင်ယူမှုလုပ်ငန်း ၂။ ။** ထပ်ဆောင်းလုပ်ဆောင်မှုအနေဖြင့် ကျောင်းသားများသည် စာသင်ခန်းအတွင်းတွင် ကန့်သတ်ထားခြင်း ခံရသော မည်သည့် ရပိုင်ခွင့်ကို ရရှိခံစားနိုင်မည်ကို စဉ်းစားပါ။

**သင်ယူမှုလုပ်ငန်း ၃။ ။** အုပ်စုအတွင်းတွင် စွမ်းဆောင်ရည်များ ရောယှက်နေစေရန် စွမ်းဆောင်ရည်အလိုက် တာဝန်ချထားပါ။ ဥပမာ - မှတ်စုရေးချရန် တစ်ဦး၊ ဆွေးနွေးမှုကိုကူညီ လမ်းပြပေးရန်၊ အုပ်စု၏ အဖြေများကို အတန်းသို့ တင်ပြရန် တစ်ဦးစသည်ဖြင့် လိုအပ်ပါသည်။

**ပြန်လည်ဆန်းစစ်ရန်မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

**မေးခွန်း ၁။** ဆရာတစ်ဦး၏ လွတ်လပ်စွာပြောဆိုခွင့်သည် အဘယ်ကြောင့် စာသင်ခန်းအတွင်းတွင် ကန့်သတ်ခံရပါသနည်း။

***အဖြေ။*** *ဆရာသည် ဆီလျော်သော အကြောင်းအရာများကို သင်ကြားခြင်းဖြင့် ကျောင်းသားများ၏ သင်ယူရေးပန်းတိုင်များ အောင်မြင်ရရှိအောင် ကူညီရန် တာဝန်ရှိပါသည်။ ထို့ကြောင့် ဆရာသည် စာသင်ခန်းအတွင်းတွင် သူကြိုက်သည့် အကြောင်းအရာကို ပြောကြားခွင့်မရှိပါ။*

**မေးခွန်း ၂။** ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ဆိုသည်မှာ အဘယ်နည်း။

***အဖြေ။*** *အသက် (၁၈) နှစ်အောက် ကလေးများ၏ ရပိုင်ခွင့်ကို သတ်မှတ် အသိအမှတ်ပြုပြီး နိုင်ငံအများအပြား လက်မှတ်ရေးထိုးထားသော လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် ဖြစ်ပါသည်။*

**မေးခွန်း ၃။** အောက်ဖော်ပြပါ ဝါကျကို သင်မည်ကဲ့သို့ အဆုံးသတ်မည်နည်း။

***အဖြေ။*** *ဆရာများသည် သင်ယူမှုတွင် ကျောင်းသားအားလုံးပါဝင်လာစေရန်နှင့် ကျောင်းသားများ၏ အမျိုးမျိုးသော သင်ယူမှုလိုအပ်ချက်နှင့် နောက်ခံအခြေအနေတို့ကို ထည့်သွင်းစဉ်းစားကာ ကျောင်းသားအားလုံးပါဝင်ရေးကို တိုက်တွန်းပေးရေးသည်လည်း ဆရာများ၏တာဝန်ဖြစ်လာပြီး ကျောင်းသားများသည်လည်း အတန်းမှန်မှန်တက်ပြီး သူတို့အတွက် ပြင်ဆင်ထားသော သင်ယူမှုလုပ်ငန်းများတွင် ပါဝင်ရပါမည်။*

# ၃.၂။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားကောင်းတစ်ဦး၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ

ကျွန်ုပ်တို့သည် အုပ်စုဖွဲ့ပြီး ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် သိသာထင်ရှားသော တိုးတက်မှုများ ရရှိနိုင်သည်ကို ယခင်အခန်းများတွင် လေ့လာပြီးဖြစ်ပါသည်။ ခြားနားကွဲပြားသော လူတစ်ဦးချင်းစီပါဝင်သောအဖွဲ့များတွင် ပေါင်းစည်းညီညွတ်မှုနှင့် သဘောတူညီချက်ရရှိရန် အဖွဲ့ဝင်များသည် သူတို့တစ်ဦးချင်းစီ၏အချို့ ထင်မြင်ယူဆချက်များကို ဆုံးရှုံး လက်လွှတ်လိုက်ရန် လိုအပ်ပါသည်။ ဤအချက်များကို ရပိုင်ခွင့်နှင့် တာဝန်များ အစုံလိုက်ကို အသိအမှတ်ပြု လက်ခံခြင်းဖြင့် သဘောတူညီပြီး ဖြစ်ပါသည်။ ဤအခန်းတွင် မြန်မာနိုင်ငံသားများ၏ ရပိုင်ခွင့်နှင့် တာဝန်များကို လေ့လာသွားမည် ဖြစ်ပါသည်။ ထို့အပြင် လူမှုရေးနှင့် နိုင်ငံရေးတွင် ပါဝင်ရန် ကျွန်ုပ်တို့၏ အခွင့်အရေးများကို အသုံးပြုလိုစိတ်ရှိလာရန်နှင့် နိုင်ငံ့အရေးကိစ္စများတွင် စုပေါင်းတာဝန်ယူမှုရှိသော စိတ်ဓာတ် ပေါ်ပေါက်လာအောင် ပြုလုပ်ပေးသည့် တက်ကြွသော နိုင်ငံသားဖြစ်မှုမှတစ်ဆင့် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုတွင် မည်ကဲ့သို့ပါဝင်လုပ်ဆောင်နိုင်သည်ကို ရှာဖွေသွားမည်ဖြစ်သည်။

## ၃.၂.၁။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွသော နိုင်ငံသားဖြစ်မှု

**မျှော်မှန်းထားသောသင်ယူမှုရလဒ်**

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ၏ အဓိပ္ပာယ်ကို ပြန်လည်သုံးသပ်ပြီး နိုင်ငံသားကောင်းတစ်ဦး၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများအား ကာကွယ်ခြင်းဆိုသည်မှာ မည်သို့အဓိပ္ပာယ်သက်ရောက်သည်ကို သုံးသပ်တတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့်သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကိုနားလည် သဘော ပေါက်ကြောင်း ပြသသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန်တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ** - တွေး - တွဲ - မျှဝေ သင်ယူခြင်း၊ ရပ်နား-မှတ်သားခြင်း၊ သရုပ်ဆောင်သင်ကြားသင်ယူခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ** - ဆရာနှင့် ကျောင်းသားတို့သည် ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ ၃.၂.၁ ကို ကြိုတင်ဖတ်ရှုထားရမည်။ တက်ကြွသော နိုင်ငံသားဖြစ်မှု ရှင်းလင်းချက်ကို စာသင်ခန်းတွင်းပို့ချရန် ဆရာသည် ကြိုတင်ပြင်ဆင်ထားရမည်။

**လိုအပ်သောရင်းမြစ်များ** - ကျောင်းသားကိုင်စာအုပ်။

**သင်ယူမှုလုပ်ငန်းများ**

**သင်ယူမှုလုပ်ငန်း (၁) - ရပ်နား-မှတ်သားခြင်း (၁၅ မိနစ်)။**

၁။ သင်ပုန်းပေါ်တွင် "တိုင်းပြည်တစ်ပြည်သည် ...... လာသောအခါ တိုးတက်သည်။" ဟုရေးပါ ။

၂။ ကျောင်းသားများ၏ မှတ်စုစာအုပ်တွင် သူတို့၏ ရပ်နားမှုဇယားကွက် (Stop box) အဖြစ် စတုဂံတစ်ခုကို ဆွဲပါ။

၃။ ကျောင်းသားများသည် သူတို့၏ အဖြေများကို ရပ်နားမှုဇယားကွက်(Stop box) တွင် ရေးရမည်။ သူတို့၏ အဖြေများကို မျှဝေရန်ဆန္ဒရှိသော ကျောင်းသားတစ်ဦးကို ဖိတ်ခေါ်ပါ။

၄။ ကျောင်းသားများကို "တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားကောင်းတစ်ဦးသည် မည်သည်ကို မဖြစ်မနေလုပ်ဆောင်သင့်သနည်း" ဟူသော မေးခွန်းအတွက် အဖြေများ ရေးရန် အခြား ရပ်နားမှု ဇယားကွက်(Stop box) တစ်ခုဆွဲခိုင်းပါ။

၅။ ကျောင်းသားအချို့အား သူတို့၏ အဖြေများကို မျှဝေခိုင်းပါ ။

၆။ တက်ကြွသောနိုင်ငံသားဖြစ်မှု၏ ယူဆချက်များကို အတိုချုံး ရှင်းပြပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူစဉ်စစ်ဆေးခြင်းကို ကျောင်းသားများက အကြံအစည်များကို ဝေမျှစဉ် လုပ်ဆောင်ပါသည်။ ဖွံ့ဖြိုးတိုးတက်မှုသည် မည်သည်ဖြစ်သည်၊ မည်သည်နှင့် ဆင်တူသည်ကို ၎င်းတို့ နားလည်ကြပါသလား။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားကောင်းများသည် မည်သို့ပါဝင်နိုင်သည်ကို သိကြပါသလား။ ကျောင်းသာများ၏ နားလည်မှုသည် နည်းပါးနေပါက ထပ်မံရှင်းလင်းချက်ပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

တိုင်းပြည်တစ်ပြည်တွင် လမ်းများ ကောင်းမွန်စွာ ဆက်သွယ်ပြီးသောအခါ၊ ကျန်းမာရေး လိုအပ်ချက်များကို ကျယ်ပြန့်စွာရရှိသောအခါ ၊ စွမ်းအင်ထောက်ပံ့မှု မပြတ်တောက်သောအခါ၊ အလုပ်လက်မဲ့နှုန်း လျော့ကျသောအခါ နှင့် အားလုံးအတွက် တူညီသော အခွင့်အရေး ရသည့်အခါ တိုးတက်သည်ဟု ပြောနိုင်ပါသည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရန် နိုင်ငံသားတစ်ယောက်သည် မည်သည်တို့ကို လုပ်ဆောင်မည်နည်း။ စေတနာ ဝန်ထမ်းရင်းမြစ်များ၊ ကျွမ်းကျင်မှု အနည်းငယ်သာရှိသူများကို ပံ့ပိုးကူညီမှုများ အဖွဲ့အစည်းနှင့် သက်ဆိုင်သော အရာများနှင့် လိုအပ်ချက်များကို အစိုးရထံတင်ပြခြင်း၊ အဖွဲ့အစည်းအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သော စီးပွားရေးလုပ်ငန်းများ စတင်ခြင်းနှင့် သင်၏ အဖိုးတန် ဗဟုသုတနှင့် ကျွမ်းကျင်မှုများကို အခြားသူများကို သင်ကြား ပေးခြင်းတို့ဖြစ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၂) - တွေး - တွဲ - မျှဝေ သင်ယူခြင်း (၁၅ မိနစ်)။

၁။ ကျောင်းသားများ၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို နားလည်ခြင်းအား ကြည့်ရှုစစ်ဆေးပါ။ ရပိုင်ခွင့်တိုင်းသည် အခြားသူများ၏ ရပိုင်ခွင့်ကို အဟန့်အတား ဖြစ်စေသောနည်းလမ်းများဖြင့် အသုံးမပြုရန် လိုအပ်သည်ဟူသော တာဝန်ဝတ္တရားနှင့် ဒွန်တွဲနေကြောင်း အတိုချုံး ရှင်းပြပါ။ တိုင်းပြည်တစ်ပြည်၏ နိုင်ငံသားဖြစ်သည်နှင့်အညီ ကျွန်ုပ်တို့သည် ၂၀၀၈ - ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရှင်းလင်းစွာ သတ်မှတ်ပြဋ္ဌာန်းထားသော ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ ရှိပါသည်။ သို့သော်အချို့ ရပိုင်ခွင့်များသည် ရရန်သေချာပြီး နိုင်ငံသားအဆင့်အတန်းကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ပေးအပ်ထားသည်ကို သတိပြုရန် လိုပါသည်။ ယင်းတို့သည် ကမ္ဘာလုံးဆိုင်ရာ ရပိုင်ခွင့်များဖြစ်ပြီး နိုင်ငံသားဖြစ်မှုနှင့် ဆက်နွှယ်နေခြင်း မဟုတ်ပါ။

၂။ ကျောင်းသားကိုင်စာအုပ်မှ ယင်းရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ အကျဉ်းချုပ်ကို ဖတ်ရှုခိုင်းပါ။

၃။ ၂၀၀၈ - ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှ ထုတ်ယူထားသော အောက်ပါ ဖော်ပြချက် (ဝါကျ) များကို သင်ပုန်းပေါ်တွင် ရေးပါ။ ဤရပိုင်ခွင့်များသည် မည်သည့် တာဝန်ဝတ္တရားများနှင့် အတူ တွဲဖက်လာသနည်း။

(က) ကျွန်ုပ်တို့သည် ပညာသင်ကြားခွင့်အတွက် ရပိုင်ခွင့်ရှိသကဲ့သို့ လုပ်ဆောင်ရန် တာဝန်ဝတ္တရားလည်း ရှိပါသည်။

(ခ) ကျွန်ုပ်တို့သည် မြန်မာနိုင်ငံအတွင်းရှိ မည်သည့် နေရာသို့မဆို ရွှေ့ပြောင်းနေထိုင်ခွင့် ရှိသကဲ့သို့ လုပ်ဆောင်ရန် တာဝန်ဝတ္တရားလည်း ရှိပါသည်။

(ဂ) ကျွန်ုပ်တို့သည် နှစ်သက်သည့် ဘာသာတရားကို ကျင့်သုံးခွင့်ရှိသကဲ့သို့ လုပ်ဆောင်ရန် တာဝန်ဝတ္တရားလည်း ရှိပါသည်။

(ဃ) ကျွန်ုပ်တို့သည် လွတ်လပ်စွာ ပြောဆိုခွင့် ရှိသကဲ့သို့ လုပ်ဆောင်ရန် တာဝန်ဝတ္တရားလည်း ရှိပါသည်။

(င) ကျွန်ုပ်တို့သည် စီးပွားရေးကို လွတ်လပ်စွာ လုပ်ကိုင်ခွင့် ရှိသကဲ့သို့ လုပ်ဆောင်ရန် တာဝန်ဝတ္တရားလည်း ရှိပါသည်။

၄။ ကျောင်းသားများ၏ အတွေးများကို အတွဲလိုက် မျှဝေခိုင်းပါ။

၅။ အတန်းသို့ မျှဝေထားသော အကြံအစည်များကို အတန်းသို့ တင်ပြရန် ကိုယ်စားလှယ် အချို့ကို ရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ အတွဲလိုက် ဆွေးနွေးနေသည်ကို စောင့်ကြည့်လေ့လာပါ။ မိမိတို့၏ အတွေးများကို မျှဝေခြင်းမပြုသည့် ကျောင်းသားများ ရှိပါသလား။ သူတို့၏ အဖော်များက မေးခွန်းများနှင့် သင်ခန်းစာ ခေါင်းစဉ်များကို သူတို့ ပိုမိုနားလည်စေရန် ကူညီပေးသလား။ အခက်အခဲတွေ့နေဟန် တူသော သူများကို အကူအညီပေးပါ။ သူတို့၏ အတွေးအခေါ် (အကြံအစည်) များကို တင်ပြရာတွင် ရပိုင်ခွင့်နှင့် တာဝန်များသည် ကောင်းမွန်စွာ ယှဉ်တွဲခြင်းဖြင့် မည်ကဲ့သို့ အပြန်အလှန် ဆက်နွယ်နေမှုကို နားလည်ကြသည်ကို စစ်ဆေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အဖြေ အမျိုးမျိုး ဖြစ်နိုင်ပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် စပ်လျဉ်းပြီး အသင့်တော်ဆုံး အဖြေများနှင့် အစပျိုး မိတ်ဆက်နိုင်ပါသည်။

- ကျွန်ုပ်တို့သည် ပညာသင်ကြားခွင့်ရရှိရေးအတွက် ရပိုင်ခွင့် ရှိသကဲ့သို့ နိုင်ငံတော်၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် အားဖြည့်ပံ့ပိုးရန်လည်း တာဝန်ဝတ္တရား ရှိပါသည်။
- ကျွန်ုပ်တို့သည် မြန်မာနိုင်ငံအတွင်းရှိ မည်သည့် နေရာသို့မဆို ရွှေ့ပြောင်း နေထိုင်ခွင့် ရှိသကဲ့သို့ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်လည်း တာဝန်ဝတ္တရား ရှိပါသည်။
- ကျွန်ုပ်တို့သည် ဘာသာတရားကို လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ရှိသကဲ့သို့ နိုင်ငံရေး ရည်ရွယ်ချက်အတွက် ခုတုံးလုပ်အသုံးမချရန်လည်း တာဝန်ဝတ္တရား ရှိပါသည်။
- ကျွန်ုပ်တို့သည် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုကို ထိန်းသိမ်းရန်လည်း တာဝန်ဝတ္တရား ရှိပါသည်။
- ကျွန်ုပ်တို့သည် စီးပွားရေးကို လွတ်လပ်စွာ လုပ်ကိုင်ခွင့် ရှိသကဲ့သို့ အခွန်များကို ဥပဒေနှင့် အညီပေးဆောင်ရန် တာဝန်ဝတ္တရား ရှိပါသည်။

## သင်ယူမှုလုပ်ငန်း (၃) - သရုပ်ဆောင် သင်ကြားသင်ယူခြင်း (၂၀ မိနစ်)

၁။ စာသင်ခန်းကို အုပ်စု (၄) စုခွဲပါ။

၂။ တက်ကြွသော နိုင်ငံသားဟူသည်မှာ ရပ်ရွာလူမှုအဖွဲ့အစည်း၏ အရေးအရာများကို ဂရုစိုက်ပြီး အပြုသဘောဆောင်သော အပြောင်းအလဲများ ဖော်ဆောင်ပေးသူအဖြစ် မိတ်ဆက်ပေးပါ။ သူတို့သည် ယင်းကိစ္စများကို အစပျိုးဆောင်ရွက်ရာတွင် ဦးဆောင်ခြင်း (သို့မဟုတ်) အကြောင်းအရာများ နောက်ကွယ်မှ ဆုံးဖြတ်ချက်ချရာတွင် ဩဇာလွှမ်းမိုးခြင်း စသည်တို့ဖြင့် လုပ်ဆောင်နိုင်ပါသည်။ အကြောင်းအရာများမှာ မည်သည့်စီမံကိန်းသည် ရံပုံငွေ ရရှိထားသနည်း၊ မည်သည့်ကျောင်းနှင့် လမ်းသည် တည်ဆောက်ပြီးဖြစ်သနည်း စသည်တို့ ဖြစ်ပါသည်။

၃။ တက်ကြွလှုပ်ရှားသော နိုင်ငံသားသည် မတက်ကြွသော နိုင်ငံသားနှင့် မည်သို့ကွာခြားသနည်း ဟူသော မေးခွန်း၏ အဖြေကို အုပ်စုများကို စဉ်းစားခိုင်းပါ။ ဥပမာများကို စဉ်းစားကြရန်လည်း သူတို့ကို တိုက်တွန်းပါ။ သူတို့သည် သရုပ်ဆောင် သင်ယူမှု နှစ်ခု (တစ်ခုလျှင် တစ်မိနစ်/ နှစ်မိနစ်ခန့်) ကို ဖန်တီးသရုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ တစ်ခုမှာ တက်ကြွသော နိုင်ငံသားသည် မည်သည်နှင့်ဆင်တူသည်ကို ဖော်ပြရမည်ဖြစ်ပြီး အခြားတစ်ခုမှာ မတက်ကြွသော နိုင်ငံသားသည် မည်သည်နှင့်ဆင်တူသည်ကို ဖော်ပြရမည် ဖြစ်ပါသည်။

၄။ အုပ်စုများကို ပြင်ဆင်ရန် အချိန် (၁၀) မိနစ်ပေးပါ။ အုပ်စုတိုင်းသည် အတန်းတွင်းတွင် သရုပ်ဆောင်ပြန်လည်တင်ဆက်ရန်အတွက် နေရာအကွက်တစ်ကွက် သတ်မှတ်ပေးပါ။

၅။ အုပ်စုများကို သူတို့၏ သရုပ်ဆောင်တင်ဆက်မှုကို ဆောင်ရွက်ခိုင်းပါ။ သရုပ်ဆောင်တက်ဆက်မှုအပြီးတွင် တက်ကြွသောနိုင်ငံသား၏ အပြုအမူများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်ကဲ့သို့အထောက်အကူပြုနိုင်မည်ကို ကျောင်းသားများအား စဉ်းစားခိုင်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူစဉ်စစ်ဆေးခြင်းကို အဆင့် ၅ တွင် လုပ်ဆောင်နိုင်ပါသည်။ သူတို့၏အရည်အသွေးကို ဖော်ပြလျက် တက်ကြွသော နိုင်ငံသားနှင့် မတက်ကြွသော နိုင်ငံသားတို့ကို တိကျစွာ ပုံဖော်နိုင်ခြင်း ရှိ၊ မရှိ စဉ်းစားဆင်ခြင်ခိုင်းပါ။ သရုပ်ဆောင်သင်ကြားမှုအပြီး ကျောင်းသားများ မည်ကဲ့သို့ ဖြေဆိုသည်ကို ကြည့်ပြီး သူတို့၏ နားလည်မှုကိုစစ်ဆေးနိုင်ပါသည်။ တက်ကြွသော နိုင်ငံသား၏ လှုပ်ရှားမှုများသည် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့် မည်ကဲ့သို့ ချိတ်ဆက်နေသည်ကို သူတို့ရှင်းပြနိုင်ပါသလား။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ရွေးချယ်ထားသော တက်ကြွသော နိုင်ငံသားနှင့် မတက်ကြွသော နိုင်ငံသား၏ အပြုအမူများသည် ကွဲပြားနိုင်ပါသည်။ တက်ကြွသော နိုင်ငံသား၏ အပြုအမူ ဥပမာများအနက် သန့်ရှင်းရေး လှုပ်ရှားမှုတွင် အိမ်နီးချင်းများကို ဦးဆောင်ခြင်း၊ ပြည်သူပိုင်ပစ္စည်းများ ပျက်စီးနေပါက ပြုပြင်ပေးရန် ဒေသဆိုင်ရာ အာဏာပိုင်များကို စာရေးခြင်း၊ ကျိုးကျနေသော သစ်ပင်ကို ဖယ်ရှားရာတွင် အိမ်နီးချင်းကို ကူညီခြင်း (သို့) ရေဘေးသင့်ပြည်သူများအတွက် အလှူခံရာတွင် ပါဝင်ခြင်း တို့ဖြစ်ပါသည်။ မတက်ကြွသော နိုင်ငံသားအတွက် ဥပမာများတွင် ရွေးကောက်ပွဲတွင် မဲမပေးခြင်း၊ အမှိုက်ပစ်ခြင်း၊ မည်သည့်အရာမျှလုပ်ဆောင်ခြင်းမရှိဘဲမကျေမနပ်ပြောဆိုခြင်း နှင့် ကျေးရွာထဲတွင် အင်တာနက်ရရှိရန် လိုအပ်ချက်ကို သိသော်လည်း ဘာမှလုပ်ဆောင်မှုမရှိခြင်းတို့ပါဝင်ပါသည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ အကယ်၍ ကျောင်းသားများသည် သူတို့၏ အတွေးအခေါ်များကို ပုံဖြင့်ရေးဆွဲဖော်ပြလိုပါက ရပ်နားမှု ဇယားကွက်(Stop box) တွင် ရေးဆွဲဖော်ပြခွင့်ပြုပါ။

**သင်ယူမှု လုပ်ငန်း ၂။ ။** ယုံကြည်ချက်ရှိသော ကျောင်းသားကို ပိုမိုအဆင့်မြင့်သော မေးခွန်းများမေးပါ။ ဤရပိုင်ခွင့်ရှိခြင်းသည် မည်ကဲ့သို့တာဝန်ရှိမှုကို လိုအပ်မည်နည်း။ ဥပမာ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံအတွင်း မည်သည့် ဒေသသို့မဆို ပြောင်းရွှေ့ခွင့် ရှိသည်။ အကယ်၍ ကျွန်ုပ်တို့သည် တိုင်းရင်းသားမျိုးနွယ်စု ဧရိယာသို့ ပြောင်းရွှေ့နေထိုင်ပါက ကျွန်ုပ်တို့သည် သူတို့၏ ဒေသခံယဉ်ကျေးမှုကို လေးစားရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေမည့် အဖိုးတန်မြေပေါ်တွင် စီးပွားရေးလုပ်ဆောင်ခြင်း၊ အိမ်ဆောက်ခြင်းတို့ကို မပြုလုပ်မိရန် လိုအပ်ပါသည်။

**သင်ယူမှု လုပ်ငန်း ၃။ ။** အကယ်၍ ကျောင်းသားများသည် ဇာတ်လမ်းတိုတွင် သရုပ်ဆောင်ရန် သက်သောင့်သက်သာမရှိပါက လှုပ်ရှားသက်ဝင်နေသော တက်ကြွသော နိုင်ငံသား ကိုဖော်ပြသည့် ရယ်ရွှင်ဖွယ်ကာတွန်းဖြင့် ဖော်ပြနိုင်ပါသည်။

**ပြန်လည်ဆန်းစစ်ရန်မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

**မေးခွန်း ၁။** နိုင်ငံသားတို့၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများသည် မည်သည့်အတွက်ကြောင့် အရေးကြီးသနည်း။

***အဖြေ။*** *နိုင်ငံသားတို့၏ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားတို့သည် ကျွန်ုပ်တို့အားလုံး မှီတင်းနေထိုင်သော နိုင်ငံအတွင်း တစ်ဦးနှင့် တစ်ဦးသာမက သဘာဝတရားနှင့် မည်ကဲ့သို့ ယှဉ်တွဲနေထိုင်၊ လုပ်ကိုင်ဆောင်ရွက်ရန်အတွက် လမ်းညွှန်မှုပေးသည့် အရာဖြစ်သောကြောင့် အရေးကြီးပါသည်။*

**မေးခွန်း ၂။** သင်၏ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားတို့အတွက် အစိုးရမှ မည်သည်ကို လုပ်ဆောင်နိုင်သနည်း။

***အဖြေ။*** *အစိုးရ အဖွဲ့သည် ကျွန်ုပ်တို့၏ ရပိုင်ခွင့်ကိုကာကွယ်ပေးနိုင်ပြီးဆောင်ရွက်ချက်များ တရားဝင်စာရွက်စာတမ်းများနှင့် ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားများကို တာဝန်ခံပေး တာဝန်ယူပေးနိုင်ပါသည်။*

**မေးခွန်း ၃။** တက်ကြွသောနိုင်ငံသားများသည် သူတို့၏ အဖွဲ့အစည်း (သို့) နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သည်ကို လုပ်ဆောင်နိုင်သနည်း။

***အဖြေ။*** *သူတို့သည် တိုင်းပြည်ရေးရာများကို သိရှိအောင်နေကြပြီး ဒီမိုကရေစီ အလေ့အကျင့်များကို ကျင့်သုံးခြင်းဖြင့် မိမိတို့၏ အဖွဲ့အစည်းအတွင်း အပြုသဘောဆောင်သည့် အပြောင်းအလဲများဖြစ်ပေါ်ရာတွင် ပါဝင်ကြပါသည်။*

# ၃.၃။ ရပိုင်ခွင့် တာဝန်ဝတ္တရားများနှင့် ပတ်သက်သော မူလတန်းသင်ခန်းစာကို လေ့လာခြင်း။

ယခင် အခန်းငယ်များတွင် ဆရာနှင့် ကျောင်းသားများအနေဖြင့် စာသင်ခန်းအတွင်း ထားရှိရမည့် ရပိုင်ခွင့်နှင့် တာဝန်များ၊ နိုင်ငံသားတစ်ဦးအနေဖြင့် ဤနိုင်ငံအတွင်း ရရှိမည့် ရပိုင်ခွင့်နှင့် တာဝန်များကို လေ့လာပြီးဖြစ်ပါသည်။ နိုင်ငံသားကောင်းတစ်ဦးအနေဖြင့် မည်ကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ရမည် စသည်တို့ကိုလည်း လေ့လာပြီးဖြစ်ပါသည်။ ရပိုင်ခွင့်နှင့် တာဝန်များ၏ ရည်ရွယ်ချက်နှင့် အလေ့အထများကို နားလည်ပြီးဖြစ်ရာ မူလတန်းသင်ခန်းစာမှ ရပိုင်ခွင့်နှင့် တာဝန်တို့၏ ဆိုလိုရင်းကို သင်ကြားရာတွင် သင်၏ ဗဟုသုတကို အသုံးချရန် ဤသင်ခန်းစာမှ သင့်ကို အထောက်အကူပြုပါလိမ့်မည်။ ဤ ရည်မှန်းချက်များကို အောင်မြင်ရန်အတွက် သင်ရိုးရည်မှန်းချက်များကို စိစစ်လေ့လာပြီး သင်ကြားနည်းစနစ်များကို စဉ်းစားခြင်းဖြင့် ရည်မှန်းချက်များကို ရရှိနိုင်ပါသည်။

## ၃.၃.၁။ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားတို့၏ အဓိကဆိုလိုချက်နှင့် ဆိုင်သော မူလတန်းသင်ခန်းစာ။

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မူလတန်းသင်ရိုးမှ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားတို့၏ ရည်ရွယ်ချက်ကို ဆွေးနွေးတတ်မည်။
- မူလတန်းကျောင်းသုံးစာအုပ်များကို ပြန်လည်သုံးသပ်ပြီး မူလတန်းသင်ရိုးညွှန်းတမ်းရှိ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ၏ ခေါင်းစဉ်များကို နားလည်သဘောပေါက်လာမည်။

**ရရှိသွားမည့် တတ်ကျွမ်းမှုများ**

(က)(၁.၂) ကျောင်းသားများ၏ တစ်ဦးချင်း သင်ယူမှုလိုအပ်ချက်နှင့်ကိုက်ညီမည့် သင်ကြားနည်းအမျိုးမျိုးကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသောသင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ)(၁.၂) သင်ကြား၊ သင်ယူမှုတွင် ပညာရေးဆိုင်ရာနည်းပညာများနှင့် နည်းဗျူဟာအမျိုးမျိုးကို အသုံးပြုသင်ကြားနိုင်စွမ်းရှိကြောင်းပြသသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန်တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ** - နှစ်ယောက်တစ်တွဲ လုပ်ဆောင်ခြင်း၊ ဂရပ်ဖစ်ပုံများ အသုံးပြု သင်ယူခြင်း၊ စာဖတ်သရုပ်ခွဲခြင်း ။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ** - ဆရာနှင့် ကျောင်းသားတို့သည် ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ ၃.၃.၁ ကို ကြိုတင်ဖတ်ရှုထားရန် လိုအပ်ပါသည်။ တစ်ဦးချင်းစီ၏ ထင်မြင်ယူဆချက်များကိုလည်း ပြင်ဆင်ထားပါ။

**လိုအပ်သောရင်းမြစ်များ** - မူလတန်း စာရိတ္တနှင့်ပြည်သူ့နီတိ ပြဋ္ဌာန်းစာအုပ် (ဒုတိယတန်းနှင့် တတိယတန်း)၊ ကျောင်းသားကိုင်စာအုပ်၊ လက်ကမ်းစာစောင် (၂)

**သင်ယူမှုလုပ်ငန်းများ**

**သင်ယူမှုလုပ်ငန်း (၁) - နှစ်ယောက်တစ်တွဲ လုပ်ဆောင်ခြင်း (၁၀ မိနစ်)**

၁။ ကျောင်းသားများကို နှစ်ယောက်တစ်တွဲ အုပ်စုဖွဲ့ပါ။

၂။ အောက်ပါ မေးခွန်း၂ ခုကို အပြည့်အစုံရေးပါ။

- သင် ယခုအချိန်ထိ သင်ယူခဲ့သော ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ သင်ခန်းစာမှ မည်သည့်အရာသည် အရေးအကြီးဆုံးဖြစ်သနည်း။ စိတ်ဝင်စားဖွယ် အကောင်းဆုံးနည်း။ အဘယ်ကြောင့်နည်း။
- မူလတန်း စာရိတ္တနှင့် ပြည်သူ့နီတိမှ မည်သည့်ရည်မှန်းချက် လေးခုသည် ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများနှင့် ဆက်စပ်နေသနည်း။ အဘယ့်ကြောင့်နည်း ။

၃။ အဖော် (က) ကို ပထမမေးခွန်း၏ အဖြေကို အဖော် (ခ) နှင့် မျှဝေရန် ခိုင်းပါ။

၄။ အဖော် (ခ) သည် အဖြေကိုရေးချရပါမည်။ ထို့နောက် သူတို့သည် အဖြေကို တစ်ဦးနှင့် တစ်ဦး ဘုံ သဘောတူညီချက် ရသည်ထိ ဆွေးနွေးရပါမည်။

၅။ အခြား အတွဲများကိုလည်း သူတို့၏ အဖြေများကို မျှဝေရန် ခေါ်ပါ။

၆။ အဖော် (က) နှင့် (ခ) တို့၏ အခန်းကဏ္ဍကို အလှည့်ပြောင်းပြီး မေးခွန်း ၂ မှစ၍ တစ်ဖန်ပြန်လည် ဖြေဆိုလုပ်ဆောင်စေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများသည် မေးခွန်းအတွက် ဘုံ (တူညီသော) အဖြေရသည်ထိ လုပ်ဆောင်နေကြသည်ကို စောင့်ကြည့်လေ့လာပါ။ ဤလုပ်ငန်းသည် ယခင်သင်ခန်းစာကို ပြန်လည် သုံးသပ်ရန်နှင့် သူတို့၏ နားလည်မှုကို စစ်ဆေးရန် ရည်ရွယ်ပါသည်။ အတွဲများ အဆင့် ၅ တွင် သူတို့၏ အဖြေများကို မျှဝေကြသည့်အခါ သူတို့သည် ယခင် သင်ခန်းစာမှ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ကောင်းမွန်စွာ သင်ယူခဲ့ခြင်းရှိ/မရှိ စစ်ဆေးပြီး နားလည်မှု လွဲမှားနေပါက နောက်သင်ခန်းစာ ခေါင်းစဉ်သို့ မသွားမီ ပြင်ဆင်ပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

မေးခွန်း ၁။ ကျောင်းသားများတွင် မတူကွဲပြားသော အဖြေများရှိနိုင်ပါသည်။ အဖြေတစ်ခုတည်းသာ သေချာပေါက် မှန်ကန်သည်မရှိသော်လည်း ကျောင်းသား၏ ရှင်းလင်းချက်သည် သင်ခန်းစာ ခေါင်းစဉ်ကို မှန်ကန်စွာနားလည်ကြောင်း ပြသနိုင်ရမည်။

မေးခွန်း ၂။ မူလတန်း စာရိတ္တနှင့်ပြည်သူ့နီတိ၏ ဒုတိယ ရည်မှန်းချက်ဖြစ်သော လူ့အခွင့်အရေးကို လေးစားရန်နှင့် နိုင်ငံသားတို့၏ တာဝန်ဝတ္တရားများကို ပြသနေသည့်အားလျော်စွာ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားတို့နှင့် အကောင်းဆုံး ဆက်စပ်နေပါသည်။

## သင်ယူမှုလုပ်ငန်း (၂) - ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်း (၁၅ မိနစ် )

၁။ ကျောင်းသားများကို ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်တွင် ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများအတွက် အတန်းအလိုက် အကြောင်းအရာ (မာတိကာ) ကို ရည်ညွှန်းပါ ။

၂။ ကျောင်းသားများကို အုပ်စုများခွဲပြီး လက်ကမ်းစာစောင် (၂) ကို ရည်ညွှန်းခိုင်းပါ။

၃။ မူလတန်း ကျောင်းသားများက သင်ရိုးကို လေ့လာနိုင်ရန် လုပ်ဆောင်နိုင်သော လုပ်ငန်းများနှင့် အဆိုပါလုပ်ငန်းများအတွက် အသုံးပြုသော သင်ကြားမှု သင်ယူမှု ချဉ်းကပ်နည်း (သိသည်၊ နားလည်သည်၊ အသုံးချသည်) ကို ကျောင်းသားများအား အကြံပြုခိုင်းပါ။

၄။ ကျောင်းသားများ သူတို့၏စီမံချက်ကို မည်ကဲ့သို့ ရေးဆွဲနိုင်သည်ကို ညွှန်ကြားချက်နှင့် အကြံပြုချက်များပေးပါ။ သင်ကြားမှု သင်ယူမှုဖြစ်စဉ်တွင် သူတို့ ရည်ရွယ်သော ကျောင်းသား၏အဆင့်ကို ပထမဦးစွာ စဉ်းစားခိုင်းပါ။ မိဘကို ကူညီခြင်းဆိုသည်မှာ မည်သို့ အဓိပ္ပာယ်ရှိသည်ကို ကျောင်းသားများ သိနားလည်သော်လည်း အဘယ်ကြောင့် ဤသို့ကူညီလုပ်ဆောင်ရန် အရေးကြီးကြောင်းကို သိပါသလား။ အလုပ်ကို တစိုက်မတ်မတ် ကြိုးစားလုပ်ကိုင်ရန် အရေးကြီးသည်ကို သိသော်လည်း ၎င်းကိုနေ့စဉ်ဘဝတွင် မည်ကဲ့သို့ လက်တွေ့အသုံးချရမည်ကို မသိနားမလည်ခြင်းမျိုးဖြစ်ပါသလား။ သင်ကြားမှု သင်ယူမှု ဖြစ်စဉ်တွင် ကျောင်းသားများ နောက်တစ်ဆင့် သို့ မတက်မီ လက်ကမ်းစာစောင် (၂) မှ သင့်တော်သော လုပ်ငန်းတစ်ခုကို ရွေးချယ်ခိုင်းပါ။ ထိုချဉ်းကပ်နည်းလမ်း (သိသည် ၊ နားလည်သည်၊ အသုံးချသည်) ကို လိုက်နာရန် မည်သည့် သင်ကြားရေးနည်းလမ်းများနှင့် လုပ်ငန်းများကို သူတို့အသုံးပြုမည်နည်း။

၅။ အဖွဲ့များအားလုံးအနေဖြင့် လုပ်ငန်းများဖန်တီးရန် အတူတကွ လုပ်ဆောင်ကြသော်လည်း ကျောင်းသားများအား သူတို့၏ မှတ်စုစာအုပ်များတွင် အဖြေများကို ရေးချစေပါ။

၆။ အုပ်စု ကိုယ်စားလှယ် အချို့အား သူတို့အဖြေများကို မျှဝေပေးရန် ခေါ်ပါ။ သင်၏ ကိုယ်ပိုင် ထင်မြင်ယူဆချက်ကိုလည်း မျှဝေပေးပါ။

## လက်ကမ်းစာစောင် ၂ - ရပိုင်ခွင့်နှင့် တာဝန်များအခန်းပါ အကြောင်းအရာများ

| အတန်း | အကြောင်းအရာ | လုပ်ငန်းနှင့် သင်ကြားရေးနည်းလမ်း |
|---|---|---|
| ပထမတန်း | • မိဘကူရန်။<br>• တာဝန်ကျေပွန်ရန်။<br>• အမှိုက်များကို မှန်ကန်သောနေရာတွင် ပစ်ရန်။<br>• သဘာဝ၏ကောင်းမြတ်မှုကို ကျေးဇူးတင်ရန်။ | |
| ဒုတိယတန်း | • မဆုတ်မနစ်အလုပ်လုပ်ရန်။<br>• အဆင့် (အခန်းကဏ္ဍ)နှင့် တာဝန်ဝတ္တရားများကို နားလည်ရန်။<br>• အမှိုက်များကို မှန်ကန်သောနေရာတွင် ပစ်ရန်။<br>• သဘာဝ၏ကောင်းမြတ်မှုကို ကျေးဇူးတင်ရန်။ | |
| တတိယတန်း | • မိမိတို့ကိုယ်တိုင် ပိုမိုကောင်းမွန်ရေးအတွက် မြင့်မားသော ရည်မှန်းချက်များ ချမှတ်ထားရန်။<br>• အုပ်စုနှင့် လူ့အဖွဲ့အစည်းအတွင်းအဆင့်(အခန်းကဏ္ဍ) နှင့် တာဝန်ဝတ္တရားများကို နားလည်ရန်။<br>• မိမိကိုယ်ကို နားလည်ပြီး မိမိအားနည်းချက်ကို တိုးတက်စေရန်။<br>• သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ပါ၊ ထိန်းသိမ်းပါ။<br>• သက်ရှိများနှင့် သဘာဝရင်းမြစ်များကို ဂရုစိုက်ပါ။<br>• လျှော့ချပါ၊ ပြန်သုံးပါ၊ ပြန်လည်အသစ်ဖန်တီးပါ။ | |

| | | |
|---|---|---|
| စတုတ္ထတန်း | • မိမိတို့ကိုယ်တိုင် ပိုမိုကောင်းမွန်ရေးအတွက် မြင့်မားသော ရည်မှန်းချက်များ ချမှတ်ထားရန်။<br>• မိမိကိုယ်ကိုနားလည်ပြီး မိမိအားနည်းချက်ကို တိုးတက်စေရန်။<br>• လွတ်လပ်စွာ စဉ်းစားရန်။<br>• တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရန်။<br>• အုပ်စုနှင့် လူ့အဖွဲ့အစည်းအတွင်း အဆင့်(အခန်းကဏ္ဍ) နှင့် တာဝန်ဝတ္တရားများကို နားလည်ရန်။<br>• အကန့်အသတ်ဖြင့်သာရရှိနိုင်သော ရင်းမြစ်များကို အလွန်အကျွံသုံးစွဲခြင်းမှ ရှောင်ကြဉ်ရန်နှင့် သဘာဝကို တန်ဖိုးထားတတ်ရန်။<br>• သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန်နှင့် ထိန်းသိမ်းရန်။<br>• သက်ရှိများနှင့် သဘာဝရင်းမြစ်များကို ဂရုစိုက်ရန်။ | |
| ပဉ္စမတန်း | • မိမိကိုယ်ကိုနားလည်ပြီး မိမိအားနည်းချက်ကို တိုးတက်စေရန်။<br>• လွတ်လပ်စွာ စဉ်းစားရန်။<br>• တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရန်။<br>• အကန့်အသတ်ဖြင့်သာရရှိနိုင်သော ရင်းမြစ်များကို အလွန်အကျွံသုံးစွဲခြင်းမှ ရှောင်ကြဉ်ရန်နှင့် သဘာဝကို တန်ဖိုးထားတတ်ရန်။<br>• သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန်နှင့် ထိန်းသိမ်းရန်။<br>• သက်ရှိများနှင့် သဘာဝရင်းမြစ်များကို ဂရုစိုက်ရန်။ | |

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူစဉ်စစ်ဆေးခြင်းကို အဆင့် ၅ တွင် လုပ်ဆောင်ပါသည်။ ကျောင်းသားများသည် သင်ယူမှု လုပ်ငန်းများနှင့် သင်ကြားမှုနည်းလမ်းများကို အကြံပြုခဲ့ပါသလား။ သူတို့ အဆိုပြုထားသော အကြံဉာဏ်များသည် ထိရောက်ပုံရပါသလား။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အဖြေအမျိုးမျိုး ဖြစ်နိုင်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

၁။ ကျောင်းသားများကို သူတို့၏ မှတ်စုစာအုပ်တွင် အကွက် တစ်ကွက် ဆွဲခိုင်းပါ။
၂။ သင်ပုန်းပေါ်တွင် အောက်ပါမေးခွန်းကို ရေးပါ။
"အတန်းမြင့်လာသည်နှင့်အမျှ ရပိုင်ခွင့်၊ တာဝန်ဝတ္တရားများနှင့် ပတ်သက်သည့် သင်ယူမှု ရည်ရွယ်ချက်များ မည်ကဲ့သို့ ပြောင်းလဲလာသနည်း။"
၃။ ကျောင်းသားများကို သူတို့၏ ကျောင်းသားကိုင်စာအုပ်ကို ပြန်လည်ရည်ညွှန်းခိုင်းပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ အချင်းချင်းထံမှ သင်ယူမှုကို မြှင့်တင်ပေးရန် ယုံကြည်ချက် မြင့်မားသော ကျောင်းသားကို ယုံကြည်မှု အားနည်းသော ကျောင်းသားနှင့် တွဲဖက်ပေးပါ။

**သင်ယူမှုလုပ်ငန်း ၂။** ။ အခြားနည်းလမ်းအနေဖြင့် ကျောင်းသားများအား အတန်းအလိုက် ရည်မှန်းချက်များကိုကြည့်စေပြီး ရည်မှန်းချက်များ ပေါက်မြောက်အောင် ပံ့ပိုးပေးသော သင်ယူမှု လုပ်ငန်းများကို ဖန်တီးစေပါ။

| အတန်းများ | သင်ယူမှုရည်မှန်းချက်များ | လုပ်ငန်းများ |
|---|---|---|
| ပထမတန်း | | |
| ဒုတိယတန်း | | |
| တတိယတန်း | | |
| စတုတ္ထတန်း | | |
| ပဉ္စမတန်း | | |

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** ပထမတန်းကျောင်းသားများအတွက် ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို သင်ယူရခြင်း၏ ရည်ရွယ်ချက်ကို ရေးပါ။

***အဖြေ။*** *လူတစ်ဦးတစ်ယောက် ၏ ရပိုင်ခွင့်နှင့် တာဝန်များကို သိလာရန်။*

**မေးခွန်း ၂။** သဘာဝနှင့် စကြဝဠာကို ကျွန်ုပ်တို့ မည်ကဲ့သို့ သဘောထားယူဆသည် ဟူသောအချက်သည် သင်ခန်းစာ၏ မည်သည့် အပိုင်းနှင့် ဆက်စပ်နေပါသနည်း။

***အဖြေ။***

- *အမှိုက်များကို မှန်ကန်သောနေရာတွင် ပစ်ရန်။*
- *သဘာဝကို ကျေးဇူးတင်ရန်။*
- *လျှော့ချပါ၊ ပြန်သုံးပါ၊ ပြန်လည်အသစ်ဖန်တီးပါ။*
- *သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်ရန်နှင့် ထိန်းသိမ်းရန်။*
- *သက်ရှိများနှင့် သဘာဝရင်းမြစ်များကို ဂရုစိုက်ရန်။*
- *အကန့်အသတ်ဖြင့်သာ ရရှိသောရင်းမြစ်များကို အလွန်အကျွံသုံးစွဲခြင်းမှ ရှောင်ကြဉ်ရန်နှင့် သဘာဝကို တန်ဖိုးထားတတ်ရန်။*

# အခန်းဆုံးအနှစ်ချုပ်

### အဓိကအချက်များ

- ဆရာများသည် ကျောင်းသားများ၏ သင်ယူမှုအတွက် ကြီးမားစွာ တာဝန်ရှိပါသည်။ မည်သည့် သင်ခန်းစာများကို မည်သို့သင်မည်ဟု ပြောရေးဆိုခွင့်ရှိသည်နှင့်အညီ အရည်အသွေးပြည့်မီသော ပညာရေးကို ဆက်လက်ထိန်းသိမ်းဖြန့်ဝေရပါသည်။

- ဆရာနှင့် ကျောင်းသားတို့သည် အပြန်အလှန်လေးစားမှုရှိပြီး တစ်ဦး၏ ရပိုင်ခွင့်ကို ကာကွယ်ပေးရန် ကျန်တစ်ဦးတွင် တာဝန်ရှိပါသည်။

- ရပိုင်ခွင့်သည် တာဝန်ယူမှုနှင့် ဒွန်တွဲနေပါသည်။

- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု သာမက လူမှုရေး၊ ယဉ်ကျေးမှု စသည်တို့ပါဝင်သော ဘဝ၏ အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပါသည်။

- နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် ပံ့ပိုးပါဝင်ကြသော နိုင်ငံသားကောင်းများဆိုသည်မှာ တိုင်းပြည်၏ အရေးအရာများကို စိတ်ပါဝင်စားကြပြီး နိုင်ငံသားတစ်ဦး၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို နားလည်ကျင့်သုံးသည်။ နိုင်ငံအတွင်း နေထိုင်ကြသော နိုင်ငံသားများအတွက် အပြုသဘောဆောင်သည့် အပြောင်းအလဲများကို ဖော်ဆောင်ဖန်တီးရာတွင် လူ့အဖွဲ့အစည်း၏ အလွှာအသီးသီးတွင် ပါဝင်နေလျက်ရှိပြီး ဒီမိုကရေစီ နိုင်ငံတစ်နိုင်ငံအတွင်း တက်ကြွသော နိုင်ငံသားကောင်းဖြစ်ရန် အနာဂတ် မျိုးဆက်သစ်များကို လမ်းညွှန်ပေးသည်။

- ရပိုင်ခွင့်၊ တာဝန်ဝတ္တရားများနှင့် ပတ်သက်သော သင်ခန်းစာကို သင်ယူခြင်း၏ ရည်ရွယ်ချက်များမှာ မိမိကိုယ်တိုင်၏ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို နားလည်ခြင်းမှ အခြေခံ၍ အဆင့်အတန်း မြင့်မားလာသည်နှင့်အမျှ အခြားသူများ၏ ရပိုင်ခွင့်ကို လေးစားတတ်စေရန်ဖြစ်ပါသည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

ဆရာများသည် သင်ယူမှုတွင် ကျောင်းသားအားလုံးပါဝင်လာစေရန်၊ ကျောင်းသားများ၏ အမျိုးမျိုးသော သင်ယူမှုလိုအပ်ချက်နှင့် နောက်ခံအခြေအနေတို့ကို ထည့်သွင်းစဉ်းစားလျက် ကျောင်းသား အားလုံးပါဝင်ရေးကို တိုက်တွန်းပေးရန် တာဝန်ရှိပါသည်။ ဤ အရာနှင့် စပ်လျဉ်း၍ သင်သည် တာဝန်သိသော ဆရာတစ်ဦးဖြစ်စေရန် မည်သည်ကို ပြုလုပ်မည်နည်း။

ဖော်ပြထားသော ဆရာတစ်ဦး၏ တာဝန်ဝတ္တရားများတွင် ဆရာများကို သူတို့၏ သင်ကြားမှုဆိုင်ရာ တတ်ကျွမ်းမှုနှင့် နည်းလမ်းများကို တက်ကြွစွာ ရယူကာ ဆရာအတတ်ပညာဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် ဦးဆောင်လမ်းညွှန်ပေးသူ ဖြစ်လာစေရန် ဟုပါဝင်ပါသည်။ ဤအရာနှင့် စပ်လျဉ်း၍ သင်သည် တာဝန်သိသော ဆရာတစ်ဦးဖြစ်စေရန် မည်သည်ကို လုပ်ဆောင်မည်နည်း။

သင်၏ကျောင်းသားများအတွက် တက်ကြွသော နိုင်ငံသားတစ်ဦးအနေဖြင့် စံနမူနာပြပုဂ္ဂိုလ်ဖြစ်လာ စေရန် သင်မည်သည်ကို လုပ်ဆောင်နိုင်မည်နည်း။

မဲပေးခွင့်မရသေးသော်လည်း တက်ကြွသော နိုင်ငံသားကောင်းများ ဖြစ်လာစေရန် မူလတန်း ကလေးများသည် သူတို့၏ အသက်အရွယ်တွင် မည်သည်တို့ကို လုပ်နိုင်သည်ကို စဉ်းစားပါ။ ကလေးတစ်ဦးအနေဖြင့် တက်ကြွသောနိုင်ငံသားကောင်းဖြစ်စေရန် မည်သည့် စာသင်ခန်းတွင်း လုပ်ငန်း (သို့) လက်တွေ့ဘဝစီမံချက်ကို သင်နှင့် သူတို့အတူတကွ ဆောင်ရွက်နိုင်မည်ကို စဉ်းစားပါ။

ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ၏ ရည်မှန်းချက်များ အတန်းအလိုက် ပြောင်းလဲသွားသည်ကို သင်မည်ကဲ့သို့ နားလည်သနည်း။ ဤပြောင်းလဲမှုက ပဉ္စမတန်းကို သင်ကြားမည့် အကြောင်းအရာ နှင့် ပထမတန်းကို သင်ကြားမည့် အကြောင်းအရာတို့ကို သင်နှိုင်းယှဉ်သောအခါ သင့်အား မည်သည့်အရာများကို ပြောပြနေသနည်း။

## ဆက်လက်ဖတ်မှတ်စရာများ

၃.၁။

Gyi, A. M., & Yaung, S. La. (n.d.). *Moral and civic, primary, basic human duty and responsibility.*

Tin, M. (n.d.). *Citizen: The modern politician and education. (Burmese).*

United Nations Children's Fund Myanmar,Point B design and training. (2017)*: A guide to becoming a twenty-first century teacher.*

၃.၂။

Thin, M. (n.d.). *Kyaung Sayar and country protection.*

Wong, K., & McLaughlin, R. (n.d.). *Active citizenship: A civic education course for Myanmar.* Retrieved from https://www.moteoo.org/sites/moteoo.org/files/product_docs/active-citizenship-eng-sb-for-web-dl_1.pdf

၃.၃။

Japan International Cooperation Agency. (n.d.). *Morality and civics primary student textbooks (G1 – G5)*. Unpublished manuscript.

အခန်း ၄

# စည်းကမ်း

ကျွန်ုပ်တို့သည် မလုပ်ဆောင်သင့်သည့် အရာတစ်ခုခုကို လုပ်ဆောင်လိုသည့်အချိန်အခါ သို့မဟုတ် လုပ်ဆောင်သင့်သည့်အရာတစ်ခုခုကို မလုပ်ဆောင်လိုသည့်အချိန်အခါများကို ကြုံတွေ့ခဲ့ရပြီး ဖြစ်သည်။ ကျွန်ုပ်တို့ စိတ်မဝင်စားသည့် ဥပဒေစည်းမျဉ်းများကို လိုက်နာရန် ကြီးစွာသော ဆန္ဒစွမ်းအားနှင့် စည်းကမ်းများ လိုအပ်သည်။ ဤအခန်းတွင် စည်းကမ်းနှင့် သက်ဆိုင်သော အကြောင်းအရာများ၊ နည်းဥပဒေစည်းမျဉ်းများနှင့် ကျွန်ုပ်တို့၏အတွေ့အကြုံများကို ပြန်လည်ဆင်ခြင်ရန် အားပေးခြင်းနှင့် ကျောင်းသားများ၏ အတွေ့အကြုံများကို စဉ်းစားခြင်း အကြောင်းများကို အတွင်းကျကျ စိစစ်သုံးသပ်ထားသည်။ ဤအခန်းသည် နည်းဥပဒေ စည်းမျဉ်းများ၏ ရည်ရွယ်ချက်နှင့် ယင်းတို့ကို ချိုးဖောက်ခြင်း၏ အကျိုးဆက်များကို ဖော်ထုတ်ရာဖွေလျက် နည်းဥပဒေစည်းမျဉ်းများအကြောင်း လေ့လာနိုင်စေမည်ဖြစ်သည်။ ထို့အပြင် ဤအခန်းသည် စည်းကမ်းအကြောင်း ချဉ်းကပ်သော နည်းလမ်း(၂)ခုဖြင့် နည်းဥပဒေစည်းမျဉ်းများကို မည်သို့ လက်ခံသည်၊ စည်းကမ်းလိုက်နာရန်အတွက် လိုအပ်သော စိတ်သဘောထား၊ အရည်အသွေးနှင့် အပြုအမူများကို မူလတန်းကျောင်းသားများ၏ စိတ်အတွင်းသို့ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားပို့ချမှုတို့ဖြင့် မည်သို့ သွတ်သွင်းပေးမည် ဆိုသည်ကို ဆွေးနွေးမည်ဖြစ်သည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

### ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းနှင့် စည်းကမ်း၏ အဓိပ္ပာယ်ကို ဖော်ပြတတ်မည်။
- နိုင်ငံသားကောင်းနှင့် ဆရာကောင်းတစ်ဦးဖြစ်လာစေရန် ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းသည် မည်ကဲ့သို့ အခြေခံအချက်ဖြစ်သည်ကို နားလည် သဘောပေါက်လာမည်။
- စည်းမျဉ်းနှင့် နည်းဥပဒေများ၏ အဓိပ္ပာယ်သတ်မှတ်ချက်နှင့် ယင်းတို့စည်းကမ်းနှင့် ဆက်စပ်ပုံကို ဖော်ပြတတ်မည်။
- ဆရာကောင်းတစ်ဦးဖြစ်လာစေရန် စည်းမျဉ်းနှင့် နည်းဥပဒေများလိုအပ်ပုံကို ဆွေးနွေး တတ်မည်။
- ဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ၎င်းသည် စည်းမျဉ်း၊ နည်းဥပဒေများနှင့် မည်သို့ဆက်စပ် နေသည်ကို နားလည်သဘောပေါက်လာမည်။
- အမျိုးသားပညာရေးဥပဒေ၏ အရေးပါမှုနှင့် ထိုဥပဒေ၏ ပညာရေးဆိုင်ရာ အလေ့ အကျင့်များတွင် အကျိုးသက်ရောက်မှုများကို ဆွေးနွေးတတ်မည်။

# ၄.၁။ နိုင်ငံသားကောင်းတစ်ဦးအနေဖြင့် ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်း

နည်းဥပဒေစည်းမျဉ်းများသည် ကျွန်ုပ်တို့အား လွတ်လပ်စွာနှင့် ပျော်ရွှင်စွာနေထိုင်ခြင်းကို တားမြစ်ကန့်သတ်သည့် မလိုလားအပ်သော အရာတစ်ခုအဖြစ် ကျွန်ုပ်တို့မှတ်ယူလေ့ရှိသည်။ အမှန်တွင် ယင်းနှင့် ပြောင်းပြန်ဖြစ်ပြီး၊ နည်းဥပဒေစည်းမျဉ်းများသည် လူတိုင်း မိမိတို့ကြိုက်သလိုပြုမူနေထိုင်ကြစဉ် ပရမ်းပတာ နှင့်အန္တရာယ်များသော အခြေအနေတွင် နေထိုင်ရာ၌ စိုးရိမ်ပူပန်မှုများမှ ကင်းဝေးစေနိုင်သည်။ ဤအခန်းငယ်တွင် ကျောင်းသားများအနေဖြင့် ကျွန်ုပ်တို့၏နေ့စဉ်ဘဝအပေါ် သက်ရောက်မှုရှိသော လူတစ်ဦးချင်းနှင့်ဆိုင်သည့် အစိုးရ၏ နည်းဥပဒေစည်းမျဉ်းများအပြင် အဆိုပါနည်းဥပဒေများ ချမှတ်ပြဋ္ဌာန်းရေးနှင့် လိုက်နာစေရေးဆိုင်ရာ နောက်ခံအကြောင်းရင်းများကို သိမြင်နားလည်စေရန် သင်ယူရမည်ဖြစ်သည်။ကျွန်ုပ်တို့၏ ပြုမူနေထိုင်မှုများကို လမ်းညွှန်ပေးသည့် နည်းဥပဒေ စည်းမျဉ်းများ မရှိသည့်အခါတွင် ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းသည် မည်သို့ အရေးပါသည်ကိုလည်း ကျောင်းသားများ လေ့လာရမည်ဖြစ်သည်။

## ၄.၁.၁။ ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းနှင့် စည်းကမ်းတို့ကို နားလည်ခြင်း

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းနှင့် စည်းကမ်း၏အဓိပ္ပာယ်ကို ဖော်ပြတတ်မည်။
- နိုင်ငံသားကောင်းနှင့် ဆရာကောင်းတစ်ဦးဖြစ်လာစေရန် ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းသည် မည်ကဲ့သို့ အခြေခံအချက်ဖြစ်သည်ကို နားလည်သဘောပေါက်လာမည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်းပြသသည်။

**အချိန်** - မိနစ်(၅၀)ကြာ စာသင်ချိန်တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ-** တွေး-တွဲ-မျှဝေ သင်ယူခြင်း၊ ဂရပ်ဖစ်ပုံများအသုံးပြု သင်ယူခြင်း (T-ပုံစံဇယားကွက်)၊ ဆရာက ဦးဆောင်ညွှန်ကြားသောလုပ်ငန်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ** - ဆရာနှင့်ကျောင်းသားများသည် ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ ၄.၁.၁ ကို ကြိုတင်ဖတ်ရန်လိုအပ်သည်။

**လိုအပ်သောရင်းမြစ်များ-** ကျောင်းသားကိုင်စာအုပ်၊ လက်ကမ်းစာစောင် (၃) ။

**သင်ယူမှုလုပ်ငန်းများ**

**သင်ယူမှုလုပ်ငန်း (၁) - တွေး-တွဲ-မျှဝေ သင်ယူခြင်း (၁၅-မိနစ်)**

၁။ ကျောင်းသားများအား စည်းကမ်း၏ အဓိပ္ပာယ်ကို ၎င်းတို့နားလည်သလို ၎င်းတို့စကားလုံးဖြင့် ရေးသားဖော်ပြစေပါ။ ၎င်းတို့၏ အဖြေများကို သင်ပုန်းပေါ်တွင်ရေးသားပါ။

၂။ ကျောင်းသားကိုင်စာအုပ်မှ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သင်ပုန်းပေါ်တွင် ရေးသားထားပါ - "စည်းမျဉ်းဥပဒေနှင့် ပြစ်ဒဏ်များဖြင့် လူများ၏အပြုအမူကို ထိန်းကျောင်းခြင်း"။

၃။ စည်းကမ်းသည် ဆရာ၊ ကျောင်းသားနှင့် နိုင်ငံသားတစ်ဦးအတွက် အဘယ်ကြောင့် လိုအပ်ရကြောင်း ကျောင်းသားများကို စဉ်းစားဆင်ခြင်စေပါ။ ထို့အပြင် ဆရာ၊ ကျောင်းသားနှင့် နိုင်ငံသားများ၏ လုပ်ဆောင်ချက်များကို ဥပဒေနှင့် ပြစ်ဒဏ်များဖြင့် အဘယ်ကြောင့် ထိန်းချုပ်ထားရသနည်း။

၄။ ကျောင်းသားများအား ၎င်းတို့၏အဖြေများကို ၎င်းတို့၏မှတ်စုစာအုပ်တွင်ရေးသားစေပါ။

၅။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲတွဲပေးပြီး ၎င်းတို့၏သဘောထား အယူအဆများကို တစ်ဦးနှင့်တစ်ဦး ဝေမျှစေပါ။

၆။ ကိုယ်စားလှယ်များကို ဆရာ့စည်းကမ်း၊ ကျောင်းသားစည်းကမ်း၊ နိုင်ငံသားစည်းကမ်းတို့နှင့် စပ်လျဉ်း၍ ၎င်းတို့၏ အတွေးအမြင်ကို ဝေမျှရန် ဖိတ်ခေါ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အဆင့်(၁)အတွက် ကျောင်းသား၏အဖြေများသည် စည်းကမ်းနှင့်ပတ်သက်၍ ၎င်းတို့ လက်ရှိသိနားလည်ထားမှုအတွက် သဲလွန်စကို ဖော်ပြပေးသည်။ အကယ်၍ကျောင်းသားများသည် ကောင်းစွာနားလည်သိရှိကြောင်း ၎င်းတို့ကမပြသနိုင်လျှင် ၎င်းတို့သည် နောက်အဆင့်တစ်ခုတွင် အခက်အခဲတွေ့နိုင်သည်။ ဖော်ပြပေးထားသောအဖြေများကို သုံးသပ်ခြင်းဖြင့် အဆင့် (၆)တွင် စည်းကမ်းသည်အဘယ်ကြောင့် အရေးပါရသနည်းဆိုသည့် အချက်အပေါ် ၎င်းတို့၏ နားလည်ပုံကို စစ်ဆေးသုံးသပ်ပါ။

ကျောင်းသားများက ဆရာတစ်ဦး၊ ကျောင်းသားတစ်ဦး သို့မဟုတ် နိုင်ငံသားတစ်ဦးအနေဖြင့် စာသင်ခန်းအတွင်းနှင့် နေ့စဉ်ဘဝတွင် စည်းကမ်းကို ကောင်းကျိုးအတွက် မည်သို့အသုံးပြုရမည်ကို ရှင်းပြနိုင်ပါသလား။

## ကျောင်းသားများ၏ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် ဆရာ၊ ကျောင်းသားနှင့် နိုင်ငံသားများ၏ လုပ်ဆောင်ချက်အချို့ကို ထိန်းသိမ်းရန် အဘယ်ကြောင့်လိုအပ်ရသည်ကို ဝေမျှမည်ဖြစ်သည်။ ဥပမာ - အကယ်၍ ဆရာများအား အချိန်မှန်လုပ်ဆောင်စေသည့် စည်းမျဉ်းဥပဒေများ မရှိလျှင် ဆရာများက အတန်းကို ၎င်းတို့ကြိုက်သည့် အချိန်တွင် စတင်နိုင်ပြီး၊ စာသင်ချိန်ကာလသည် သတ်မှတ်အချိန်ဇယား ထက်ကျော်လွန်သွားနိုင်သည်။ ကျောင်းသားများအား အတန်းထဲတွင်သင်ယူရာ၌ အာရုံစိုက်ရန် အားပေးသည့်စည်းမျဉ်း ဥပဒေနှင့် ပြစ်ဒဏ်များမရှိလျှင် ကျောင်းသားများသည် စာသင်ခန်းအတွင်း နေအိမ်တွင် ကဲ့သို့ ပြုမူနေထိုင်နိုင်ပြီး မည်သည့်သင်ယူမှုမျှ လုပ်ဆောင်နိုင်မည်မဟုတ်ပေ။ လိုက်နာရန် စည်းကမ်းဥပဒေများမရှိသောကြောင့် မော်တော်ယာဉ်များကို ဂရုမစိုက်ပဲ မောင်းနှင်သည့်အခါ နိုင်ငံသားများသည် အသက်ဘေးအန္တရာယ်နှင့် ကြုံတွေ့ရနိုင်သည်။

## သင်ယူမှုလုပ်ငန်း (၂) - ဂရပ်ဖစ်ပုံများအသုံးပြုသင်ယူခြင်း (T ပုံစံဇယားကွက်) (၂၀ မိနစ်)

၁။ ကျောင်းသားများကို စည်းကမ်းကြပ်မတ်လိုသော်လည်း ၎င်းတို့ကိုယ်တိုင် ကိုယ့်စည်းကမ်းနှင့် ကိုယ်နေထိုင်တတ်ရန် လိုလားပါကြောင်း စာသင်ခန်းထဲတွင် အသိပေးရှင်းပြပါ။ ကျောင်းသားများအား စည်းကမ်းနှင့် ကိုယ့်စည်းကမ်းနှင့် ကိုယ်ပြုမူနေထိုင်ခြင်း အကြား ခြားနားချက်များကို ဝေမျှစေပါ။

၂။ ကျောင်းသားကိုင်စာအုပ်မှ ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်သော "တစ်ကိုယ်ရေတိုးတက်ဖွံ့ဖြိုးလိုသော အတွင်းစိတ်မှဖြစ်ပေါ်သည့် ဆန္ဒအပေါ်အခြေခံလျက် မိမိကိုယ်မိမိ ထိန်းချုပ်နိုင်စွမ်း" ကိုပြသပါ။

၃။ ကျောင်းသားများအား ၎င်းတို့၏ကျောင်းသားကိုင်စာအုပ်မှ စည်းကမ်းကြပ်မတ်ရေးနည်းလမ်းနှစ်ခု ဖြစ်သော စည်းကမ်းလိုက်နာမှု မြှင့်တင်ပေးခြင်းနှင့် ကိုယ့်စည်းကမ်းနှင့် ကိုယ်ပြုမူနေထိုင်ခြင်း အကြောင်း ဖော်ပြထားသည့်အခန်းများကို ပြန်လည်သုံးသပ်စေပါ။

၄။ ဆရာဗဟိုပြုနှင့် ကျောင်းသားဗဟိုပြု စည်းကမ်းကြပ်မတ်ရေး နည်းလမ်းများကို ရေးသားရန် သင်ပုန်းပေါ်တွင် စာတိုင်/ ကော်လံနှစ်ခု ရေးဆွဲပါ။ ကျောင်းသားများအား နည်းလမ်းနှစ်ခု အကြားခြားနားချက်များကို ၎င်းတို့၏ နည်းစနစ်များ၊ အားသာချက်နှင့် အားနည်းချက်များကို ဆင်ခြင်စဉ်းစားလျက် ဖော်ပြစေပါ။

၅။ လူကြီးသူမများ မရှိသည့် အခြေအနေနှင့် ကျောင်းသား၏အပြုအမူကို ထိန်းကျောင်းလမ်းညွှန်ပေးသည့် ဥပဒေစည်းမျဉ်းများ အထင်အရှားမရှိသည့် အခြေအနေများတွင် ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းအလေ့အထဖွံ့ဖြိုးရေးသည် အဓိကကျကြောင်း အလေးပေးလျက် ၎င်းတို့၏ အဖြေများကို သင်ပုန်းပေါ်တွင် ရေးသားပါ။ အခြားတစ်ဘက်တွင် အပြုသဘောဆောင်သော သို့မဟုတ် မလိုလားအပ်သော အနုတ်လက္ခဏာဆောင်သော စည်းကမ်းလိုက်နာစေသည့်နည်းလမ်းကို အသုံးပြုခြင်း သည် ကျောင်းသား၏အပြုအမူကို ပြင်ဆင်ရန်လိုအပ်သော အခြေအနေနှင့် အခြားသူများ၏ လုံခြုံမှုကို ခြိမ်းခြောက်နိုင်သည့် ကြီးလေးသော ပြစ်မှုများအတွက် ထိရောက်မှု ရှိပေသည်။

| | ဆရာဗဟိုပြု | ကျောင်းသားဗဟိုပြု |
|---|---|---|
| နည်းစနစ် | | |
| အားသာချက် | | |
| အားနည်းချက် | | |

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူစဉ်စစ်ဆေးခြင်းကို အဆင့်(၄)တွင်ပြုလုပ်သည်။ ကျောင်းသားများက စည်းကမ်းလိုက်နာမှုကို မြှင့်တင်ပေးသည့် ဆရာဗဟိုပြုနည်းလမ်းနှင့် ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းကို မြှင့်တင်ပေးသည့် ကျောင်းသားဗဟိုပြုနည်းလမ်းတို့အကြား ကွာခြားချက်များကို ဖော်ထုတ်နိုင်ပါသလား။ ၎င်းတို့အနေဖြင့် ယင်းနည်းလမ်းများသည် အဘယ်ကြောင့်ထိရောက်မှုရှိသည် သို့မဟုတ် ထိရောက်မှုမရှိ ဆိုသည်ကို ဖော်ထုတ်နိုင်ပါသလား။

## ကျောင်းသားများ၏ဖြစ်နိုင်ခြေရှိသောအဖြေများ

ဥပမာ -

| | ဆရာဗဟိုပြု (စည်းကမ်း) | ကျောင်းသားဗဟိုပြု (ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်း) |
|---|---|---|
| နည်းစနစ် | ကျောင်းသား၏ အပြုအမူကို ထိန်းကျောင်းရန်နှင့် ပြောင်းလဲရန် ဆုပေးဒဏ်ပေးစနစ်ကို အသုံးပြုပါ။ | ကျောင်းသားများအား ၎င်းတို့၏ အပြုအမူ အပေါ် ပြန်လည်ဆင်ခြင်ရန်နှင့် ၎င်းတို့ ရွေးချယ်မှု၏ ရလဒ်များကို စဉ်းစားရန် အားပေးပါ။ |

| | | |
|---|---|---|
| **အားသာချက်များ** | ကျောင်းသား၏ အပြုအမူကို ပြင်ဆင်ရန်လိုအပ်သောအခြေအနေနှင့် အခြားသူများ၏ လုံခြုံမှုကိုခြိမ်းခြောက်နိုင်သည့်ကြီးလေးသော ပြစ်မှုကျူးလွန်မှုများအတွက် ထိရောက်မှု ရှိပေသည်။ | အတွင်းစိတ်တွင် ထိန်းချုပ်မှုဖွံ့ဖြိုးရန် ကူညီသည်။ လူကြီးသူမများမ ရှိသည့် အခြေအနေ၊ ကျောင်းသား၏ အပြုအမူကို ထိန်းကျောင်း လမ်းညွှန်ပေးသည့် ဥပဒေ စည်းမျဉ်းနှင့် နောက်ဆက်တွဲများ အထင်အရှားမရှိသည့်အခြေအနေနှင့် ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်း အလေ့အထ ဖွံ့ဖြိုးရေးအတွက် အသုံးဝင်သည်။ |
| **အားနည်းချက်များ** | ဤနည်းလမ်းသည် ကျောင်းသား၏ တာဝန်ယူမှုစိတ်ဓာတ်ကို တိုးတက်စေခြင်းမရှိသည့်အတွက် ယာယီမျှသာ ထိရောက်မှုရှိပြီး၊ ဒေါသစိတ်၊ စိတ်ပျက်မှုနှင့် မကျေမချမ်းမှုကို ဖြစ်စေပြီး အနုတ်လက္ခဏာ ဆောင်သော ကျောင်းပတ်ဝန်းကျင်ကိုသာ ဖန်တီးစေသည်။ | စာရိတ္တအပေါ် နားလည်သိရှိမှုဖွံ့ဖြိုးမှုမရှိသေးသည့် သို့မဟုတ် ဆိုးဝါးသောအပြုအမူဆိုင်ရာပြဿနာများရှိသည့် ငယ်ရွယ်သူ ကျောင်းသားများနှင့် အလုပ်မဖြစ်နိုင်။ |

## သင်ယူမှုလုပ်ငန်း (၃) - ဆရာက ဦးဆောင်ညွှန်ကြားသောလုပ်ငန်း (၁၅ မိနစ်)

၁။ နိုင်ငံသားကောင်းများသည် ကိုယ်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်း အလေ့အထရှိရန် အဘယ်ကြောင့် လိုအပ်ကြောင်းကို ကျောင်းသားများအားမေးမြန်းပါ။

၂။ ဤလုပ်ငန်းတွင် ကျောင်းသားများအား ၎င်းတို့သည် အဘယ်မျှ ကိုယ်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ကြောင်း စဉ်းစားဆင်ခြင်ရန် ရှင်းပြပါ။ ကျောင်းသားများအား ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်မှ လက်ကမ်းစာစောင် (၃) ရှိ မေးခွန်းပုံစံ 'သင့်စည်းကမ်းကို ဆန်းစစ်လေ့လာပါ' တွင်ဖြည့်သွင်းစေပါ။ အချို့သောလုပ်ဆောင်မှုများအတွက် ၎င်းတို့ကို လိုက်နာဆောင်ရွက်စေသော တရားဝင်စည်းမျဉ်း၊ နည်းဥပဒေများမရှိကြောင်း ရှင်းပြပါ။ ဆန်းစစ်လေ့လာမှုဟူသည် စည်းမျဉ်း သို့မဟုတ် နည်းဥပဒေများ ချမှတ်ထားခြင်းမရှိလျှင်ပင် ကျောင်းသားများသည် အဘယ်မျှ ကိုယ့်စည်းကမ်းနှင့် ကိုယ် နေထိုင်ကြောင်း အကဲဖြတ်ခြင်းဖြစ်သည်။

၃။ ဖော်ပြချက်တစ်ခုစီအတွက် M၊ S သို့မဟုတ် N အမှတ်အသားများဖြင့် ကျောင်းသားများအား ၎င်းတို့၏အဖြေများကို ဖော်ပြရန်ညွှန်ကြားပါ။ M = ၃ မှတ်၊ S = ၂ မှတ် နှင့် N = ၁ မှတ် ဖြစ်ပြီး ရမှတ်အားလုံးကို ဆန်းစစ်လေ့လာမှုအပြီးတွင် စုပေါင်းဖော်ပြပါ။

၄။ လုပ်ငန်းပြီးစီးသည့်အခါ ကျောင်းသားများအား ၎င်းတို့သည် အဘယ်မျှကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်သည်ဟု ထင်မြင်ကြောင်း သိရှိရန်၎င်းတို့၏ အဖော်များနှင့်ရလဒ်များကို ဝေမျှစေပါ။ ထို့နောက် ကျောင်းသားများက အလုပ်လုပ်ရန်လိုအပ်သော နယ်ပယ်များ အကြောင်းနှင့်၊ ကိုယ့်စည်းကမ်းနှင့်ကိုယ် ပိုမိုနေထိုင်နိုင်အောင် မည်သို့ လုပ်ဆောင်ရမည်ကို ဆွေးနွေးသည်။

၅။ ကျောင်းသားအနည်းငယ်ကို ၎င်းတို့၏ ရလဒ်များအကြောင်း ဝေမျှရန် ဖိတ်ခေါ်ပါ။ ကျောင်းသားများအား ၎င်းတို့၏ ကိုယ့်စည်းကမ်းနှင့်ကိုယ်ပြုမူ နေထိုင်ခြင်း အလေ့အထကို တိုးတက် ကောင်းမွန်စေမည့် နည်းလမ်းများအကြောင်း ဆက်လက်စဉ်းစားရန်အားပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အဆင့်(၁)အတွက် ကျောင်းသား၏အဖြေများက ကိုယ့်စည်းကမ်းနှင့်ကိုယ်နေထိုင်ခြင်းနှင့် ၎င်းတို့၏ စာသင်ကြားခြင်းအလုပ်အကြား ဆက်စပ်မှုအပေါ် လက်ရှိ နားလည်သဘောပေါက်မှုအပေါ် အရိပ်အမြွက်ဖော်ပြသည်။ ကျောင်းသားများက ၎င်းတို့၏ကိုယ်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းအပေါ် ၎င်းတို့ကိုယ်တိုင် အဆင့်သတ်မှတ်ခြင်းကို စောင့်ကြည့်ပါ။ ကျောင်းသားများသည် ၎င်းတို့၏ ကိုယ်တိုင်စစ်ဆေးအကဲဖြတ်မှုကို ပြီးစီးအောင်လုပ်ဆောင်နိုင်ပါသလား။ ကျောင်းသားများသည် ၎င်းတို့လုပ်ဆောင်ရန်လိုအပ်သော နယ်ပယ်များကို ဖော်ထုတ်ခဲ့ပါသလား။

## ကျောင်းသားများ၏ဖြစ်နိုင်ခြေရှိသောအဖြေများ

အဆင့်(၁)တွင်ရှိသော မေးခွန်းနှင့်စပ်လျဉ်း၍ ဒီမိုကရေစီနိုင်ငံများရှိ နိုင်ငံသားများသည် အခြားအစိုးရစနစ်နိုင်ငံများထက် အထူးသဖြင့် မြင့်မားသော လွတ်လပ်ခွင့်နှင့် လုပ်ပိုင်ခွင့်အာဏာရှိခြင်းသည် ဖြစ်နိုင်ခြေရှိသော အဖြေဖြစ်သည်။ ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းသည် မိမိတို့ လုပ်ဆောင်ရန်ရှိသော လုပ်ငန်းတစ်ခုကို လုပ်ဆောင်စေသည့်အခြားလူများ သို့မဟုတ် ကျွန်ုပ်တို့အတွက် စည်းမျဉ်းဥပဒေပြုလုပ်သူများ မရှိသည့် နေရာတွင် လိုအပ်သည်။ ကျောင်းသားများ ကိုယ်တိုင်စစ်ဆေးအကဲဖြတ်မှုတွင် မတူကွဲပြားသော ရလဒ်များရှိမည် ဖြစ်သည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ ကျောင်းသားများ၏ စည်းကမ်းဆိုင်ရာ အသိရှိမှုကို စစ်ဆေးသည့် ပထမဆုံး မေးခွန်းကို မဖြေဆိုနိုင်သော ကျောင်းသားများကို အထောက်အကူပြုကူညီပါ။ အဆင့်(၃) ကို လုပ်ဆောင်နေစဉ်တွင် ၎င်းတို့နှင့်အတူထိုင်၍ စည်းကမ်းအကြောင်း နားလည် သိရှိအောင် ကြိုးစားရာတွင် ပါဝင်လုပ်ဆောင်ပါ။ အဆင့်(၅)အတွက် အရည်အသွေးမျိုးစုံ ရောနှောပိုင်ဆိုင်ထား သော ကျောင်းသားများကို အတွဲလိုက်တွဲပေးပါ။

**သင်ယူမှုလုပ်ငန်း ၂။** ။ အဆင့်(၃)ကို လုပ်ဆောင်နေစဉ်တွင် စောင့်ကြည့်ပါ။ ခက်ခက်ခဲခဲ လုပ်ဆောင်နေရသော ကျောင်းသားများကို အဖော်တစ်ယောက်တွဲပေးပြီး လုပ်ငန်းများကို ပြန်လည်သုံးသပ်ရာတွင် ကူညီစေပါ။ အဆင့်(၄)တွင် ယုံကြည်မှုလျော့နည်းသော ကျောင်းသားကို ပထမဦးဆုံးခေါ်ယူပြီး ပိုမိုရှင်းလင်းသော အဖြေအချို့ကို ဝေမျှစေပါ။ ပိုမိုယုံကြည်မှုရှိသော ကျောင်းသားအား ကျန်လုပ်ငန်းများကိုဆောင်ရွက်စေပြီး ဝေမျှဖော်ပြခြင်းမပြုရသေးသော စိတ်ကူး အကြံအစည်များကို ဖြည့်ဆည်းပေးစေပါ။

**သင်ယူမှုလုပ်ငန်း ၃။** ။ ကျောင်းသားများအား စာသင်ခန်းမှမထွက်ခွာမီ ကိုယ်စည်းကမ်းနှင့်ကိုယ် ပိုမိုပြုမူနေထိုင်တတ်ရန် ရက်သတ္တပတ်လုံးလုပ်ဆောင်မည့် အရာတစ်ခုနှင့် ရက်သတ္တပတ် အပြီးတွင် ၎င်းတို့၏ဆုံးဖြတ်ချက်များကို ဆက်လက်လုပ်ဆောင်မည့်အကြောင်း ဝေမျှစေပါ။

# ၄.၁.၂။ နိုင်ငံသားကောင်းတစ်ဦးဖြစ်လာစေရန် စည်းမျဉ်းနှင့် နည်းဥပဒေများကို လိုက်နာကျင့်သုံးခြင်း

## မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- စည်းမျဉ်းနှင့် နည်းဥပဒေများ၏ အဓိပ္ပာယ်သတ်မှတ်ချက်နှင့် ယင်းတို့ စည်းကမ်းနှင့် ဆက်စပ်ပုံကို ဖော်ပြတတ်မည်။
- ဆရာကောင်းတစ်ဦးဖြစ်လာစေရန် စည်းမျဉ်းနှင့် နည်းဥပဒေများလိုအပ်ပုံကို ဆွေးနွေး တတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့်သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘော ပေါက်ကြောင်း ပြသသည်။

(ဂ)(၁.၂) ဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုရာတွင် မိမိ၏လက်တွေ့ သင်ကြားမှု များကို လွှမ်းမိုးနေသော နောက်ခံစိတ်ကူး၊ အတွေးအခေါ်များကို နားလည်ကြောင်း ပြသသည်။

**အချိန်** - မိနစ်(၅၀)ကြာ စာသင်ချိန်တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ-** ရပ်နား - မှတ်သား၊ အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ တွေး-တွဲ-မျှဝေ နှိုင်းယှဉ်သုံးသပ်၊ ရေးသားခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ-** ဆရာနှင့် ကျောင်းသားများသည် ကျောင်းသားကိုင် စာအုပ်မှ သင်ခန်းစာ ၄.၁.၂ ကိုကြိုတင်ဖတ်သင့်သည်။

**လိုအပ်သောရင်းမြစ်များ-** ကျောင်းသားကိုင်စာအုပ်၊ ဆရာခန့်ထားရေး လက်စွဲစာအုပ် နမူနာ၊ သတင်းစာ(စိတ်ကြိုက်)

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း (၁) - ရပ်နား - မှတ်သား (၂၀ မိနစ်)

၁။ စည်းမျဉ်းနှင့် နည်းဥပဒေများကို ချိုးဖောက်သော သင်သိရှိသူတစ်ဦး သို့မဟုတ် သတင်းများမှ ကြားသိရသူတစ်ဦးအကြောင်းပြောပြပါ။ ၎င်းတို့လုပ်ဆောင်ချက်များ၏ အကျိုးဆက်များမှာ အဘယ်နည်း။ စည်းမျဉ်းနှင့် နည်းဥပဒေများ မလိုက်နာခြင်း၏ အကျိုးဆက်များမှာ ပြစ်ဒဏ်မျှသာ မဟုတ်ပဲ၊ စည်းမျဉ်နှင့် နည်းဥပဒေများ ချမှတ်ရခြင်းတွင် ရည်ရွယ်ချက်ကောင်းများ ရှိကြောင်းနှင့် စည်းမျဉ်းနည်းဥပဒေချိုးဖောက်ခြင်းသည် သင်နှင့် သင်၏ ပတ်ဝန်းကျင်ရှိအခြားလူများကို အခြားသူများကို အနုတ်လက္ခဏာ ဆောင်သော ထိခိုက်နစ်နာစေကြောင်း ရှင်းပြပါ။

၂။ ကျောင်းသားများအား ၎င်းတို့၏ "ရပ်နားဇယားကွက်" တွင် ရေးဆွဲသကဲ့သို့ ၎င်းတို့၏ မှတ်စုစာအုပ်တွင် ထောင့်မှန်စတုဂံပုံတစ်ခုကို ရေးဆွဲစေပါ။

၃။ သင်ပုန်းပေါ်တွင် အောက်ပါမေးခွန်းကို ရေးသားပါ -
*"စည်းမျဉ်းနှင့် နည်းဥပဒေများ၏ရည်ရွယ်ချက်မှာ............ ရန်ဖြစ်သည်"*

၄။ ကျောင်းသားများအား ကျွန်ုပ်တို့၏နေ့စဉ်ဘဝတွင် စည်းမျဉ်းနှင့်နည်းဥပဒေများ ပြုလုပ်လိုက်နာစေခြင်း၏ ရည်ရွယ်ချက်ကို စဉ်းစားစေပါ။ ကျောင်းသားများအား အဖြေများကို ၎င်းတို့၏ရပ်နားဇယားကွက်တွင် ရေးသားစေပါ။

၅။ ကျောင်းသားအချို့အား ၎င်းတို့၏ အဖြေများကို ဝေမျှစေခြင်းနှင့် အခြားသူများအား ဖိတ်ခေါ်ဝေဖန်စေခြင်း တို့ဖြင့် အတန်းတွင်းဆွေးနွေးပွဲများကို အားပေးပါ။

၆။ လုပ်ငန်းပြီးဆုံးချိန်တွင် အဖြေများကို အနှစ်ချုပ်ပြင်ဆင်ပြုလုပ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ ၎င်းတို့၏ ရပ်နားဇယားကွက်ကို ဖြည့်စွက်ရေးသားချိန်တွင် အဖြေထုတ်ရန် ခက်ခဲစွာ လုပ်ဆောင်ရခြင်း ရှိ/မရှိ သိရှိရန် စောင့်ကြည့်ပါ။ သင်ယူစဉ်စစ်ဆေးခြင်းကို စည်းမျဉ်းနှင့် နည်းဥပဒေများသည် အဘယ်ကြောင့်အရေးပါရကြောင်း ၎င်းတို့၏နားလည်မှုကို စစ်ဆေးရန် အတန်းတွင်းဆွေးနွေးပွဲ ပြုလုပ်စဉ် ဆောင်ရွက်သည်။

## ကျောင်းသားများ၏ဖြစ်နိုင်ခြေရှိသောအဖြေများ

စည်းမျဉ်းနှင့်နည်းဥပဒေများက ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေးပြဿနာများကို တားဆီးပေးသည်။ ပဋိပက္ခများကို ရှောင်ရှားနိုင်ရန် တစ်ဦးနှင့်တစ်ဦး မည်သို့ပြုမူဆက်ဆံရမည်ကို ကျွန်ုပ်တို့အား လမ်းညွှန်ပေးသည်။ စနစ်ကျပြီး ထိရောက်မှုရှိသောနည်းလမ်းဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်စေသည်။

## သင်ယူမှုလုပ်ငန်း (၂) - အုပ်စုလုပ်ငန်း (၁၀ မိနစ်)

၁။ ကျောင်းသားများကို အုပ်စုများအဖြစ် ဖွဲ့စည်းပါ။ အုပ်စုတစ်ခုစီအား ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်မှ "စည်းမျဉ်းနှင့် နည်းဥပဒေများချိုးဖောက်ခြင်း၏ အကျိုးဆက်များ" အခန်း၏ ပုံရိပ်(၄)ခုအနက် တစ်ခုကို တာဝန်ပေးလုပ်ဆောင်စေပါ။

၂။ ကျောင်းသားများအား ဖော်ပြထားသောအခြေအနေကို ဆွေးနွေးစေပြီး အောက်ပါ မေးခွန်းများကို ဖြေဆိုစေပါ။

- ပုံတွင်ပြသထားသော အပြုအမူမှာ အဘယ်နည်း။
- ယင်းအပြုအမူ၏ ဖြစ်နိုင်ခြေအကျိုးဆက်မှာ အဘယ်နည်း။
- ၎င်းတို့သည် မည်သည့်စည်းမျဉ်းနှင့် နည်းဥပဒေများကို ချိုးဖောက်နိုင်ခြေရှိသနည်း။
- ယင်းအခြေအနေများအနက် မည်သည့်အခြေအနေသည် ကိုယ်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းနှင့် သက်ဆိုင်သနည်း။

၃။ အုပ်စုများအား ၎င်းတို့၏ဆွေးနွေးချက်များကို ရှင်းလင်းတင်ပြစေပါ။

၄။ ပုံတွင်တွေ့ရသောလူအချို့မှာ စည်းမျဉ်းချိုးဖောက်သူများဖြစ်ပြီး အချို့မှာ စည်းမျဉ်းချိုးဖောက်ခြင်း မရှိပေ။ သို့ရာတွင် ၎င်းတို့သည် ဆိုးဝါးသောအပြုအမူများပြုလုပ်သူများအဖြစ် ထင်မြင်ခံနေရသည်။ အပြုအမူများမှာ အန္တရာယ်ဖြစ်နိုင်ခြေရှိသည့်အပြင် အခြားသူများ၏ ဘဝကို အနှောင့်အယှက်ဖြစ်စေပြီး နိုင်ငံ၏ပုံရိပ်ကို ကျဆင်းစေသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူစဉ် စစ်ဆေးခြင်းကို အဆင့်(၄)တွင် ပြုလုပ်သည်။ ကျောင်းသားများသည် လုပ်ဆောင်ချက်များ၏အကျိုးဆက်များကို မှန်းဆပြီး၊ စည်းမျဉ်းနှင့် နည်းဥပဒေများကိုလိုက်နာရန် အဘယ်ကြောင့်လိုအပ်ကြောင်း ရှင်းပြနိုင်ပါသလား။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

(က) ပုံတွင်ပြသထားသော အပြုအမူမှာအဘယ်နည်း။

ပုံ(၁) တက်ရောက်ခွင့်မပြုဟူသောဆိုင်းဘုတ်ရှိ ရှေးဟောင်းစေတီပေါ် သို့တက်ရောက်သည်။

ပုံ(၂) တစ်စုံတစ်ယောက်က ကွမ်းတံတွေးထွေးခြင်းသည် အခြားသူ တစ်ဦးအပေါ် မတော်တဆကျရောက်သွားသည်။

ပုံ(၃) စာသင်ခန်းအတွင်း သင်ကြားပို့ချနေချိန်တွင် ကျောင်းသားတစ်ဦးက အခြားတစ်ယောက်ကို စကားပြောဆိုနေသည်။

ပုံ(၄) လူတစ်ယောက်သည် ကားကို လမ်းမပေါ် တွင် ပိတ်ဆို့၍ ရပ်ထားသည်။

(ခ) ယင်းအပြုအမူ၏ ဖြစ်နိုင်ခြေရှိသော အကျိုးဆက်မှာအဘယ်နည်း။
အနတ်လက္ခဏာဖြစ်နိုင်ခြေအရှိဆုံး အကျိုးဆက်များ။ ကျောင်းသားများက ပြစ်ဒဏ်နမူနာများကို ဖော်ပြပေးနိုင်ပြီး အချို့ကျောင်းသားများက တစ်စုံတစ်ယောက်သည် မည်ကဲ့သို့ထိခိုက်ခံရနိုင်သည့်၊ အငြင်းပွားမှုဖြစ်စေနိုင်သည့် နမူနာများကို ဖော်ပြပေးမည်ဖြစ်သည်။

(ဂ) ၎င်းတို့ ချိုးဖောက်နိုင်ခြေရှိသော စည်းမျဉ်းနှင့် နည်းဥပဒေများမှာ အဘယ်နည်း။
ကျောင်းသားများသည် စာသင်ခန်းစည်းမျဉ်း၊ ယာဉ်စည်းကမ်း/လမ်းစည်းကမ်း အစရှိသည်များကဲ့သို့ ပုံ(၁) - ၃၊နှင့် ၄ တို့အတွက် စည်းမျဉ်းနှင့်နည်းဥပဒေများ ဖြည့်ဆည်းပေးနိုင်သည်။

သို့သော် အများပြည်သူနေရာအချို့တွင် ကွမ်းယာစားခြင်းနှင့် ပတ်သက်သော စည်းမျဉ်း ဥပဒေထုတ်ပြန်ထားခြင်းမရှိပေ။

(ဃ) မည်သည့်အခြေအနေများသည် ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းနှင့် သက်ဆိုင်သနည်း။

ပုံ(၂) နှင့် ဖြစ်နိုင်ခြေရှိသော ပုံ(၃)။ အချို့ဆရာများက ဆရာစကားပြောနေစဉ် စကားမပြောရ ဟူသော စည်းမျဉ်းထုတ်ပြန်မည်မဟုတ်ပေ။ သို့ဖြစ်၍ ထိုအခြေအနေမျိုးတွင် ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ရန် လိုအပ်သည်။

## သင်ယူမှုလုပ်ငန်း (၃) - တွေး-တွဲ-မျှဝေသင်ယူခြင်း (၂၀ မိနစ်)

၁။ စည်းမျဉ်းနှင့် နည်းဥပဒေများ၏ နမူနာများကို ဖော်ပြရန် ကျောင်းသားကိုင်စာအုပ်တွင် တွေ့ရသော ဝန်ထမ်းလေ့ကျင့်ရေးလက်စွဲတွင် အလေးပေးဖော်ပြထားသော စည်းမျဉ်းနှင့် နည်းဥပဒေများကို အကျဉ်းချုပ်ဆွေးနွေးပါ။

၂။ ကျောင်းသားများအား အောက်ပါမေးခွန်းများကို တစ်ဦးချင်းစဉ်းစားဆင်ခြင်စေပါ။ ၎င်းတို့၏ သဘောထားအမြင်များကို ၎င်းတို့၏မှတ်စုစာအုပ်တွင်ရေးသားစေပါ။
ထိရောက်စွာစွမ်းဆောင်နိုင်သော ဆရာများသည် ကျောင်းတွင် မည်သည့် စည်းမျဉ်းနှင့် နည်းဥပဒေများကို လိုက်နာရမည်နည်း။
ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းနှင့်စပ်လျဉ်း၍ ကျောင်းကဖော်ပြထားခြင်း၊ သတ်မှတ်ထားခြင်းမရှိသည့် ကိုယ်တိုင်ပြဋ္ဌာန်းထားသော မည်သည့် စည်းမျဉ်းများကို ဆရာများက လိုက်နာသင့်သနည်း။
(ဆရာလမ်းညွှန်ရင်းမြစ်တစ်ခုအနေဖြင့်ပါဝင်သော ကျောင်းအသီးသီးမှ စုဆောင်းထားသည့် ဆရာခန့်ထားရေး လက်စွဲစာအုပ်နမူနာများကို ဖြန့်ဝေပါ။)

၃။ ကျောင်းသားများက ၎င်းတို့၏အဖြေများကို ရေးသားပြီးစီးပြီးနောက် ၎င်းတို့ကို အဖော်တစ်ဦးနှင့်တွဲပေးပြီး ၎င်းတို့၏အတွေးအမြင်များကို ဝေမျှစေပါ။

၄။ အတွဲအချို့အား စာသင်ခန်းတွင် ၎င်းတို့၏ဆွေးနွေးမှုအတွင်း ဝေမျှခဲ့သော သဘောထားအမြင်များကို ရှင်းလင်းတင်ပြစေပါ။

၅။ သင်၏ကိုယ်ပိုင်အဖြေများကို ဆွေးနွေးမှုဆိုင်ရာမေးခွန်းများသို့ ဝေမျှပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူစဉ်စစ်ဆေးခြင်းကို အဆင့်(၄)မှ မေးခွန်းနှင့်အဖြေများတွင် ပြုလုပ်သည်။ ကျောင်းသားများသည် သင်ကြားပေးသော ဆရာတစ်ဦးအနေဖြင့် အလေးထားရန်လိုအပ်သော စည်းမျဉ်းနှင့် နည်းဥပဒေများ ကိုဖော်ထုတ်နိုင်ပါသလား။ ထို့အပြင် ၎င်းတို့ကို ထိရောက်စွာစွမ်းဆောင်နိုင်သော ဆရာတစ်ဦးဖြစ်လာစေရန် ကူညီပံ့ပိုးပေးမည့် ၎င်းတို့ကိုယ်တိုင်အတွက် စည်းမျဉ်းဥပဒေများ ဖန်တီးနိုင်ပါသလား။

## ကျောင်းသားများ၏ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများသည် ကျောင်းများကပြဋ္ဌာန်းထားပြီး ၎င်းတို့ကြားသိထားသည့် စည်းမျဉ်းဥပဒေများ သို့မဟုတ် လက်စွဲစာအုပ်များတွင် ၎င်းတို့ဖော်ထုတ်ထားသော စည်းမျဉ်းများကို ဝေမျှနိုင်သည်။ ကိုယ်တိုင်ချမှတ်ထားသော စည်းမျဉ်းဥပဒေများနှင့်စပ်လျဉ်း၍ ၎င်းတို့၏အတွေ့အကြုံနှင့် ကိုယ်ပိုင် အတွေးအမြင်များအပေါ် အခြေခံနိုင်သည်။ စည်းမျဉ်းများသည် ၎င်းတို့၏အလေ့အထနှင့် သက်ဆိုင်သည်ဖြစ်ရာ ကျောင်းသားတစ်ဦးအတွက် လိုအပ်နိုင်သော်ငြား အခြားသူများအဖို့ မလိုအပ်နိုင်ပေ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ အခြားနည်းလမ်းတစ်ခုအဖြစ် ဥပဒေချိုးဖောက်သောသူများအကြောင်း ဖော်ပြထားသည့် သတင်းစာဆောင်းပါးများကို ဖြတ်ညှပ်ယူထားပါ။ စည်းကမ်း၏အရေးပါမှုကို ပိုမိုနားလည်စေရေးအတွက် ကျောင်းသားများအား ဖတ်ရှုစေရန် ယင်းဆောင်းပါးများကို စာသင်ခန်းသို့ယူဆောင်လာပါ။

**သင်ယူမှုလုပ်ငန်း ၂။** ။ အရည်အသွေးအမျိုးမျိုးရှိသော ကျောင်းသားများကို အုပ်စုဖွဲ့ပါ။

**သင်ယူမှုလုပ်ငန်း ၃။** ။ လုပ်ငန်းတာဝန်အနေဖြင့် ကျောင်းသားများကို လုပ်ငန်းခွင်ဝင်ရောက်နေသော ဆရာများအား လူတွေ့မေးမြန်းခြင်းအားဖြင့် မေးခွန်းများအတွက် အဖြေများကိုရယူစေပါ။ ရလဒ်အနေဖြင့် ၎င်းတို့သည် စာသင်ကြားမှုလုပ်ငန်း၏ အတွင်းသဘောကို ပိုမိုသိရှိနိုင်ပြီး၊ အတွေ့အကြုံရှိသောဆရာများထံမှ ထောက်ခံအကြံပြုသော အလေ့အထများအကြောင်း သိရှိနိုင်မည်။

## ၄.၁.၃။
## ဥပဒေများ

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ၎င်းသည် စည်းမျဉ်း၊ နည်းဥပဒေများနှင့် မည်သို့ဆက်စပ်နေသည်ကို နားလည်သဘောပေါက်လာမည်။
- အမျိုးသားပညာရေးဥပဒေ၏ အရေးပါမှုနှင့် ထိုဥပဒေ၏ ပညာရေးဆိုင်ရာ အလေ့အကျင့်များတွင် အကျိုးသက်ရောက်မှုများကို ဆွေးနွေးတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က)(၁.၂) ကျောင်းသားများ၏ တစ်ဦးချင်းသင်ယူမှုလိုအပ်ချက်နှင့်ကိုက်ညီမည့် သင်ကြားနည်း အမျိုးမျိုးကိုနားလည်သဘောပေါက်ကြောင်း ပြသသည်။

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကိုနားလည်သဘောပေါက်ကြောင်းပြသသည်။

(ခ)(၁.၂) သင်ကြား၊သင်ယူမှုတွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု သင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။

**အချိန်-** မိနစ်(၅၀)ကြာ စာသင်ချိန်တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ-** ဂရပ်ဖစ်ပုံများအသုံးပြုသင်ယူခြင်း (ဗင်ပုံဖြင့်သင်ကြား၊ သင်ယူနည်း)၊ သရုပ်ခွဲပါ- ထိုင်ပါ သင်ကြားခြင်း၊ အုပ်စုလုပ်ငန်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ-** ဆရာနှင့်ကျောင်းသားများသည် ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ ၄.၁.၃ ကို ကြိုတင်ဖတ်ရန်လိုအပ်သည်။

**လိုအပ်သောရင်းမြစ်များ-** ကျောင်းသားကိုင်စာအုပ်။

## သင်ယူမှုလုပ်ငန်းများ


**သင်ယူမှုလုပ်ငန်း (၁) - ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်း (ဗင်ပုံဖြင့် သင်ကြား၊ သင်ယူနည်း) (၁၅ မိနစ်)**

၁။ ကျောင်းသားများအား စည်းမျဉ်းနှင့်နည်းဥပဒေများကို ပြန်လည်အမှတ်ရစေပါ။ ကျောင်းသားများကို ဥပဒေများ၏ သဘောတရားနှင့် မိတ်ဆက်ပေးပါ။

၂။ ဗင်ပုံတစ်ခုကို သင်ပုန်းပေါ်တွင် ရေးဆွဲပြီး ကျောင်းသားများအား ဥပဒေ၊ စည်းမျဉ်းများနှင့် နည်းဥပဒေများသည် မည်သို့ကွဲပြားကြသည်၊ မည်သို့တူညီကြသည်ကို ရှင်းပြစေပါ။ ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ ၄.၁.၃ ပါစာပိုဒ်များကို ဖတ်ခြင်းနှင့် ရည်ညွှန်းခြင်းတို့သည် အချိန်ကြာနိုင်သည်။

၃။ ကျောင်းသားများ ဉာဏ်ဖွင့်ဆွေးနွေးခြင်းနှင့် ဝေမျှရှင်းလင်းခြင်းပြုလုပ်သည့်အခါ ဗင်ပုံ၏အလယ်တွင် တူညီမှုများကိုလည်းကောင်း၊ ကွဲပြားချက်များကို သီးခြားနေရာများတွင် လည်းကောင်း ရေးသားပါ။

၄။ ဥပဒေတစ်ခု၏ နမူနာကိုပြသရန် မြန်မာနိုင်ငံဝန်ထမ်းခန့်ထားရေးဥပဒေကို အကျဉ်းလေ့လာပြီး ကျင့်သုံးသော ဥပဒေများ၏ နယ်ပယ်ကဏ္ဍများကို ဆွေးနွေးပါ။




## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူစဉ်စစ်ဆေးခြင်းကို အဆင့်(၃)တွင်ပြုလုပ်သည်။ ထင်မြင်ယူဆချက်များ ဖော်ထုတ်ရန် အခက်အခဲ ရှိနေသော ကျောင်းသားများကို သတိပြုမိလျှင် စာပိုဒ်ကို ဖတ်ရန် အချိန်ပိုမိုပေးပြီး တစ်ဦးနှင့်တစ်ဦး ဆွေးနွေးမှုများကိုပင်လျှင် ပြုလုပ်စေပါ။ မျှော်မှန်းထားသောကျောင်းသားများ၏ အဖြေများတွင် အောက်တွင်ဖော်ပြထားသကဲ့သို့ ကျောင်းသားများက အဓိကကွဲပြားချက်နှင့် တူညီချက်များကို ဖော်ထုတ်နိုင်ရမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

| ဥပဒေများသာလျှင် (နည်းဥပဒေများ) | နှစ်ခုစလုံး(တူညီမှုများ) | စည်းမျဉ်းနှင့်နည်းဥပဒေများ သာလျှင် |
|---|---|---|
| • အစိုးရက ပြဋ္ဌာန်းပြီး၊ လိုက်နာစေသည်။<br>• နိုင်ငံအတွင်းနေထိုင်လုပ်ကိုင်သူတိုင်းနှင့် သက်ဆိုင်သည်။<br>• ဥပဒေမလိုက်နာခြင်းသည် အကျဉ်းထောင်ကျခြင်းကဲ့သို့ ပြင်းထန်သောပြစ်ဒဏ် ခံရနိုင်သည်။<br>• စည်းမျဉ်းဥပဒေများကို လွှမ်းမိုးနိုင်၊ ပုံဖော်နိုင်သည်။<br>• အလွန်များပြားသော အချိန်၊ သုတေသနနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် ဥပဒေဖြစ်ပေါ်ရေးတွင် လိုအပ်သည်။ | • လိုက်နာမှုမရှိလျှင် ပြစ်ဒဏ်ကျခံရမည်။<br>• အလိုရှိသော ရလဒ်များရရှိရန် အသုံးပြုသည်။<br>• ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး ပြဿနာများကဲ့သို့ အနုတ်လက္ခဏာဆောင်သော အကျိုးဆက်များကို ရှောင်ကြဉ်ရန် အသုံးပြုသည်။<br>• စနစ်ကျပြီး ထိရောက်မှုရှိသော နည်းလမ်းဖြင့် လူများအား လုပ်ငန်းဆောင်ရွက်နိုင်စေလျက် ဥပဒေများ ဖော်ဆောင်ရန် ကူညီသည်။ | • အဖွဲ့အစည်းများနှင့် အုပ်စုများကအများသဘောတူ ပြဋ္ဌာန်းပြီး၊ လိုက်နာစေသည်။<br>• အဖွဲ့အစည်းများ (သို့) အုပ်စုများနှင့် ဆက်နွယ်သူများနှင့်သာ သက်ဆိုင်သည်။<br>• စည်းမျဉ်းဥပဒေကို အထောက်အကူပြုသည့် ဥပဒေတစ်ခုမရှိလျှင် စည်းမျဉ်းဥပဒေမလိုက်နာခြင်းသည် အကျဉ်းကျခံရလေ့ရှိသည်။<br>• ဥပဒေများကိုသေချာပေါက် မလွှမ်းမိုးနိုင်။<br>• စည်းမျဉ်းဥပဒေပြုလုပ်ခြင်းသည် အချိန်နှင့် သုတေသနများစွာ မလိုအပ်ပါ။ သို့သော် ၎င်းတို့သည် ထိရောက်မှုရှိကြောင်း အတွေ့အကြုံမှ သက်သေပြပြီးဖြစ်သည်။ |

## သင်ယူမှုလုပ်ငန်း (၂) - ကျောင်းသားများ၏ နားလည်နိုင်မှု အရေအတွက်နှင့် အရည်အချင်းကို ဓမ္မဓိဋ္ဌာန်ကျကျ သရုပ်ခွဲပါ - ထိုင်ပါ သင်ကြားခြင်း။ (၁၅ မိနစ်)

၁။ ကျောင်းသားများအား ဆရာတစ်ဦးဖြစ်သည့် ၎င်းတို့အပေါ် သက်ရောက်မှုရှိသော ပညာရေးကဏ္ဍမှ ဥပဒေများအကြောင်းစဉ်းစားစေပြီး ၎င်းတို့သိရှိသော အမှန်တကယ် ရှိနေသည့် ပညာရေးဥပဒေများကို ဝေမျှစေပါ။

၂။ အကယ်၍ကျောင်းသားများသည် ပညာရေးဥပဒေများပြဋ္ဌာန်းရန် တာဝန်ပေးအပ်ခံရလျှင် မည်သည့်အကြောင်းအရာများကို ထည့်သွင်းမည်ဆိုသည်ကို ၎င်းတို့အားမေးမြန်းပါ။ မည်သည့်အကြောင်းအရာများသည် ဥပဒေပြုရန်သင့်သနည်း။ ဥပမာ - အထက်တန်းကျောင်းတွင် ကျောင်းထွက်မှုများကိစ္စ သို့မဟုတ် ကျောင်းသားများအား ပုဂ္ဂလိကကိုယ်ပိုင်ကျောင်း သို့မဟုတ် တိုင်းရင်းသားဘာသာစကားသင်ကျောင်း အစရှိသည်တို့မှ အစိုးရကျောင်းများသို့ လွှဲပြောင်းခြင်းကိစ္စ စသည်များကို ဥပဒေများပြုရန် တို့ဖြစ်သည်။ ကျောင်းသားများအား အကြောင်းအရာ (၃)ခုအကြောင်း စဉ်းစားစေပြီး အကြောင်းအရာတစ်ခုစီကို စာရွက်အပိုင်းငယ်ပေါ်တွင် ရေးသားစေပါ။

၃။ လုပ်ငန်းအတွက် စည်းမျဉ်းများကို အချိန်အနည်းငယ်ယူလျက် ရှင်းပြပါ။ သင်သည် တစ်ချိန်တွင် ဆရာတစ်ဦးကို ခေါ်ယူမည်။ ၎င်းတို့က အခြားကျောင်းသားများ၏အဖြေများနှင့်မတူညီနိုင်သော ၎င်းတို့၏အဖြေတစ်ခုကိုသာ ဝေမျှရမည်။

၄။ အဖြေများကို ဝေမျှပေးနေသည်ဖြစ်ရာ၊ အကယ်၍ ကျောင်းသားများသည် ၎င်းတို့ ရေးသားထားသော အကြောင်းအရာနှင့် တူညီသောအရာတစ်ခုကို ကြားသိရလျှင် ၎င်းတို့က ထိုစာရွက်အပိုင်းငယ်ကို သင့်ထံလာပေးရမည်။ သင်သည် အကြောင်းအရာတစ်ခုစီအတွက် ကျောင်းသားများထံမှ စုဆောင်းရရှိသော စာရွက်အပိုင်းငယ်များကို ရေတွက်ရမည်။ ကျောင်းသားများသည် ၎င်းတို့၏ အဖြေများကိုပေးပြီးသည့်အခါ ထိုင်ကြမည်ဖြစ်ပြီး၊ မတ်တတ်ရပ်နေသူများနှင့် လုပ်ငန်းကို ဆက်လက်လုပ်ဆောင်မည်။

၅။ ရေးသားထားပြီးသော အကြောင်းအရာများကို ဝေမျှပေးပြီး သိမ်းယူပြီးသောအခါ လုပ်ငန်းပြီးဆုံးသည်။

၆။ ကျောင်းသားများအား သဘောတူညီမှုအများဆုံးရှိသည့် အကြံပြုချက်ကို ဖော်ထုတ်စေပြီးနောက် အတန်းသို့ကြေညာစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ အကြောင်းအရာများကို ရေးသားနေစဉ် အကူအညီလိုအပ်ခြင်းရှိ၊ မရှိ ၎င်းတို့ကို ကြည့်ရှုလေ့လာပါ။ သင်ယူစဉ်စစ်ဆေးခြင်းအား ၎င်းတို့၏အဖြေများကို သင်နားထောင်နေစဉ်တွင် ပြုလုပ်ပြီး၊ ဥပဒေပြုလုပ်ရန်လိုအပ်သော အရေးပါသည့် ပညာရေးဆိုင်ရာ အကြောင်းအရာများဟု ၎င်းတို့ယုံကြည်ယူဆသော အရာများကို သင်သိရှိနိုင်မည်ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အဖြေအမျိုးမျိုး ဖြစ်နိုင်သည်။

## သင်ယူမှုလုပ်ငန်း (၃) - အုပ်စုလုပ်ငန်း (၂၀ မိနစ်)

၁။ ကျောင်းသားများကို အုပ်စုများဖွဲ့ပါ။

၂။ ကျောင်းသားများကို အမျိုးသားပညာရေးဥပဒေနှင့် မိတ်ဆက်ပေးပါ။ ဤဥပဒေတွင် မြန်မာနိုင်ငံ ကျောင်းများနှင့်ဆက်နွယ်သော အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် ခြုံငုံမိသည့် အခန်း (၁၄) ခန်းပါဝင်သည်။ ကျောင်းသားများအား ၎င်းတို့သည် အမျိုးသား ပညာရေးဥပဒေကို သိရှိထားရမည်ဖြစ်ကြောင်း၊ အကြောင်းမှာ ဤဥပဒေသည် ဆရာတစ်ဦး အဖြစ် အသက်မွေးဝမ်းကျောင်းမှု အပေါ် အကျိုးသက်ရောက်မှုရှိသောကြောင့် ဖြစ်သည်။ အမျိုးသားဥပဒေ၏ ရည်ရွယ်ချက်ကို ဖော်ပြပါ။

၃။ မည်သည့်ပညာရေးဥပဒေများက ဆရာတစ်ဦးဖြစ်သော ၎င်းတို့အပေါ် သက်ရောက်မှု ရှိကြောင်းစဉ်းစားရန် ကျောင်းသားများအားပြောပါ။ ၎င်းတို့သည် အကြောင်းအရာ ဖော်ပြချက်(၅)ခုကို အလေးပေးဖော်ပြနိုင်ပြီး ယင်းတို့က ၎င်းတို့၏သင်ကြားရေး လုပ်ငန်းအပေါ် မည်သို့ သက်ရောက်ကြောင်း စဉ်းစားနိုင်သည်။

၄။ အုပ်စုများအား အမျိုးသားပညာရေးဥပဒေကို ဖတ်ရန်အချိန်ပေးပြီး၊ ၎င်းတို့၏ အယူအဆများကို မှတ်စုစာအုပ်တစ်အုပ်တွင်ရေးသားပြီး သင်ယူရေးလုပ်ငန်းကို ဆောင်ရွက်စေပါ။

၅။ အုပ်စုတစ်ခုစီမှ ကိုယ်စားလှယ်များကို ဖိတ်ခေါ်လျက် ၎င်းတို့၏ မှတ်သားထားချက်မှ သက်ဆိုင်ရာအကြောင်းအရာဖော်ပြချက်တစ်ခုကို ဝေမျှစေပြီး အကြောင်းအရာ ဖော်ပြချက်သည် ၎င်းတို့အတွက် အဘယ်ကြောင့် အရေးကြီးရကြောင်း ရှင်းပြစေပါ။ အုပ်စု တစ်ခုစီတိုင်းက အမျိုးသားပညာရေးဥပဒေမှ အကြောင်းအရာ အဆိုပြုချက် အမျိုးမျိုးကို ဆွေးနွေးစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူစဉ်စစ်ဆေးခြင်းကို အဆင့်(၅)တွင် ပြုလုပ်သည်။ ကျောင်းသားများက အမျိုးသားပညာရေး ဥပဒေသည် ၎င်းတို့၏ သင်ကြားရေးလုပ်ငန်းလုပ်ဆောင်သော ဆရာအလုပ်ကို မည်သို့ သက်ရောက်မှုရှိကြောင်း ရှင်းပြနိုင်ပါသလား။

## ကျောင်းသားများ၏ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများသည် ဆရာများဖြစ်သော ၎င်းတို့အပေါ် တိုက်ရိုက်အကျိုးသက်ရောက်သော အကြောင်းအရာဖော်ပြချက်များကို တွေ့နိုင်မည်ဖြစ်သည်။ ဥပမာ - အောက်ပါအကြောင်းအရာ ဖော်ပြချက် အမှတ်(၅၁)တွင် အခြေခံပညာရေးသင်ကြားခြင်းလုပ်ငန်းမှ မူကြို သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများသို့ ပြောင်းရွှေ့ထမ်းဆောင်လိုသူဆရာများသည် အလွယ်တကူပြောင်းနိုင်မည်မဟုတ်ပေ။ ၎င်းတို့သည် မတူညီသောအရည်အချင်းများရှိရန် လိုအပ်မည်ဖြစ်သည်။

> *မူကြိုကျောင်း၊ အခြေခံပညာရေး၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေး၊ အဆင့်မြင့်ပညာရေးနှင့် သင်တန်းကျောင်းအဆင့်များရှိ ဆရာများအတွက် ပညာအရည်အချင်းလိုအပ်ချက်များကို သီးခြားပညာရေးဆိုင်ရာ ဥပဒေ စည်းမျဉ်းများတွင် ရှင်းလင်းစွာဖော်ပြထားသည်။*

ကျောင်းသားများသည် ဆရာများလည်း ဖြစ်သည့် ၎င်းတို့အပေါ် သွယ်ဝိုက်အကျိုးသက်ရောက်သည့် အကြောင်းအရာဖော်ပြချက်များကိုလည်း တွေ့နိုင်မည်ဖြစ်သည်။ ဥပမာ - အောက်ပါအကြောင်းအရာ ဖော်ပြချက် အမှတ် (၅၉) တွင် ဆရာများသည် ကျောင်းသားသင်ယူမှုမှတ်တမ်းများနှင့် ကျောင်းအုပ်ချုပ်ရေးကို အထောက်အကူပြုသည့် သတင်းအချက်အလက်များ ပြုစုထိန်းသိမ်းခြင်း၌ ထိရောက်အောင်မြင်စွာ လုပ်ဆောင်နိုင်ရန် လိုအပ်မည်ဖြစ်သည်။

*ပညာရေးလုပ်ငန်းအစီအစဉ်များကို လျင်မြန်စွာနှင့် ထိရောက်စွာ စီမံအုပ်ချုပ်နိုင်ရန် ပညာရေးစီမံခန့်ခွဲသူများသည် စီမံအုပ်ချုပ်မှုလုပ်ငန်းကို အထောက်အကူပြုသည့် စာရင်းဇယားများ၊ သတင်းအချက်အလက်များတို့ကို စနစ်တကျပြုစုထိန်းသိမ်းရန် စနစ်တစ်ခုကို အကောင်အထည်ဖော်ရမည် ဖြစ်သည်။*

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ ကျောင်းသားများအား ၎င်းတို့၏အဖြေများကို အတန်းထဲတွင် ဝေမျှရှင်းလင်းစေခြင်း မပြုမီ ၎င်းတို့၏စာပိုဒ်များကို သက်တူရွယ်တူတစ်ဦးနှင့် ပြန်လည်သုံးသပ်ရန် အချိန်ပေးပါ။ အရည်အသွေး အမျိုးမျိုးရှိသူများနှင့် ကျောင်းသားများအား တွဲဖက်ပေးပြီး ရှေးဦးစွာ ၎င်းတို့၏အဖြေများကို ဆွေးနွေးစေပါ။

**သင်ယူမှုလုပ်ငန်း ၂။** ။ ဝေမျှသောအကြောင်းအရာအပေါ် ကျွန်ုပ်တို့ မည်သို့ လုပ်ဆောင်ရမည်ဆိုသည်နှင့် ပတ်သက်၍ ကျောင်း သို့မဟုတ် ဆရာအဆင့်တွင် ကိုင်တွယ် လုပ်ဆောင်မည့်အစားအစိုးရက အဘယ်ကြောင့်ပြောပြသင့်ကြောင်း ပိုမိုယုံကြည်မှုရှိသော ကျောင်းသားများကို ရှင်းပြခိုင်းပါ။

**သင်ယူမှုလုပ်ငန်း ၃။** ။ ဆက်လက်ဆောင်ရွက်ရန် မေးခွန်းများကို မေးမြန်းပါ။ အကျိုးပြုပြီး အရေးပါသော သင်သိရှိသည့် ဥပဒေများရှိပါသလား။ အဘယ်ကြောင့်နည်း။ အဓိပ္ပာယ်မရှိသော သို့မဟုတ် မထားရှိသင့်ဟု သင်ယူဆသော ဥပဒေများရှိပါသလား။ အဘယ်ကြောင့်နည်း။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းဆိုသည်မှာ အဘယ်နည်း။

***အဖြေ။*** *ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းသည် တစ်ကိုယ်ရေဖွံ့ဖြိုးတိုးတက်လိုသော အတွင်းစိတ်ဆန္ဒအပေါ်အခြေခံလျက် မိမိကိုယ်ကိုထိန်းချုပ်နိုင်စွမ်းကို ညွှန်းသည်။*

**မေးခွန်း ၂။** စည်းမျဉ်းသည် နည်းဥပဒေနှင့် မည်သို့ ကွာခြားသနည်း။

***အဖြေ။*** *စည်းမျဉ်းနှင့် နည်းဥပဒေများသည် လူ့အဖွဲ့အစည်း၏ အဆင့်အမျိုးမျိုးတွင် တည်ရှိပြီး ဥပဒေများနှင့် ခွဲခြားသိရှိနိုင်သည်။ ယင်းနည်းဥပဒေများသည် ပြည်သူလူထုအတည်ပြုထားသော အစိုးရကန့်သတ်ချက်များကို ဆိုလိုသည်။ ဤနေရာတွင် လိုက်နာရန် ဆန့်ကျင်ပါက ပြင်းထန်သောပြစ်ဒဏ်နှင့် ရင်ဆိုင်ရနိုင်သည်။ အခြားတစ်ဖက်တွင် စည်းမျဉ်းများမှာ အိမ်၊ ဆေးရုံ၊ ကျောင်း၊ အလုပ်ခွင် အစရှိသည့် နေရာများတွင် လူအများလိုက်နာရန်အတွက် ချမှတ်ပေးထားသော ညွှန်ကြားချက်များကို ဆိုလိုပြီး ပြောင်းလွယ်ပြင်လွယ်အသုံးပြုနိုင်သည်။ ယင်း စည်းမျဉ်းများကို ဥပဒေများကလွှမ်းမိုးနိုင်ပြီး စည်းမျဉ်းချိုးဖောက်ခြင်းအတွက် အကျိုးဆက်များမှာ ဥပဒေကဲ့သို့ မပြင်းထန်ပေ။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

ဤအခန်းတွင် ကျောင်းသားများသင်ယူခဲ့သည်တို့မှာ -

- စည်းမျဉ်းနှင့်နည်းဥပဒေများသည် ဘေးကင်းလုံခြုံမှု၊ တရားဥပဒေနှင့် တစ်သမတ်တည်းဖြစ်မှုတို့ကို ဖြည့်ဆည်းပေးရန်အပြင် ကျွန်ုပ်တို့၏ အခွင့်အရေးများအပေါ် ကာကွယ်ရန်တည်ရှိနေသည်။

- စည်းမျဉ်းနှင့်နည်းဥပဒေများသည် အစိုးရအဆင့်၌ အာဏာတည်စေသောဥပဒေများဖြစ်နိုင်သလို တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းအဆင့်၌ ပြဋ္ဌာန်းအကောင်အထည်ဖော်နိုင်သော စည်းမျဉ်းများ ဖြစ်နိုင်သည်။

- ကျောင်းသားများအား စီမံထိန်းကျောင်းရန်အတွက် စည်းကမ်းကို ဆရာဗဟိုပြုနည်းလမ်းဖြင့် အသုံးပြုခြင်းနှင့် ကိုယ်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းကို အားပေးရန်အတွက် ကျောင်းသားဗဟိုပြု နည်းလမ်းဖြင့် အသုံးပြုခြင်းကို မျှတစွာအသုံးပြုခြင်းသည် အကောင်းဆုံးဖြစ်သည်။

- ပြစ်ဒဏ်ပေးခြင်းတို့သည် ကျောင်းသား၏ တာဝန်ယူမှုစိတ်ဓာတ်ကို တိုးတက်စေခြင်း မရှိသည့်အတွက် ယာယီမျှသာ ထိရောက်မှုရှိပြီး၊ အနုတ်လက္ခဏာဆောင်သော ကျောင်းပတ်ဝန်းကျင်ကိုသာ ဖန်တီးစေသည်။

- တစ်ဦးချင်းလွတ်လပ်ခွင့်နှင့် ကိုယ်တိုင်ဆုံးဖြတ်စီမံခွင့်ကို အားပေးသော ဒီမိုကရေစီနိုင်ငံများတွင် ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းသည် နိုင်ငံသားကောင်းတစ်ဦး၏ လိုလားနှစ်သက်ဖွယ် အရည်အသွေးတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်ခြင်းသည် မိမိကိုယ်ကျိုးစီးပွားအတွက် လုပ်ဆောင်ရယူရန် အခွင့်အရေးရှိသည့်တိုင် လုပ်ဆောင်ခြင်း မပြုလိုသော ဆန္ဒစွမ်းအားရှိရန် လိုအပ်သောကြောင့်ဖြစ်သည်။

- စည်းကမ်း၏ရည်မှန်းချက်များသည် ကျောင်းသားများမှန်ကန်သောအပြုအမူဆိုသည်ကို နားလည်သိရှိခြင်းမှ ၎င်းတို့၏ကိုယ်ပိုင် ဆုံးဖြတ်ချက်အပေါ် အခြေခံလျက် မှန်ကန်သော အပြုအမူကို ပြသနိုင်ခြင်းအထိ တိုးတက်ဖွံ့ဖြိုးရန်ဖြစ်သည်။

- စည်းကမ်းသည် သင်ကိုယ်တိုင်အတွက် စိတ်အတွင်း ရွေးချယ်မှုတစ်ခု ဖြစ်သည်။

- စည်းကမ်းသည် ဖွံ့ဖြိုးတိုးတက်မှုအဆင့်ဆင့်အတွက် ဆီလျော်မှုရှိရမည်။

- လူတိုင်းသည် စည်းကမ်းကို အလေ့အထတစ်ခု ဖြစ်လာသည်အထိ လေ့ကျင့်ယူရန် ဖြစ်သည်။

- နိုင်ငံသားအားလုံးသည် စည်းမျဉ်းနှင့် နည်းဥပဒေများအားလုံးကို လိုက်နာရမည်။

- လူတစ်ဦး၏တန်ဖိုးသည် သူ၏စည်းကမ်းတွင် တည်နေသည်။

- စည်းမျဉ်းနှင့်ဥပဒေများကို နေရာတိုင်းတွင် လေးစားလိုက်နာရန်လိုအပ်သည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

သင်သည် သင့်ကျောင်းသားများအား ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်တတ်ရန် မည်သို့ သင်ကြားပေးရမည်ကို စဉ်းစားပါ။ ကျောင်းသားဗဟိုပြုသင်ကြားပို့ချနည်းအရ သင်သည် ကျောင်းသားများ၏ အပြုအမူများအပေါ် သုံးသပ်ဆင်ခြင်ပြီး ၎င်းတို့ရွေးချယ်မှု၏အကျိုးဆက်များကို စဉ်းစားဆင်ခြင်ပါ။ ဤနည်းအရ ကျောင်းသားများ၏ ဆိုးဝါးသောအပြုအမူများကို သိရှိပြီးနောက် ၎င်းတို့အား ကိုယ့်စည်းကမ်းနှင့်ကိုယ် ပြုမူနေထိုင်တတ်ရန်ကူညီရေးအတွက် သင့်ကျောင်းသားများအား မည်သည့်မေးခွန်းများမေးမြန်းမည်နည်း။

သင်စည်းကမ်းထိန်းသိမ်းခြင်းခံရသည့် အတွေ့အကြုံများသည် ဆရာဗဟိုပြုသင်ကြားနည်းနှင့် ပို၍ တူပါသလား။ ကျောင်းသားဗဟိုပြုသင်ကြားနည်းနှင့် တူပါသလား။ သင်မည်သို့ စည်းကမ်းကြပ်မတ်ခံရပုံနှင့် စပ်လျဉ်းသည့် ကောင်းကျိုးများနှင့် အားနည်းချက်များမှာ အဘယ်နည်း။

သင်၏စာသင်ခန်းကို စည်းမျဉ်းစည်းကမ်း လိုက်နာအောင် ပြုလုပ်ပုံဖြင့်ကျောင်းသားများက စည်းမျဉ်းနှင့် နည်းဥပဒေများသည် ချုပ်ချယ်ကန့်သတ်သော ကြောက်ရွံ့စရာအရာများမဟုတ်ဘဲ အကူအညီပေးသည့် အရာများအဖြစ် မြင်လာအောင် ၎င်းတို့ကို မည်သို့ သင်ကူညီမည်နည်း။

ဆရာများသည် ကျောင်းသားများ၏ ကျား၊ မ ရေးရာအရ မကောင်းသောအပြုအမူများအဖြစ် မှတ်ယူနိုင်သည့်အရာများကို သတ်မှတ်လေ့ရှိသည်။ တစ်နည်းဆိုသော် (ကျား) အတွက် လက်ခံနိုင်ဖွယ် ရာဖြစ်သောအပြုအမူများသည် အခြားတစ်ဖက်မှ (မ) အားဖြင့် လုပ်ဆောင်သည့်အခါ လက်ခံနိုင်ဖွယ်မရှိ ဖြစ်နိုင်သည်။ ကျောင်းသား၊ ကျောင်းသူများကို ပုံသေကားကျ စာရင်းသွင်းထားမှုကြောင့် မမျှတသော စည်းကမ်းချမှတ်ကျင့်သုံးမှုများကို သင်မည်သို့ ရှောင်ကြဉ်နိုင်မည်နည်း။

အစိုးရများ၏ဥပဒေများ သို့မဟုတ် ကျောင်း၏စည်းမျဉ်းနည်းဥပဒေများက လောလောဆယ်တွင် ပြောဆိုဆွေးနွေးမှုမရှိသေးသော ကျောင်းသားပြဿနာအချို့မှာ အဘယ်နည်း။ ယင်းပြဿနာများကို သင်မည်သို့ ကိုင်တွယ်ဖြေရှင်းမည်နည်း။

## ဆက်လက်ဖတ်မှတ်စရာများ

၄.၁။

Lampert, L. (n.d.). *Smart discipline for every age.* Retrieved from https://www.parents.com/toddlers-preschoolers/discipline/tips/smart-discipline-for-every-age

McLaughlin, R. (n.d.). *Democracy: A civic education course for Myanmar.* Retrieved from https://www.moteoo.org/sites/moteoo.org/files/product_docs/dem-eng-tb-for-web-dl_0.pdf

Min, U., & Ti, P. T. N. (n.d.). Pyithutarwan.

Office of Child Development, University of Pittsburgh. (n.d.). *Teaching discipline.* Retrieved from http://www.ocd.pitt.edu/sites/default/files/Parent_Guides/Foster-Parents/Discipline%20Foster%20Parent%20Guide.pdf

Raising Children Network. (n.d.). *Discipline and guiding behaviour: babies and children*. Retrieved from https://raisingchildren.net.au/

WebMD. (n.d.). *Parents, kids and discipline.* Retrieved from https://www.webmd.com/

အခန်း ၅

# ငြိမ်းချမ်းစွာ နေထိုင်ခြင်း

ကလေးငယ်များသည် သိရှိလိုစိတ်ပြင်းပြပြီး လူတို့၏ မတူညီသော ရုပ်ရည်သွင်ပြင်နှင့် အပြုအမူများကို သတိထားမိတတ်ကြသည်။ မြန်မာနိုင်ငံရှိ ကလေးငယ်များသည်လည်း ၎င်းတို့၏ လူ့အသိုက်အဝန်းတွင် မတူကွဲပြားမှုများရှိနေခြင်းကို တဖြည်းဖြည်းချင်း သိရှိလာပါလိမ့်မည်။ မတူညီသော နောက်ခံ အကြောင်းရင်းမျိုးစုံမှ လူများနှင့် အပြုသဘောဆောင်သော ဆက်ဆံရေးများ တည်ဆောက်ရန်အတွက် စွမ်းရည်များနှင့် စိတ်နေစိတ်ထားများကို လေ့လာသင်ယူရန် လိုအပ်ပါလိမ့်မည်။ ဤအခန်းသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားမျိုးနွယ်စုများ နှင့် ယဉ်ကျေးမှုများကို အဓိကထားရေးသားထားပြီး သရုပ်လက္ခဏာ၏ သဘောတရား၊ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခတွင် ၎င်း၏ အခန်းကဏ္ဍတို့ကို စူးစမ်းလေ့လာရန် ထည့်သွင်းထားပါသည်။ ထို့အတူ ယဉ်ကျေးမှုအခြေပြု စိတ်နေစိတ်ထားများနှင့် အလေ့အထများကို သင်ကြားပေးခြင်း မှတစ်ဆင့် မတူညီသော ယဉ်ကျေးမှုများကို တန်ဖိုးထားခြင်း၊ ၎င်းတို့နှင့် ပတ်သက်ပြီး လေးလေးစားစား ပြုမူဆောင်ရွက်ခြင်းတို့ကို အသားပေး ဖော်ပြထားပါသည်။ ဤအခန်းတွင် ငြိမ်းချမ်းစွာ ရှင်သန် နေထိုင်ခြင်း နှင့်ပတ်သက်၍ ပထမတန်းမှ ပဉ္စမတန်းသင်ရိုးညွှန်းတမ်းအတွက် မူလတန်း သင်ခန်းစာများကို သင်ကြားပို့ချနည်းကိုပါ ထည့်သွင်းပေးထားပါသည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းကို သင်ယူပြီးချိန်တွင်ကျောင်းသားများသည် -**

- ခြားနားသော မျိုးနွယ်စု၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို နားလည်ခြင်းအား သရုပ်ပြတတ်မည်။
- တိုင်းရင်းသား အမျိုးမျိုးတို့၏ မတူကွဲပြားသော ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ဖော်ပြတတ်မည်။
- ငြိမ်းချမ်းရေးနှင့်ပဋိပက္ခ၏ အခြေခံယူဆချက်နှင့် လက်တွေ့ဘဝတွင် တည်ရှိနေပုံကို ရှင်းပြတတ်မည်။
- ခြားနားသောမျိုးနွယ်စုများအတွင်း ငြိမ်းချမ်းစွာ အတူတကွနေထိုင်ရန် လိုအပ်ပုံကို ဆွေးနွေးတတ်မည်။
- အတန်းအလိုက် အကြောင်းအရာများ ချိတ်ဆက်ပုံကို ဆွေးနွေးတတ်မည်။
- မူလတန်းအဆင့်တွင် ငြိမ်းချမ်းစွာနေထိုင်ခြင်းကို သင်ကြားရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြတတ်မည်။
- ငြိမ်းချမ်းစွာနေထိုင်ခြင်းကို သင်ကြားရန် သင်ယူမှုလုပ်ငန်းများနှင့် နည်းလမ်းများကို သတ်မှတ်တတ်မည်။

# ၅.၁။ ယဉ်ကျေးမှုနှင့် တိုင်းရင်းသားမျိုးနွယ်စုများ မတူကွဲပြားခြင်း

ယဉ်ကျေးမှုကွဲပြားခြင်းသည် တန်ဖိုးရှိသည့်အရာ တစ်ခုဖြစ်သကဲ့သို့ စိန်ခေါ်မှုတစ်ရပ်လည်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ယဉ်ကျေးမှုသည် ကျွန်ုပ်တို့၏ ပြုမူပုံ၊ စဉ်းစားပုံနှင့် အရာရာတိုင်းကို ကျွန်ုပ်တို့ရှုမြင်ပုံစသည်တို့အပေါ်တွင် ကျွန်ုပ်တို့ထင်မြင်ထားသည်ထက် ပိုမိုကြီးမားကျယ်ပြန့်စွာ လွှမ်းမိုးမှုရှိပါသည်။ ဤအခန်းငယ်တွင် တိုင်းရင်းသားမျိုးနွယ်စု၊ ယဉ်ကျေးမှု၊ မြန်မာ့လူ့အသိုက်အဝန်းရှိ ၎င်းတို့၏ အခန်းကဏ္ဍများကို အဓိကထား ဖော်ပြထားပါသည်။

## ၅.၁.၁။
## မြန်မာတိုင်းရင်းသားမျိုးနွယ်စုများအတွင်း ခြားနားမှုများ

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ခြားနားသော မျိုးနွယ်စု၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို နားလည်ခြင်းအား သရုပ်ပြတတ်မည်။
- တိုင်းရင်းသားအမျိုးမျိုးတို့၏ မတူကွဲပြားသော ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ဖော်ပြတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘော ပေါက်ကြောင်းပြသသည်။

(ဂ)(၃.၃) ကျောင်းသားများ၏ ကွဲပြားခြားနားသော ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် ကမ္ဘာ့နိုင်ငံသား ဖြစ်မှုအကြောင်းအရာများကို နားလည်နိုင်ရန်အတွက် ပြုစု ပျိုးထောင်ပေးနိုင်စွမ်းရှိကြောင်းပြသသည်။

**အချိန်-** မိနစ်(၅၀)ကြာ စာသင်ချိန်တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ-** မြေပုံတစ်ချပ်အား အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ နားလည်မှု စစ်ဆေးခြင်း၊ အသုံးချခြင်း၊ သုတေသနပြုစုခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ-** ကျောင်းသားများနှင့် ဆရာများသည် ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ ၅.၁.၁ အား ကြိုတင်ဖတ်ရှုထားရမည်။ ကျောင်းသားများအတွက် မြန်မာနိုင်ငံရှိ ကွဲပြားခြားနားသော တိုင်းရင်းသားအစု အဖွဲ့များနှင့်ပတ်သက်ပြီး အွန်လိုင်းနှင့် စာအုပ်များမှ အချက်အလက်များကို စုဆောင်းထားရမည်။ အွန်လိုင်းစာကြည့်တိုက်များကို စာရင်းပြုစုထားခြင်းက အသုံးဝင်ပါလိမ့်မည်။

**လိုအပ်သောရင်းမြစ်များ။** ကျောင်းသားကိုင်စာအုပ်၊ လက်ကမ်းစာစောင် (၆)၊ ကားချပ်ကြီးများ၊ ရောင်စုံဘောလ်ပင်များ (သို့) မာကာများ။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း (၁) - မြေပုံအား ဆွေးနွေးပါ။ (၁၀ မိနစ်)

၁။ ကျောင်းသားများကို ၄-၈ ယောက်ပါသော အဖွဲ့ငယ်များဖွဲ့ပါ။ ၎င်းတို့မှ မြေပုံကို ကြည့်ရှုပြီး မြေပုံပါ အရောင်များ၏ ဖော်ပြချက်များကို ဆွေးနွေးရမည်။

၂။ အရောင်များသည် မတူညီသော ဘာသာစကား အစုအဖွဲ့များကို ရည်ညွှန်းကြောင်း ရှင်းပြပါ။ ဖြစ်နိုင်ပါက၊ ကျောင်းသားများအား မြေပုံကို အွန်လိုင်း မှတစ်ဆင့် ဖွင့်ပြီး ပရိုဂျက်တာဖြင့်ဖြစ်စေ၊ သို့မဟုတ် ဖုန်းဖြင့်ဖြစ်စေ (သို့မဟုတ် ကွန်ပျူတာ) ဖြင့်ဖြစ်စေ ကြည့်ရှုခိုင်းပါ။

၃။ အဖွဲ့များအလိုက်၊ ကျောင်းသားများမှ မြန်မာနိုင်ငံရှိ မည်သည့် တိုင်းရင်းသားမျိုးနွယ်စုများသည် မည်သည့်နေရာများတွင် နေထိုင်နေကြကြောင်းကို ဆွေးနွေးရမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

အဖွဲ့လိုက် လုပ်ဆောင်နေစဉ်အတွင်း ကျောင်းသားများကို စောင့်ကြည့်လေ့လာပါ။ တိုင်းရင်းသားမျိုးနွယ်စုများ၏ နေထိုင်ရာ ဒေသနှင့် ပတ်သက်ပြီး ကျောင်းသားများ၏ ရှိနှင့်ပြီးသား အသိအမြင်များကို အကဲဖြတ်နိုင်သည့်အပြင် ဘာသာစကားနှင့် ပတ်သက်သည့် အချက်အလက်များကို အသုံးပြုပြီး တိုင်းရင်းသားမျိုးနွယ်စုများ၏ နေရာဒေသကို ချိတ်ဆက်ကြည့်ရှုနိုင်မှု ရှိ/မရှိ သုံးသပ်နိုင်ပါသည်။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် တိုင်းရင်းသားမျိုးနွယ်စုကြီးများ၏ အမည်ဖော်ပြထားသော ပြည်နယ်များကို ခွဲခြားဖော်ပြလာနိုင်ပါသည်။ထို့အပြင် ၎င်းတို့နှင့် ရင်းနီးကျွမ်းဝင်သည့် အခြားတိုင်းရင်းသား အုပ်စုများကိုလည်း ဖော်ပြရန် တိုက်တွန်းပေးပါ။ အတန်းထဲတွင်ရှိသော တိုင်းရင်းသားလူမျိုးများ၊ ဒေသတွင်းနေထိုင်သူများ သို့မဟုတ် ၎င်းတို့နေထိုင်ရာမြို့ပတ်ဝန်းကျင်ရှိ နေထိုင်သူများနှင့် ပတ်သက်ပြီး ရရှိနိုင်သော အချက်အလက်ဗဟုသုတများစွာ ရှိပါသည်။

## သင်ယူမှုလုပ်ငန်း (၂) - မှန်/မှား (၁၀ မိနစ်)

ကျောင်းသားများမှ ပေးထားသော စာကြောင်းများကို ဖတ်ရှုပြီး မှန်/မှား ဆုံးဖြတ်ပါ။ ထို့နောက်တွင် အဖြေများကို ရှင်းပြပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤလုပ်ငန်းသည် ယဉ်ကျေးမှုနှင့် နေ့စဉ်ဘဝရှိ ယဉ်ကျေးမှု၏ အခန်းကဏ္ဍနှင့် စပ်လျဉ်းပြီး သင်တန်းသားများ၏ နားလည်မှုနှင့် စိတ်နေသဘောထားကို အကဲဖြတ်ပေးပါသည်။ နားလည်မှုမှားယွင်းနေပါက သင်တန်းပို့ချသူများမှ ပြင်ဆင်ပေးနိုင်ရန် အခွင့်အလမ်း တစ်ခုပင်ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ မှားပါသည်။ ယဉ်ကျေးမှုများကို ပိုမိုကျယ်ပြန့်သော လူ့အဖွဲ့အစည်းဆိုင်ရာ ပြောင်းလဲမှု၊ အခြားယဉ်ကျေးမှုများနှင့် ထိတွေ့မှု၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် နိုင်ငံရေးစနစ် ပြောင်းလဲမှုများက အမြဲတမ်းလွှမ်းမိုးထားပါသည်။

၂။ မှန်ပါသည်။ လူတို့ကြီးပြင်းလာသည့် ယဉ်ကျေးမှုသည် အဆိုပါလူများ၏ ဘဝတွင် လွှမ်းမိုးမှု အမြင့်မားဆုံးဖြစ်ပါသည်။

၃။ မှန်ပါသည်။ ဤအချက်သည် ယဉ်ကျေးမှုများအမြဲတမ်းပြောင်းလဲနေသည့် အကြောင်းရင်း တစ်ချက် ဖြစ်သည်။

၄။ မှားပါသည်။ ယဉ်ကျေးမှုသည် ဇင်းယုံကြည်ချက်များအပေါ် လွှမ်းမိုးထားသော်လည်း လွှမ်းမိုးထားသည့် တစ်ခုတည်းသော အကြောင်းပြချက် မဟုတ်ပေ။ အတွေ့အကြုံနှင့် ပညာရေးစသည့် အခြားသောအရာများလည်း ရှိပါသည်။

၅။ မှန်ပါသည်။ အခြားအရေးကြီးသောအရာများတွင် မိသားစုနှင့် မိတ်ဆွေများ၊ အလုပ်အကိုင် နှင့် စိတ်ဝင်စားမှုများ ပါဝင်နိုင်ပါသည်။

၆။ မှားပါသည်။ လူတိုင်းတွင် ယဉ်ကျေးမှု ရှိကြပါသည်။

## သင်ယူမှုလုပ်ငန်း (၃)- အသုံးချပါ၊ ခွဲခြမ်းစိတ်ဖြာပါ၊ နှိုင်းယှဉ်ခွဲခြားပါ။ (၂၀ မိနစ်)

၁။ ကျောင်းသားများက ဘုံတူညီနေသော ယဉ်ကျေးမှုဆိုင်ရာလက္ခဏာရပ် ၁၀ ချက်ကို ဖတ်ရှုရမည်။ ဆန္ဒရှိပါက ဝသ်သာ (Whittwer) ၏ စံနမူနာပုံစံသည် မနုဿဗေဒပညာရှင်များက ယဉ်ကျေးမှုဆိုင်ရာလက္ခဏာရပ်များကို ခွဲခြားဖော်ပြသည့် နည်းလမ်းများထဲမှ တစ်ခုသာဖြစ်ကြောင်း ထောက်ပြနိုင်သည်။ ကျောင်းသားများမှ စိတ်ဝင်စားပါက လေ့လာနိုင်သည့် အခြားသော မနုဿဗေဒပညာရှင်များစွာ ရှိနေပါသေးသည်။

၂။ ကျောင်းသားအားလုံးကို လက်ကမ်းစာစောင် (၆) ကိုကြည့်စေပါ။ ကျောင်းသားများမှ ၎င်းတို့၏ ယဉ်ကျေးမှုလက္ခဏာရပ်များကို ဇယားထဲတွင် ဖြည့်စွက်ရမည်။

၃။ ထို့နောက်တွင် ကျောင်းသားများမှ ၎င်းတို့ အဘိုးအဘွားများခေတ်ကာလ၏ ယဉ်ကျေးမှုဆိုင်ရာ လက္ခဏာရပ်များကို စဉ်းစားရမည်။

၄။ နှစ်ယောက်တစ်တွဲစီဖြင့် ကျောင်းသားများမှ ၎င်းတို့၏ ဇယားအား နှိုင်းယှဉ်ကြည့်ရမည်။ ၎င်းတို့၏ တွဲဖက်နှင့် ဘုံတူညီနေသော အချက်များ ရှိပါသလား။ မည်သည့်အချက်များသည် ကွဲပြားနေပါသနည်း။ ၎င်းတို့ အဘိုးအဘွားများ၏ဘဝသည် ဆင်တူပါသလား သို့မဟုတ် ကွဲပြားခြားနားခဲ့ပါသလား။ အနှစ်ချုပ်ကို ပြောပြရန်အတွက် အဓိကခြားနားချက်များနှင့် တူညီချက်များကို ရှင်းပြရန် ဆန္ဒရှိသည့်ကျောင်းသားအချို့ကို တင်ပြခိုင်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများမှ ၎င်းတို့၏ လက်ကမ်းစာစောင် ဖြည့်စွက်နေသည့်အချိန်တွင် စောင့်ကြည့်လေ့လာပြီး ၎င်းတို့၏ ဆွေးနွေးချက်များကို နားထောင်ပါ။ ဤလုပ်ငန်းသည် ကျောင်းသားများ၏ ခြားနားချက်ပေါ် အမြင်များကို အကဲဖြတ်သိရှိရန် အကူအညီပေးပါလိမ့်မည်။ ကွဲပြားခြားနားသော တိုင်းရင်းသားမျိုးနွယ်စုမှ သင်တန်းသားများကို တူညီချက်များနှင့် ခြားနားချက်များအား ပြောပြခိုင်းပါ။ ကျောင်းသားများသည် အခြားလူများ၏ မတူညီသော ယဉ်ကျေးမှုဆိုင်ရာ အတွေ့အကြုံများကို လေးစားမှုရှိပြီး စိတ်ဝင်စားမှုရှိကြပါသလား။ လူများသည် တစ်ဦးနှင့်တစ်ဦး ပိုမိုတူညီနေကြကြောင်းကို အသိအမှတ်ပြုလက်ခံပါသလား။ အချိန်ကာလပေါ် မူတည်ပြီး ယဉ်ကျေးမှုဆိုင်ရာပြောင်းလဲမှုကို ရှင်းပြပြီး ထိုသို့ဖြစ်ရသည့်အကြောင်းရင်းများကို စဉ်းစား ဆုံးဖြတ်ကြပါသလား။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများမှ ၎င်းတို့ခေတ်နှင့် အဘိုးအဘွားတို့၏ ခေတ်ကာလကြားရှိ ယဉ်ကျေးမှုနှင့် အတွေ့အကြုံများ၏ တူညီချက်များနှင့် ခြားနားချက်များကို ခွဲခြားဖော်ပြပါလိမ့်မည်။ ကျောင်းသားများမှ အချိန်ကာလအလိုက် ၎င်းတို့၏ ယဉ်ကျေးမှုပြောင်းလဲခြင်းအပေါ် ရှင်းပြပါမည်။ ပြောင်းလဲခြင်းထဲမှ တစ်ချက်မှာ သယ်ယူပို့ဆောင်ရေး နှင့် ဆက်သွယ်ရေး နည်းပညာတို့ဖြစ်ကြပြီး၊ ယနေ့ခေတ်လူများသည် ၎င်းတို့၏ကိုယ်ပိုင် အတွေ့အကြုံထက် ပြင်ပကမ္ဘာ၏ လွှမ်းမိုးမှုကို ပိုမိုတွေ့ကြုံရင်ဆိုင်နေကြရသည်။

## သင်ယူမှုလုပ်ငန်း (၄) - သုတေသနပြုစုခြင်း (၁၀ မိနစ် + အိမ်စာ)

ဤလုပ်ငန်းကို ကျောင်းသားများ တစ်ဦးချင်းစီ၊ နှစ်ယောက်တစ်တွဲ သို့မဟုတ် အဖွဲ့ငယ်များ ဖြင့်ဖြစ်စေ၊ အတန်းပြင်ပတွင် တွေ့ဆုံလုပ်ဆောင်နိုင်သည့် လွယ်ကူမှုအခြေအနေပေါ် မူတည်ပြီး ဆောင်ရွက်နိုင်ပါသည်။ တစ်ဦးချင်းစီဖြစ်စေ၊ အတွဲလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ သို့မဟုတ် ကျောင်းသားများကို ရွေးချယ်ခွင့်ပြုခြင်းဖြစ်စေ သင်ဆန္ဒရှိသည့်အတိုင်း ဆုံးဖြတ် လုပ်ဆောင် နိုင်သည်။ ထို့အတူ ဤလုပ်ငန်းစဉ်အား ညတွင်းချင်း အပြီးသတ်လုပ်ဆောင်စေလိုပါသလား သို့မဟုတ် အချိန်ယူပြီး (သုတေသနပြုစုရန်နှင့် ပိုစတာများဖန်တီးရန်အတွက် ၂ ရက် (သို့) ၃ ရက် သို့မဟုတ် တစ်ပတ်) ပြုလုပ်စေလိုပါသလား ဆုံးဖြတ်ပါ။

**စာသင်ခန်းတွင်း**

၁။ ကျောင်းသား တစ်ဦးချင်းစီ၊ အတွဲလိုက် သို့မဟုတ် အဖွဲ့များထံသို့ ကားချပ်ကြီးများနှင့် ဘောလ်ပင်များပေးပါ။

၂။ ဤလုပ်ငန်းနှင့်ပတ်သက်ပြီး ကျောင်းသားများနှင့် ဆွေးနွေးပါ။

(က) ကျောင်းသားများအနေဖြင့် ရင်းနှီးကျွမ်းဝင်မှု သိပ်မရှိသည့် နေရာဒေသတစ်ခုအား ရွေးချယ်ရန် တိုက်တွန်းပါ။

(ခ) ထည့်သွင်းစဉ်းစားရမည့် အချက်အလက်များ (ထိုဒေသတွင်းရှိ တိုင်းရင်းသားမျိုးနွယ်တစ်စု (သို့မဟုတ်) တစ်စုထက်ပိုသော တိုင်းရင်းသားမျိုးနွယ်စုများ - ၎င်းတို့၏ဘာသာစကား၊ ရိုးရာဝတ်စားဆင်ယင်မှု၊ ပွဲလမ်းသဘင်များ၊ စီးပွားရေး၊ အိမ်ယာအဆောက်အအုံ အစရှိသည်ဖြင့်)

(ဂ) ၎င်းနေရာဒေသအကြောင်း သုတေသနပြုစုရန်အတွက် လိုအပ်နိုင်မည့် ရင်းမြစ်များ - အွန်လိုင်းစာကြည့်တိုက်၊ အခြားသော အင်တာနက်ရင်းမြစ်များ၊ ထို့အတူ စာကြည့်တိုက်အတွင်းရှိ အသုံးဝင်နိုင်မည့် စာအုပ်များ။

(ဃ) ပုံနှိပ်စက်ရှိပါက (ပုံရေးဆွဲနိုင်သည် သို့မဟုတ် မဂ္ဂဇင်းများမှ ပုံများထည့်သွင်းနိုင်သည်) သရုပ်ဖော်ပုံများ ထည့်သွင်းရန် တိုက်တွန်းပါ။

၃။ ကျောင်းသားများမှ ၎င်းတို့၏ ပိုစတာအတွက် ကြိုတင်ပြင်ဆင်ရမည်။

(က) ကျောင်းသားများမှ ၎င်းတို့ သုတေသနပြုစုချင်သည့် နေရာဒေသကို ရွေးချယ်ပြီး ထည့်သွင်းချင်သော အချက်အလက်များကို ရွေးချယ်ဆုံးဖြတ်ရမည်။

(ခ) နှစ်ယောက်တစ်တွဲစီဖြစ်စေ သို့မဟုတ် အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်နေပါက၊ တာဝန်များကို ခွဲဝေပြီး သုတေသနပြုစုမည့်သူများနှင့် ရေးသားမည့်ခေါင်းစဉ်အား ဆုံးဖြတ်ရမည်။

**အိမ်စာ**

- ကျောင်းသားများမှ သုတေသနပြုစုပြီး ၎င်းတို့ရွေးချယ်ထားသည့် နေရာအကြောင်း ရေးသားရမည်။
- ၎င်းတို့၏ အချက်အလက်များကို ကားချပ်ကြီးပေါ်တွင် ရေးချရမည်။

**နောက်တစ်နေ့/နောက်အတန်းချိန်**

- ကျောင်းသားများမှ ၎င်းတို့၏ ကားချပ်ကြီးများကို နံရံပေါ်တွင် ချိတ်ဆွဲပြသရမည်။
- သင့်အနေဖြင့် အောက်ပါမေးခွန်းများအတိုင်း မေးမြန်းကြည့်နိုင်ပါသည်။
- သင်တို့ သုတေသနပြုစုခဲ့သည့်နေရာအကြောင်းနှင့်ပတ်သက်ပြီး မည်သည့်အချက်သည် စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်ပါသနည်း။

- (ရွေးချယ်နိုင်သည်) ဆန္ဒရှိပါက ပြခန်းအနေဖြင့် အခြားအဖွဲ့များ၏ ပိုစတာများကို အဖွဲ့လိုက် လိုက်လံကြည့်ရှုခိုင်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ပိုစတာပေါ်ရှိအချက်အလက်များ၏ အရည်အသွေးကိုစစ်ဆေးပါ။ အခြေခံကျသည့် အကြောင်းအရာများကိုသာ ဖော်ပြထားပါသလား (သုတေသနပြုစုရာတွင် လုံလောက်သော အချိန်မပေးထားခြင်း) သို့မဟုတ် ပိုစတာတွင် သုတေသနနယ်ပယ်ကို ပိုမိုကျယ်ပြန့်စွာ ဖော်ပြထားပါသလား။ စိတ်ဝင်စားစရာအချက်များကို ဦးစားပေးဖော်ပြထားပါသလား။ အချက်အလက်များကို ကိုယ်ပိုင်စကားလုံးများဖြင့် ဖော်ပြထားပါသလား သို့မဟုတ် အွန်လိုင်းစာမျက်နှာများမှ တိုက်ရိုက်ကူးထားပါသလား။ ပိုစတာပါ ယဉ်ကျေးမှုနှင့် လူများအတွက် လေးစားမှုနှင့် တန်ဖိုးထားမှုကို လက်တွေ့ဖော်ဆောင်ထားပါသလား။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဒေသတစ်ခုနှင့် အဆိုပါဒေသတွင် နေထိုင်သူများ၏ ယဉ်ကျေးမှုဆိုင်ရာ စိတ်ဝင်စားဖွယ်အချက်များကို ဖော်ပြထားသည့် ပိုစတာတစ်ချပ်ဖြစ်ပါသည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ အဆင့် ၃ ပြီးသွားသည့်အခါတွင် မြန်မာနိုင်ငံရှိ တိုင်းရင်းသားမျိုးနွယ်စုများကို အတန်းလိုက် စဉ်းစားစာရင်းပြုစုပါ။

**သင်ယူမှုလုပ်ငန်း ၄။** ။ အချို့အဖွဲ့များကို မြန်မာနိုင်ငံအတွင်းရှိ နေရာများအစား အိမ်နီးချင်းနိုင်ငံများ၊ သို့မဟုတ် ရပ်ဝေးနိုင်ငံများတို့မှ ရင်းနီးနေသည့်နေရာများကို တာဝန်ပေးပြီး လုပ်ဆောင်ခိုင်းနိုင်သည်။ ထို့အတူ အိမ်နီးနားချင်း တိုင်းရင်းသားမျိုးနွယ်စုများ၏ ရုပ်ပုံများကိုလည်း ထည့်သွင်းနိုင်ပါသည်။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** ယဉ်ကျေးမှု ဆိုသည်မှာ အဘယ်နည်း။

**အဖြေ။** *ဓလေ့ထုံးတမ်း နှင့်အညီ ယုံကြည်မှုများ၊ လူမှုရေးဆိုင်ရာအပြုအမူများ၊ တိုင်းရင်းသား မျိုးနွယ်တစ်စု၏ အသုံးအဆောင်များ၊ ဘာသာရေး သက်ဝင်ယုံကြည်မှု၊ သို့မဟုတ် လူမှုရေးဆိုင်ရာအစုအဖွဲ့။*

**မေးခွန်း ၂။** ယဉ်ကျေးမှုနှင့် တိုင်းရင်းသားမျိုးနွယ်စုအကြားရှိ ဆက်နွယ်မှုမှာ အဘယ်နည်း။

**အဖြေ။** *တိုင်းရင်းသားမျိုးနွယ်စုသည် ယဉ်ကျေးမှု၏ အဓိကအစိတ်အပိုင်းဖြစ်သည်။ သို့သော် တစ်ခုတည်းသောအရာ မဟုတ်ပေ။ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်၊ နိုင်ငံရေးနှင့် နည်းပညာစသည့် အခြားအရာများသည်လည်း အရေးကြီးပါသည်။*

**မေးခွန်း ၃။** လူတစ်ဦး၏ တိုင်းရင်းသားမျိုးနွယ်စုဝင်ဖြစ်မှုသည် ၎င်း၏ဘဝပေါ်တွင် မည်သို့ သက်ရောက်မှုရှိသနည်း။

**အဖြေ။** *တိုင်းရင်းသားရိုးရာဓလေ့တွင် ကြီးပြင်းလာခြင်းမှ သင်ယူရရှိခဲ့သည့် ယုံကြည်မှု၊ စံတန်ဖိုးများနှင့် အလေ့အထများသည် ဘဝနေထိုင်မှုနှင့် ဘဝအတွက် ရွေးချယ်မှုများတွင် သက်ရောက်မှုရှိပါသည်။ အခြားလူများက သင်၏ တိုင်းရင်းသားမျိုးနွယ်စုနှင့် ပတ်သက်သည့် ယေဘုယျကောက်ချက်များပေါ် အခြေခံပြီး သင့်အားမတူညီသည့်ပုံစံ (ကောင်းသည် (သို့) ဆိုးသည်) ဖြင့် ဆက်ဆံနိုင်ပါသည်။ အချို့လူများသည် ၎င်းတို့နှင့် မျိုးနွယ်တူ လူ့အဖွဲ့အစည်းတွင် ပိုမိုခိုင်မာသည့် ပါဝင်ပတ်သက်မှု ရှိတတ်ကြပါသည်။*

# ၅.၂။ မတူကွဲပြားသော လူ့အဖွဲ့အစည်းတွင် ငြိမ်းချမ်းစွာ နေထိုင်ခြင်း

ကျွန်ုပ်တို့၏ လူ့အသိုက်အဝန်းအတွင်း ငြိမ်းချမ်းစွာ ရှင်သန်နေထိုင်ရန်အလို့ငှာ ပဋိပက္ခနှင့် ငြိမ်းချမ်းရေးအပေါ် နားလည်သဘောပေါက်မှု၊ ၎င်းတို့နှင့် တိုင်းရင်းသားမျိုးနွယ်စု မတူကွဲပြားမှု ရှိခြင်းတို့ကြား ဆက်နွယ်မှုအပေါ် နားလည်သဘောပေါက်မှုတို့အား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိလာရန် လိုအပ်ပါသည်။ ပဋိပက္ခ နှင့် ငြိမ်းချမ်းရေး၏ သဘောတရားသည် တရားမျှတပြီး ငြိမ်းချမ်းသော လူ့အသိုက်အဝန်းတစ်ရပ် တည်ဆောက်ရန်အတွက် လူတိုင်းတွင် တာဝန်ရှိပြီး၊ တိုင်းရင်းသား မျိုးနွယ်စု မတူကွဲပြားမှုရှိခြင်းသည် မြန်မာနိုင်ငံ၏ အားသာချက်များထဲမှ တစ်ချက်ဖြစ်ကြောင်း ဖော်ပြနေပါသည်။ ကျွန်ုပ်တို့၏ သရုပ်လက္ခဏာရပ်များ နှင့် လိုအပ်ချက်များကို စဉ်းစားကြည့်ပြီး တိုင်းရင်းသားမျိုးနွယ်စုထွေပြားခြင်းအပေါ် ထားရှိသည့် မတူညီသော ရှုထောင့်အမြင်များကို စူးစမ်းလေ့လာသွားပါမည်။ ကျွန်ုပ်တို့အားလုံး အတူတကွ ငြိမ်းချမ်းစွာ ရှင်သန်နေထိုင်နိုင်ရန် အထောက်အကူဖြစ်စေသည့် ကျွန်ုပ်တို့ကိုယ်တိုင်နှင့် အခြားလူများအကြား ချိတ်ဆက်နိုင်မည့် နည်းလမ်းများကို စူးစမ်းလေ့လာသွားမည်။

နောက်ဆုံး၌ မူလတန်းကျောင်းသားများကို ငြိမ်းချမ်းစွာရှင်သန်နေထိုင်ခြင်း ခေါင်းစဉ်နှင့် ပတ်သက်ပြီး သင်ခန်းစာများကို သင်ကြားမည့်ပုံစံအား စဉ်းစားဆုံးဖြတ်နိုင်စေရန်အတွက် သင်ရိုးညွှန်းတမ်းများကို လေ့လာခြင်းဖြင့် အဆုံးသတ်ပါမည်။

# ၅.၂.၁။
# ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ၏ အခြေခံယူဆချက်

## မျှော်မှန်းထားသောသင်ယူမှုရလဒ်

**ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ၏ အခြေခံယူဆချက်နှင့် လက်တွေ့ဘဝတွင် တည်ရှိနေပုံကို ရှင်းပြတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘော ပေါက်ကြောင်းပြသသည်။

(ဂ)(၃.၃) ကျောင်းသားများ၏ ကွဲပြားခြားနားသော ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် ကမ္ဘာ့နိုင်ငံသား ဖြစ်မှုအကြောင်းအရာများကို နားလည်နိုင်ရန်အတွက် ပြုစုပျိုး ထောင်ပေးနိုင်စွမ်းရှိကြောင်း ပြသည်။

**အချိန်-** မိနစ်(၅၀)ကြာ စာသင်ချိန်တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ-** ဆွေးနွေးခြင်း၊ အဖွဲ့လိုက်လုပ်ငန်းများ။ အဓိကအချက်များကို ခွဲခြားဖော်ထုတ်ခြင်း၊ အသုံးချခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - ကျောင်းသားများနှင့် ဆရာများသည် ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ ၅.၂.၁ ကို ကြိုတင်ဖတ်ရှုထားရမည်။ ဆရာများမှ ဖွဲ့စည်း တည်ဆောက်ပုံဆိုင်ရာ အကြမ်းဖက်မှုကို ရှင်းပြသည့် ဇယားအား ကားချပ်ကြီး (သို့) သင်ပုန်းပေါ်တွင် ရေးချရမည် (ကျောင်းသားကိုင်စာအုပ် စာ-၉၂ တွင် ကြည့်ပါ) ။

**လိုအပ်သောရင်းမြစ်များ-** ကျောင်းသားကိုင်စာအုပ်၊ သင်ပုန်း သို့မဟုတ် ကားချပ်ကြီးများ၊ တိပ်၊ ကျောင်းသား အရေအတွက်နှင့် ကိုက်ညီသည့် A6 အရွယ်အစား ရောင်စုံစာရွက်များ ၃ မျိုး (A4 စာရွက်အား လေးပိုင်း ပိုင်းပါ)၊ ဥပမာ - ကျောင်းသား အယောက် ၂၀ ရှိပါက၊ အနီရောင်၁၀ ရွက်၊ အဝါရောင် ၁၀ ရွက် နှင့် အစိမ်းရောင် ၁၀ ရွက် လိုအပ်မည်ဖြစ်သည်။ ရောင်စုံစာရွက်မရှိပါက၊ စာရွက်ဖြူများနှင့်လည်း အဆင်ပြေပါသည်။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း (၁) (၁၀ မိနစ်)

ပေးထားသောစာပိုဒ်အား ဖတ်ရှုပြီးသည့်အခါတွင် ကျောင်းသားများမှ မေးခွန်းများကို ဆွေးနွေးရမည်။ ဆွေးနွေးပြီးသည့်အခါတွင် အချို့အတွဲများကို ၎င်းတို့ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို ရှင်းပြခိုင်းပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

အခန်းတစ်ဝိုက်ပတ်လျှောက်ပြီး အခြားအတွဲများအားလုံးသည် ဆွေးနွေးမှုပေါ်တွင် အာရုံစိုက်နေစေရန် စစ်ဆေးပေးပါ။ အောက်တွင်ဖော်ပြထားသည့် အဓိကအချက်များအားလုံးကို ရှင်းပြပြီးသည့်အထိ အတွဲများကို ထပ်ခါထပ်ခါ မေးမြန်းပါ။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ မပြည့်စုံသော ငြိမ်းချမ်းရေးဟူသည် စစ်ပွဲ သို့မဟုတ် အကြမ်းဖက် ပဋိပက္ခများ ရပ်တန့်သွားခြင်းကိုသာ ဆိုလိုသည်။ အဆိုပါ ပဋိပက္ခများ၏ ဇာစ်မြစ်အကြောင်းတရားများကို ဖယ်ရှားပစ်နိုင်ခြင်းမရှိသောကြောင့် ၎င်းကို မပြည့်စုံသော ငြိမ်းချမ်းရေးဟု ဆိုရခြင်းဖြစ်သည်။

၂။ မပြည့်စုံသော ငြိမ်းချမ်းရေးတွင် လူမှုတရားမျှတမှု မရရှိသေးပေ။ ကျား/မ၊ တိုင်းရင်းသားမျိုးနွယ် (သို့) ဘာသာရေးအုပ်စုများနှင့် လူမှုအဆင့်အတန်းမတူညီသည့် လူများတွင် တူညီသောအခွင့်အလမ်းများ မရရှိကြချေ။ ထို့ကြောင့် မပြည့်စုံသော ငြိမ်းချမ်းရေးတွင် လူများသည် တစ်ဦးနှင့်တစ်ဦး ရန်လိုမုန်းတီးပြီး ဖိနှိပ်မှုများ၊ ခွဲခြားဆက်ဆံမှုများနှင့် မတရားမှုများ ဆက်လက်ရှိနေသေးသည့်အတွက် စစ်မှန်သော ငြိမ်းချမ်းစွာရှင်သန်နေထိုင်ခြင်းကို မရရှိနိုင်သေးပါ။

## သင်ယူမှုလုပ်ငန်း (၂) (၅ မိနစ်)

ပေးထားသောစာပိုဒ်အား ဖတ်ရှုပြီးသည့်အခါတွင် ကျောင်းသားများမှ အဓိကဖော်ပြချင်သည့် အကြောင်းအရာကို ရွေးချယ်ရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ အဖြေမှန်ရအောင် စစ်ဆေးပေးပါ။ လိုအပ်ပါက ၎င်းအဖြေများ မှန်ကန်ရကြောင်းကို မေးမြန်းကြည့်ပါ သို့မဟုတ် ရှင်းပြပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေ နံပါတ် ၃ သည် မှန်ပါသည်။ ပြီးပြည့်စုံသော ငြိမ်းချမ်းရေးဆိုသည်မှာ တရားမျှတမှုရှိပြီး အကြမ်းဖက်မှုမရှိခြင်းဖြစ်သည်။ အဖြေ ၁ သည် မှန်ကန်သော်လည်း စစ်ပွဲတစ်ပွဲပြီးဆုံးပြီး နောက်ပိုင်းတွင် မပြည့်စုံသော ငြိမ်းချမ်းရေးကိုသာ ရရှိသေးသည့်အတွက် ၎င်းသည် စာပိုဒ်၏ အဓိကဖော်ပြချင်သည့် အကြောင်းအရာ မဟုတ်ပေ။

## သင်ယူမှုလုပ်ငန်း (၃) (၅ မိနစ်)

ကျောင်းသားများမှ ပေးထားသော ကိုးကားချက်များကို ဖတ်ရှုပြီး မည်သည့်ကိုးကားချက်များသည် ပြီးပြည့်စုံသောငြိမ်းချမ်းရေးအကြောင်း ပြောကြားနေခြင်းဖြစ်ပြီး မည်သည့်ကိုးကားချက်များသည် မပြည့်စုံသော ငြိမ်းချမ်းရေးအကြောင်း ပြောကြားနေခြင်းဖြစ်ကြောင်း ဆုံးဖြတ်ရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ အဖြေမှန်ရအောင် စစ်ဆေးကူညီပေးပါ။ လိုအပ်ပါက ၎င်းအဖြေများ အဘယ်ကြောင့် မှန်ကန်ရကြောင်းကို မေးမြန်းကြည့်ပါ သို့မဟုတ် ရှင်းပြပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ မပြည့်စုံသောငြိမ်းချမ်းရေး။
၂။ ပြီးပြည့်စုံသောငြိမ်းချမ်းရေး။

## သင်ယူမှုလုပ်ငန်း (၄) (၁၅ မိနစ်)

ဖွဲ့စည်းတည်ဆောက်ပုံစနစ်ဆိုင်ရာ အကြမ်းဖက်မှုကို ရှင်းပြသည့် ဇယားအား သင်ပုန်းပေါ် သို့မဟုတ် စာရွက်ချပ်ကြီးပေါ်တွင် ရေးချရမည် (ကျောင်းသားကိုင်စာအုပ် စာ-၉၂ တွင် ကြည့်ပါ)။ ဖွဲ့စည်းတည်ဆောက်ပုံစနစ်ဆိုင်ရာ အကြမ်းဖက်မှု၏သဘောတရားနှင့် ၎င်းသည် တိုက်ရိုက် အကြမ်းဖက်မှုများနှင့် မည်သို့ ကွဲပြားခြားနားကြောင်းကို ရှင်းပြပေးပါ။

ကျောင်းသားများမှ သင်ယူမှုလုပ်ငန်း (၄) ကိုဖတ်ရှုပြီး ဥပမာဖြစ်ရပ်တစ်ခုချင်းစီကို တိုက်ရိုက် အကြမ်းဖက်မှု သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံစနစ်ဆိုင်ရာ အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုမဟုတ် စသဖြင့် ဆုံးဖြတ်ပေးရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

တစ်စုံတစ်ခုသည် အကြမ်းဖက်မှု သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံစနစ်ဆိုင်ရာ အကြမ်းဖက်မှု ဟုတ် မဟုတ် ဆိုသည်မှာ (လူမှုရေး) အခြေအနေအချိန်အခါပေါ်တွင် မူတည်ပါသည် (အောက်တွင် ပေးထားသည့် နံပါတ် ၁၊ ၄ နှင့် ၆ တွင်ကြည့်ပါ)။ ကျောင်းသားများမှ အခြားအဖြေများဖြေကြားပါက - ဥပမာ၊ ကျောင်းသားတစ်ဦးမှ နံပါတ် ၁ သည် အကြမ်းဖက်မှု မဟုတ်ဟု ဖြေကြားပြီး

အခြားကျောင်းသားတစ်ဦးမှ နံပါတ် ၁ သည် ဖွံ့ဖြိုးတည်ဆောက်ပုံဆိုင်ရာ အကြမ်းဖက်မှုဟု ဖြေကြားလာခဲ့မည်ဆိုလျှင် အချိန်အနည်းငယ်ခန့် အဖွဲ့လိုက် ဆွေးနွေးခိုင်းပါ။ ထို့နောက်မှသာလျှင် ဖွံ့ဖြိုးတည်ဆောက်ပုံစနစ်ဆိုင်ရာ အကြမ်းဖက်မှုသည် လူမှုရေးဆိုင်ရာ နောက်ဆက်တွဲ ဖြစ်ပေါ်လာသည့် အကျိုးဆက်များပေါ်တွင် မူတည်ကြောင်း ရှင်းပြပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ အကြမ်းဖက်မှုမဟုတ်။ ကျူးလွန်သူမရှိပါ။ လျှော့သည် လူများကြောင့် ပေါ်ပေါက်လာခြင်း မဟုတ်သော သဘာဝ ဘေးအန္တရာယ်တစ်ခု ဖြစ်သည် သို့မဟုတ် ဖွံ့ဖြိုးတည်ဆောက်ပုံ စနစ်ဆိုင်ရာ အကြမ်းဖက်မှု။ လျှော့ဒဏ်၏ ထိခိုက်စေမှု အတိုင်းအတာသည် ကြိုတင်ပြင်ဆင်ထားမှုအပေါ် မူတည်သည်။ ဥပမာ - လူနေအိမ်များက လျှော့ဒဏ်မခံနိုင်မှုကြောင့် လျှော့အတွင်း လူများသေဆုံးရသည်ဆိုလျှင် ၎င်းသည် ဖွံ့ဖြိုး တည်ဆောက်ပုံစနစ်ဆိုင်ရာ အကြမ်းဖက်မှု ဖြစ်သည်။

၂။ လုပ်ဆောင်ချက်များ၊ ကျူးလွန်သူများနှင့် ခံရသူများမှာ ရှင်းရှင်းလင်းလင်း ရှိနေသည့်အတွက် တိုက်ရိုက်အကြမ်းဖက်မှု ဖြစ်သည်။

၃။ လုပ်ဆောင်ချက်၊ ကျူးလွန်သူနှင့် ခံရသူမှာ ရှင်းရှင်းလင်းလင်း ရှိနေသည့်အတွက် တိုက်ရိုက် အကြမ်းဖက်မှုဖြစ်သည်။

၄။ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါသည် လူ့ပယောဂကြောင့် ဖြစ်သောအရာ မဟုတ်သောကြောင့် အကြမ်းဖက်မှု မဟုတ်ဟု ဆိုနိုင်သည်။
သို့မဟုတ် ဖွံ့ဖြိုးတည်ဆောက်ပုံ စနစ်ဆိုင်ရာ အကြမ်းဖက်မှု၊ ကွန်ဒုံးသုံးခြင်းအားဖြင့် ရောဂါကူးစက်မှုကို ကာကွယ်နိုင်သည်၊ သို့သော် နိုင်ငံအများစုတွင် ရောဂါကာကွယ်မှု နှင့် ပတ်သက်၍ ပညာပေးခြင်းမျိုး မရှိကြချေ။

၅။ အကြမ်းဖက်မှုမဟုတ်။ မတော်တဆမှုသည် တမင်ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်၍ ပေါ်ပေါက်လာသော အရာမျိုး မဟုတ်ပေ။

၆။ အကြမ်းဖက်မှုမဟုတ်ပေ။ ဝတ်မှုန့်ခေါင်းပါးမှုသည် မိုးခေါင်ခြင်းကဲ့သို့သော သဘာဝဘေးကြောင့်သာ ပေါ်ပေါက်ရခြင်းဖြစ်သည် သို့မဟုတ် ဖွံ့ဖြိုးတည်ဆောက်ပုံ စနစ်ဆိုင်ရာ အကြမ်းဖက်မှု။ သစ်တောများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ဝါဂွမ်းနှင့် ဆီအုန်းကဲ့သို့သော ပြည်ပ ပို့ကုန်များ စိုက်ပျိုးခြင်းသည် စားသုံးသော သီးနှံပင်များ စိုက်ပျိုးနိုင်သည့် လယ်ယာမြေများကို ဆုံးရှုံးသွားစေသည်။

## သင်ယူမှုလုပ်ငန်း (၅)   (၁၅ မိနစ်)

၁။ ကျောင်းသားများကို ၃-၅ ဦးပါရှိသောအဖွဲ့ငယ်များဖွဲ့ပါ။ အဖွဲ့တိုင်းတွင် ကျား/မ အချိုးညီ ရောနှောပါဝင်အောင် ဆောင်ရွက်ပါ။ အရောင်တစ်ရောင်လျှင် ၂ ရွက်စီဖြင့် အဖွဲ့တစ်ဖွဲ့စီအား ရောင်စုံ စာရွက်များ ၆ ရွက်စီပေးပါ။

အောက်တွင်ပေးထားသော မေးခွန်းများကို ဆွေးနွေးပြီး ကျောင်းသားများ အဖွဲ့လိုက် ဖြေဆိုရန်အတွက် အချိန် ၅ မိနစ်ခန့်ပေးပါ။ အဖြေများကို ရောင်စုံစာရွက်ပေါ်တွင် ရေးချပါ။ တစ်ရွက်လျှင် အဖြေတစ်ခုသာ ရေးရမည်ဖြစ်ပြီး မေးခွန်းတစ်ခုအတွက် အရောင်တစ်ရောင်သာ အသုံးပြုရမည်။

က) ဖွဲ့စည်းတည်ဆောက်ပုံစနစ်ဆိုင်ရာ အကြမ်းဖက်မှုသည် တိုင်းရင်းသား လူနည်းစုများ နှင့် ဘာသာရေးလူနည်းစုများအပေါ် မည်သို့ သက်ရောက်မှု ရှိပါသနည်း။

ခ) ဖွဲ့စည်းတည်ဆောက်ပုံစနစ်ဆိုင်ရာ အကြမ်းဖက်မှုသည် လိင်စိတ်ခံယူမှုကွဲပြားသူ (LGBT) များအပေါ် မည်သို့ သက်ရောက်မှုရှိပါသနည်း။

ဂ) ဖွဲ့စည်းတည်ဆောက်ပုံစနစ်ဆိုင်ရာ အကြမ်းဖက်မှုသည် မသန်စွမ်းသူများအပေါ် မည်သို့ သက်ရောက်မှုရှိပါသနည်း။

၂။ အထက်ပါမေးခွန်းများကို ဖြေကြားပြီးသည့်အခါတွင် အဖွဲ့တိုင်းစီမှ ၎င်းတို့၏အဖြေများကို သင်ပုန်းပေါ်ရှိ သို့မဟုတ် ကားချပ်ကြီးပေါ်ရှိ ကော်လံ ၃ ခုပေါ်တွင် ကပ်ပါ (မေးခွန်းတစ်ခုလျှင် ကော်လံတစ်ခု)။ ကပ်ထားသော အဖြေများကို တစ်တန်းလုံးအား ၂ မိနစ်ခန့် ဖတ်ရှုခိုင်းပြီး တစ်ခန်းလုံးအနေဖြင့် ဆွေးနွေးခိုင်းပါ။ ဆွေးနွေးမှု စတင်ရန်အတွက် မေးခွန်းများမှာ -

က) အဖြေတစ်ခုခုသည် သင့်ကို အံ့အားသင့်သွားစေပါသလား။

ခ) သင်သဘောမတူသည့် အဖြေများရှိပါသလား။

## စစ်ဆေးအကဲဖြတ်ခြင်း

အတန်းလိုက် ဆွေးနွေးမှုအား နားထောင်ပြီး အဖြေများကို ဖတ်ရှုပါ။ အတန်းလိုက်ဆွေးနွေးမှုများကို လုပ်ဆောင်ခြင်းဖြင့် ဖွဲ့စည်းတည်ဆောက်ပုံ စနစ်ဆိုင်ရာ အကြမ်းဖက်မှုသည် မတူညီသည့် လူအုပ်စုများအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်နိုင်ပုံကို နားလည်နိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အောက်တွင်ပေးထားသော အဖြေများမှာ ဥပမာများသာဖြစ်ပြီး တစ်ခုတည်းသော အဖြေများ မဟုတ်ကြပါ။ ကျောင်းသားများတွင် အခြားမတူညီသည့် အမြင်များ ရှိနေလျှင် လက်ခံပေးပါ။

၁။ မြန်မာနိုင်ငံရှိ ကျောင်းများနှင့် တက္ကသိုလ်များတွင် သင်ကြားသည့်ဘာသာရပ်တိုင်းကို မြန်မာဘာသာစကားဖြင့် သင်ကြားပို့ချသည်။ မြန်မာစကား မပြောတတ်သည့် တိုင်းရင်းသား လူနည်းစုအဖွဲ့များမှ ကျောင်းသားများသည် မြန်မာစကားပြောကြားသူများထက် ကျောင်း၌ သင်ယူလေ့လာရာတွင် အခက်အခဲများတွေ့ကြုံရသည်။ ဤအချက်ကြောင့် မြန်မာစကားမပြောသည့် ကျောင်းသားများ၏ ရမှတ်အဆင့်များကို လျော့နည်းစေပြီး အနာဂတ်တွင် အလုပ်အကိုင်ကောင်းများ ရရှိရန်အတွက် အဟန့်အတား ဖြစ်လာနိုင်စေပါသည်။

၂။ လူ့အဖွဲ့အစည်းအများစုသည် လိင်စိတ်ခံယူမှု ကွဲပြားသော လူတန်းစား (LGBT people) များကို လက်မခံကြချေ။ ၎င်းလူ့အဖွဲ့အစည်းများတွင် အဆိုပါ လိင်စိတ်ခံယူမှု ကွဲပြားသူများသည် ၎င်းတို့၏ လိင်စိတ်တိမ်းညွှတ်မှုများကို ဖုံးကွယ်ထားကြရသည်။ အမြဲတမ်း စိုးရိမ်ထိတ်လန့်စိတ်ဖြင့် နေနေကြရပြီး အန္တရာယ်လည်း များသည်။

၃။ လူ့အဖွဲ့အစည်းအများစုတွင် လူတို့သည် လမ်းများဆောက်လုပ်ရာတွင် လည်းကောင်း၊ နေအိမ်များ ဆောက်လုပ်ရာတွင် လည်းကောင်း၊ အများပြည်သူ သွားလာပို့ဆောင်ရေး စနစ်များ ဒီဇိုင်းရေးဆွဲကြရာတွင်လည်းကောင်း မသန်စွမ်းသူများ၏ လိုအပ်ချက်တို့ကို ထည့်သွင်းစဉ်းစားလေ့မရှိကြချေ။ လှေကားများ၊ လမ်းပလက်ဖောင်းများနှင့် လမ်းများသည် ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အတားအဆီးများ ဖြစ်နေသည်။ ထိုအတားအဆီးများကြောင့် ၎င်းတို့သည် အများသူငါ လူမှုဘဝထဲတွင် ပါဝင်စီးမျောခွင့် ဆုံးရှုံးလျက်ရှိနေသည်။

## ထပ်ဆောင်းလုပ်ဆောင်ရန် နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ မိမိအဖွဲ့အပေါ် မိမိယုံကြည်မှုရှိသော အဖွဲ့တစ်ဖွဲ့အား ဖြစ်ပွားတတ်သော ပဋိပက္ခ တစ်ခုကို ဥပမာပေး၍ တင်ပြခိုင်းပါ။

သင်ယူမှုလုပ်ငန်း (၅) ပြီးသည့်အခါတွင် ပဋိပက္ခအကြောင်း သရုပ်ဖော်တင်ဆက်ခြင်းအတွက် အချိန်ပိုနေပါက ဤလုပ်ငန်းအား အတန်းချိန်၏ နောက်ဆုံးတွင် လုပ်ဆောင်နိုင်ပါသည်။ ကျောင်းသားများကို ၄ဦး မှ ၆ဦးအတွင်းပါသော အဖွဲ့ငယ်များဖွဲ့ပါ။ အဖွဲ့တစ်ဖွဲ့စီတိုင်းသည် ၎င်းတို့ပါဝင်ခဲ့ဖူးသော သူငယ်ချင်းများ သို့မဟုတ် မိသားစုများအကြား ဖြစ်ပွားသည့် ပဋိပက္ခတစ်ခုခုကို ၁ မိနစ်ခန့် သရုပ်ဖော်တင်ဆက်ရမည်။ ပဋိပက္ခအား သရုပ်ဖော်တင်ဆက်ရာတွင် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ မပါဝင်သင့်ပေ (ကျောင်းသားများ၏ စိတ်ဒဏ်ရာ ပြန်လည်ဖြစ်ပေါ် စေမည့် အန္တရာယ်)။ ထို့နောက်တွင် အဖွဲ့များမှ ၎င်းတို့၏ သရုပ်ဖော်တင်ဆက်မှုကို အတန်းသို့ တစ်လှည့်စီတင်ဆက်ရမည်။

- ပဋိပက္ခထဲရှိ အဓိက ဇာတ်ကောင်များမှာ အဘယ်နည်း။
- မည်သည့်အရာများက ၎င်းပဋိပက္ခကို ဖြစ်ပွားစေခဲ့သည်ဟု ထင်ပါသနည်း။
- အဆိုပါ ပဋိပက္ခအား ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ခဲ့မည့် နည်းလမ်းတစ်ခုခုကို စဉ်းစားမိပါသလား။
- မည်သည့်ဇာတ်ကောင်များ၏ လိုအပ်ချက်များ မပြည့်စုံခဲ့သနည်း။ ထိုအတွက်ကြောင့် ပဋိပက္ခဖြစ်ပွားခဲ့ရခြင်း ဟုတ်ပါသလား။
- (အစုအဖွဲ့ဆိုင်ရာ) သရုပ်လက္ခဏာများသည် ပဋိပက္ခတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသလား။
- ၎င်းပဋိပက္ခကြောင့် အကျိုးအမြတ်တစ်စုံတစ်ရာ ရရှိခဲ့ပါသလား။

ကျောင်းသားများအနေဖြင့် ပဋိပက္ခအတွင်းရှိ အဓိကဇာတ်ကောင်များကို ခွဲခြားဖော်ထုတ်နိုင်ပါလိမ့်မည်။

ကျောင်းသားများမှ ပဋိပက္ခအကြောင်းရင်းပြရာတွင် အလွန်ရိုးရှင်းသည့် အဖြေများ - ဥပမာ- ကိုအောင်ဖြိုးက ယဉ်ကျေးမှုမရှိသည့်အတွက် ပဋိပက္ခဖြစ်လာရခြင်းဖြစ်သည်’ ဟု ဖြေကြားလာပါက ‘သူက ဘာလို့ရိုင်းရတာလဲ။ သူဘာလိုချင်လို့ ဒီလိုပြုမူခဲ့ရသည်ဟု ထင်ပါသလဲ။’ ကဲ့သို့သော ထဲထဲဝင်ဝင် မေးခွန်းများမေးပါ။

ကျောင်းသားများမှ သရုပ်လက္ခဏာ၏ အခန်းကဏ္ဍနှင့် ပတ်သက်ပြီး အလွန်ရိုးရှင်းသော အဖြေများ - ဥပမာ - ‘ကိုအောင်ဖြိုးက ကျွန်ုပ်တို့နှင့် အလွန်ကွဲပြားသည့်တိုင်းရင်းသားမျိုးနွယ်အုပ်စု X မှ ဖြစ်သည့်အတွက် ဒီလိုပဋိပက္ခဖြစ်လာရခြင်းဖြစ်ပါတယ်’ ဟု ဖြေကြားလာပါက၊ ‘ပဋိပက္ခ မဖြစ်ပွားလာအောင် မတူကွဲပြားခြားနားချက်များကို မည်သို့ ကိုင်တွယ်ဖြေရှင်းနိုင်သနည်း။ ပဋိပက္ခဖြစ်ပေါ်လာစေသော တိုင်းရင်းသားကိစ္စ မဟုတ်သည့် အခြားမည်သည့် အကြောင်းအရာများ ရှိပါသေးသနည်း။’ ဟူ၍ မေးမြန်းပါ။

ပဋိပက္ခများကိုငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ခဲ့ပါက ပဋိပက္ခတွင် ပါဝင်သည့် ဇာတ်ကောင်များအကြား ဆက်ဆံရေးကို နောက်ပိုင်းတွင် ကောင်းမွန်လာစေပါသည်။ ပဋိပက္ခများကို နောက်တစ်ကြိမ် ဖြေရှင်းရာတွင် (သို့မဟုတ် ပဋိပက္ခ မဖြစ်လာစေရန်) ကောင်းမွန်စွာ ဖြေရှင်းနိုင်ရန်အတွက် ၎င်းပဋိပက္ခမှ မည်သည့်အရာများ သင်ယူခဲ့ရကြောင်း မေးမြန်းပါ။

## ၅.၂.၂။
## မတူကွဲပြားသောမျိုးနွယ်စုတွင် ငြိမ်းချမ်းစွာ နေထိုင်ခြင်း

### မျှော်မှန်းထားသောသင်ယူမှုရလဒ်

**ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ခြားနားသောမျိုးနွယ်စုများအတွင်း ငြိမ်းချမ်းစွာ အတူတကွနေထိုင်ရန် လိုအပ်ပုံကို ဆွေးနွေးတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်းပြသသည်။

(ဂ)(၃.၃) ကျောင်းသားများ၏ ကွဲပြားခြားနားသော ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် ကမ္ဘာ့နိုင်ငံသား ဖြစ်မှုအကြောင်းအရာများကို နားလည်နိုင်ရန်အတွက် ပြုစုပျိုးထောင်ပေးနိုင်စွမ်းရှိကြောင်းပြသည်။

**အချိန်** - မိနစ်(၅၀)ကြာ စာသင်ချိန်တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ** - ဆွေးနွေးခြင်း၊ နားလည်မှုစစ်ဆေးခြင်း၊ အဓိကအချက်များကို ခွဲခြားဖော်ထုတ်ခြင်း၊ အသုံးချခြင်း၊ စာရေးသားခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ-** ကျောင်းသားများနှင့် ဆရာများသည် ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ ၅.၂.၂ ကို ကြိုတင်ဖတ်ရှုထားရမည်။ ဆရာမှ ၎င်းတို့၏ သရုပ်လက္ခဏာပန်းပွင့်ကို ကားချပ်ကြီးပေါ်တွင် ရေးဆွဲရမည်ဖြစ်ပြီး အခြားတစ်ရွက်ပေါ်တွင် ဖယ်ချန်ထားခြင်း၊ ခွဲခြားထားခြင်း၊ ပေါင်းစည်းခြင်းနှင့် အားလုံးအကျုံးဝင်ခြင်း စံနမူနာပုံစံကို ရေးဆွဲရမည်။

**လိုအပ်သောရင်းမြစ်များ-** ကျောင်းသားကိုင်စာအုပ်များ၊ လက်ကမ်းစာစောင် (၇) ၊ လက်ကမ်းစာစောင် (၄) ၊ ကားချပ်ကြီးများ၊ စာရွက်ပိုင်းများ၊ တိပ်။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း (၁) (၁၀ မိနစ်)

ကျောင်းသားများက ပုံတွင်ပါရှိသော အမျိုးသမီး၏ သရုပ်လက္ခဏာများကို ဖတ်ရှုပါ။ ကျောင်းသားများကို တစ်ဦးချင်းစီ စဉ်းစားနိုင်ရန် အချိန် ၂ မိနစ်ခန့်ပေးပြီးမှ အဖြေများကို မေးမြန်းပါ။

ပထမဦးဆုံးအနေဖြင့် ကျောင်းသားများအား ၎င်းတို့အဖြေများကို ဆွေးနွေးခွင့်ပြုပြီးမှ အောက်ပါအတိုင်း ရှင်းပြပါ။

- သရုပ်လက္ခဏာနှင့်ပတ်သက်သော ယူဆချက်များမှာ မှားယွင်းနိုင်သည်။ အမျိုးသမီးတစ်ဦးအား ဝတ်ထားသော ဝတ်စုံကို ကြည့်၍ ပအိုဝ်အမျိုးသမီးဖြစ်သည်ဟု ကျောင်းသားတစ်ယောက် ပြောဆိုလိုလျှင် လူတစ်ယောက်သည် သူနှင့် မတူသော အခြားတိုင်းရင်းသားလူမျိုးစုများ၏ ဝတ်စုံကို ဝတ်ရန် ဖြစ်နိုင်ပါသလားဟု အဆိုပါ ကျောင်းသားအား ပြန်မေးပါ။ ၎င်းအမျိုးသမီးသည် ကလေးချီထားသောကြောင့် အိမ်ထောင်သည် ဇနီးတစ်ယောက်ဖြစ်သည်ဟု ကျောင်းသားတစ်ယောက်က ပြောသည်ဆိုပါက လူတစ်ယောက်သည် အိမ်ထောင်မပြုပဲ မိခင်တစ်ဦး သို့မဟုတ် ဖခင်တစ်ဦးဖြစ်ရန် ဖြစ်နိုင်ပါသလားဟု အဆိုပါ ကျောင်းသားအား ပြန်မေးပါ။
- လူတစ်ယောက်၏ဖြစ်တည်မှု သရုပ်လက္ခဏာနှင့်ပတ်သက်၍ ယူဆချက်များသည် တိကျမှန်ကန်ရန် မဖြစ်နိုင်ပေ။ လူတစ်ယောက်၏ သရုပ်လက္ခဏာသည် မြင်တွေ့နိုင်သည့်အရာရှိသလို မမြင်တွေ့နိုင်သည့်အရာလည်း ရှိတတ်သည်။ ထို့ကြောင့် လူတစ်ယောက်၏ သရုပ်လက္ခဏာကို အပေါ်ယံကြည့်လိုက်ရုံဖြင့် အားလုံးသိရှိရန် မဖြစ်နိုင်ပေ။
- သရုပ်လက္ခဏာများသည် ပြောင်းလဲတတ်သော သဘောရှိသည်။ ကျွန်ုပ်တို့သည် ဒီနေ့ သရုပ်လက္ခဏာကို တွေ့ရှိထားသည်ဆိုလျှင် နောက်နေ့တွင် အဆိုပါ သရုပ်လက္ခဏာ

မဟုတ်တော့သည်မျိုး သို့မဟုတ် အဆိုပါသရုပ်လက္ခဏာက အရင်နေ့ကလောက် အရေးမပါတော့သည်မျိုးလည်း ရှိတတ်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အချို့သရုပ်လက္ခဏာများကို မြင်တွေ့နိုင်ပြီး အချို့ကို မမြင်တွေ့နိုင်ကြောင်းနှင့် အပြင်ပိုင်း အသွင်အပြင်ပေါ်အခြေခံသည့် ယူဆချက်များမှာ မှားယွင်းနိုင်ကြောင်းကို ကျောင်းသားများ နားလည်မှု ရှိ/မရှိ သေချာစွာ ဆောင်ရွက်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ ဈေးဆိုင်ဖွင့်ရောင်းသူ (ဆိုင်တစ်ဆိုင်တွင် ဈေးရောင်းနေသည့်ပုံစံဖြင့် ပြထားသည်)
၂။ ဖနီးမယား (သူမတွင် ကလေးရှိလျှင် ကျောင်းသားများက ဇနီးသည်တစ်ဦးဟု ယူဆနိုင်သည်) ဟု သင်တန်းသား တစ်ယောက်မှ ဤသို့ပြောလာပါက ကလေးရှိသည်ကို ကြည့်ခြင်းဖြင့် သူမသည် အိမ်ထောင်သည်ဇနီးတစ်ယောက် ဟုတ်၊ မဟုတ် မသိရှိနိုင်ကြောင်း၊ သိလိုလျှင် သူမအား မေးကြည့်ရမည် ဖြစ်ကြောင်း ရှင်းပြပါ။
၃။ မိခင် (ကလေးငယ်တစ်ဦးကို ပြုစုစောင့်ရှောက်သည့်ပုံစံဖြင့် ပြသထားသည်)
၄။ ပဒိုင်အမျိုးသမီး (အဝတ်အစား ဆင်ယင်မှုပုံစံဖြင့် ဖော်ပြနိုင်သည်) သူမကို ကြည့်ရုံဖြင့် သူမ၏ သရုပ်လက္ခဏာအများစုကို ကျွန်ုပ်တို့ တွေ့မြင်ရမည်မဟုတ်ပေ။ သူမနှင့် စကားပြောဆိုရမည် သို့မဟုတ် အောက်ပါအတိုင်း ယူဆရမည်။
၅။ အချက်အပြုတ်တော်သူ (လူတစ်ယောက်ကိုကြည့်ရုံဖြင့် ဤအချက်ကို မသိနိုင်ပေ)
၆။ ပဒိုင်တိုင်းရင်းသူ (လူကိုကြည့်ရုံဖြင့် လူတစ်ယောက်သည် မည်သည့်လူမျိုးဖြစ်သည်ကို အမြဲ မသိနိုင်ပေ)
၇။ သူမကိုးကွယ်သည့်ဘာသာ (လူတစ်ယောက်ကိုကြည့်ရုံဖြင့် ဤအချက်ကို မသိနိုင်ပေ)

၈။ စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီး/ဈေးဆိုင်ပိုင်ရှင် (သင်တန်းသားများထဲမှ အကြံပြုလာနိုင်သော်လည်း သူမ၏ သရုပ်လက္ခဏာ ပန်းပွင့်ပေါ်တွင် မတွေ့ရပေ)။ သို့သော် သူမကို မမေးကြည့်လျှင် သူမသည် ဈေးဆိုင်ဝန်ထမ်းဖြစ်ပါသလား၊ (သို့) စီးပွားရေးလုပ်ငန်းရှင်ဖြစ်ပြီး ဆိုင်ပိုင်ရှင်လည်းဖြစ်သည်ကို ကျွန်ုပ်တို့ သိရှိနိုင်မည်မဟုတ်ပေ။

၉။ အစ်မတစ်ယောက် (လူတစ်ယောက်ကို ကြည့်ရုံဖြင့် ဤအချက်ကို အမြဲတမ်း မသိနိုင်ပေ)။ အမျိုးသမီးတစ်ဦးသည် ပန်းပွင့်ပေါ်တွင် ရေးသားထားသော သရုပ်လက္ခဏာများထက် ပိုမိုများပြားသော အချက်များ ရှိနေနိုင်သော်လည်း သူမနှင့် စကားမပြောကြည့်လျှင် သိရှိလာနိုင်မည်မဟုတ်ပေ (အသီးအရွက်များကို ရောင်းချရုံသာဖြစ်ပြီး ကိုယ်တိုင် မစိုက်ပျိုးခြင်းလည်း ဖြစ်နေနိုင်ပါသည်)။

၁၀။ လယ်သမား (သူမသည် အသီးအနှံများကိုသာ ရောင်းချပြီး ကိုယ်တိုင်မစိုက်ပျိုးခြင်းလည်း ဖြစ်နိုင်ပါသည်။)

## သင်ယူမှုလုပ်ငန်း (၂) (၁၅ မိနစ်)

ဆရာများမှ ၎င်းတို့၏ ကိုယ်ပိုင် သရုပ်လက္ခဏာပန်းပွင့်ကို သင်တန်းမစခင် ကားချပ်ကြီးများပေါ်တွင် ရေးဆွဲပါ။ ကျောင်းသားများကို ဤသင်ခန်းစာ အကြောင်းရှင်းပြရန်အတွက် မိမိတို့၏ ကိုယ်ပိုင် သရုပ်လက္ခဏာပန်းပွင့်များကို အသုံးပြုပါ။

၁။ ကျောင်းသားများမှ လက်ကမ်းစာစောင် ၇ ၏ အလယ်ဗဟိုတွင် မိမိအမည်ကို ရေးထိုးပါ။

၂။ ၎င်းတို့အတွက် အရေးကြီးဆုံးဖြစ်သည့် သရုပ်လက္ခဏာများကို ပွင့်ဖတ်များပေါ်တွင် ရေးချပါ။ မြင်တွေ့နိုင်သော သရုပ်လက္ခဏာများအတွက် အရောင်တစ်ရောင်အသုံးပြုပြီး မမြင်တွေ့နိုင်သည့် သရုပ်လက္ခဏာများအတွက် အခြားအရောင်တစ်ခု အသုံးပြုပါ။

၃။ အဖွဲ့ငယ်များဖွဲ့၍ သို့မဟုတ် အတန်းလိုက်အနေဖြင့် ကျောင်းသားများမှ အောက်ပါ မေးခွန်းများကို ဆွေးနွေးပါ။

  က) သင်တို့၏ သရုပ်လက္ခဏာများ ပြောင်းလဲမှုရှိပါသလား။ မည်သည့်အချိန်တွင် ပြောင်းလဲခဲ့ပြီး အဘယ်ကြောင့် ပြောင်းလဲခဲ့ရသနည်း။

  ခ) သင်၏ သရုပ်လက္ခဏာရပ်တစ်ချို့ကို ထိန်းချုပ်ထားရန် ရွေးချယ်ခဲ့ဖူးပါသလား။

## စစ်ဆေးအကဲဖြတ်ခြင်း

မြင်တွေ့နိုင်သော သရုပ်လက္ခဏာများနှင့် မမြင်တွေ့နိုင်သော သရုပ်လက္ခဏာများကြား နားလည်သဘောပေါက်မှု၊ သရုပ်လက္ခဏာ၏ အချို့သောအစိတ်အပိုင်းများက ပိုမိုအရေးကြီးချိန်၊ အချို့သရုပ်လက္ခဏာများကို ဖုံးကွယ်ထားသင့်သည့်အချိန် စသည်တို့အပေါ် သိမြင်လာမှုတို့ကို သင်တန်းသားများအားလုံး လက်တွေ့ဖော်ပြမှု ရှိ/မရှိ စစ်ဆေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ ကျွန်ုပ်သည် ရောက်ရှိသောနေရာနှင့် ပေါင်းသင်းဆက်ဆံနေသော လူတို့အပေါ် မူတည်၍ ကျွန်ုပ်၏ သရုပ်လက္ခဏာများ ပြောင်းလဲသွားတတ်သည်။ ဥပမာ - ကျွန်ုပ် ရွာသို့ ပြန်ရောက်သောအခါ ကျွန်ုပ်၏ သရုပ်လက္ခဏာများ ပြောင်းလဲသွားသည်။ ရွာတွင် ကျွန်ုပ်၏ သရုပ်လက္ခဏာအဖြစ် ကျွန်ုပ်၏ မိသားစုဝင် သား/သမီး တစ်ယောက်ဖြစ်မှု၊ ခရစ်ယာန်ဘာသာဝင်ဖြစ်မှုက မြို့ပေါ်တွင် တက္ကသိုလ်တက်နေစဉ်ကထက် ပို၍ အရေးပါသည်။ မြို့ပေါ်ရှိတက္ကသိုလ်တွင်မူ ကျွန်ုပ်၏ သရုပ်လက္ခဏာအဖြစ် တက္ကသိုလ် ကျောင်းသားဖြစ်မှု၊ ကျောင်းသားသမဂ္ဂအဖွဲ့ဝင်ဖြစ်မှု၊ အနုပညာသမားတစ်ဦးဖြစ်မှုက ပို၍ အရေးပါသည်။

၂။ ကျွန်ုပ်၏ သရုပ်လက္ခဏာသည် ကျွန်ုပ် ဘေးကင်းလုံခြုံစွာ နေနိုင်မှု အခြေအနေပေါ် မူတည်၍ ပြောင်းလဲတတ်ပါသည်။ ကျွန်ုပ်သည် ခွဲခြားဆက်ဆံခံရမည်ကို စိုးရိမ်သည့်အတွက် ကျွန်ုပ်၏ လူမျိုးရေးသရုပ်လက္ခဏာ သို့မဟုတ် ဘာသာရေး သရုပ်လက္ခဏာကို တစ်ခါတစ်ရံ ဘေးဖယ်ထားရသည်။ ကျန်သောလူများနှင့် တူညီမည့် သရုပ်လက္ခဏာများကိုသာ ရှေ့တန်းတင်ရသည်။

၃။ ကျွန်ုပ်သည် ခွဲခြားဆက်ဆံခံရမည်ကို စိုးရိမ်သောကြောင့် လည်းကောင်း၊ ကျွန်ုပ်နှင့် ပတ်သက်ပြီး ထင်မြင်ယူဆချက်များ ပေးမည်ကို စိုးရိမ်သောကြောင့်လည်းကောင်း ကျွန်ုပ်၏ လူမျိုးရေး သရုပ်လက္ခဏာ သို့မဟုတ် ဘာသာရေး သရုပ်လက္ခဏာတို့ကို ထုတ်ဖော်ခြင်း မပြုပေ။

၄။ ကျွန်ုပ်သည် အကြမ်းဖက်တိုက်ခိုက်ခံရမည်ကို စိုးရိမ်သောကြောင့် ကျွန်ုပ်၏ လိင်စိတ်ခံယူမှုကို ထုတ်ဖော်မပြောပေ။

၅။ ကျွန်ုပ်သည် အဖွဲ့တွင်းမှ ဘေးဖယ်ထုတ်ခံရမည်ကို မလိုလားသောကြောင့် ကျွန်ုပ်၏ နိုင်ငံရေးအမြင်များကို ထုတ်ဖော်ပြောဆိုခြင်း မပြုပေ။

## သင်ယူမှုလုပ်ငန်း (၃) (၁ဂ မိနစ်)

ဆရာများမှ အစုအဖွဲ့ဆိုင်ရာ သရုပ်လက္ခဏာအကြောင်း ရှင်းပြပြီးသည့်အခါတွင် ကျောင်းသားများမှ နှစ်ယောက်တစ်တွဲစီဖြင့် အောက်ပါမေးခွန်းများကို ဆွေးနွေးရမည်။

သင်တို့၏ ကိုယ်ပိုင် သရုပ်လက္ခဏာများကို ကြည့်ပါ။ မည်သည့်သရုပ်လက္ခဏာများသည် အစုအဖွဲ့ဆိုင်ရာ သရုပ်လက္ခဏာများ ဖြစ်ကြပါသနည်း။ အဆိုပါ အစုအဖွဲ့ဆိုင်ရာ သရုပ်လက္ခဏာများသည် အခြားတိုင်းရင်းသားအုပ်စုဝင်များနှင့် တူညီနေပါသလား။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျွန်ုပ်တို့တွင် မတူညီသော သရုပ်လက္ခဏာများရှိနေနိုင်သော်လည်း (ဥပမာ - တိုင်းရင်းသား မျိုးနွယ်စု) ဘုံတူညီနေသော သရုပ်လက္ခဏာများစွာ ရှိနေနိုင်ခြင်းဆိုသည့် ဤသင်ခန်းစာ၏ အဓိကပေးချင်သောအချက်ကို ကျောင်းသားများ နားလည်သဘောပေါက်မှု ရှိ/မရှိ စစ်ဆေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

- မတူညီသည့် တိုင်းရင်းသားအစုအဖွဲ့မှ လူအမျိုးမျိုးတို့တွင် ဘုံတူညီနေကြသော သရုပ်လက္ခဏာ ဥပမာများမှာ - စစ်သားဖြစ်ခြင်း၊ ဘောလုံးသမားဖြစ်ခြင်း၊ ဆရာဖြစ်ခြင်း (ဥပမာ - အလုပ်အကိုင်တူညီခြင်း)၊ ခရစ်ယာန်ဘာသာဝင်ဖြစ်ခြင်း (ဥပမာ - ကိုးကွယ်သည့်ဘာသာ တူညီခြင်း)၊ မြန်မာနိုင်ငံသားဖြစ်ခြင်း၊ တစ်ကျောင်းထဲတွင် အတူတူတက်ရောက်ခြင်း၊ ဈေးတွင် ကုန်ပစ္စည်းရောင်းချခြင်း၊ သားတစ်ယောက်ဖြစ်ခြင်း စသည်တို့ဖြစ်သည်။

- ဆွေးနွေးမှု ပြီးဆုံးသည့်အခါတွင် မတူညီသည့် တိုင်းရင်းသားမျိုးနွယ်စုများသည် လူများကြားတွင် အစုအဖွဲ့ဆိုင်ရာ သရုပ်လက္ခဏာများ အမြဲတမ်းရှိနေမည် ဖြစ်ကြောင်း ပြောပြပေးပါ။ ဥပမာ - သင်တန်းတက်ရောက်ကြသည့် ဆရာနှစ်ယောက်သည် သူငယ်ချင်းများဖြစ်ကြသည်။ တစ်ယောက်မှာ မွန်လူမျိုးဖြစ်ပြီး အခြားတစ်ယောက်မှာ ဗမာလူမျိုး ဖြစ်သည်။ ၎င်းတို့သည် ဘောလုံးကန်ခြင်းကို ဝါသနာပါပြီး အားပေးသော အသင်းမှာလည်း အတူတူပင်ဖြစ်သည်။ ထို့အပြင် နှစ်ဦးစလုံးသည် အင်္ဂလိပ်ဆရာများ ဖြစ်ကြသည်။ ထို့ကြောင့် ၎င်းတို့၏ အစုအဖွဲ့ဆိုင်ရာ သရုပ်လက္ခဏာ များထဲမှ တစ်ချက်မှာ (တိုင်းရင်းသားမျိုးနွယ်စု ဖြစ်ခြင်း) ကွဲပြားပြီး အခြားနှစ်ချက်မှာ (ဘောလုံးပရိသတ်ဖြစ်ခြင်း နှင့် အင်္ဂလိပ်ဆရာ ဖြစ်ခြင်း) တူညီနေကြသည်။

## သင်ယူမှုလုပ်ငန်း (၄) (၁၀ မိနစ်)

ဖယ်ချန်ထားခြင်း၊ ခွဲခြားထားခြင်း၊ ပေါင်းစည်းခြင်းနှင့် အားလုံးအကျုံးဝင်ခြင်းတို့၏ သဘောတရားကို သင်ခန်းစာမစခင် ကြိုတင်ပြင်ဆင်ထားသော စံနမူနာပုံစံ ကားချပ်ကြီးအား အသုံးပြု၍ ရှင်းပြပေးပါ။

၁။ ကျောင်းသားတစ်ဦးချင်းသည် ပေးထားသောစကားလုံးနှင့် ၎င်းတို့၏ အဓိပ္ပာယ် ဖွင့်ဆိုချက်များကို တွဲစပ်ပါ။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် သင်တန်းသားများမှ ဖယ်ချန်ထားခြင်း၊ အားလုံးအကျုံးဝင်ခြင်း နှင့် မတူကွဲပြားမှုများရှိခြင်းတို့သည် ငြိမ်းချမ်းစွာ ရှင်သန်နေထိုင်ခြင်းနှင့် မည်သို့ ချိတ်ဆက်နေကြောင်းကို ဆွေးနွေးရမည်။
အဖြေများနှင့် အမြင်များကို တစ်တန်းလုံးအနေဖြင့် ဆန်းစစ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

နှစ်ယောက်တစ်တွဲ ဆွေးနွေးချက်များကို ဘေးနားသွားရောက်၍ နားထောင်ပြီး ဖယ်ချန်ထားခြင်း၊ အားလုံးအကျုံးဝင်ခြင်း နှင့် မတူကွဲပြားမှုရှိခြင်းတို့ကို ကောင်းစွာနားလည်မှု ရှိ/မရှိ၊ ၎င်းတို့ကို ငြိမ်းချမ်းစွာ ရှင်သန်နေထိုင်ခြင်း၏ သဘောတရားအတွက် ကောင်းစွာအသုံးချနိုင်ခြင်း ရှိ/မရှိ သုံးသပ်ပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

၁။ a. v
b. vi
c. ii
d. i
e. vii
f. iv
g. iii

၂။ ဖယ်ချန်ထားခြင်းသည် အချို့သောအုပ်စုများအနေဖြင့် ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် ၎င်းတို့၏ သရုပ်လက္ခဏာများကို လွတ်လပ်စွာ ဖော်ထုတ်ရန် ခက်ခဲစေသည်။ အစုအဖွဲ့များကို ဖယ်ချန်ထားသည့်အခါတွင် ဖယ်ချန်ခံထားရသည့် အစုအဖွဲ့များအတွက် လူမှုတရားမျှတမှု မရှိတော့ပေ။ ထို့ကြောင့် နိုင်ငံအတွင်းရှိ လူများသည် တန်းတူညီမျှစွာဆက်ဆံခံရပြီး တူညီသော အခွင့်အရေးများရရှိလိုကြသည့်အတွက် ဖယ်ချန်ခံထားရခြင်း မှတစ်ဆင့် ပဋိပက္ခများကို ဖြစ်ပွားလာစေပါသည်။

အားလုံးအကျုံးဝင်ခြင်း သို့မဟုတ် အားလုံးအကျုံးဝင်သော လူ့အသိုက်အဝန်းတစ်ခုသည် လူအားလုံးအတွက် တူညီသော အခွင့်အရေးများ ချမှတ်ပေးပါသည်။ ၎င်းမှတစ်ဆင့် လူအားလုံးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းရရှိနိုင်ရန်နှင့် ၎င်းတို့၏ သရုပ်လက္ခဏာများကို လွတ်လပ်စွာ ဖော်ထုတ်ရန် အထောက်အကူဖြစ်စေပြီး ထိုမှတစ်ဆင့် ငြိမ်းချမ်းစွာ ရှင်သန်နေထိုင်ခြင်းသို့ ကူညီဖန်တီးပေးပါသည်။

မတူကွဲပြားသည့် သရုပ်လက္ခဏာရှိသူများသည် အခြားလူများနှင့် သဟဇာတမျှသည့် ရည်မှန်းချက်များကို ရရှိလိုသည့်အတွက် မတူကွဲပြားမှုများရှိနေခြင်းသည်လည်း တစ်ခါတစ်ရံတွင် စိန်ခေါ်မှုများကို ဖြစ်ပေါ်စေပါသည်။ မတူကွဲပြားမှုများရှိနေသည့် လူ့အသိုက်အဝန်းတစ်ခု၌ အားလုံးအကျုံးဝင်ပြီး လူအားလုံးအတွက် တူညီသော အခွင့်အရေးများ ချမှတ်ပေးသည့်အခါတွင် နိုင်ငံအတွင်းရှိ လူများအားလုံးအတွက် တန်းတူအခွင့်အရေးကို အခြေခံပြီး ပြဿနာများကို ဖြေရှင်းနိုင်ပါသည်။

မတူကွဲပြားမှုများရှိနေခြင်းဆိုသည်မှာ လူများသည် မတူညီသော စွမ်းရည်များ၊ ဗဟုသုတ နှင့် ကျွမ်းကျင်မှုများကို ပိုင်ဆိုင်ထားသည့်အတွက် အဆိုပါနိုင်ငံအတွက် ကြီးမားသော အင်အားတစ်ရပ်ဖြစ်ပြီး ငြိမ်းချမ်းစွာရှင်သန်နေထိုင်ခြင်းကို ကူညီဖန်တီးပေးပါသည်။

**သင်ယူမှုလုပ်ငန်း (၅)- စိတ်ကူးမျှော်မှန်းအခြေအနေများ (၅ မိနစ် + အိမ်စာ)**

၁။ ကျောင်းသားများကို လက်ကမ်းစာစောင် ၄ အား ကြည့်စေပါ။ ဇာတ်ညွှန်းအတူတူ ရရှိထားသော ကျောင်းသားများကို တစ်ဖွဲ့စီဖွဲ့ပါ။
အဖွဲ့များမှ ၎င်းတို့၏ ဇာတ်ညွှန်းများကို ဖတ်ရှုပြီး အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။ ထိုသူ၏ ယဉ်ကျေးမှုကို တန်ဖိုးမထားသည့် မည်သည့်အပြုအမူမျိုးကို သင် လုပ်ဆောင်ခဲ့သနည်း။ မည်သည့်အရာများကို သင် လုပ်ဆောင်ခဲ့သင့်သနည်း။

၂။ အိမ်စာအနေဖြင့် သင်သည် ဇာတ်ညွှန်းထဲမှ နာကျင်ခံစားခဲ့ရသောသူအဖြစ် ကိုယ့်ကိုယ်ကိုယ် စိတ်ကူးကြည့်ပါ။ သင့်ကို နာကျင်ခံစားရအောင် လုပ်ခဲ့သူထံ စာတစ်စောင်ရေးပြီး မည်သည့်အတွက် သင် နာကျင်ခံစားခဲ့ရကြောင်း ရှင်းပြပြီး နောက်တစ်ကြိမ်တွင် ၎င်းအား မည်သို့ပြုမူဆက်ဆံစေချင်ကြောင်း ရေးသားပေးပို့ပါ။ ဤသို့ရေးသားခြင်းသည် ရှုထောင့်များကို ပြောင်းလဲရန်နှင့် စာနာစိတ်များ တိုးပွားလာစေမှုအား လေ့ကျင့်ရန်အတွက် ဖန်တီးမှုရှိသော နည်းလမ်းတစ်ခုဖြစ်ကြောင်း ကျောင်းသားများကို ရှင်းပြပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

ဤသင်ခန်းစာသည် နားလည်မှုမှားယွင်းခြင်း သို့မဟုတ် မတူညီသောယဉ်ကျေးမှုများနှင့် ရှုထောင့်များကို တန်ဖိုးမထားသည့်အတွက် ဖြစ်ပေါ်လာသောပဋိပက္ခကို ဖော်ပြပါသည်။ ကျောင်းသားများထံမှ စာရွက်များကို စုစည်းပြီး ဤသင်ခန်းစာ မှတစ်ဆင့် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ အပေါ် ၎င်းတို့၏ နားလည်သဘောပေါက်မှု ပိုမိုသိရှိလာမှု ရှိ/မရှိ စစ်ဆေးပါ။ တုံ့ပြန်စာထဲ၌ ယဉ်ကျေးမှု ထိပ်တိုက်တွေ့ဆုံရာတွင် ဖြစ်ပွားတတ်သော ငြိမ်းချမ်းရေးနှင့် ပဋိပက္ခတို့နှင့် စပ်လျဉ်းသည့် ဗဟုသုတအသစ်များ၊ စိတ်နေစိတ်ထားနှင့် စွမ်းရည်များ စသဖြင့် ထည့်သွင်းရေးသားသင့်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

### ဇာတ်ညွှန်း က

၁။ သင့်အဖွဲ့ဝင်အချို့၏ ယဉ်ကျေးမှု သို့မဟုတ် ဘာသာရေးသည် အရေးမကြီးဟု သင်ထင်ခြင်းကြောင့် ၎င်းတို့၏ ဘာသာရေးအခမ်းအနားနေ့တွင် အစည်းအဝေးတစ်ခု ကျင်းပရန် သင် စီစဉ်ထားသည်။

၂။ အဆိုပါ ဘာသာရေးအခမ်းအနားသည် ၎င်းတို့အတွက် အရေးကြီးမှု ရှိ/မရှိ မေးမြန်းခဲ့သင့်ပြီး ၎င်းတို့အနေဖြင့် ထိုအခမ်းအနားသို့ သွားရောက်ပါဝင်ရန် လိုအပ်ပါက အစည်းအဝေးအား နောက်တစ်ရက်သို့ ပြောင်းရွှေ့ကျင်းပသင့်သည်။

### ဇာတ်ညွှန်း ခ

၁။ သင့်သူငယ်ချင်း၏ မိဘများပေးသော လက်ဆောင်အား မယူခဲ့မိခြင်းကြောင့် ရိုင်းပျသကဲ့သို့ ဖြစ်သွားသည့်အတွက် သင်သည် စိတ်မကောင်းဖြစ်လျက်ရှိသည်။ ထိုသို့ပြုမူခဲ့ခြင်းကြောင့် ၎င်းတို့၏ ဓလေ့သည် သင့်အတွက် အရေးမကြီးသည့်ပုံစံ ဖြစ်သွားသည်။

၂။ သင့်အနေဖြင့် ၎င်းတို့၏ ဓလေ့ကို မသိရှိခဲ့ကြောင်း ရှင်းပြပြီး တောင်းပန်နိုင်သည်။ ထိုအခါတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နားလည်မှုရှိပြီး လေးစားမှုရှိလာမည်ဖြစ်သည်။

### ဇာတ်ညွှန်း ဂ

၁။ သင့်ကျောင်းသားသည် ၎င်းတို့၏ သိမ်မွေ့သော ယဉ်ကျေးမှု လောကဝတ်အတိုင်း ကျင့်သုံးနေသည်ကို သတိမမူမိပဲ သင်၏ ယဉ်ကျေးမှု လောကဝတ်အား မလိုက်နာသည့်အတွက် သင့်အနေဖြင့် အပြစ်ပေးချင်နေသည်။ သင့်အနေဖြင့် အပြုအမူဆိုင်ရာ ပြဿနာဟု ရှုမြင်လိုက်သော်လည်း အမှန်တကယ်တွင် ယဉ်ကျေးမှု ကွဲပြားသည့် ပြဿနာတစ်ခုသာဖြစ်သည်။

၂။ ယဉ်ကျေးမှုအသစ်တစ်ခုသင်ယူရန် အချိန်ကာလခဏတာ ကြာမြင့်ပါသည်။ ဤဇာတ်ညွှန်းထဲရှိ ကျောင်းသားသည် ကောင်းသည့်အပြုအမူနှင့် မကောင်းသည့် အပြုအမူများကို ၎င်း၏ သက်တူရွယ်တူများနှင့် နိုင်ငံယဉ်ယူဆကြောင်းကို နားလည်သဘောပေါက်သင့်သည်။ သင့်အနေဖြင့် ကျောင်းသားများအား ယဉ်ကျေးမှုအရ သင့်လျော်သော လောကဝတ် အပြုအမူများကို အခန်းထဲတွင် အသုံးပြုရန် တိုက်တွန်းပေးသင့်သည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသည့် အဖွဲ့တစ်ဖွဲ့အား အခြားလူများ၏ သရုပ်လက္ခဏာနှင့် ပတ်သက်ပြီး ယဉ်ကျေးစွာ မည်သို့မေးမြန်းနိုင်ကြောင်း ပြောခိုင်းကြည့်ပါ။

**သင်ယူမှုလုပ်ငန်း ၂။** ။ ကျောင်းသားများကို ၎င်းတို့လုပ်နိုင်သည့် အရာနှစ်ခုအား ရေးချခိုင်းပါ (ဥပမာ - ချက်ပြုတ်ခြင်း၊ သီးမွေးထိုးခြင်း၊ ဂီတာတီးခြင်း)။ ကျောင်းသားများကို လုပ်နိုင်စွမ်းရှိမှု အဆင့်အလိုက် မျှတစွာ အဖွဲ့ခွဲပါ။ အဖွဲ့ထဲသို့ ရောက်ရှိလာပြီးသည့်အခါတွင် မည်သည့်အရာများကို ပိုမိုလုပ်ဆောင်လာနိုင်ကြောင်း ပြန်လည်သုံးသပ်ခိုင်းပါ။

## ၅.၂.၃။
## ငြိမ်းချမ်းစွာနေထိုင်ခြင်း မူလတန်းသင်ခန်းစာ

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- အတန်းအလိုက် အကြောင်းအရာများ ချိတ်ဆက်ပုံကို ဆွေးနွေးတတ်မည်။
- မူလတန်းအဆင့်တွင် ငြိမ်းချမ်းစွာနေထိုင်ခြင်းကို သင်ကြားရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြတတ်မည်။
- ငြိမ်းချမ်းစွာနေထိုင်ခြင်းကို သင်ကြားရန် သင်ယူမှုလုပ်ငန်းများနှင့် နည်းလမ်းများကို သတ်မှတ်တတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က)(၁.၂) ကျောင်းသားများ၏ တစ်ဦးချင်း သင်ယူမှုလိုအပ်ချက်နှင့် ကိုက်ညီမည့် သင်ကြားနည်းအမျိုးမျိုးကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကိုနားလည်သဘော ပေါက်ကြောင်းပြသသည်။

(ခ)(၁.၂) သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြုသင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။

**အချိန်**- မိနစ်(၅၀)ကြာ စာသင်ချိန်တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ**- နားလည်မှုစစ်ဆေးခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ လုပ်ငန်းစဉ်များ ဖန်တီးခြင်း၊ အကဲဖြတ်ခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ-** ကျောင်းသားများနှင့် ဆရာများသည် ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ ၅.၂.၃ ကို ကြိုတင်ဖတ်ရှုထားရမည်။ ကျောင်းသားများနှင့် ဆရာများသည် ပထမတန်းနှင့် ဒုတိယတန်း စာရိတ္တနှင့် ပြည်သူ့နီတိ ဖတ်စာအုပ်များ (အခြားအတန်းမှ ဖတ်စာအုပ်များနှင့်လည်း) နှင့် ရင်းနှီးကျွမ်းဝင်မှုရှိသင့်သည်။

(အခြေအနေပေးလျှင် လုပ်ဆောင်ရန်) နိုင်ငံခြားတိုင်းပြည်များနှင့် ပတ်သက်သည့် အချက်အလက်များကို စုဆောင်းပါ။ ကျောင်းသားများကို အသုံးဝင်သော အွန်လိုင်း စာမျက်နှာများနှင့် အွန်လိုင်းစာကြည့်တိုက် လင့်ခ်များပေးပါ။

**လိုအပ်သောရင်းမြစ်များ-** ကျောင်းသားကိုင်စာအုပ်၊ လက်ကမ်းစာစောင် ၅၊ ပထမတန်း နှင့် ဒုတိယတန်း စာရိတ္တနှင့်ပြည်သူ့နီတိ ကျောင်းသုံးစာအုပ်များနှင့် ဆရာလမ်းညွှန် စာအုပ်များ။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း (၁)- ကျောင်းသားများအတွက် သင်ယူလေ့လာရေး ရည်ရွယ်ချက်များ (၅ မိနစ်)

ကျောင်းသားများမှ ကျောင်းသားများအတွက် သင်ယူလေ့လာရေး ရည်ရွယ်ချက်များကို ဖတ်ရှုပြီး မည်သည့်အချက်များသည် ငြိမ်းချမ်းစွာရှင်သန်နေထိုင်ခြင်းနှင့် ဆက်နွယ်မှုရှိကြောင်း ခွဲခြား ဖော်ထုတ်ပါ။ ပြီးခဲ့သောသင်ခန်းစာသုံးခုတွင် အဓိကသင်ယူလေ့လာခဲ့သည့် ဗဟုသုတနှင့် စွမ်းရည်များကို ပြန်လည်စဉ်းစားကြည့်ရန် တိုက်တွန်းပေးပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများမှ ငြိမ်းချမ်းစွာရှင်သန်နေထိုင်ခြင်းနှင့် ဆက်စပ်နေသည့် ရည်ရွယ်ချက်များကို မှန်ကန်စွာ ခွဲခြားဖော်ထုတ်ခိုင်းပါ။ အဆိုပါရည်ရွယ်ချက်များကို မည်သည့်အတွက်ကြောင့် ရွေးချယ်ခဲ့ရကြောင်း မေးမြန်းပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ရည်ရွယ်ချက် ၂ - လူ့အခွင့်အရေးများ၏ စံတန်ဖိုးကို လေးစားရန်၊ နိုင်ငံသားတစ်ဦး၏ အခွင့်အရေးများ နှင့် ဝတ္တရားများကို လက်တွေ့ကျင့်သုံးနိုင်ရန်။
ရည်ရွယ်ချက် ၄ - ဒေသတွင်း ကိစ္စရပ်များကို သိရှိရုံသာမက ကမ္ဘာ့အမြင်ရှုထောင့်များကိုလေးစားတန်ဖိုးထားသည့် အသိဉာဏ် ပြည့်ဝသော နိုင်ငံသားများ ဖြစ်လာစေရန်။

## သင်ယူမှုလုပ်ငန်း (၂)- အပြုအမူများ နှင့် စိတ်နေစိတ်ထားကို အမျိုးအစားခွဲခြားပါ (၁၀ မိနစ်)

၁။ ကျောင်းသားများမှ အတန်းအလိုက် သင်ကြားမှုဆိုင်ရာ ရည်ရွယ်ချက်များ၊ အပြုအမူ နှင့် စိတ်နေစိတ်ထား စာရင်းများကို ဖတ်ရှုပါ။
၂။ ၎င်းတို့မှ မည်သည့်အပြုအမူများနှင့် စိတ်နေစိတ်ထားသည် အတန်းအလိုက် မည်သည့် သင်ကြားမှုဆိုင်ရာ ရည်ရွယ်ချက်များကို ထင်ဟပ်မှုရှိနေကြောင်း ဆုံးဖြတ်ရမည်။
၃။ ဆန္ဒရှိပါက ရည်ရွယ်ချက်များကို ရရှိအောင်လုပ်ဆောင်နိုင်မည့် ကျောင်းသားများ၏ အခြားနည်းလမ်းများကို အတိုချုပ် ဆွေးနွေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများမှ အတန်းအလိုက် သင်ကြားမှုဆိုင်ရာ ရည်ရွယ်ချက်များနှင့် ၎င်းတို့ကို လက်တွေ့ဖော်ပြသည့် အပြုအမူများနှင့် စိတ်နေစိတ်ထားများကို တွဲစပ်ပါ။ တစ်ခုထက်ပိုသော မှန်ကန်သည့် အဖြေများရှိပါသည်။ ထို့ကြောင့် အောက်တွင် အကြံပြုထားသောအဖြေများနှင့် မတူညီဘဲ ကွဲပြားနေလျှင် ၎င်းတို့ရွေးချယ်မှု၏ အကြောင်းရင်းကို ရှင်းပြခိုင်းပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

မှန်ကန်သော အဖြေတွဲများ များစွာရှိနေပါသည်။ ၎င်းတို့မှာ အောက်ပါအတိုင်း အဖြစ်နိုင်ဆုံးဖြစ်သည်။

၁။ စတုတ္ထတန်း - လူ့အသိုက်အဝန်းရှိ မတူညီသောလူများနှင့် ယဉ်ကျေးမှုများကို လေးစားတန်ဖိုးထားမှု အလေ့အထ တိုးတက်လာစေရန်

၂။ ပဉ္စမတန်း - မတူညီသောလူများနှင့် ယဉ်ကျေးမှုများကို လေးစားတန်ဖိုးထားခြင်းဖြင့် ယဉ်ကျေးသိမ်မွေ့သော လူများဖြစ်လာစေရန်

၃။ တတိယတန်း - လူ့အသိုက်အဝန်းရှိ အခြားလူများအပေါ် လေးစားမှုပြခြင်း အလေ့အထ တိုးတက်လာစေရန်

၄။ ဒုတိယတန်း - တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှုပြသည့် အလေ့အထ တိုးတက်လာစေရန်

၅။ ပထမတန်း - ကိုယ့်ကိုယ်ကိုယ် လေးစားမှုရှိလာစေရန်

## သင်ယူမှုလုပ်ငန်း (၃) - သင့်လျော်သော အတန်းများကို ခွဲခြားဖော်ထုတ်ပါ (၁၀ မိနစ်)

ကျောင်းသားများမှ အတန်းအလိုက် သင်ကြားသည့်အကြောင်းအရာများနှင့် လုပ်ငန်းစဉ်များ စာရင်းကို ဖတ်ရှုပါ။ 'နိုင်ငံအတွင်းရှိ ကွဲပြားခြားနားသော တိုင်းရင်းသားများ၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များကို လေးစားမှုပြုခြင်း' ခေါင်းစဉ်ကို အသုံးပြုပြီး မည်သည့်လုပ်ငန်းစဉ်များသည် မည်သည့်အတန်းအတွက် သင့်လျော်မည်ဖြစ်ကြောင်း ကျောင်းသားများမှ ဆုံးဖြတ်ရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများမှ အတန်းအလိုက် သင်ကြားမည့်အကြောင်းအရာများကို အတန်းတစ်တန်းစီတွင် ၎င်းတို့အသုံးပြုသွားနိုင်မည့် လုပ်ငန်းစဉ်များနှင့် တွဲစပ်ပါ။ ၎င်းတို့ ဖြေကြားချက်များသည် အောက်တွင် ပေးထားသောအဖြေနှင့် ကွဲပြားနိုင်ပါသည်။ အောက်တွင် အကြံပြုထားသော အဖြေများနှင့် မတူညီသည့် အဖြေများ ဖြေကြားခဲ့ပါက အဘယ်ကြောင့် ဤသို့ ဖြေဆိုရကြောင်းကို၊ ၎င်းတို့အား ရှင်းပြခိုင်းပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

၁။ စတုတ္ထတန်း
၂။ ပထမတန်း
၃။ တတိယတန်း
၄။ ပဉ္စမတန်း
၅။ ဒုတိယတန်း

၎င်းလုပ်ငန်းစဉ်များအားလုံးကို ပြောင်းလဲမှုအနည်းငယ်ဖြင့် အတန်းတိုင်းတွင် အသုံးပြုနိုင်ကြောင်း ထောက်ပြပါ။

## သင်ယူမှုလုပ်ငန်း (၄) - အတန်းများအတွက် သင့်လျော်သော လုပ်ငန်းစဉ်များ ဒီဇိုင်းရေးဆွဲပါ (၂၀ မိနစ်)

*'နိုင်ငံခြား တိုင်းပြည်များ' ဆိုသည်မှာ အိမ်နီးချင်းဖြစ်သည့် ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ သို့မဟုတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အာဖရိက၊ တောင်အမေရိကနှင့် မြောက်အမေရိက နိုင်ငံများအထိ မြန်မာမဟုတ်သည့် အခြားသော နိုင်ငံပေါင်း ၂၀၀ ကျော်ကို ဆိုလိုခြင်းဖြစ်ကြောင်း သင်တန်းသားများကို ရှင်းပြပါ။ ၎င်းနိုင်ငံများတွင် များစွာသော ယဉ်ကျေးမှုများနှင့် စံတန်ဖိုးများ ရှိကြပါသည်။*

**ကျောင်းသားများကို ၄-၈ ဦးပါသော အဖွဲ့များဖွဲ့ပါ။**

၁။ 'နိုင်ငံရပ်ခြားတိုင်းပြည်များမှ ယဉ်ကျေးမှုနှင့် စံတန်ဖိုးများအကြား ခြားနားချက်များကို နားလည်သဘောပေါက်ခြင်း' ခေါင်းစဉ်ကို အသုံးပြုခြင်းဖြင့် မူလတန်းအတန်း တစ်တန်းချင်းစီအတွက် သင့်လျော်သော လုပ်ငန်းစဉ်များကို အဖွဲ့များမှ ဆုံးဖြတ်ရမည်။

၂။ အတန်းတွင် လူများပါက လုပ်ငန်းစဉ်များထဲမှ တစ်ခုစီအား အဖွဲ့လိုက် အပြန်အလှန် တစ်လှည့်စီ လက်တွေ့လုပ်ပြ (သို့) ရှင်းပြခိုင်းပါ။
အဖွဲ့ ၂-၃ ဖွဲ့သာရှိလျှင် အဖွဲ့တစ်ဖွဲ့စီသည် လုပ်ငန်းစဉ်များထဲမှတစ်ခုအား အတန်းဖော်များအတွက် လက်တွေ့လုပ်ပြ (သို့) ရှင်းပြခိုင်းပါ။

အခြားအဖွဲ့(များ) မှလက်တွေ့တင်ပြသည့်လုပ်ငန်းစဉ်များသည် မည်သည့်အတန်းအတွက် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်ကြောင်း ခန့်မှန်းရမည်။

ဓာတ်ပုံများ သို့မဟုတ် နိစ္စဓူဝ ဝတ်စားဆင်ယင်မှု ပိုစတာပုံများ၊ နိုင်ငံတစ်နိုင်ငံ၏ အခြေခံဥပဒေမှ ရွေးနုတ်တင်ပြချက်များ၊ နိုင်ငံတစ်နိုင်ငံအကြောင်း ရေးသားထားသည့် သတင်းဆောင်းပါးများ အစရှိသဖြင့် နိုင်ငံရပ်ခြားတိုင်းပြည်များ၏ ယဉ်ကျေးမှုများနှင့် စံတန်ဖိုးများကို သင်ကြားပေးသည့် သင်ထောက်ကူပစ္စည်းများကို ပံ့ပိုးပေးခြင်းဖြင့် ကျောင်းသားများကို ကူညီပေးရမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

အဖွဲ့များ၏ လုပ်ငန်းများသည် -

က။ ကျောင်းသားများအား 'နိုင်ငံရပ်ခြားတိုင်းပြည်များမှ ယဉ်ကျေးမှု နှင့် စံတန်ဖိုးများအကြား ခြားနားချက်များကို နားလည်သဘောပေါက်လာအောင်' ကူညီပေးခြင်းရှိ၊ မရှိ

ခ။ ငြိမ်းချမ်းစွာ ရှင်သန်နေထိုင်ခြင်းကို ပံ့ပိုးပေးခြင်းရှိ၊ မရှိ

ဂ။ ၎င်းတို့သည် ဒီဇိုင်းရေးဆွဲထားသည့်အတန်းများအတွက် သင့်လျော်မှုရှိ၊ မရှိ စစ်ဆေးပါ။

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

'နိုင်ငံရပ်ခြားတိုင်းပြည်များမှ ယဉ်ကျေးမှုနှင့် စံတန်ဖိုးများအကြား ခြားနားချက်များကို နားလည်သဘောပေါက်ခြင်း' ခေါင်းစဉ်ကို သင်ကြားရန်အတွက် အတန်းနှင့် သင့်လျော်သော လုပ်ငန်းစဉ်များကို စာရင်းပြုစုပြီး ၎င်းလုပ်ငန်းစဉ်များကို လက်တွေ့လုပ်ဆောင်ပြခိုင်းပါ သို့မဟုတ် ရှင်းပြခိုင်းပါ။

**သင်ယူမှုလုပ်ငန်း (၅) - ဖတ်စာအုပ်များကို အကဲဖြတ်ခြင်း (၁၅ မိနစ်)**

အဖွဲ့များအလိုက် ကျောင်းသားများမှ ၎င်းတို့အတွက်ပေးထားသော စာရိတ္တနှင့် ပြည်သူ့နီတိ ဖတ်စာအုပ်ထဲမှ အဆင့်တစ်ဆင့်အား ခွဲခြမ်းစိတ်ဖြာရမည်။ မတူညီသည့်အတန်းများအတွက် ရေးသားထားသော ဖတ်စာအုပ်များရှိပါက မိတ္တူကူးကာ တစ်ဖွဲ့လျှင် အဆင့်တစ်ဆင့်စီ တာဝန်

ပေးပါ။ ကျောင်းသားများမှ အောက်ပါပေးထားချက်နှစ်ခုထဲမှ တစ်ခုကို ရွေးချယ်လုပ်ဆောင်ခိုင်းပါ။

- အဖြေများကို တစ်တန်းလုံးအနေဖြင့် ဆွေးနွေးရမည်။ (သို့မဟုတ်)
- အိမ်စာအနေဖြင့် ၎င်းတို့၏ အဖြေများကို တစ်ဦးချင်းစီ ရေးခိုင်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများသည် ဖတ်စာအုပ်ထဲတွင် ငြိမ်းချမ်းစွာရှင်သန်နေထိုင်ခြင်းကို ပံ့ပိုးမှုပေးသော သို့မဟုတ် စိန်ခေါ်မှုရှိသော ကိစ္စရပ်များကို (အထူးသဖြင့် တိုင်းရင်းသားမျိုးနွယ် မတူကွဲပြားမှုများ ရှိနေခြင်းနှင့် စပ်လျဉ်းပြီး) သိမြင်နားလည်မှုရှိကြောင်းပြသရမည်။ ၎င်းစိန်ခေါ်မှုများအတွက် ဆရာတစ်ယောက်အနေဖြင့် ဖြေရှင်းသင်ကြားသွားမည့် နည်းလမ်းများကို ကျောင်းသားများမှ အကြံပြုရမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

(ပထမတန်းမှ ဥပမာ အဖြေများ)

၁။ ဤစာအုပ်ထဲတွင် အခြားသူများကို ကူညီပေးခြင်းအား အသားပေးဖော်ပြထားသည်။ ဤစာအုပ်ထဲတွင် အခြားလူများ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရန် ပြောပြထားသည်။ ဤစာအုပ်ထဲတွင် တရားမျှတမှု၏ အစိတ်အပိုင်းများနှင့် အခြားလူများနှင့် ငြိမ်းချမ်းစွာ ရှင်သန်နေထိုင်ခြင်းအကြောင်းတို့ ပါဝင်ပါသည်။

၂။ သင်ခန်းစာ ၁၄ တွင် မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စုများစွာရှိခြင်းနှင့် မတူကွဲပြားမှုများရှိနေခြင်းကြောင့် ရှင်သန်နေထိုင်ရန်အတွက် စိတ်ချမ်းသာဖွယ် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၃။ ပုံထဲတွင် ပါဝင်သည့်လူအားလုံးသည် အသားဖြူကြသည်။
ဖော်ပြထားသည့် တိုင်းရင်းသားများမှာ တိုင်းရင်းသားမျိုးနွယ်စုကြီး ၈ ခုသာဖြစ်ပြီး အခြားအဖွဲ့များကို ဖော်ပြထားခြင်း သို့မဟုတ် ဆွေးနွေးထားခြင်း မရှိပါ။
'တိုင်းရင်းသားလူမျိုးများကို ချစ်ခင်ပါသလား။ အဘယ်ကြောင့်နည်း' ဆိုသည့် ပြန်လည်သုံးသပ်ချက်မေးခွန်းမှာ ကျောင်းသားတစ်ယောက်သည် တိုင်းရင်းသား

တစ်မျိုးဖြစ်သည်မဟုတ်ပဲ (အားလုံးသည် တိုင်းရင်းသားများဖြစ်ကြသည်) တိုင်းရင်းသားများ အားလုံးသည် အတူတူပင်ဖြစ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ (တိုင်းရင်းသားဖြစ်မှုနှင့် မသက်ဆိုင်သော်လည်း ကျား/မ ဖြစ်မှုနှင့် သက်ဆိုင်ပါသည်) စာသင်ကြားခြင်းမပြုသည့် အမျိုးသမီးများအားလုံးကို အိမ်စာလုပ်နေသည့်ပုံစံဖြင့် သရုပ်ဖော်ပြထားပါသည်။

၄။ ဆရာတစ်ယောက်အနေဖြင့် စာအုပ်ထဲတွင် မဖော်ပြထားသည့် တိုင်းရင်းသားမျိုးနွယ်စု ဥပမာများကို အသုံးပြုနိုင်သည် (အထူးသဖြင့် အတန်းထဲရှိ တိုင်းရင်းသားများကို ဥပမာအဖြစ် အသုံးပြုသွားနိုင်သည်)။

သွင်ပြင်လက္ခဏာမတူသောသူများ၊ အသားအရောင်မတူသူများ (နှင့် တိုင်းရင်းသား မျိုးနွယ်စုများ၊ မသန်စွမ်းသူများ) မျိုးစုံ၏ ဥပမာများကို အပြုသဘောဆောင်သော ပုံစံဖြင့် ဆရာမှ တင်ဆက်ပြသနိုင်သည်။

လှုပ်ရှားမှုနှင့် အလုပ်အကိုင်မျိုးစုံကို လုပ်ဆောင်နေသော အမျိုးသမီးများ၏ ဥပမာပုံများကို လည်း ဆရာမှ တင်ဆက်ပြသသွားနိုင်သည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၄။** ။ အဆင့် ၃ မတိုင်မီ အဖွဲ့များကို ခေါ်ယူပြီး ၎င်းတို့၏ လုပ်ငန်းစဉ်များထဲမှ တစ်ခုအား အခြားအဖွဲ့များ သို့မဟုတ် အတန်းအတွက် အပြန်အလှန် လက်တွေ့လုပ်ဆောင်ပြခိုင်းပါ။ အဖွဲ့များ သို့မဟုတ် အတန်းမှ လက်တွေ့လုပ်ဆောင်ပြသော လုပ်ငန်းစဉ်သည် မည်သည့် အတန်းအတွက် ဒီဇိုင်းဖန်တီးထားခြင်းဖြစ်ကြောင်း ခန့်မှန်းနိုင်ပါသလား။

လက်ကမ်းစာစောင် ၅ ကို အသုံးပြုပြီး သင်တန်းတက်ရောက်သည့်ဆရာများမှ အတန်းတစ်တန်းစီ အတွက် အသုံးပြုသွားနိုင်မည့် လုပ်ငန်းစဉ်စာရင်းကို ရုပ်ပြဇယားတစ်ခု (graphic organizer) အဖြစ် ရေးဆွဲပါ။ ထိုသို့ရေးဆွဲခြင်းကို တစ်ဦးချင်းစီဖြစ်စေ သို့မဟုတ် နှစ်ယောက်တစ်တွဲစီဖြစ်စေ သို့မဟုတ် အဖွဲ့လိုက်ဖြစ်စေ လုပ်ဆောင်နိုင်ပါသည်။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** ကောင်းမွန်သော ဆက်ဆံရေးသည် ငြိမ်းချမ်းသော ပဋိပက္ခဖြေရှင်းနည်းအတွက် အဘယ်ကြောင့် အထောက်အကူဖြစ်စေရသနည်း။

**အဖြေ။** *အခြားလူများနှင့် ကောင်းမွန်သော ဆက်ဆံရေးရှိသည့်အခါတွင် မတူညီသည့် ရည်မှန်းချက်များရှိခြင်းကဲ့သို့သော ပြဿနာများသည် (အကြမ်းဖက်) ပဋိပက္ခများကို မဖြစ်ပေါ်လာစေပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့အချင်းချင်း ဆွေးနွေးပြီးပြဿနာအတွက် ဖြေရှင်းချက်များကို အတူတကွရှာဖွေနိုင်သော ကြောင့်ဖြစ်သည်။*

**မေးခွန်း ၂။** ပြီးပြည့်စုံသော ငြိမ်းချမ်းရေးနှင့် မပြည့်စုံသော ငြိမ်းချမ်းရေးအကြား ခြားနားချက်များမှာ အဘယ်နည်း။

**အဖြေ။** *မပြည့်စုံသောငြိမ်းချမ်းရေး ဆိုသည်မှာ အကြမ်းဖက်မှုနှင့် လက်နက်ကိုင်ပဋိပက္ခများ မရှိခြင်းကိုသာ ဆိုလိုသည်။ ပြီးပြည့်စုံသောငြိမ်းချမ်းရေး ဆိုသည်မှာ အကြမ်းဖက်မှုများမရှိပဲ လူမှုတရားမျှတမှုရှိခြင်းကို ဆိုလိုသည်။ ပြီးပြည့်စုံသော ငြိမ်းချမ်းရေး၌ လူတိုင်းတွင် တန်းတူအခွင့်အရေးများနှင့် အခွင့်အလမ်းများ ရှိကြပါသည်။*

**မေးခွန်း ၃။** လူ့အသိုက်အဝန်းများထဲတွင် ဖွဲ့စည်းတည်ဆောက်ပုံစနစ်အရ အကြမ်းဖက်မှုများ မည်သို့ဖြစ်ပွားလာသနည်း။

**အဖြေ။** *ဖွဲ့စည်းတည်ဆောက်ပုံစနစ်အရ အကြမ်းဖက်မှုသည် လူများအကြား တန်းတူညီမျှမှုမရှိသည့်အခါမျိုးတွင် ဖြစ်ပွားလေ့ရှိသည်။ ဥပမာ - ဆင်းရဲသူများသည် လူချမ်းသာများကဲ့သို့ ဆေးကုသခွင့် သို့မဟုတ် အရည်အသွေးကောင်းသော*

*ပညာရေးကို မရရှိနိုင်ကြချေ။ လူ့အသိုက်အဝန်းအတွင်း တွေ့ရလေ့ရှိသော ဖွံ့စည်းတည်ဆောက်ပုံစနစ်အရ အကြမ်းဖက်မှုပုံ အခြားတစ်မျိုးမှာ ဖခင်ဝါဒ ကြီးစိုးမှုဖြစ်ပြီး ၎င်းသည် အမျိုးသမီးများအတွက် နစ်နာစေပါသည်။*

**မေးခွန်း ၄။** အစုအဖွဲ့ဆိုင်ရာ သရုပ်လက္ခဏာများနှင့် အခြားသော သရုပ်လက္ခဏာ အစိတ်အပိုင်းများအကြား ခြားနားချက်မှာ အဘယ်နည်း။

**အဖြေ။** *ကျွန်ုပ်တို့ သရုပ်လက္ခဏာများ၏ တချို့အစိတ်အပိုင်းများသည် ကျွန်ုပ်တို့ ကြိုက်သည့်အချက်များ သို့မဟုတ် အရေးကြီးသည်ဟု ထင်သည့်အရာများ ဖြစ်သည်။ သင်သည် ကဗျာရေးရန် ဝါသနာပါပြီး တစ်ဦးတည်း ရေးတတ်သည် ဆိုပါက ၎င်းသည် သင့်အတွက် အရေးကြီးသော သရုပ်လက္ခဏာ တစိတ်တစ်ဒေသဖြစ်သည်။ အစုအဖွဲ့ဆိုင်ရာ သရုပ်လက္ခဏာသည် အခြားလူများနှင့် ချိတ်ဆက်ပေးပြီး သင်နှင့် ပတ်သက်နေသည်ဟုထင်သော အစုအဖွဲ့တွင် ပါဝင်သည်ဟု ခံစားရစေသည်။ ဥပမာ - သင်သည် ဘောလုံးပွဲ ပရိသတ် တစ်ဦးဖြစ်ပါက အခြားပရိသတ်များနှင့်အတူ ရုံဖန်ရံခါ အတူတွဲကြည့်မိမည်ဖြစ်ပြီး အခြားပရိသတ်များနှင့် အဖွဲ့တစ်ဖွဲ့အနေဖြင့် ခံစားရစေပါသည်။*

**မေးခွန်း ၅။** လူသားတို့၏ လိုအပ်ချက်များသည် အဘယ်ကြောင့် အားလုံးနှင့် သက်ဆိုင်ရသနည်း။ ဥပမာ - လူသားအားလုံးအတွက် တူညီနေပါသလား။

**အဖြေ။** *လူသားတိုင်းတွင် တူညီသော ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ ရှိနေကြပါသည်။ လူသားတိုင်းသည် အစားအစာ၊ သောက်သုံးရေ၊ ဆေးဝါး၊ အဝတ်အထည် စသည်ဖြင့် လိုအပ်ပါသည်။ ထို့အပြင်လူသားတိုင်းတွင် တူညီသော သို့မဟုတ် ဆင်တူသောအခြေခံစိတ်ပိုင်းဆိုင်ရာနှင့်ခံစားမှုပိုင်းဆိုင်ရာလိုအပ်ချက်များလည်း ရှိကြသည်။ ဥပမာ - မည်သူမျှ ကြောက်ရွံ့စိတ်မရှိချင်ကြသကဲ့သို့ လုံခြုံမှုကိုလည်း ခံစားရချင်ကြသည်။*

**မေးခွန်း ၆။** အားလုံးအကျုံးဝင်သော လူ့အသိုက်အဝန်းတစ်ခုသည် ငြိမ်းချမ်းစွာ ရှင်သန်နေထိုင်ခြင်းကို မည်သို့ အထောက်အကူပေးပါသနည်း။

**အဖြေ။** *အားလုံးအကျုံးဝင်သော လူ့အသိုက်အဝန်းတစ်ခု၌ တိုင်းရင်းသားမျိုးနွယ်များ၊ ဘာသာရေး သို့မဟုတ် ကျား/မ ကွဲပြားခြားနားသည့်တိုင် တူညီသော အခွင့်အရေးများ ရရှိကြသည်။ အဖွဲ့များကြားရှိ ကွဲပြားခြားနားချက်များကို လေးစားမှုထားကြပြီး လူတိုင်းသည် ၎င်းတို့၏ မတူကွဲပြားသော စွမ်းရည်များ နှင့် ရှုထောင့်များကို အသုံးချရန် အားပေးခြင်းခံရသည်။ ဤနည်းဖြင့် လူအားလုံး၏ ကောင်းကျိုးအတွက် ပူးပေါင်းလုပ်ဆောင်နိုင်သည့်အတွက် လူ့အသိုက်အဝန်းများ ကို ယဉ်ကျေးမှုအရသာမက စီးပွားရေးအရပါ ပေါ်များ ကြွယ်ဝချမ်းသာ လာစေပါသည်။*

**မေးခွန်း ၇။** ငြိမ်းချမ်းစွာ ရှင်သန်နေထိုင်ခြင်းသည် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်နှင့် မည်သို့ ချိတ်ဆက်နေပါသနည်း။

**အဖြေ။** *စာရိတ္တတွင် တစ်ဖက်သားအား ဖယ်ကြဉ်ထားမှုမပြုခြင်းနှင့် ၎င်းတို့၏ ယဉ်ကျေးမှုများကို လေးစားခြင်းစသည့် လူများ၏ အပြုအမူအကျင့်များ ပါဝင်သည်။ လူတစ်ယောက် သို့မဟုတ် လူ့အဖွဲ့အစည်းတစ်ရပ်သည် ငြိမ်းချမ်းနေပါက ၎င်းလူ့အသိုက်အဝန်းအနေဖြင့် နိုင်ငံသားနှင့် သက်ဆိုင်သော ရည်မှန်းချက်များကိုရရှိရန် ပိုမိုလွယ်ကူပါသည်။*

**မေးခွန်း ၈။** တိုင်းရင်းသားမျိုးနွယ်စု မတူကွဲပြားမှုရှိခြင်းကို တန်ဖိုးထားလေးစားခြင်းသည် ငြိမ်းချမ်းစွာရှင်သန်နေထိုင်ခြင်း၏ အရေးကြီးသော အစိတ်အပိုင်း အဘယ်ကြောင့် ဖြစ်ရသနည်း။

**အဖြေ။** *မြန်မာနိုင်ငံကဲ့သို့ တိုင်းရင်းသားမျိုးနွယ်စုများ၊ ဘာသာစကား နှင့် ယဉ်ကျေးမှုများ များစွာရှိသည့် လူ့အသိုက်အဝန်းတစ်ရပ်တွင် နေထိုင်နေသည့်အခါတွင် လူများ၏*

*အပြုအမူနှင့် စိတ်နေစိတ်ထားများသည် ငြိမ်းချမ်းစွာ ရှင်သန်နေထိုင်ခြင်းကို ထိခိုက်စေမည့် ဖယ်ချန်ထားခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်းများသို့ ဦးတည်မသွားစေရန် အရေးကြီးသည်။*

**မေးခွန်း ၉။** ငြိမ်းချမ်းစွာရှင်သန်နေထိုင်ခြင်းကို သင်ကြားပို့ချရာတွင် မည်သည့်လုပ်ငန်းစဉ်များသည် အသုံးဝင်ပါသနည်း။

***အဖြေ။*** *(ကျောင်းသားများမှ အသုံးဝင်သည်ဟုထင်သော လုပ်ငန်းစဉ်များကို စာရင်းပြုစုထားနိုင်သည်) မတူကွဲပြားမှုများကို လေးစားတန်ဖိုးထားခြင်း သို့မဟုတ် လူအများငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်မည့် နည်းလမ်းများကို လေးစားတန်ဖိုးထားမှုအပေါ် နားလည်သဘောပေါက်မှုအား ပံ့ပိုးပေးရန်အတွက် ဒီဇိုင်းရေးဆွဲထားသည့် မည်သည့် လုပ်ငန်းစဉ်များမဆို အသုံးဝင်ပါသည်။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- ယဉ်ကျေးမှုများသည် လူများ၏လုပ်ဆောင်ပုံနှင့် စဉ်းစားပုံပေါ် လွှမ်းမိုးထားသည့် အဓိပ္ပာယ်ပါသော စနစ်များဖြစ်ကြသည်။

- ပထဝီမြေမျက်နှာသွင်ပြင်၊ အနေအထား၊ ယုံကြည်မှုများနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖွင့်ဟဖော်ထုတ်ချက်များ စသည့် ယဉ်ကျေးမှုတစ်ခုမှ တစ်ခုသို့ ခြားနားသွားစေသည့် ယဉ်ကျေးမှုဆိုင်ရာ ဘုံတူညီချက်များလည်း ရှိပါသည်။

- တိုင်းရင်းသားမျိုးနွယ်ဆိုသည်မှာ လူ့အသိုက်အဝန်းနှင့် သဘာဝပတ်ဝန်းကျင်အတွင်း ပြောင်းလဲမှုများနှင့် အခြားတိုင်းရင်းသားမျိုးနွယ်စုများနှင့် ထိတွေ့ဆက်ဆံမှုများကြောင့် အမြဲတမ်းပြောင်းလဲနေပါသည်။

- တိုင်းရင်းသားမျိုးနွယ်ဆိုသည်မှာ အချို့လူများအတွက် အရေးကြီးပြီး လူတိုင်းအတွက် အရေးမကြီးပေ။

- များစွာသောလူများသည် မိမိကိုယ်ကို တိုင်းရင်းသားလူမျိုး တစ်မျိုးထက်ပို၍ သတ်မှတ်လက်ခံထားကြသည်။

- တိုင်းရင်းသားမျိုးနွယ်ဆိုသည်မှာပင် မတူကွဲပြားခြားနားမှုများ ရှိနေပါသည်။ တိုင်းရင်းသားမျိုးနွယ်တစ်ခုအတွင်းမှာပင် မတူညီသော ဘာသာစကားများ၊ ရိုးရာဝတ်စားဆင်ယင်မှု နှင့် အနုပညာများရှိနေပြီး လူမျိုးများသည်လည်း နေရာဒေသအသီးသီးတွင် အခြေချနေထိုင်နေနိုင်ပါသည်။

- ငြိမ်းချမ်းစွာ နေထိုင်ခြင်းအား သင်ယူရန်အလို့ငှာ ပဋိပက္ခများသည် ဘဝ၏ အစိတ်အပိုင်း တစ်ခုသာဖြစ်ပြီး ၎င်းတို့သည် ဆိုးဝါးသောအရာများ မဟုတ်ကြောင်း နားလည်ထားရန်

လိုအပ်ပါသည်။ ပဋိပက္ခတစ်ခုအား ကောင်းသည် (သို့) ဆိုးသည် ဖြစ်စေသောအရာမှာ ကျွန်ုပ်တို့ ကိုင်တွယ်ဖြေရှင်းသည့် ပုံစံသာဖြစ်သည်။ ပဋိပက္ခအား အပြုသဘောဆောင်စွာ ကိုင်တွယ်ဖြေရှင်းရန်အတွက် ကျွန်ုပ်တို့အနေဖြင့် အခြားလူများနှင့် ကောင်းမွန်သော ဆက်ဆံရေးများ တည်ဆောက်ရန် လိုအပ်ပါသည်။

- ပြီးပြည့်စုံသော ငြိမ်းချမ်းရေးဆိုသည်မှာ အကြမ်းဖက်မှုမရှိခြင်းတစ်ခုသာမဟုတ်ပဲ လူမှုတရားမျှတမှုလည်း ရှိရန် လိုအပ်ပါသည်။ စစ်မှန်သော ပြီးပြည့်စုံသည့် ငြိမ်းချမ်းရေး ရရှိရန်အတွက် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အကြမ်းဖက်မှုကို ဖြေရှင်းကျော်လွှားရန် လိုအပ်ပါသည်။

- ကျွန်ုပ်တို့၏ ကိုယ်ပိုင်လုပ်ဆောင်ချက်များဖြင့် မတရားမှုများ နည်းပါးပြီး ပိုမိုတရားမျှတ လာသော လူ့အသိုက်အဝန်းတစ်ခုကို ပိုင်းဝန်းဖန်တီးပေးနိုင်ပါသည်။ အရေးကြီးဆုံး အချက်မှာ လူအားလုံးကို လူသားများအဖြစ် အခွင့်အရေးများနှင့် ဂုဏ်သိက္ခာရှိစွာ မျှမျှတတဆက်ဆံပေးရန်ဖြစ်သည်။

- အခြားယဉ်ကျေးမှုများမှ လူများနှင့် မည်သို့လေးစားစွာဆက်ဆံရမည်ကို သိရှိနိုင်ရန် ကျွန်ုပ်တို့၏ ကိုယ်ပိုင် သရုပ်လက္ခဏာများကို သိရှိနားလည်ရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ သရုပ်လက္ခဏာတွင် အစိတ်အပိုင်းများစွာရှိပြီး၊ မည်သည့်တိုင်းရင်းသားလူမျိုးပင်ဖြစ်စေ ကာမူ ကျွန်ုပ်တို့နှင့် တူညီနေသော သရုပ်လက္ခဏာအစိတ်အပိုင်းများစွာ ရှိနေကြပါသည်။

- လူသားတို့၏ လိုအပ်ချက်များသည် အားလုံးအတူတူပင်ဖြစ်သည်။ လူသားတိုင်းတွင် လိုအပ်ချက်များ ရှိနေကြသည်။ ငြိမ်းချမ်းသော လူ့အသိုက်အဝန်းတစ်ခုအနေဖြင့် လူသားတိုင်း ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းရရှိနိုင်ရန်အတွက် ကူညီပေးရန် လိုအပ်သည်။

- လူ့အသိုက်အဝန်းတစ်ရပ်ကို အားလုံးအကျုံးဝင်မှုအပေါ် အခြေခံပြီး တည်ဆောက်ရန် ကြိုးစားသင့်သည်။ လူတိုင်းသည် ခြားနားချက်များရှိနေသည့်တိုင် တူညီသော အခွင့်အရေးများနှင့် အရင်းအမြစ်များကို ရရှိရန် ထိုက်တန်ပါသည်။

- အားလုံးအကျုံးဝင်မှုအား အခြေခံသဘောတရားအဖြစ် သတ်မှတ်ထားလျှင် မတူကွဲပြားမှုများရှိခြင်းသည် လူ့အသိုက်အဝန်းတစ်ရပ်အတွက် ကြီးမားသော အားသာချက်တစ်ရပ်ဖြစ်လာနိုင်ပါသည်။

- မတူကွဲပြားမှုများရှိနေခြင်းနှင့် ငြိမ်းချမ်းစွာ ရှင်သန်နေထိုင်ခြင်းအပေါ် ပိုမိုတန်ဖိုးထားလေးစားလာစေရန် ဆရာများ အသုံးပြုနိုင်သော လုပ်ငန်းစဉ်များ များစွာရှိပါသည်။

- ကျောင်းသားများ၏အတန်းအလိုက် သင့်လျော်သော လုပ်ငန်းစဉ်များကို ရွေးချယ်ရန် အရေးကြီးပါသည်။

- ဖတ်စာအုပ်များသည် အသုံးဝင်သော ရင်းမြစ်များဖြစ်သော်လည်း မတူကွဲပြားမှုရှိခြင်း နှင့် ငြိမ်းချမ်းစွာရှင်သန်နေထိုင်ခြင်းအပေါ် လေးစားမှုအား ပံ့ပိုးပေးရန်အတွက် ဆရာများအနေဖြင့် အခြားလုပ်ငန်းများကိုပါ ပူးတွဲထည့်သွင်း သင်ကြားပေးနိုင်ပါသည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

မြန်မာနိုင်ငံ၏ တိုင်းရင်းသားမျိုးနွယ်များနှင့် ယဉ်ကျေးမှုဆိုင်ရာ မတူကွဲပြားမှုများရှိခြင်းသည် အားသာချက်တစ်ခု တစ်ခုဖြစ်နိုင်ပါသည်။ မတူညီသည့်လူများမှ ၎င်းတို့လိုချင်သော လူ့အသိုက် အဝန်းတစ်ခုအား တည်ဆောက်ရန် အားလုံးအတူတကွ ငြိမ်းချမ်းစွာ ကြိုးစားကြမည်ဆိုလျှင် အဆိုပါ လူ့အသိုက်အဝန်းကို အောင်မြင်စွာ ရရှိလာနိုင်ခြေ ပိုများပါသည်။

ဆရာတစ်ယောက်အနေဖြင့် မတူညီသည့် ယဉ်ကျေးမှု၊ တိုင်းရင်းသားမျိုးနွယ်စု၊ ကျား/မ၊ ကိုးကွယ်သည့်ဘာသာ၊ မိသားစုနှင့် လူတန်းစား အဆင့်အတန်း၊ သန်စွမ်းမှုနှင့် မသန်စွမ်းမှု အစရှိသည့် နောက်ခံအကြောင်းရင်းများရှိသည့် ကျောင်းသားများကို သင်ကြားပို့ချသွားရနိုင်ပါသည်။ ထို့အပြင် ၎င်းတို့၏ မိတ်ဆွေများ၊ ရပ်ရွာခေါင်းဆောင်များ၊ သင်နှင့်မတူသည့် အခြားဆရာများ စသည်တို့ကိုလည်း တွေ့ကြုံလာနိုင်ပါသည်။

ဘာသာစကားကွဲပြားပြီး ရိုးရာဓလေ့မတူညီသည့် တိုင်းရင်းသားလူမှုအဖွဲ့အစည်းတစ်ခုသို့ သင့်အား တာဝန်ပေးပို့ချခိုင်းမည်ဆိုပါက သင့်အနေဖြင့် မည်သို့ရင်ဆိုင်ကျော်လွှားနိုင်မည်နည်း။

တိုင်းရင်းသားမျိုးနွယ်စု ကွဲပြားခြားနားချက်များအပေါ် အာရုံမထားဘဲ (လုပ်ဖော်ကိုင်ဖက်များ၊ ကျောင်းသားများ၊ လူမှုအဖွဲ့အစည်း အဖွဲ့ဝင်များ) စသည်ဖြင့် အခြားတိုင်းရင်းသားမျိုးနွယ်စုဝင် များနှင့် ဆင်တူသည့် အချက်များအပေါ် အာရုံစိုက်လုပ်ဆောင်နိုင်ရန် မည်သို့ သင်ယူသွားနိုင် မည်နည်း။ ဤသို့ သင်ယူခြင်းက သင်၏ ဆက်ဆံရေးများကို မည်သို့ တိုးတက်လာစေနိုင်ပါသနည်း။

လူမှုတရားမျှတမှုနှင့် မျှတသော လူ့အသိုက်အဝန်းတစ်ခု တည်ဆောက်ရာတွင် သင့်အနေဖြင့် နေ့စဉ်နေ့တိုင်း မည်သည့်အရာများကို လုပ်ဆောင်ပေးနိုင်သနည်း။ လူများကို မျှတစွာ ဆက်ဆံ ပေးရန်အတွက် မည်သည့်အရာများကို သင်လုပ်ဆောင်နိုင်သနည်း။

သင်ပို့ချသင်ကြားပေးသည့် အတန်းတွင် အားလုံးအကျုံးဝင်အောင် မည်သို့လုပ်ဆောင်နိုင်ပါသနည်း။ ၎င်းအတန်းသည် မည်သည့်ပုံစံရှိမည်နည်း။

## ဆက်လက်ဖတ်မှတ်စရာများ

၅.၁။

Gravers, M. (Ed.). (2007). *Exploring ethnic diversity in Burma*. Copenhagen, Denmark: NIAS Press.

M. Tin. (n.d.). *Citizen: The modern politician and education. (Burmese)*.

Metro, R. (n.d.). *Histories of Burma: A source-based approach to Myanmar history.* Retrieved from https://www.moteoo.org/sites/moteoo.org/files/product_docs/histories-eng-tb-for-web-dl_0.pdf

Thin, M. D. (n.d.). *Kyaung Sayar and country prevention/protection*.

၅.၂။

Arigatou Foundation. (n.d.). *Learning to live together.* Retrieved from https://ethicseducationforchildren.org/en/

Council of Europe. (2007). *Compasito: Manual on human rights education for children (2nd ed.).* Retrieved from http://www.eycb.coe.int/compasito/pdf/Compasito%20EN.pdf

Korth, D., & Paylor, A. (n.d.). *Conflict and peace. Unit one: Understanding conflict.* Retrieved from https://www.moteoo.org/sites/moteoo.org/files/product_docs/undrstanding-conflict-tb-for-web-060117-eng.pdf

Korth, D., & Paylor, A. (n.d.). C*onflict and peace. Unit two: Understanding peace.* Retrieved from https://www.moteoo.org/sites/moteoo.org/files/product_docs/understanding_peace_eng_tb_091118.pdf

Michel, G., & Zanoni, K. (2018). *Learn and share together. Community-building training curriculum*. Yangon, Myanmar: People in Need.

Milofsky, A. (Ed.). (2011). *Peacebuilding toolkit for educators: Middle school lessons.* Washington, DC: United States Institute of Peace.

United Nations Educational, Scientific and Cultural Organisation Myanmar. (n.d.). *Establishing a culture of peace*. Unpublished manuscript.

အခန်း
၆

# စစ်ဆေးအကဲဖြတ်ခြင်း

ဤအခန်းတွင် ကျောင်းသားများ၏ စာရိတ္တနှင့် ပြည်သူ့နီတိတန်ဖိုးများ နားလည်သိရှိမှုကို တိုင်းတာရန်အတွက် ထိရောက်သော စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများကို ဆန်းစစ်လေ့လာသည်။ စာရိတ္တနှင့် ပြည်သူ့နီတိအပေါ် စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများ၏ မှတ်မိနိုင်စွမ်းနှင့် သိရှိမှုများကို ရှင်းပြနိုင်စွမ်းအပေါ် ဗဟိုပြုထားခြင်းမရှိဘဲ၊ သင်ယူမှုရလဒ်များအရ ၎င်းတို့၏ သဘောထားနှင့် အပြုအမူများပြောင်းလဲသွားပုံအပေါ်၌သာ ဗဟိုပြုသဖြင့် ၎င်းကို ဖန်တီးရန်နှင့် အကောင်အထည်ဖော်ရန် ခက်ခဲနိုင်သည်။

ဤအခန်းတွင် သင်ယူမှုနယ်ပယ်(၃)ရပ်ကို စူးစမ်းလေ့လာလျက် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်အပေါ် ကွဲပြားခြားနားစွာ စစ်ဆေးအကဲဖြတ်ရန်နည်းလမ်း၊ စာရိတ္တပိုင်းဆိုင်ရာ တန်ဖိုးများကိုသင်ယူရာတွင် ကျောင်းသား၏ သိမှုဖွံ့ဖြိုးခြင်းဖြစ်စဉ်နှင့် သင်ယူမှုဆိုင်ရာ ထိရောက်အကျိုးရှိမှုများကို အကဲဖြတ်ရာတွင် အထောက်အကူပြုမည့် တတ်မြောက်မှုအဆင့်များကို ဆွေးနွေးမည်ဖြစ်သည်။ ထို့အပြင် ဤအခန်းတွင် ကျောင်းသားများ အသုံးပြုနိုင်သော သင့်လျော်ရာ စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်း အနည်းငယ် အကြောင်း ဆွေးနွေးထားပြီး စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ပါ စစ်ဆေးအကဲဖြတ်ခြင်းများအတွက် အကြံပြုထားသော အလေ့အထများပါဝင်သည်။ ဤအခန်းသည် ကျောင်းသားများအား သင်ရိုးညွှန်းတမ်းမှ စစ်ဆေးအကဲဖြတ်ချက်များကို နားလည်၍ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြင်ဆင်ပံ့ပိုးပေးရန်နှင့် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်အပေါ် စစ်ဆေးအကဲဖြတ်ချက်များကို တည်ဆောက်ရန် ရည်ရွယ်သည်။

**မျှော်မှန်းထားသော သင်ယူမှုရလဒ်**

**ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- မူလတန်းအဆင့်၌ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်တွင် အသုံးပြုရန် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများအကြောင်း ရှင်းပြတတ်မည်။

# ၆.၁။ စာရိတ္တနှင့် ပြည်သူ့နီတိကို စစ်ဆေးအကဲဖြတ်သည့်နည်းလမ်းများ

ဤအခန်းငယ်တွင် ကျောင်းသားများသည် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်အတွက် စစ်ဆေးအကဲဖြတ်ခြင်းကို မည်သို့ပုံဖော်ဆောင်ရွက်သည်ကို လေ့လာဖော်ထုတ်မည်ဖြစ်သည်။ သင့်တော်သော စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများ ဖန်တီးအကောင်အထည်ဖော်နိုင်ရန် အထောက်အကူပြုသည့် သီအိုရီများ၊ လက်တွေ့လုပ်ဆောင်ချက်များနှင့် သင်ထောက်ကူ ကိရိယာများကို လေ့လာနိုင်မည်။ ဤအခန်းငယ်ပြီးဆုံးချိန်တွင် ကျောင်းသားများသည် တန်ဖိုးများ အပေါ် ၎င်းတို့၏ နားလည်သိရှိမှုကို ပိုမိုအကဲဖြတ်တတ်လာမည်။

## ၆.၁.၁။ စာရိတ္တနှင့် ပြည်သူ့နီတိသင်ယူမှုကို မည်သို့အကဲဖြတ်မည်နည်း။

**မျှော်မှန်းထားသောသင်ယူမှုရလဒ်**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- မူလတန်းအဆင့်၌ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်တွင် အသုံးပြုရန် စစ်ဆေး အကဲဖြတ်ခြင်း နည်းလမ်းများအကြောင်း ရှင်းပြတတ်မည်။

**ရရှိသွားမည့် တတ်ကျွမ်းမှုများ**

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့်သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကိုနားလည် သဘောပေါက် ကြောင်းပြသသည်။

(ခ)(၂.၁) ကျောင်းသား၏ သင်ယူမှုကို လေ့လာကြီးကြပ် တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။

(ခ)(၂.၂) စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း (အသေးစိတ်) ထားရှိပြီး ထိုစစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက်အလက်များကို ကျောင်းသားများ သင်ယူမှုတိုးတက်ရေးအတွက် လမ်းညွှန်သဖွယ် အသုံးပြုနိုင်ကြောင်း ပြသည်။

**အချိန်-** မိနစ်(၅၀)စီကြာသော စာသင်ချိန် နှစ်ချိန်။

**သင်ယူမှုနည်းလမ်းများ-** ဂရပ်ဖစ်ပုံများအသုံးပြုသင်ယူခြင်း၊ တွေး-တွဲ-မျှဝေ သင်ယူခြင်း၊ ဖြတ်ဆက်လုပ်ငန်းပေးခြင်း၊ ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်း၊ (T-ပုံစံဇယားကွက်)၊ လေ့လာ အကဲခတ်ခြင်း၊ အုပ်စုလုပ်ငန်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ-** ဆရာနှင့်ကျောင်းသားများသည် ကျောင်းသားကိုင် စာအုပ်မှ သင်ခန်းစာ ၆.၁.၁ ကို ကြိုတင်ဖတ်ရှုထားရန်လိုအပ်သည်။

**လိုအပ်သောရင်းမြစ်များ-** ကျောင်းသားကိုင်စာအုပ်၊ စာရိတ္တနှင့် ပြည်သူ့နီတိ ဒုတိယတန်း ဆရာလမ်းညွှန်နှင့် ကျောင်းသားပုံနှိပ်စာအုပ်၊ ဗီဒီယိုပြသကိရိယာ၊ မူလတန်းအဆင့် စာသင်ခန်းတွင် ဗီဒီယိုဖြင့် အုပ်စုလုပ်ငန်းပြသခြင်း။

**သင်ယူမှုလုပ်ငန်းများ**

**စာသင်ချိန်(၁)**

**သင်ယူမှုလုပ်ငန်း (၁) - ဂရပ်ဖစ်ပုံများအသုံးပြုသင်ယူခြင်း (၁၅မိနစ်)**

၁။ ကျောင်းသားများအား ယခင်အခန်းများမှ သင်ကြားသင်ယူမှုအဆင့်များနှင့် အဆင့်တစ်ခုစီတွင် သင်ယူမှုလုပ်ငန်းလုပ်ဆောင်ပုံကို ပြန်လည်အမှတ်ရစေပါ။
၂။ သိမှုဆိုင်ရာလုပ်ငန်းစဉ်၏ အဆင့်(၃)ဆင့်ကို သင်ကြားသင်ယူမှုလုပ်ငန်းစဉ်နှင့် ချိတ်ဆက်လျက် အကျဉ်းချုပ်မိတ်ဆက်ပေးပါ။

၃။ အောက်ပါဇယားကွက်ကို သင်ပုန်းပေါ်တွင်ရေးဆွဲပါ။ ကျောင်းသားများအား ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်မှ အလားတူဇယားကို မှီငြမ်းစေပါ။

| အဆင့် | သင်ကြားရေးနှင့် သင်ယူမှုအဆင့်များ | စစ်ဆေးအကဲဖြတ်ခြင်း အထောက်အကူပြုကိရိယာများ |
|---|---|---|
| ၁။ သိရှိခြင်း | | |
| ၂။ နားလည်ခြင်း | | |
| ၃။ အသုံးပြုခြင်း | | |

၄။ သင်ကြားသင်ယူမှုအဆင့်များ ဖော်ပြချက်များကို သင်ပုန်းပေါ်တွင် ရေးသားပါ။ ကျောင်းသားများအား ယင်းဖော်ပြချက်ကို ကူးယူ ရေးသားစေပါ။

၅။ အဆင့်တစ်ခုပြီးစီးတိုင်း တန်ဖိုးများအပေါ် ကျောင်းသားများ၏ နားလည်တတ်မြောက်မှုကို သတ်မှတ်ရန် စစ်ဆေးအကဲဖြတ်ခြင်း အထောက်အကူပြုနည်းလမ်းများအကြောင်း ဉာဏ်ဖွင့်ဆွေးနွေးရန် တိုက်တွန်းပါ။ ကျောင်းသားများအား ၎င်းတို့၏ ကျောင်းသားကိုင် စာအုပ်ရှိ "တန်ဖိုးများကို သင်ယူခြင်းဖြင့် နားလည်မှုအဆင့် သတ်မှတ်စံနှုန်း" ကို ရည်ညွှန်းစေပါ။

၆။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲ တွဲပေးပြီး ၎င်းတို့၏ လက်ကမ်းစာစောင် များတွင် ရေးသားရန် စိတ်ကူးအကြံဉာဏ်များထုတ်စေပါ။

၇။ အတွဲတစ်ခုစီမှ ကိုယ်စားလှယ်တစ်ယောက်စီ ဖိတ်ခေါ်ပြီး သင်ပုန်းပေါ်တွင် ၎င်းတို့၏ အဖြေများကို ဖတ်ကြားခြင်းနှင့်ရေးသားခြင်းများပြုလုပ်စေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများသည် အဆင့်(၄)နှင့်ပတ်သက်၍ အဖြေများပေးနိုင်ခြင်း ရှိ၊ မရှိ စစ်ဆေးပါ။ ကျောင်းသားများသည် ယခင်အခန်းများမှ သင်ကြားသင်ယူမှုအဆင့်များကို ပြန်လည်မှတ်မိခြင်း ရှိ၊ မရှိနှင့် ၎င်းတို့ကို သိမှုဆိုင်ရာလုပ်ငန်းစဉ်၏ အဆင့်များနှင့် ယှဉ်တွဲနိုင်ခြင်း ရှိ၊ မရှိအကဲဖြတ်ပါ။

အဆင့်(၇)တွင် ကျောင်းသားများက အဆင့်(၁)ခုစီရှိ သင်ယူမှုကို စစ်ဆေးအကဲဖြတ်ရန် မည်သည့်စစ်ဆေးအကဲဖြတ်ခြင်းနည်းစနစ်ကို အသုံးပြုမည်ဆိုသည့် ၎င်းတို့၏ စိတ်ကူး အကြံအစည်ကို နားထောင်ပါ။ ၎င်းတို့အကြံပြုသော နည်းစနစ်များသည် ကျောင်းသားများက တန်ဖိုးသင်ယူမှု ဇယားအရ သတ်မှတ်သော နားလည်တတ်မြောက်မှု အဆင့်စံနှုန်းများမှ စံများနှင့် ကိုက်ညီမှုရှိမရှိ ဆိုသည်ကို သိရှိရန်စစ်ဆေးပါ။

### ကျောင်းသားများ၏ဖြစ်နိုင်ခြေရှိသောအဖြေများ

သိမှုဆိုင်ရာလုပ်ငန်းစဉ်၏ အဆင့်(၃)ခုတွင်ရှိသော သင်ကြားရေးနှင့် စစ်ဆေးအကဲဖြတ်ခြင်း အထောက်အကူပြုကိရိယာများ

| အဆင့် | သင်ကြားရေးနှင့် သင်ယူမှုအဆင့်များ | စစ်ဆေးအကဲဖြတ်ခြင်း အထောက်အကူပြုကိရိယာများ |
|---|---|---|
| ၁။ သိရှိခြင်း | ရုပ်ပုံနှင့်မေးခွန်းများအား ကြည့်ရှု စဉ်းစားကြည့်ခြင်းဖြင့် စာရိတ္တ သို့မဟုတ် ပြည်သူ့နီတိတန်ဖိုးကို သိရှိခြင်း | (၁) ဉာဏ်စမ်းမေးခွန်းများကို နှိုင်းယှဉ်ခြင်း၊ (၂) စာတစ်ကြောင်းဖြင့် အနှစ်ချုပ်ခြင်း၊ (၃)ကွက်လပ်ဖြည့်ခြင်း အစရှိသဖြင့် |
| ၂။ နားလည်ခြင်း | ပုံပြင်များနားထောင်ခြင်း၊ သရုပ်ပြ တင်ဆက်ခြင်းနှင့် ဆွေးနွေးခြင်း ကဲ့သို့သော အတန်းတွင်းလုပ်ငန်းများ မှတစ်ဆင့် ကျိုးကြောင်း ဆင်ခြင်ခြင်းဖြင့် စာရိတ္တ သို့မဟုတ် ပြည်သူ့နီတိ တန်ဖိုးကို နားလည်ခြင်း | (၁) အပြုအမူတစ်ခုသည် မှန်သလား သို့မဟုတ် မှားသလားဆိုသည့်အချက်အပေါ် အုပ်စုလိုက် စကားရည်လုခြင်း၊ (၂) တန်ဖိုး၏ အရေးပါမှု အကြောင်း စာစီစာကုံးရေးခြင်း၊ (၃) အတန်းလိုက် ဆွေးနွေးပွဲအတွင်း ကျောင်းသားများ၏ အဖြေများကို အဆင့်သတ်မှတ်ခြင်း စသည်ဖြင့် |
| ၃။ အသုံးပြုခြင်း | လက်တွေ့နှင့် ပြန်လည်ဆင်ခြင် သုံးသပ်မှုတွင် စာရိတ္တ သို့မဟုတ် ပြည်သူ့နီတိတန်ဖိုးကို အသုံးပြုခြင်း | (၁) ကျောင်းသားများအား ပုံပြင်အထဲမှ ဇာတ်ကောင်သည် ပြဿနာကို မည်သို့တုံ့ပြန် သင့်ကြောင်း ဖော်ပြသည့် ရုပ်ပုံတစ်ပုံ ရေးဆွဲစေပါ၊ (၂) ကျောင်းသားများက အုပ်စုလုပ်ငန်းအတွင်း သက်တူရွယ်တူများအား အဆင့်သတ်မှတ်ခြင်း၊ (၃) ကျောင်းသားများအတွက် အပြုအမူကို လေ့ကျင့်ရန်နှင့် အတွေ့အကြုံအပေါ် အစီရင်ခံစာ အကျဉ်းတစ်စောင် ရေးသားရန် အိမ်စာပေးခြင်း အစရှိသဖြင့် |

## သင်ယူမှုလုပ်ငန်း (၂) - တွေး-တွဲ-မျှဝေသင်ယူခြင်း (၁၀ မိနစ်)

၁။ ကျောင်းသားများ၏ သင်ယူမှုကိုစစ်ဆေးသော ပူလတန်း စာရိတ္တနှင့်ပြည်သူ့နီတိ ဘာသာရပ်ရှိ အခန်းတစ်ခုစီ၏ အဆုံးတွင် စစ်ဆေးအကဲဖြတ်ခြင်းများရှိကြောင်း ရှင်းပြပါ။

၂။ ကျောင်းသားများအား ဥပမာအနေဖြင့် ဒုတိယတန်း စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ် အခန်း(၂) (ကျောင်းသားကိုင် စာအုပ်ပုံစံ) မှ "ငယ်ရွယ်သူများကို ဂရုစိုက်ခြင်း"၏ အဆုံးတွင်ရှိသော စစ်ဆေးအကဲဖြတ်ခြင်း အခန်းကို လေ့လာကြည့်ရှုစေပါ။

၃။ မေးခွန်း(၈)ခုမှ မေးခွန်းတစ်ခုစီသည် သိမှုဆိုင်ရာဖြစ်စဉ်ရှိ မည်သည့်နားလည် တတ်မြောက်မှုအဆင့်ကို စစ်ဆေးခြင်းဖြစ်သည်ကို ကျောင်းသားများက ဆုံးဖြတ်သတ်မှတ် သင့်သည်။

၄။ ကျောင်းသားများကို နှစ်ယောက်တစ်တွဲစီ တွဲပေးပြီး ၎င်းတို့အား ယင်းမေးခွန်းများမှာ မည်သည်ကို စစ်ဆေးခြင်းဖြစ်ကြောင်း ၎င်းတို့၏ ထင်မြင်ချက်ကို ဝေမျှစေပါ။

၅။ အတွဲတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီကို ဖိတ်ခေါ်ပြီး ၎င်းတို့၏ အဖြေများကို အတန်းသားများအားဝေမျှစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူစဉ်စစ်ဆေးခြင်းကို အဆင့်(၄) နှင့် (၅) တွင်ပြုလုပ်သည်။ ကျောင်းသားများသည် ၎င်းတို့၏ အဖော်များနှင့် အဖြေများ ဝေမျှပြောဆိုမှုများကို တက်ကြွစွာ နားထောင်မှုရှိပါသလား။ ကျောင်းသားများအနေဖြင့် မေးခွန်းတစ်ခုစီသည် မည်သည့်အဆင့်ကို စစ်ဆေးခြင်းဖြစ်သည်ကို ဖော်ထုတ်နိုင်ပါသလား။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အမှန်/အမှား မေးခွန်းများ ၁-၄ = သိရှိခြင်းအဆင့်

၁။ အသုံးပြုမှုအဆင့်

၂။ နားလည်ခြင်းအဆင့်

၃။ နားလည်ခြင်းအဆင့်

၄။ အသုံးပြုမှုအဆင့်

## သင်ယူမှုလုပ်ငန်း (၃) - ဖြတ်ဆက်လုပ်ငန်းပေးခြင်း (၂၅ မိနစ်)

၁။ ကျောင်းသားများအား ၎င်းတို့ ကြိုတင်ဖတ်ရှုထားမည်ဖြစ်သော သင်ခန်းစာ ၆.၁.၁ မှ အဓိကအတွေးအခေါ်များကို ပြန်လည်သုံးသပ်ဆင်ခြင်ရမည်ဖြစ်ကြောင်းရှင်းပြပါ။

၂။ အတန်းသားများကို (၃)ဦးစီ ပါဝင်သောအုပ်စုများဖွဲ့ပါ။

၃။ အုပ်စုတစ်ခုစီ၏ အဖွဲ့ဝင်များကို သင်ခန်းစာ ၆.၁.၁ မှ စာရိတ္တနှင့်ပြည်သူ့နီတိ စစ်ဆေးအကဲဖြတ်ချက်များနှင့် စပ်လျဉ်းသော အကြောင်းအရာ (၃) ခုမှ တစ်ခုကို တာဝန်ပေးပါ။ လိုအပ်လျှင် ကျောင်းသားများသည် သင်ခန်းစာခေါင်းစဉ်တစ်ခုကို ပူးတွဲသင်ကြားပေးနိုင်သည်။

က။ အခြားဘာသာရပ်များနှင့် နှိုင်းယှဉ်လျက် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်၏ စစ်ဆေးအကဲဖြတ်ခြင်း နည်းစနစ်များအကြား ကွဲပြားချက်များ

ခ။ သင်ယူမှုနယ်ပယ် (၃)ရပ်အကြား ကွဲပြားချက်များ

ဂ။ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်တွင် စစ်ဆေး အကဲဖြတ်ခြင်းအတွက် အကဲဖြတ်ရန် သတ်မှတ်ချက်ဇယား အသုံးပြုမှု

၄။ ကျောင်းသားများသည် မိမိတို့အား တာဝန်ပေးထားသော သင်ခန်းစာခေါင်းစဉ်ကို အခြားအုပ်စုဝင်များအား အကျဉ်းချုပ်သင်ကြားပေးရန် တာဝန်ခံများဖြစ်ကြောင်း ရှင်းပြပါ။

၅။ ရှေးဦးစွာ သင်ခန်းစာမှ သတင်းအချက်အလက်များကို ပြန်လည်သုံးသပ်ရန် ကျောင်းသားများအား တူညီသော သင်ခန်းစာခေါင်းစဉ်ဖြင့် တာဝန်ပေးထားခြင်းခံရသော အခြားအုပ်စုများမှ လူများနှင့် စုဝေးစေပြီး မေးခွန်းအတွက် အဖြေများအပေါ် ဆွေးနွေးခြင်းနှင့် မှတ်စုရေးသားခြင်းများ ပြုလုပ်စေပါ။

၆။ ကျောင်းသားများအား ၎င်းတို့၏အုပ်စုများထံပြန်သွားစေပါ။

၇။ ၎င်းတို့၏အဖွဲ့ဝင်များအား အချင်းချင်းအကဲဖြတ်မှုပုံစံစာရွက်ကို ဝေပေးပြီး အကဲဖြတ်သုံးသပ်ရန် ညွှန်ကြားချက်များကိုရှင်းပြပါ။ ပုံစံစာရွက်ကို ရှင်းလင်းတင်ပြမှုတစ်ခုစီ ပြုလုပ်သည့်အချိန်အတွင်း ရေးသားဖြည့်စွက်ရမည်။

၈။ အဖွဲ့ဝင်တစ်ယောက်စီတိုင်းကို ၎င်းတို့အား တာဝန်ပေးထားသော သင်ခန်းစာခေါင်းစဉ်ကို သင်ကြားရန် အချိန်(၄)မိနစ်စီ အလှည့်ပေးပါ။ အချိန်စောင့်ကြည့်ထိန်းသိမ်းပေးခြင်းဖြင့် အဆင်ပြေအောင် လုပ်ဆောင်ပေးပါ။

၉။ ကျောင်းသားအချို့ကို ဖိတ်ခေါ်၍ ၎င်းတို့သင်ယူခဲ့သည်များကို ဝေမျှစေပါ။ သင်ခန်းစာ

ခေါင်းစဉ်အပေါ် ဆွေးနွေးချက်များတွင် သင်၏ဗဟုသုတနှင့် အတွေ့အကြုံများ ဖြည့်စွက်ပါ။

၁၀။ အချင်းချင်းအကဲဖြတ်မှုပုံစံစာရွက်များကို သိမ်းဆည်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားအုပ်စုအဖွဲ့ဝင်များ၏ သင်ကြားရေးစွမ်းဆောင်ရည်ကို အဆင့်သတ်မှတ်ရန် အချင်းချင်း အကဲဖြတ်မှုပုံစံကို အသုံးပြုပါ။ သင်သည် အောက်တွင် မြင်တွေ့ရသော စံနှုန်းများကို အသုံးပြုနိုင်ပါသည်။ ယင်းစံနှုန်းများကို ကျောင်းသားများက ၎င်းတို့၏မှတ်စုစာအုပ်တွင် ကူးယူရေးသားနိုင်ရန် သင်ပုန်းပေါ်တွင် ရေးသား၍ဖြစ်စေ သို့မဟုတ် ပုံနှိပ်၍ဖြစ်စေ ပြုလုပ်ပေးနိုင်သည်။ အချင်းချင်းအကဲဖြတ်မှုပုံစံများကို သင့်ထံ ပြန်လည်ပေးအပ်ရမည်ဖြစ်ပြီး ယင်းတို့က သင်ယူမှုလုပ်ငန်း လုပ်ဆောင်ခြင်းရှိ၊ မရှိ သတ်မှတ်ဆုံးဖြတ်ရာတွင် သင့်အား အထောက်အကူပြုမည်ဖြစ်သည်။ အဆင့် (၉) တွင် ကျောင်းသားများ၏ အဖြေများမှတစ်ဆင့် ၎င်းတို့နားလည် တတ်မြောက်ခြင်း ရှိ၊ မရှိ စစ်ဆေးပါ။ သင်ခန်းစာခေါင်းစဉ်များနှင့် သက်ဆိုင်သော ဗဟုသုတများအပေါ်အခြေခံလျက် ကျောင်းသားများသည် တစ်ယောက်နှင့်တစ်ယောက် နားလည်သဘောပေါက်အောင် သင်ကြားပေးပါသလား။

## အချင်းချင်းအကဲဖြတ်မှုပုံစံနမူနာ

အကဲဖြတ်သူအမည် -

*အောက်ပါမေးခွန်းများအပေါ် သင့်အုပ်စုအဖွဲ့ဝင်များ၏ ဖြေဆိုနိုင်မှုစွမ်းရည်ကို (နိမ့်) ၁-၅ (မြင့်) အစီအစဉ်အတိုင်းအဆင့်သတ်မှတ်ပါ။*

| | ၎င်းတို့သည် သင်ခန်းစာ အကြောင်းအရာကို မည်မျှကောင်းစွာ သိရှိကြသနည်း။ | ၎င်းတို့၏ သင်ကြားပို့ချမှုသည် မည်သို့ရှင်းလင်း ပြတ်သားပြီး ဆွဲဆောင်မှုရှိသနည်း။ | ၎င်းတို့သည်အချိန်ကို မည်သို့ကောင်းမွန်စွာ စီမံခန့်ခွဲခဲ့ကြသနည်း။ |
|---|---|---|---|
| အုပ်စုအဖွဲ့ဝင် (၁)<br>အမည် - | | | |
| အုပ်စုအဖွဲ့ဝင် (၂)<br>အမည် - | | | |

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

(က)အခြားဘာသာရပ်များနှင့် နှိုင်းယှဉ်လျက် စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်၏ စစ်ဆေးအကဲဖြတ်ခြင်း နည်းစနစ်များအကြား ကွဲပြားချက်များ၊ စာရိတ္တနှင့်ပြည်သူ့နီတိ ဘာသာရပ်အား ကျောင်းသားများ သင်ယူမှုအောင်မြင်ခြင်း၏ အဓိကအညွှန်းကိန်းမှာ ကျောင်းသားများ၏ ပြောင်းလဲသွားသောယုံကြည်မှု၊ သဘောထားခံယူမှုနှင့် အပြုအမူများ ဖြစ်သည်။ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်သည် အခြေခံအားဖြင့် ကျောင်းသားများ၏ ဆင်ခြင်ဆုံးဖြတ်ဉာဏ်ကို စစ်ဆေးအကဲဖြတ်ခြင်းဖြစ်ပြီး အခြားဘာသာရပ်များမှာ ၎င်းတို့၏ ဗဟုသုတနှင့် ကျွမ်းကျင်မှုများကို အလေးပေးသည်။ သို့ဖြစ်၍ စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်သည် သင်ယူစဉ်စစ်ဆေးခြင်းနည်းများကို စာမေးပွဲစစ်ဆေးခြင်းများထက် ပိုမိုအသုံးပြုမည် ဖြစ်သည်။

(ခ) စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်အတွက် သင်ယူမှုနယ်ပယ် (၃) ရပ်အကြား ကွဲပြားချက်များ - သိမှုဉာဏ်ရည်နှင့်ဆိုင်သော နယ်ပယ်တွင် တန်ဖိုးများအကြောင်း သင်ယူသည့်အခါ ကျောင်းသား၏ စိတ်ပိုင်းဆိုင်ရာ စွမ်းရည်များကို လေ့လာသည်။ စိတ်ခံစားမှုဆိုင်ရာ နယ်ပယ်သည် ကျောင်းသား၏ စိတ်ခံစားမှုအခြေအနေကို အလေးပေးပြီး ရုပ်ပိုင်းဆိုင်ရာ စွမ်းဆောင်မှုနယ်ပယ်သည် ကျောင်းသားများ၏ ရုပ်ပိုင်းဆိုင်ရာ စွမ်းဆောင်မှု အရည်အသွေးများအပေါ် အဓိကထားလေ့လာသည်။

(ဂ) စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်တွင် စစ်ဆေးအကဲဖြတ်ခြင်းအတွက် အကဲဖြတ်ရန် သတ်မှတ်ချက်ဇယားအသုံးပြုမှု - အကဲဖြတ်ရန် သတ်မှတ်ချက်ဇယားသည် လုပ်ငန်းတစ်ခု၏ သင်ယူစဉ် စစ်ဆေးခြင်းအတွက် အလွန်အသုံးဝင်ပြီး ကျောင်းသားများအား ဆက်လက်လုပ်ဆောင်ရန် လိုအပ်သော အလုပ်များကို နားလည်သိရှိစေခြင်း၊ တိုးတက် ဖွံ့ဖြိုးအောင်လုပ်ဆောင်ရန် လိုအပ်သော နယ်ပယ်အတိအကျကို ဖော်ထုတ်ပေးခြင်းတို့အားဖြင့် တိုးတက်မြင့်မားစေရန် အားပေးသည်။ ဤအသုံးပြုမှုသည် ကျောင်းသားများအား ကိုယ်တိုင်စစ်ဆေးအကဲဖြတ်ရန် နည်းလမ်းတစ်ရပ်အဖြစ် ထောက်ပံ့ပေးသကဲ့သို့ ဆရာများကိုလည်း အလိုရှိရာ သင်ယူမှုရလဒ်များ ရရှိအောင် ပံ့ပိုးပေးသည့် အလေးပေးညွှန်ကြားမှုနှင့် အကြံပြုချက်များကို ပေးနိုင်စေသည်။ စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်သင်ယူခြင်းဆိုင်ရာ အောင်မြင်မှုကို ကျောင်းသားများ၏ စိတ်သဘောထား ခံယူချက်နှင့် အပြုအမူ ပြောင်းလဲခြင်းနှင့် တိုင်းတာဆုံးဖြတ်သည်ဖြစ်ရာ အကဲဖြတ်ရန် သတ်မှတ်ချက် ဇယားများသည် စာသင်ခန်းအတွင်း ကျောင်းသားများမှ သင်ယူမှုတန်ဖိုးများ အသုံးပြုမှုကို စောင့်ကြည့် အကဲဖြတ်ရန်အတွက် အထူးလိုအပ်ပေသည်။

**စာသင်ချိန်(၂)**

**သင်ယူမှုလုပ်ငန်း (၄) - ဂရပ်ဖစ်ပုံများအသုံးပြုသင်ယူခြင်း (T-ပုံစံဇယားကွက်) (၁၅မိနစ်)**

၁။ ကျောင်းသားများ၏ သင်ယူမှု အထူးသဖြင့် ၎င်းတို့သင်ယူခဲ့သောတန်ဖိုးများအား အသုံးပြုမှုကို စစ်ဆေးအကဲဖြတ်ရာတွင် ကျောင်းအသိုက်အဝန်းမှ အဖွဲ့ဝင်များကို ထည့်သွင်းပါဝင်စေနိုင်သည့် အယူအဆနှင့် မိတ်ဆက်ပေးပါ။ ဆရာ၊ မိဘ၊ ကျောင်းသားနှင့်

သက်တူရွယ်တူများက စစ်ဆေးအကဲဖြတ်ခြင်းအတွက် အယူအဆသဘောတရားများကို မည်သို့ပံ့ပိုးပေးနိုင်ကြောင်း အကျဉ်းချုပ် ပြောဆိုပါ။

၂။ ကျောင်းသားများအား အောက်ပါဇယားတွင် တွေ့မြင်ရသည့်အတိုင်း ၎င်းတို့၏ ကျောင်းသားကိုင် စာအုပ်ရှိ လက်ကမ်းစာစောင်ကို မှီငြမ်းစေပါ။

၃။ အောက်ပါဖော်ပြထားသူများကို အကဲဖြတ်သူများအဖြစ် အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ ဖြစ်နိုင်ခြေရှိသော အားသာချက်နှင့် အားနည်းချက်များကို စဉ်းစားရမည်ဖြစ်သည်။ ကျောင်းသားများအား ၎င်းတို့၏အဖြေများကို လက်ကမ်းစာစောင်ပေါ်တွင် ရေးသားစေပါ။

၄။ ကျောင်းသားကိုယ်စားလှယ်အချို့အား အောက်ပါအကဲဖြတ်သူတစ်ဦးနှင့် သက်ဆိုင်သော ၎င်းတို့၏ အဖြေများကို ရှင်းလင်းတင်ပြစေရန် ဖိတ်ခေါ်ပါ။ ကျန်ရှိသော ကျောင်းသားများအား မေးခွန်းများမေးမြန်းရန် (သို့) ဖြည့်စွက်ပြောဆိုရန် တိုက်တွန်းပါ။

| | အားသာချက် | အားနည်းချက် |
|---|---|---|
| ဆရာ | | |
| မိဘများ | | |
| ကျောင်းသားများ (ကိုယ့်ကိုယ်ကိုယ် အကဲဖြတ်မှု) | | |
| ကျောင်းသားများ (အချင်းချင်း အကဲဖြတ်မှု) | | |

**စစ်ဆေးအကဲဖြတ်ခြင်း**

စစ်ဆေးအကဲဖြတ်ခြင်းကို အဆင့်(၄)တွင် ပြုလုပ်သည်။ ကျောင်းသားများသည် ကျောင်းသား သင်ယူမှုလုပ်ငန်းကို အကဲဖြတ်ရန် ကျောင်းအသိုက်အဝန်း၏ အဖွဲ့ဝင် အမျိုးမျိုးကို အသုံးပြုခြင်း၏ အားသာချက်နှင့် အားနည်းချက်များကို စဉ်းစားနိုင်ပါသလား။

## ကျောင်းသားများ၏ဖြစ်နိုင်ခြေရှိသောအဖြေများ

| | အားသာချက် | အားနည်းချက် |
|---|---|---|
| ဆရာ | ကျောင်းသားများအား မည်သို့အကောင်းဆုံးစစ်ဆေးနိုင်သည်ကို သိရှိသည်။ | ကျောင်းသားများသည် ဆရာကို ကြောက်ရွံ့သောကြောင့်လည်းကောင်း သို့မဟုတ် လေးစားသောကြောင့်လည်းကောင်း ၎င်းတို့၏ ပင်ကို အစစ်အမှန်ပုံစံအတိုင်း မပြုမူကြပေ။ ဆရာက စောင့်ကြည့်နေခြင်း မရှိကြောင်း သိလျှင် ကျောင်းသားများသည် ဤသို့ မဖြစ်နိုင်ပေ။ |
| မိဘများ | ကျောင်းသားများသည် စာသင်ခန်းပြင်ပနှင့် ၎င်းတို့၏ နေအိမ်များတွင် ၎င်းတို့၏ ပင်ကို ပုံစံ အမှန်အတိုင်း ပြုမူနေထိုင်နိုင်သည်။ | မိဘများ၏ ကလေးအပေါ် သုံးသပ်အကြံပြုချက်သည် ရမှတ်များအပေါ် သက်ရောက်မှုရှိလျှင် မိဘများသည် ၎င်းတို့ကလေး၏ ပြဿနာ အားနည်းချက်များအပေါ် ရိုးသားမှုမရှိနိုင်ပေ။ |
| ကျောင်းသားများ (ကိုယ့်ကိုယ်ကိုယ် အကဲဖြတ်မှု) | ကျောင်းသားအား တာဝန်ယူမှုရှိရန် အားပေးသည်။ | ဆရာသည် ကျောင်းသားများအား မည်သို့စစ်ဆေးအကဲဖြတ်ရမည်ကို သင်ကြားပေးရန်အချိန် လိုအပ်မည်။ |
| ကျောင်းသားများ (အချင်းချင်း အကဲဖြတ်မှု) | တစ်ဦးချင်းစီ၏ပါဝင်အားထုတ်မှုများကို စဉ်းစားရန် အုပ်စုလုပ်ငန်းများအား စစ်ဆေးအကဲဖြတ်ရာ၌ အထူး ကောင်းမွန်သည်။ | ကျောင်းသားများသည် လူတိုင်းကို အမှတ်တူညီစွာပေးနိုင်သည်။ |

## သင်ယူမှုလုပ်ငန်း (၅) - ကြည့်ရှုလေ့လာခြင်း (၁၅ မိနစ်)

၁။ လက်တွေ့ စာသင်ခန်းအတွင်း၌ အုပ်စုဖွဲ့၍ လုပ်ငန်းလုပ်ဆောင်သော ကျောင်းသားများအား ဗီဒီယိုရိုက်ကူးထားသော အချိန် ၅ မိနစ်မှ ၁၀ မိနစ်စာ မှတ်တမ်းကို ပြသရန် ပြင်ဆင်ပါ။ ဗီဒီယိုအထဲမှ ကျောင်းသားများကို စာသားဖြင့်ဖြစ်စေ၊ နံပါတ်ဖြင့်ဖြစ်စေ မှတ်သားပါ။ ကျောင်းသားများအား အောက်တွင်ဖော်ပြထားသည့်အတိုင်း ကျောင်းသားကိုင်စာအုပ်ရှိ

တာဝန်ယူစိတ်အား အကဲဖြတ်ရန် သတ်မှတ်ချက်ဇယား ၆.၃ ကို ရည်ညွှန်းစေပါ။

၂။ ကျောင်းသားများအား စာသင်ခန်းအတွင်း အချိန်တိုသင်ယူမှုလုပ်ငန်း ဆောင်ရွက်စဉ် ကျောင်းသားများ ပြသသည့် လေးစားမှု တန်ဖိုး အတိုင်းအတာကို စောင့်ကြည့်အကဲဖြတ်ရန် အကဲဖြတ်မှု သတ်မှတ်ချက်ဇယားကို အသုံးပြုမည်ဖြစ်ကြောင်း ရှင်းပြပါ။ ကျောင်းသားများအား ရွေးချယ်ခွင့်ပေးပါ (သို့မဟုတ်) ၎င်းတို့အလေးပေးအကဲဖြတ်ရမည့် ကျောင်းသားတစ်ဦးကို သတ်မှတ်ပေးပါ။ ကျောင်းသားများအား စံနှုန်းတစ်ခုစီအတွက် ဆောင်ရွက်မှု အဆင့်များကိုစက်ဝိုင်း ဝိုင်းစေပြီး ရမှတ်များကို စုပေါင်းတွက်ချက်ရန် ညွှန်ကြားပါ။

၃။ ဗီဒီယိုမှတ်တမ်းကို ပြသပါ။ ကျောင်းသားများအား အမှတ်ပေးခြင်းလုပ်ငန်း ပြီးစီးအောင် လုပ်ဆောင်ရန် အချိန်ပိုပေးပါ။

၄။ ဗီဒီယိုမှတ်တမ်းမှ ကျောင်းသားများ၏ နံပါတ်/စာသားများကို သင်ပုန်းပေါ်တွင်ရေးသားပါ။ ကျောင်းသားများအား ၎င်းတို့ ပေးသောရမှတ်များကို ဖြန့်ဝေအသိပေးစေပါ။ ယင်းရမှတ်များကို သက်ဆိုင်ရာ ကျောင်းသားနံပါတ်/စာသား အောက်တွင်ရေးသားပါ။ ကျောင်းသားများဗီဒီယိုတွင် မည်သို့လုပ်ဆောင်သည် ဆိုသည့်အပေါ် ကျောင်းသားများတွင် တူညီသော အမြင်သဘောထား ရှိ၊ မရှိ အကဲဖြတ် ဆုံးဖြတ်ပါ။

| 'လေးစားမှု' အကဲဖြတ်ရန် သတ်မှတ်ချက်ဇယား | | | | |
|---|---|---|---|---|
| ကျောင်းသား -<br>အကဲဖြတ်သူ -<br>စုစုပေါင်းရမှတ် - | | | | |
| | ၄ | ၃ | ၂ | ၁ |
| ပမာဏ | သင့်တော်သော ပမာဏကို တစ်သမတ်တည်း အသုံးပြုပြီး လိုအပ်ပါက တိတ်ဆိတ်စွာ နေသည်။ | သင့်တော်သော ပမာဏကို တစ်ခါ တစ်ရံ အသုံးပြုပြီး လိုအပ်ပါက တစ်ခါတစ်ရံ တိတ်ဆိတ်စွာ နေသည်။ | သင့်တော်သော ပမာဏကို အသုံးပြုမှု အလွန်နည်းပြီး လိုအပ်ပါက တိတ်ဆိတ်စွာ နေခြင်းနည်းပါး သည်။ | မည်သည့် အခါမျှ သင့်တော်သော ပမာဏကို အသုံးမပြုသလို မည်သည့်အခါမျှ တိတ်ဆိတ်စွာ မနေပါ။ အနှောင့်အယှက် ဖြစ်စေသည်။ |

| | | | | |
|---|---|---|---|---|
| အခြားသူများအား လေးစားမှု | သက်တူရွယ်တူများ၊ ဆရာများနှင့် ဆက်ဆံရာတွင် အမြဲပင် ယဉ်ကျေး၊ ကြင်နာ၊ လေးစားမှု ရှိသည်။ | သက်တူရွယ်တူများ၊ ဆရာများနှင့် ဆက်ဆံရာတွင် တစ်ခါတစ်ရံ ယဉ်ကျေး၊ ကြင်နာ၊ လေးစားမှုရှိသည်။ | သက်တူရွယ်တူများ၊ ဆရာများနှင့် ဆက်ဆံရာတွင် ယဉ်ကျေး၊ ကြင်နာ၊ လေးစားမှု အလွန်နည်းသည်။ | သက်တူရွယ်တူများ၊ ဆရာများနှင့် ဆက်ဆံရာတွင် အမြဲပင် ယဉ်ကျေး၊ ကြင်နာ၊ လေးစားမှုမရှိ။ |
| ပတ်ဝန်းကျင်အား လေးစားမှု | ရုပ်ဝတ္ထုပစ္စည်းများ နှင့် အလုပ်ခွင် နေရာများကို အမြဲပင် ဂရုတစိုက် ကိုင်တွယ် လုပ်ဆောင်ပေး သည်။ | ရုပ်ဝတ္ထုပစ္စည်းများ နှင့် အလုပ်ခွင်နေရာ များကို တစ်ခါတစ်ရံ ဂရုတစိုက် ကိုင်တွယ် လုပ်ဆောင် ပေးသည်။ | ရုပ်ဝတ္ထုပစ္စည်းများ နှင့် အလုပ်ခွင်နေရာ များကိုကြုံတောင့် ကြုံခဲဂရုတစိုက် လုပ်ဆောင်ပေး သည်။ | ရုပ်ဝတ္ထုပစ္စည်းများ နှင့် အလုပ်ခွင် နေရာများကို အမြဲပင်ဂရုတစိုက် လုပ်ဆောင်ပေး ခြင်း မရှိ။ ရှုပ်ပွခြင်းသို့မဟုတ် ပျက်စီးမှုများ ဖြစ်စေသည်။ |



## စစ်ဆေးအကဲဖြတ်ခြင်း

အကဲဖြတ်ရန် သတ်မှတ်ချက်ဇယား လုပ်ဆောင်ပြီးစီးမှုကို ကြည့်ခြင်းအားဖြင့် သင်ယူမှုကို စစ်ဆေး အကဲဖြတ်ပါ။ ယင်းတို့သည် အကဲဖြတ်ရန် သတ်မှတ်ချက်ဇယားအကူအညီဖြင့် ကျောင်းသားများ၏ တန်ဖိုးပြသမှုကို စစ်ဆေးအကဲဖြတ်နိုင်ပါသလား။ ကျောင်းသားအပြုအမူများ စစ်ဆေးအကဲဖြတ်ခြင်း ဆိုင်ရာ စံများကို အသုံးပြုခြင်းဖြင့် စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်အား သင်ယူခြင်း၏ အထောက်အထားကို အဆင့်သတ်မှတ်ရာတွင် ရှုပ်ထွေးမှုများရှိသည့် သဘောတရားကို သိမြင်နိုင်သည်။ အဆင့်(၄)တွင် ကျောင်းသားများအားလုံးက စဉ်ဆက်မပြတ် စစ်ဆေး အကဲဖြတ်ခြင်းကို လုပ်ဆောင်မှု ရှိ၊ မရှိစစ်ဆေးပါ။ အကယ်၍ ပုံမှန်မဟုတ်သော ရမှတ်များကို သတိပြုမိလျှင် ကျောင်းသားများအား ယင်းရမှတ်များကို မည်သို့ပေးကြောင်း ရှင်းပြစေပါ။



## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည်ကွဲပြားနိုင်သည်။

## သင်ယူမှုလုပ်ငန်း (၆) - အုပ်စုလုပ်ငန်း (၂၀ မိနစ်)

၁။ ကျောင်းသားများကို အုပ်စုများအဖြစ်ထပ်မံဖွဲ့စည်းပါ။

၂။ ယခုတွင် ကျောင်းသားများသည် ဗီဒီယိုမှတ်တမ်းထဲမှ ကျောင်းသားများကိုပင် လေ့လာအကဲခတ်ပြီး ၎င်းတို့အား အလုပ်ကြိုးစားလုပ်ဆောင်မှု တန်ဖိုးပြသမှုအပေါ် အခြေခံလျက် အကဲဖြတ်ရန်ဖြစ်ကြောင်း ကျောင်းသားများအား အကျဉ်းချုပ်ရှင်းပြပါ။ ကျောင်းသားများသည် သင်ယူမှုလုပ်ငန်း(၅)တွင် ၎င်းတို့ အသုံးပြုခဲ့သည့် ဇယားနှင့် တူညီသည့် အကဲဖြတ်ရန် သတ်မှတ်ချက်ဇယားတစ်ခုကို ပြုလုပ်ရန် လိုအပ်သည်။ ကျောင်းသားများအား ၎င်းတို့သည် စံနှုန်း၊ ဖော်ပြချက်များနှင့် စွမ်းဆောင်မှုအဆင့်များကို လိုအပ်ကြောင်း သတိပေးပါ။

၃။ ကျောင်းသားများအား အကဲဖြတ်ရန်သတ်မှတ်ချက်ဇယား ပြုလုပ်ရာ၌ အချိန် ကန့်သတ်ချက် ပေးပါ။ ကျောင်းသားများသည် ၎င်းတို့၏ အကဲဖြတ်ရန် သတ်မှတ်ချက် ဇယားကို မှတ်စုစာရွက်ပေါ်တွင် ရေးသင့်သည်။ ထို့နောက် အုပ်စုတစ်ခုစီမှ ကိုယ်စားလှယ် တစ်ဦးကို ၎င်းတို့၏အကဲဖြတ်ရန် သတ်မှတ်ချက်ဇယားမှ ဖော်ပြချက်များနှင့် ယင်းဇယား သည် အစောပိုင်းတွင်အသုံးပြုခဲ့သော လေးစားမှုအကဲဖြတ်ရန် သတ်မှတ်ချက်ဇယားနှင့် မည်သို့ကွာခြားပုံကို ရှင်းလင်းဝေမျှစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

၎င်းတို့၏ အကဲဖြတ်ရန် သတ်မှတ်ချက်ဇယားများကို စုဆောင်းယူပြီး ၎င်းတို့၏စွမ်းဆောင်မှုကို ဆုံးဖြတ်သတ်မှတ်ရန် အောက်ပါ အကဲဖြတ်ရန် သတ်မှတ်ချက်ဇယားကို အသုံးပြုပါ။

| | ၃ | ၂ | ၁ |
|---|---|---|---|
| **စံနှုန်း** | ရွေးချယ်ထားသော စံနှုန်းသည် အလုပ်ကြိုးစားလုပ်ဆောင်မှု၏ တန်ဖိုးနှင့် ဆက်နွှယ်နေပြီး ယင်းအလုပ် ကြိုးစားမှုတန်ဖိုးကို တိကျစွာစစ်ဆေး အကဲဖြတ်သည်။ | ရွေးချယ်ထားသော စံနှုန်း သည် အလုပ်ကြိုးစားလုပ် ဆောင်မှု၏ တန်ဖိုးနှင့် ဆက်နွှယ်မှု ရှိဟန်တူသည်။ ယင်းအလုပ်ကြိုး စားမှုတန်ဖိုးကို အတိုင်း အတာတစ်ခု အထိ စစ်ဆေး အကဲဖြတ်သည်။ | ရွေးချယ်ထားသော စံနှုန်းသည် အလုပ်ကြိုးစား လုပ်ဆောင်မှု၏တန်ဖိုးနှင့် ဆက်နွှယ်မှု မရှိပေ။ ယင်းအလုပ်ကြိုးစားမှု တန်ဖိုးကို တိကျစွာ စစ်ဆေးအကဲဖြတ်ခြင်း မရှိပေ။ |

| | | | |
|---|---|---|---|
| အဆင့်များအကြား ခြားနားချက် | အဆင့်များအကြား ခြားနားချက်ကိုစနစ်တကျ ရှင်းလင်းထင်ရှားစွာ တွေ့မြင်ရသည်။ | အဆင့်များအကြား ခြားနားချက်အချို့ကိုသာ တွေ့မြင်ရသည်။ သို့သော် သဲသဲကွဲကွဲ မမြင်တွေ့ရပေ။ | အဆင့်များအကြား ခြားနားချက် မတွေ့ရပေ။ |
| စာရေး သားမှု | စာရေးသားထားမှုသည် ကျောင်းသားနှင့် ဆရာများ အဖို့ ရှင်းလင်းပြီး နားလည်နိုင်သည်။ | စာရေးသားထားမှုသည် ကျောင်းသားနှင့် ဆရာများ အဖို့ ရှင်းလင်းဟန်ရှိပြီး နားလည်နိုင်ဟန်ရှိသည်။ | စာရေးသားထားမှုသည် ကျောင်းသားနှင့် ဆရာများအဖို့ ရှင်းလင်း နားလည်နိုင်ခြင်း မရှိပေ။ |

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများကွဲပြားနိုင်သည်။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ။ ပိုမိုယုံကြည်မှုရှိသော ကျောင်းသားများအားရွေးချယ်၍ စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများအပေါ် ၎င်းတို့ မည်သို့ဆုံးဖြတ်ကြောင်းနှင့် ယင်းတို့ကို ဖန်တီးပြုလုပ်ရာတွင် မည်သည့်အခက်အခဲများ တွေ့ရကြောင်းရှင်းပြစေပါ။ မတူညီသော အရည်အသွေး အသီးသီးရှိသည့် ကျောင်းသားများအား နှစ်ယောက်တစ်တွဲစီ တွဲပေးပါ။

**သင်ယူမှုလုပ်ငန်း ၂။** ။ မတူညီသော အရည်အသွေး အသီးသီးရှိသည့် ကျောင်းသားများအား နှစ်ယောက်တစ်တွဲစီ တွဲပေးပါ။ အချိန်စော၍ပြီးစီးကြသည့်သူများအား ကျောင်းသားကိုင်စာအုပ် ဒုတိယတန်းမှ အခြားတန်ဖိုးသင်ယူမှု စစ်ဆေးအကဲဖြတ်ခြင်းအတွက် နားလည်တတ်မြောက်မှု အဆင့်ကို ဖော်ထုတ်သတ်မှတ်ရန် အားပေးနိုင်ပါသည်။

**သင်ယူမှုလုပ်ငန်း ၃။** ။ ကွဲပြားခြားနားသော အရည်အသွေးအသီးသီး ရှိကြသည့် ကျောင်းသားအုပ်စုများအား အလားတူ သင်ခန်းစာအကြောင်းအရာများကို တာဝန်ပေးအပ်ပါ။ သင်ယူမှုပုံစံအမျိုးမျိုးရှိသူများ ပါဝင်နိုင်စေရန်ကျောင်းသားများသည် မြင်ထောက်ကူပစ္စည်းများ (ရေးဆွဲထားသောရုပ်ပုံများနှင့် အကြမ်းဆွဲထားသော ပုံများကဲ့သို့သော) သို့မဟုတ် ၎င်းတို့၏သင်ခန်းစာ အကြောင်းအရာများကို အုပ်စုများအား ရှင်းလင်း တင်ပြသည့်အခါ လုပ်ဆောင်မှုများအကြောင်း လက်ရေးတိုဖြင့် ရေးသားမှုများကို လွတ်လပ်စွာ ပြင်ဆင် လုပ်ဆောင်နိုင်သည်။

**သင်ယူမှုလုပ်ငန်း ၄။** ။ အရည်အသွေးမျိုးစုံရှိကြသော ကျောင်းသားများကို အုပ်စုများအဖြစ် ဖွဲ့စည်းပါ။

**သင်ယူမှုလုပ်ငန်း ၅။** ။ လုပ်ငန်းပြီးစီးသည့်အခါ ထပ်ဆောင်းလုပ်ငန်းအဖြစ် ကျောင်းသားများအား ၎င်းတို့ ဗီဒီယိုမှတ်တမ်းတွင် မည်သည့်အရာအပေါ် အလေးပေးသည်၊ စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းတွင်မည်သည့် အခက်အခဲများ တွေ့ခဲ့ကြသည်၊ နောင်ပြုလုပ်သည့်အခါတွင် မည်သည့် အရာများကို ပြောင်းလဲလိုသည် သို့မဟုတ် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်လိုသည် ဆိုသည့်အချက်များအပေါ် ပြန်လည်သုံးသပ်ခြင်းမေးခွန်းများ မေးမြန်းပါ။

**သင်ယူမှုလုပ်ငန်း ၆။** ။ လုပ်ငန်းပြီးစီးသည့်အခါ အချိန်ရရှိပါက ကျောင်းသားများအား ၎င်းတို့အုပ်စုအဖွဲ့ဝင်များအပေါ် မည်သူမည်ဝါခွဲခြားမနေပဲ အချင်းချင်းအကဲဖြတ်မှု ပြုလုပ်စေပါ။ ၎င်းတို့အနေဖြင့် အောက်ဖော်ပြပါ ဇယားကွက်ကို အသုံးပြုပြီး ၎င်းတို့၏ မှတ်စုစာရွက်တွင် ရေးသားဖြည့်စွက်နိုင်ပါသည်။ ယင်းစာရွက်များကို သင့်ထံသို့ပြန်လည်ပေးအပ်နိုင်ပါသည်။ ဖြည့်သွင်းပြီးသောရမှတ် စာတိုင်/ ကော်လံများကို စာရွက်အပိုင်းငယ်အဖြစ် ဖြတ်ညှပ်ယူနိုင်ပြီး ပြန်လည်စဉ်းစားသုံးသပ်မှုအတွက် အကဲဖြတ်ခံရသည့်ကျောင်းသားကို ပေးအပ်ရန်ဖြစ်သည်။

| အချင်းချင်းအကဲဖြတ်မှု (ဇယားပါစံနှုန်းများအပေါ် အခြေခံ၍ ရမှတ် ၁-၄) | | | | |
|---|---|---|---|---|
| စံနှုန်း | အမည်- | အမည်- | အမည်- | အမည်- |
| အုပ်စုဆွေးနွေးပွဲများတွင် သဘောတရား အယူအဆနှင့် အမြင်များဖော်ပြမှု | | | | |
| အခြားသူများနှင့် ဆက်ဆံပြုမူရာတွင် လေးစားမှုရှိခြင်း | | | | |
| အခြားအဖွဲ့ဝင်များ၏ သဘောတရားအယူအဆနှင့် အမြင်များကို နားထောင်မှုနှင့် လေးစားမှု | | | | |
| စုပေါင်းလုပ်ဆောင်သောအလုပ်ကို ပြီးစီးအောင် ဆောင်ရွက်ရာတွင် ဦးဆောင်မှု (သို့မဟုတ်) ပံ့ပိုးကူညီမှု | | | | |

**ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

**မေးခွန်း ၁။** ကျင့်သုံးနေသော စာရိတ္တ သို့မဟုတ် ပြည်သူ့နီတိဆိုင်ရာ တန်ဖိုးများကို စစ်ဆေးအကဲဖြတ်ရန် အဘယ်ကြောင့်ခဲယဉ်းနေရသနည်း။

***အဖြေ။*** *ကျောင်းသားများ၏ စာရိတ္တနှင့် ပြည်သူ့နီတိတန်ဖိုးအသုံးပြုမှုကို စစ်ဆေးအကဲဖြတ်ရန် ပိုမိုခက်ခဲနိုင်သည်။ အကြောင်းမှာ ကျောင်းပြင်ပလက်တွေ့ဘဝတွင် ယင်းတန်ဖိုးများကို အများအားဖြင့် အသုံးပြုနိုင်သော စိတ်ကူးမျှော်မှန်းအခြေအနေတစ်ရပ်ကို လွယ်ကူစွာ တုပလုပ်ဆောင်နိုင်ခြင်း မရှိသောကြောင့် ဖြစ်သည်။*

**မေးခွန်း ၂။** ရုပ်ပိုင်းဆိုင်ရာ စွမ်းဆောင်မှုနယ်ပယ်တွင် သင်ယူမှုတန်ဖိုး နားလည်တတ်မြောက်မှု အမြင့်ဆုံး အဆင့်သည် မည်သို့ရှိသနည်း။

***အဖြေ။*** *ကျောင်းသားများသည် အပြုအမူကောင်းများကို သဘာဝအလျောက်နှင့် အလိုအလျောက် ပြုမူသည်။*

**မေးခွန်း ၃။** အကဲဖြတ်ရန်သတ်မှတ်ချက်ဇယားများကို မည်သည့်အတွက်အသုံးပြုသနည်း။

***အဖြေ။*** *အကဲဖြတ်ရန်သတ်မှတ်ချက်ဇယားသည် အမှတ်ပေးလမ်းညွှန်ဖြစ်ပြီး လုပ်ငန်းတာဝန်အပေါ် ကျောင်းသားများ၏ ဆောင်ရွက်နိုင်မှု၊ ကျောင်းသားစွမ်းဆောင်ရည်အဆင့်သတ်မှတ်မှုတို့ကို ချိတ်ဆက်ရန်နှင့် အလေးပေးအကြံပြုချက်များ ပံ့ပိုးပေးရန် အရာများအား လုပ်ဆောင်စေရန် တို့အတွက် အသုံးပြုသည်။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်တွင် စစ်ဆေးအကဲဖြတ်ခြင်းများသည် စစ်ဆေးခြင်းနှင့် စာမေးပွဲများကို အသုံးမပြုပေ။ သို့ရာတွင် ယင်းအစား သင်ခန်းစာများ မြင့်မားလာသည်နှင့်အမျှ တိုးတက်မှုများကို အားပေးသည့် သင်ယူစဉ်စစ်ဆေးခြင်း နည်းစနစ်ကို အသုံးပြုသည်။

- စာရိတ္တနှင့် ပြည်သူ့နီတိ တန်ဖိုးများကို လေ့လာသည့်အခါ ကျောင်းသားများ၏ သိမှုဆိုင်ရာ လုပ်ငန်းစဉ်သည် တန်ဖိုးကိုသိရှိခြင်းမှ နားလည်ခြင်းသို့လည်းကောင်း၊ နောက်ဆုံးတွင် ယင်းတန်ဖိုးများကို အသုံးပြုခြင်းအဆင့်သို့လည်းကောင်း တိုးတက်ပြောင်းလဲသွားသည်။

- စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများကို အဆင့်တစ်ခုစီရှိ သင်ယူမှုများအပေါ် ကောင်းစွာ စစ်ဆေးအကဲဖြတ်ရန် ဖန်တီးထားသည်။

- မိဘများ၊ ကျောင်းသားများနှင့် သက်တူရွယ်တူများကဲ့သို့သော စာသင်ကျောင်း လူ့အသိုက်အဝန်း၏ အဖွဲ့ဝင်များကို စစ်ဆေးအကဲဖြတ်မှုတွင် ပါဝင်ရန် ဖိတ်ခေါ်ခြင်းသည် ကျောင်းသား၏သင်ယူမှုအပေါ် ပြည့်စုံသော စစ်ဆေးအကဲဖြတ်မှုပြုလုပ်ရာတွင် အကူအညီ ဖြစ်စေနိုင်သည်။

- ကျောင်းသားများ၏ စာရိတ္တနှင့် ပြည်သူ့နီတိတန်ဖိုးများကို နားလည်သိရှိမှုကို အဆင့်(၄) ခု ခွဲခြားနိုင်သည်။ စစ်ဆေးအကဲဖြတ်ခြင်းသည် စံနှုန်းအပေါ်အခြေခံသော တန်ဖိုးများကို ကျောင်းသားများ မည်သည့်အတိုင်းအတာအထိ နားလည်သိရှိသည်ကို စိစစ်ဆုံးဖြတ်ရာတွင် အထောက်အကူပြုသည်။

- အကဲဖြတ်ရန် သတ်မှတ်ချက်ဇယားများသည် ကျောင်းသားဗဟိုပြုနှင့် သင်ယူစဉ် စစ်ဆေးမှုများကို အထောက်အကူပြုပြီး တိုးတက်မှုကို ဦးတည်စေသည့် ကိုယ့်ကိုယ်ကိုယ်စစ်ဆေး အကဲဖြတ်ခြင်းကို အားပေးခြင်းကြောင့် ၎င်းတို့သည် စာရိတ္တနှင့်

ပြည်သူ့နီတိဘာသာရပ်အတွက် အသုံးဝင်သော စစ်ဆေး အကဲဖြတ်ခြင်းနည်းလမ်းများ ဖြစ်သည်။

- အကဲဖြတ်ရန် သတ်မှတ်ချက်ဇယားတွင် စံနှုန်းစွမ်းဆောင်မှုအဆင့်များနှင့် ဖော်ပြချက်များ ပါဝင်ပြီး စာသင်ခန်းအတွင်း ကျောင်းသားများ၏ တန်ဖိုးအသုံးပြုမှုကို လေ့လာအကဲဖြတ် ရာတွင် အသုံးပြုသည်။
- စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ် သင်ယူမှုထိရောက်အောင်မြင်ခြင်းကို ဗဟုသုတ မှတ်မိနိုင်စွမ်း သို့မဟုတ် လုပ်ဆောင်နိုင်စွမ်းတို့ထက် အများအားဖြင့် ကျောင်းသားများ၏ သဘောထားနှင့် အပြုအမူ ပြောင်းလဲမှုအပေါ် မူတည်၍ ဆုံးဖြတ်သည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

ကျောင်းသားများသည် ကောင်းမွန်သော အပြောင်းအလဲများကို လုပ်ဆောင်နေသည်ဟု ယုံကြည်သောအခါ အတွင်းစိတ်စေ့ဆော်မှုများဖြင့် တန်ဖိုးများကို လက်တွေ့ကျင့်သုံးလာကြသည်။ ထိုသို့ဖြစ်လာအောင် သင်မည်သို့လုပ်ဆောင်နိုင်မည်နည်း။ စစ်ဆေးအကဲဖြတ်ခြင်းအတွက် သက်သက်သာ သင်ယူမှုတန်ဖိုးကို ကျောင်းသားများကျင့်သုံးပါက ပြင်ပစေ့ဆော်မှုကြောင့်သာဖြစ်၍ ၎င်းကို လျော့နည်းအောင် သင်မည်သို့ လုပ်ဆောင်မည်နည်း။

သင်သည် အတန်းသားအချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းနှင့် ကိုယ့်ကိုယ်ကိုယ် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို မူလတန်းကျောင်းသားများအတွက် မည်သည့်အချိန်တွင် အသုံးပြုမည်နည်း။

မူလတန်းသင်ရိုးညွှန်းတမ်းတွင် သင်ကြားပို့ချမည့် သင်ယူခြင်းဆိုင်ရာတန်ဖိုးများကို စဉ်းစားပြီး ၎င်းတို့အပေါ် သင်၏ကိုယ်ပိုင်သဘောထားကို အကဲဖြတ်ပါ။ ၎င်းတို့သည် အရေးပါသည်ဟု သင်ကိုယ်တိုင်ကော ယုံကြည်ပါသလား။

ကျောင်းသားများအား ၎င်းတို့နေအိမ်နှင့် လူမှုအသိုက်အဝန်းတို့မှ သင်ယူရရှိသည့် တန်ဖိုးများကို လက်တွေ့ကျင့်သုံးရန်အားပေးသည့် ကျောင်းသားများ၏ အိမ်စာအလုပ် သို့မဟုတ် စီမံချက်များကို သင်မည်သို့စစ်ဆေးအကဲဖြတ်မည်နည်း။

## ဆက်လက်ဖတ်မှတ်စရာများ

### ၆.၁။

*Educational psychology for first year education college*. (n.d.). Unpublished manuscript.

Japan International Coordination Agency. (n.d.). *Morality and civics primary student textbooks (G1 – G5).* Unpublished manuscript.

Japan International Coordination Agency. (n.d.). *Teacher guide to morality and civics (G1 – G5).* Unpublished manuscript.

Julian, K., & Haikin, M., & Rinehart, G. (2018). *The new teacher: Module 4: Assessment*. Yangon, Myanmar: Mote Oo Education.

Yaung, Z. (n.d.). C*ompetency-based teacher training programme: Professional development and the reflective practitioner.* Retrieved from https://www.etekkatho.org/fullrecord?handle=20140220-165145534015

# ခက်ဆစ်အဘိဓာန်

| အသုံးအနှုန်းများ | အသေးစိတ် ရှင်းလင်းချက် |
|---|---|
| Active citizenship - တက်ကြွသော နိုင်ငံသားဖြစ်မှု | လူမှုရေးနှင့် နိုင်ငံရေး နည်းလမ်းများအားဖြင့် ၎င်းတို့၏ လူမှုအသိုက်အဝန်း သို့မဟုတ် နိုင်ငံအတွင်း အပြုသဘော ဆောင်သော ပြောင်းလဲမှုများ ဖန်တီးဖော်ဆောင်ရာတွင် ပါဝင်လုပ်ဆောင်သော နိုင်ငံသားများ။ |
| Attribute - ပင်ကိုအရည်အသွေး | တစ်စုံတစ်ယောက် သို့မဟုတ် တစ်စုံတစ်ခု၏ ထူးခြားသော လက္ခဏာတစ်ရပ် သို့မဟုတ် ရှိရင်းစွဲ အစိတ်အပိုင်းတစ်ခု အဖြစ် မှတ်ယူသော အရည်အသွေး သို့မဟုတ် အင်္ဂါရပ်။ |
| Collaborate - ပူးပေါင်းဆောင်ရွက်ခြင်း | တစ်စုံတစ်ခုဖန်တီးရန် သို့မဟုတ် ပြုလုပ်ရန် အခြားသူများနှင့် အတူ လုပ်ဆောင်သည်။ |
| Conflict - ပဋိပက္ခ | လုပ်ရှားပါဝင်သူများက သဟဇာတမဖြစ်သော၊ သဘောထား မတိုက်ဆိုင်သော ရည်မှန်းချက်များကို တောင်းဆိုကြခြင်းကြောင့် အငြင်းပွားမှုများ၊ အကြမ်းဖက်မှုများကို ဖြစ်နိုင်စေသော အခြေအနေ။ |
| Cultural universals - ဘုံတူညီနေသည့် ယဉ်ကျေးမှုလက္ခဏာများ | ယဉ်ကျေးမှုများအားလုံးတွင် ရှိနေသော လက္ခဏာများဖြစ်ပြီး ယဉ်ကျေးမှု တစ်ခုစီအလိုက် ကွဲပြားသည်။ |
| Culture - ယဉ်ကျေးမှု | သမိုင်းကြောင်းအရ လက်ဆင့်ကမ်းလာခဲ့သော အဓိပ္ပာယ်နှင့် အရေးပါမှုစနစ်။ ယင်းစနစ်အားဖြင့် လူအုပ်စုတစ်ခုသည် ၎င်းတို့၏တစ်ဦးချင်းနှင့် စုပေါင်းဘဝများကို နားလည်၍ တည်ဆောက်သည်။ |

| အသုံးအနှုန်းများ | အသေးစိတ် ရှင်းလင်းချက် |
|---|---|
| Discipline - စည်းကမ်း | အင်အား သို့မဟုတ် ကိုယ့်ကိုယ်ကိုယ်ထိန်းချုပ်မှုကို မြှင့်တင်ရန် လေ့ကျင့်ခြင်း။ |
| Discrimination - ခွဲခြားဆက်ဆံမှု | လူ့အဖွဲ့အစည်းတွင်း လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အုပ်စုတစ်ခုကို အခြားသူများနှင့် တန်းတူမျှတမှုမရှိဘဲ ပြုမူဆက်ဆံမှု။ |
| Diversity - မတူကွဲပြားမှု | တစ်ခုနှင့်တစ်ခု မတူကွဲပြားသော လူများ သို့မဟုတ် အရာဝတ္ထုအမျိုးမျိုး။ |
| Esteem - လေးစားသမှုရှိခြင်း | အထူးလေးစားမှုနှင့် ကြည်ညိုမှု၊ တစ်စုံတစ်ဦး၏ အကောင်းမြင် သဘောထားရှိခြင်း။ |
| Exploitation - ခေါင်းပုံဖြတ်ခြင်း | မျှတမှုမရှိသောနည်းဖြင့် တစ်စုံတစ်ယောက်က အခြားသူတစ်ဦးကို ပြုမူဆက်ဆံသောအခြေအနေ၊ အထူးသဖြင့် ၎င်းတို့၏လုပ်အားမှ ငွေကြေးရယူရန်အတွက် ဖြစ်သည်။ |
| Formative assessment - သင်ယူစဉ်စစ်ဆေးခြင်း | သင်ယူမှုလုပ်ငန်းစဉ်အတွင်း ပြုလုပ်သော စစ်ဆေးအကဲဖြတ်မှုဖြစ်ပြီး သင်ယူမှုနှင့် သင်ကြားမှုလုပ်ငန်းများကို ပြန်လည်ချိန်ညှိရန်လိုအပ်ခြင်း ရှိ၊ မရှိ ဆရာများကို သိစေသည်။ |
| Gender - ကျား မ ရေးရာ | အမျိုးသားများနှင့် အမျိုးသမီးများ၏ မိသားစုအတွင်း၊ လူ့အဖွဲ့အစည်းအတွင်းနှင့် ယဉ်ကျေးမှုများအရ သတ်မှတ်ထားသော အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ။ |
| Law - ဥပဒေ | အစိုးရက ပြဋ္ဌာန်းအကောင်အထည်ဖော်သော စည်းမျဉ်း ဥပဒေ။ |

| အသုံးအနှုန်းများ | အသေးစိတ် ရှင်းလင်းချက် |
|---|---|
| National development - နိုင်ငံဖွံ့ဖြိုးတိုးတက်မှု | နိုင်ငံတစ်ခုရှိ နိုင်ငံသားများ၏ လူမှုဘဝဖူလုံရေးအဆင့် တိုးတက်ကောင်းမွန်ခြင်း။ |
| Peace - ငြိမ်းချမ်းခြင်း | စစ်နှင့်အကြမ်းဖက်မှုများမှ ကင်းဝေးလွတ်မြောက်ခြင်း ၊ အထူးသဖြင့် လူအများ သဘောထားကွဲလွဲမှုများ မရှိဘဲ ပျော်ရွှင်စွာ အတူတကွ နေထိုင်လုပ်ကိုင်ကြခြင်း။ |
| Pedestrian - လမ်းလျှောက်သူ | မော်တော်ယာဉ်အသုံးမပြုဘဲ လမ်းပေါ်တွင် လမ်းလျှောက် သူတစ်ဦး။ |
| Racial - လူမျိုးရေးဆိုင်ရာ | လူမျိုးစုနှင့် သက်ဆိုင်သော။ |
| Regulation - စည်းမျဉ်း | စည်းမျဉ်းဥပဒေများဖြင့် လုပ်ဆောင်မှုများကို ထိန်းချုပ်စောင့်ကြည့်ခြင်း။ |
| Responsibility - တာဝန်ဝတ္တရား | တစ်စုံတစ်ခုပြုလုပ်ရန် တာဝန်။ |
| Right - ရပိုင်ခွင့် | သင်ပိုင်ဆိုင်ရရှိရန်နှင့် လုပ်ဆောင်ရန်အခွင့်ရှိမှု။ |
| Rubric - အကဲဖြတ်ရန် သတ်မှတ်ချက်ဇယား | မတူကွဲပြားသော စွမ်းဆောင်မှု အဆင့်များအတွက် စံသတ်မှတ်ချက်များ ဖော်ပြခြင်းဖြင့် အရည်အသွေးမီသော အလုပ်၏ လက္ခဏာများကို ဆက်သွယ်ပေးသည့် စစ်ဆေးအကဲဖြတ်ခြင်း ကိရိယာ။ |
| Rule - စည်းမျဉ်းဥပဒေ | လုပ်ငန်းတစ်ခုကို ကောင်းမွန်စွာမည်သို့ပြုလုပ်မည် သို့မဟုတ် အခြေအနေ တစ်ခုတွင် မည်သို့ ပြုမူလုပ်ဆောင်ရမည် ဆိုသည်ကို ညွှန်ကြားမှု သို့မဟုတ် ထိန်းကျောင်းမှု။ |

| အသုံးအနှုန်းများ | အသေးစိတ် ရှင်းလင်းချက် |
|---|---|
| Self-discipline - ကိုယ့်စည်းကမ်းနှင့် ကိုယ် ပြုမူနေထိုင်ခြင်း | စည်းမျဉ်းနှင့် နည်းဥပဒေများ မရှိသည့်တိုင်အောင် တစ်စုံတစ်ယောက်၏ ကိုယ်ပိုင် အပြုအမူကို စီမံထိန်းကျောင်းနိုင်သည့် စွမ်းရည်။ |
| Tangible - လက်ဆုပ် လက်ကိုင်ပြနိုင်သော | တည်ရှိနေကြောင်း ရှင်းလင်းပြတ်သားစွာ မြင်တွေ့နိုင်သည့် အရာ။ |

# ကျမ်းကိုးစာရင်း

Axner, M. (n.d.). Cultural Competence and Spirituality in Community Building. In *Cultural Competence in a Multicultural World: Understanding Culture and Diversity in Building Communities.* Retrieved from https://ctb.ku.edu/en/table-of-contents/culture/cultural-competence/culture-and-diversity/main

Bear, G. G. (2010). *School Discipline and Self-Discipline: A Practical Guide to Promoting Prosocial Student Behavior.* New York: The Guilford Press.

Beiderwell, B., Tse, L. F., Lochhass, T., & DeKanter, N. B. (2012). *Success in College.* Retrieved from https://2012books.lardbucket.org/books/success-in-college/s12-02-living-with-diversity.html

Board, U. C. S. (2017). *Employee Training Handbook.*

*Burma Citizenship Law.* , (1982).

Cambridge English. (2018). Discipline. Retrieved from Cambridge University Press website: https://dictionary.cambridge.org/dictionary/essential-british-english/discipline

Compasito. (2007). *Manual on human rights for children.* Council of Europe.

Congdon, K., Stewart, M., & White, J. K. (2002). *Mapping Identity for Curriculum Work. Contemporary Issues in Art Education.* Pearson College Division.

*Constitution of the Union of Myanmar.* , (2008).

Covaleskie, J. F. (2006). Virtue, Liberty, and Discipline: Fostering the Democratic Character. *Philosophical Studies in Education., 37,* 55–64.

Daw Aung San Suu Kyi. (2018). *State Counsellor Addresses Education Development Implementation Conference.* The Global New Light of Myanmar.

Discipline Strategies for Children. (n.d.). Retrieved from Raising Children Network: the Australian Parenting website: https://raisingchildren.net.au/toddlers/behaviour/discipline/discipline-strategies

Dr. M. Tin. (n.d.). *Citizen: The modern politician and education. (Burmese).*

*Educational Psychology for First Year Education College.* (2018).

*Ethnic nationalities and Cultural heritage of Myanmar: Global New Light of Myanmar.* (n.d.). Retrieved from www.globalnewlightofmyanmar.com

Flowers, N. (2009). *Manual on Human Rights Education for Children. Budapest: Directorate of Youth and Sport of the Council of Europe.*

Galtung, J. (1958). *Theories of Conflict. Definitions, Dimensions, Negations, Formations.* Columbia University Press.

Got Character? Scoring Rubric. (n.d.). Retrieved from Character.org website: http://www.character.org/uploads/PDFs/NSOC/2007_NSOC_Winners/Got_Character_Rubric.pdf

Gravers, M. (2007). *Exploring Ethnic Diversity in Burma.*

Griffin, T. (n.d.). *How to discipline a Child According to Age.* Retrieved from https://www.wikihow.com/Discipline-a-Child-According-to-Age

Gyi, A. M., & Yaung, S. La. (n.d.). *Moral and Civic, Primary, Basic Human Duty and Responsibility.*

International Labour Organization. (2017). *Guide to Myanmar Employment Law.*

JICA. (n.d.). *Morality and Civics Primary Student Textbooks (G1 – G5).*

JICA. (n.d.). *Teacher Guide to Morality and Civics (Grade 1-5).*

Julian, K., Haikin, M., & Rinehart, G. (2018). *The New Teacher: Module 4: Assessment.* Yangon: Mote Oo Education.

Korth, D., & Paylor, A. (n.d.). *Conflict and Peace: Teacher and student books.* Mote Oo Education.

Lampert, L. (n.d.). *Smart Discipline for Every Age.* Retrieved from https://www.parents.com/toddlers-preschoolers/discipline/tips/smart-discipline-for-every-age

Lister, R. (1998). Citizen in action: citizenship and community development in a Northern Ireland context. *Community Development Journal, 33*(3), 226–235.

McLaughlin, R. (n.d.). *Democracy: A Civic Education Course for Myanmar.* Mote Oo Education.

Merriam Webster Dictionary. (n.d.).

Min, U., & Ti, P. T. N. (n.d.). *Pyithutarwan.*

Office of Child Development. (n.d.). Teaching Discipline. Retrieved from University of Pittsburgh website: http://www.ocd.pitt.edu/Files/PDF/Foster/27758_ocd_discipline.pdf

Parekh, B. (2005). *Unity and diversity in multicultural societies.* International Institute for Labour Studies.

Parents, Kids and Discipline. (n.d.). Retrieved from WebMD website: https://www.webmd.com/parenting/guide/discipline-tactics#

*Punishment vs Logical Consequences.* (2011). Retrieved from https://www.responsiveclassroom.org/punishment-vs-logical-consequences/

Ramalingam, M., Kasilingam, G., & Chinnavan, E. (2014). Assessment of Learning Domains to Improve Student's Learning in Higher Education. *Journal of Young Pharmacists, 6*(1), 27.

Thahara. (n.d.). *Myanmar travel blog.* Retrieved from https://www.thahara.com/blog

Thin, M. D. (n.d.). *Kyaung Sayar and Country Prevention/Protection.*

Tong, R. (2009). Explaining ethnic peace: The importance of institutions. Res Publi*ca - Journal of Undergraduate Research, 14*(1).

UN. (1962). *The United Nations Development Decade: Proposals for Action.* New

York.

*UNCHR Convention on the Rights of the Child.* (n.d.). Retrieved from https://www.unhcr.org/protection/children/50f941fe9/united-nations-convention-rights-child-crc.html

UNESCO Myanmar. (n.d.). *Establishing a Culture of Peace.*

UNESCO. (1967). Recommendation Concerning the Status of Teachers. Records of the Resolutions. *General Conference, Fourteenth Session.* Paris.

UNICEF Myanmar. Point B Design and Training (2017.): *A Guide to Becoming a Twenty-First Century Teacher.*

UNICEF/UNESCO. (2007). *A human rights-based approach to education for all: A framework for the realization of children's right to education and rights within education.* New York, Paris.

Wittwer, J. (2018). *10 Cultural Universals.*

Wong, K., & McLaughlin, R. (2014). *Active Citizenship: A Civic Education Course for Myanmar.* Mote Oo Education.

Yaung, Z. (n.d.). *Competency-based Teacher Training Programme: Professional Development and the Reflective Practitioner.* Retrieved from https://www.etekkatho.org/fullrecord?handle=20140220-165145534015

# နောက်ဆက်တွဲများ

# လက်ကမ်းစာစောင် (၁)
# ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ

<table>
<tr><td colspan="2">ကျောင်းတွင် -</td></tr>
<tr><td>ဆရာများတွင် ____________________________ __<br>____________________________________________<br>____________________________________________<br>_ လုပ်ဆောင်ရန် အခွင့်ရှိသည်။</td><td>ဆရာများသည် ______________________________<br>____________________________________________<br>____________________________________________<br>___ အတွက် တာဝန်ရှိသည်။</td></tr>
<tr><td>ကျောင်းသားများတွင်<br>___________________________ ______________<br>____________________________________________<br>_________________________________ လုပ်ရန်<br>အခွင့်ရှိသည်။</td><td>ကျောင်းသားများသည် ________________________<br>____________________________________________<br>____________________________________________<br>__ အတွက် တာဝန်ရှိသည်။</td></tr>
</table>

# လက်ကမ်းစာစောင် (၂)
# ရပိုင်ခွင့်နှင့် တာဝန် ဝတ္တရားများအခန်းပါ အကြောင်းအရာများ

| အတန်း | အကြောင်းအရာ | လုပ်ငန်းနှင့် သင်ကြားရေး နည်းစနစ် |
|---|---|---|
| ပထမတန်း | • မိဘကူရန်။<br>• တာဝန်ကျေပွန်ရန်။<br>• အမှိုက်များကို မှန်ကန်သောနေရာတွင် ပစ်ရန်။<br>• သဘာဝ၏ကောင်းမြတ်မှုကို ကျေးဇူးတင်ရန်။ | |
| ဒုတိယတန်း | • မဆုတ်မနစ်အလုပ်လုပ်ရန်။<br>• အခွင့် (အခန်းကဏ္ဍ)နှင့် တာဝန်ဝတ္တရားများကို နားလည်ရန်။<br>• အမှိုက်များကို မှန်ကန်သောနေရာတွင် ပစ်ရန်။<br>• သဘာဝ၏ကောင်းမြတ်မှုကို ကျေးဇူးတင်ရန်။ | |
| တတိယတန်း | • မိမိတို့ကိုယ်တိုင် ပိုမို ကောင်းမွန်ရေးအတွက် မြင့်မားသော ရည်မှန်းချက်များ ချမှတ်ထားရန်။<br>• အုပ်စုနှင့်လူ့အဖွဲ့အစည်းအတွင်းအခွင့်(အခန်းကဏ္ဍ) နှင့် တာဝန်ဝတ္တရား များကို နားလည်ရန်။<br>• မိမိကိုယ်ကို နားလည်ပြီး မိမိအားနည်းချက်ကို တိုးတက်စေရန်။<br>• သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ပါ၊ ထိန်းသိမ်းပါ။<br>• သက်ရှိများနှင့် သဘာဝရင်းမြစ်များကို ဂရုစိုက်ပါ။<br>• လျှော့ချပါ၊ ပြန်သုံးပါ၊ ပြန်လည်အသစ်ဖန်တီးပါ။ | |

| အတန်း | အကြောင်းအရာ | လုပ်ငန်းနှင့် သင်ကြားရေး နည်းစနစ် |
|---|---|---|
| စတုတ္ထတန်း | • မိမိတို့ကိုယ်တိုင် ပိုမို ကောင်းမွန်ရေးအတွက် မြင့်မားသော ရည်မှန်းချက်များ ချမှတ်ထားရန်။<br>• မိမိကိုယ်ကို နားလည်ပြီး မိမိအားနည်းချက်ကို တိုးတက်စေရန်။<br>• လွတ်လပ်စွာ စဉ်းစားရန်။<br>• တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရန်။<br>• အုပ်စုနှင့်လူ့အဖွဲ့အစည်းအတွင်းအဆင့်(အခန်းကဏ္ဍ) နှင့် တာဝန်ဝတ္တရား များကို နားလည်ရန်။<br>• အကန့်အသတ်ဖြင့်သာရရှိနိုင်သော ရင်းမြစ်များကို အလွန်အကျွံသုံးစွဲခြင်းမှရှောင်ကြဉ်ရန်နှင့် သဘာဝကို တန်ဖိုးထားတတ်ရန်။<br>• သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်ရန်နှင့် ထိန်းသိမ်းရန်။<br>• သက်ရှိများနှင့် သဘာဝရင်းမြစ်များကို ဂရုစိုက်ရန်။ | |
| ပဉ္စမတန်း | • မိမိကိုယ်ကို နားလည်ပြီး မိမိအားနည်းချက်ကို တိုးတက်စေရန်။<br>• လွတ်လပ်စွာ စဉ်းစားရန်။<br>• တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရန်။<br>• အကန့်အသတ်ဖြင့်သာရရှိနိုင်သော ရင်းမြစ်များကို အလွန်အကျွံသုံးစွဲခြင်းမှ ရှောင်ကြဉ်ရန်နှင့် သဘာဝကို တန်ဖိုးထားတတ်ရန်။<br>• သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန်နှင့် ထိန်းသိမ်းရန်။<br>• သက်ရှိများနှင့် သဘာဝရင်းမြစ်များကို ဂရုစိုက်ရန်။ | |

## လက်ကမ်းစာစောင် (၃)
## သင်၏စည်းကမ်းကို ဆန်းစစ်သုံးသပ်ပါ/

ဖော်ပြချက်တစ်ခုစီကို ဖတ်ပြီး၊ ဖော်ပြချက်များ ပြောသည့်အရာများကို သင် အကြိမ်မည်မျှ လုပ်ဆောင်သည်ကို စဉ်းစားပါ။ ထို့နောက် ဖော်ပြချက်တစ်ခုစီကို သင်လုပ်ဆောင်ခဲ့သည့် အရေအတွက် ပေါ်မူတည်လျက် M၊ S သို့မဟုတ် N တို့ကိုရွေးချယ်အမှတ်အသားပြုပါ။

M = အချိန်အများစုတွင်

S = တစ်ခါတစ်ရံ

N = လုံးဝနီးပါး မလုပ်ဖူးပါ

| စဉ် | ဖော်ပြချက် | M | S | N |
|---|---|---|---|---|
| ၁ | ကျွန်ုပ်သည် အတန်းသို့ အချိန်မှန်ရောက်သည်။ | | | |
| ၂ | ကျွန်ုပ်၏ လုပ်ငန်းတာဝန်များကို အချိန်မီလုပ်ဆောင်သည်။ | | | |
| ၃ | ကျွန်ုပ်သည် စာသင်ချိန်အတွင်း ဖုန်းအသုံးမပြုပါ။ | | | |
| ၄ | ကျွန်ုပ်သည် အမှိုက်ကို ပုံးထဲသို့လွှင့်ပစ်သည်။ | | | |
| ၅ | ကျွန်ုပ်သည် တစ်စုံတစ်ဦး စကားပြောသည့်အခါ အာရုံစိုက်နားထောင်ပေးသည်။ | | | |
| ၆ | ကျွန်ုပ်သည် အများပြည်သူနေရာများတွင် ကျယ်လောင်စွာ စကားမပြောဆိုပါ။ | | | |
| ၇ | ကျွန်ုပ်သည် တန်းစီရာတွင် ကျော်မတက်ပါ။ | | | |
| ၈ | ကျွန်ုပ်သည် လူကူးမျဉ်းကျားမှ လမ်းဖြတ်ကူးသည်။ | | | |
| ၉ | ကျွန်ုပ်သည် အခြားသူများ၏ မတူကွဲပြားသော အမြင်သဘောထားများကို လက်ခံသည်။ | | | |
| ၁၀ | ကျွန်ုပ်သည် လူမှုအသိုက်အဝန်းလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်သည်။ | | | |

## လက်ကမ်းစာစောင် (၄)
## စိတ်ကူးမျှော်မှန်း အခြေအနေများ

(က) သင်သည် မတူညီသည့် တိုင်းရင်းသားများအဖွဲ့နှင့် တွေ့ဆုံရမည်။ အဆိုပါတွေ့ဆုံပွဲအတွက် အကောင်းဆုံးနေ့ရက်မှာ အဆိုပါအဖွဲ့တွင် ပါဝင်သည့် အချို့တိုင်းရင်းသားများ၏ ဘာသာရေး သို့မဟုတ် ယဉ်ကျေးမှု အခမ်းအနား နေ့ရက်ဖြစ်နေသည်။ ဤဘာသာရေး သို့မဟုတ် ယဉ်ကျေးမှုအခမ်းအနားအကြောင်းကို မသိခဲ့သည့်အပြင် အဆိုပါနေ့မှာ နိုင်ငံတော်အားလပ်ရက်လည်း မဟုတ်သည့်အတွက် အစည်းအဝေးအား ဆက်လက်ကျင်းပရန် ဆုံးဖြတ်ခဲ့သည့်အတွက် အဆိုပါအဖွဲ့မှ လူများက စိတ်မကောင်းဖြစ်သည်။

(ခ) သင့်သူငယ်ချင်း၏ မိဘများနှင့် တွေ့ဆုံသည့်အခါတွင် ၎င်းတို့မှ လက်ဆောင်ပေးကြသည်။ သို့သော် သင်ငြင်းပယ်ခဲ့သည့်အတွက် ၎င်းတို့က စိတ်မကောင်း ဖြစ်ကြသည်။ သူငယ်ချင်းဖြစ်သူမှ ၎င်းတို့၏ ယဉ်ကျေးမှုဓလေ့တွင် လက်ဆောင်အား ငြင်းပယ်ခြင်းသည် ရိုင်းရာကျသည်ဟု သတ်မှတ်ထားကြကြောင်း ပြောပြလာသည်။ သို့သော် သင်၏ ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့တွင် အိမ်ရှင်ထံမှ လက်ဆောင်များလက်ခံခြင်းက ရိုင်းသည်ဟု သတ်မှတ်ထားသည့်အတွက် သင့်အနေဖြင့်လည်း စိတ်မကောင်း ဖြစ်ရသည်။

(ဂ) သင်၏ စာသင်ခန်းထဲတွင် တိုင်းရင်းသား လူနည်းစု မျိုးနွယ်ထဲမှ လာတက်သည့် ကျောင်းသားအသစ် တစ်ယောက် ရောက်ရှိလာသည်။ အဆိုပါ ကျောင်းသားတွင် ယဉ်ကျေး သိမ်မွေ့မှုအလျဉ်းမရှိကြောင်း သင်တွေ့မြင်ရသည်။ လူကြီးများ အရှေ့တွင်လည်း လေးစားမှုဖြင့် ခေါင်းငုံ့သွားခြင်း မရှိပေ။ သင်နှင့် စကားပြောသည့် အခါတွင်လည်း ယဉ်ကျေးမှု မရှိချေ။ ထိုအခါတွင် အဆိုပါကျောင်းသားသည် ၎င်း၏ ရိုင်းပြသော အပြုအမူအတွက် အပြစ်ပေးခံရသင့်သည်ဟု သင် ယူဆသည်။

# လက်ကမ်းစာစောင် (၅)
# ငြိမ်းချမ်းစွာ အတူနေထိုင်ရေး အခန်း၏ သင်ယူမှုရည်ရွယ်ချက်များ


| အတန်း | သင်ယူမှုရည်ရွယ်ချက်များ | သင်ယူမှုလုပ်ငန်းများနှင့် သင်ကြားရေးနည်းစနစ်များ |
|---|---|---|
| ပထမတန်း | မိမိကိုယ်ကို လေးစားမှုရှိစေရန် | |
| ဒုတိယတန်း | တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားမှုပြသည့် အလေ့အထ တိုးတက်လာစေရန် | |

| အတန်း | သင်ယူမှုရည်ရွယ်ချက်များ | သင်ယူမှုလုပ်ငန်းများနှင့် သင်ကြားရေး နည်းစနစ်များ |
|---|---|---|
| **တတိယတန်း** | လူ့အသိုက်အဝန်းအတွင်းရှိ လူများ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားမှုပြသည့် အလေ့အထ တိုးတက်လာစေရန် | |
| **စတုတ္ထတန်း** | လူ့အသိုက်အဝန်းအတွင်းရှိ မတူညီသောလူများနှင့် ယဉ်ကျေးမှုများကို တန်ဖိုးထားခြင်း နှင့် လေးစားမှုပြသည့် အလေ့အထ တိုးတက်လာစေရန် | |
| **ပဉ္စမတန်း** | မတူညီသော လူများနှင့် ယဉ်ကျေးမှုများကို လေးစားတန်ဖိုးထားခြင်းဖြင့် လိမ္မာ ယဉ်ကျေးသော လူငယ်များ ဖြစ်လာစေရန် | |

# လက်ကမ်းစာစောင် (၆)
# ယခင်ကာလနှင့် ယခုကာလ ယဉ်ကျေးမှု

| လက္ခဏာရပ်များ | ကျွန်တော်/ကျွန်မ | ကျွန်ုပ်၏ အဖိုးအဖွားများ |
|---|---|---|
| ပထဝီမြေ အနေအထား | | |
| ဘာသာစကား | | |
| မိသားစု | | |
| အစားအစာ၊ အဝတ်အထည်၊ သယ်ယူပို့ဆောင် ရေး နှင့် အဆောက်အအုံ | | |
| စံတန်ဖိုးများ၊ ယုံကြည်မှုများ၊ နှင့် ဘာသာဓလေ့များ | | |
| စီးပွားရေး | | |
| ပညာရေး | | |
| နိုင်ငံရေး | | |
| နည်းပညာ | | |
| ယဉ်ကျေးမှုဆိုင်ရာ ဖော်ထုတ် ပြသချက်များ | | |

## လက်ကမ်းစာစောင် (၇)
## သရုပ်လက္ခဏာ ပန်းပွင့်



# မှတ်စုများ

# မှတ်စုများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန